# ကိုလိုနီခေတ်မြန်မာရက်စွဲသမိုင်း

## ၁၈၈၆ – ၁၉၄၂

ကျော်ငြိမ်း
ညွှန်ကြားရေးမှူး
သမိုင်းသုတေသနဦးစီးဌာန

# ၁
# ၈
# ၈
# ၆

ဇန်နဝါရီလ

၁ ဇန်နဝါရီ ၁၈၈၆ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဖရင်(Lord Dufferin) က အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာ အတွင်း သွတ်သွင်းကြောင်း ကြေညာသည်။
[*အမိန့်တော်ပြန်တမ်းအမှတ်(၂) ၉၊ဇန်နဝါရီ၊ ၁၈၈၆*]

■ မြန်မာလွှတ်တော်က မြန်မာဘုရင်သည် မည်သည့်အခါကမျှ တရုတ်ဧကရာဇ်သို့ ကန်တော့ လက်ဆောင်မဆက်သခဲ့ကြောင်း၊ မြန်မာနိုင်ငံသည်တရုတ်သြဇာခံ မဟုတ်ကြောင်း ပြန်တမ်းတစ်စောင် ထုတ်ပြန်သည်။
[***Political letters from India**, 1886 Vol. 46 PP 424-5*]

၆ ဇန်နဝါရီ ၁၈၈၆ အထက်မြန်မာပြည်သိမ်းတပ် ဦးစီးချုပ် ပရင်းဒါဂတ်စ် (Major General Sir Harry Prendergast)ဗန်းမော်မြို့မှ မန္တလေးမြို့သို့ ပြန်လည်ထွက်ခွာသည်။
[***Further Correspondence Relating to Burmah** C4887,Landon 1886:hereafter cited as **F.C.R.B***]

ဇန်နဝါရီ၊ ၁၈၈၆ ပုဂံစီရင်စု အရှေ့ပိုင်းရှိ ဆယ်ရွာမှ ဗိုလ်ချို ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ ဆန့်ကျင်ရေး ပေါ်ပေါက်သည်။

[*J.George Scott* ***Gazetter of Upper Burma and Shan State*** *PI .Vol I, Yangon Govt printing. 1900,P 133: hereafter cited as* ***GUBSS****PI VI*]

■ အင်းဝ စီရင်စုတွင် ချောင်းခွ မင်းသားများဖြစ်သည့် ထိပ်တင်စောရန်ပိုင် (၁၈၆၆–၁၉၄၆)နှင့် ထိပ်တင်စောရန်နိုင်တို့ ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ပေါ်ပေါက်သည်။

[***GUBSS****PI VI P 126*]

■ မြင်စိုင်းမင်းသား၏ တပ်များက ပုလိပ်မြို့ရှိ ဗြိတိသျှ အရာရှိများကို တိုက်ခိုက်သည်။

[***GUBSS****PI VI P 122*]

ဖေဖော်ဝါရီ

၁၂ ဖေဖော်ဝါရီ ၁၈၈၆ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဒပ်ဖရင် မန္တလေးမြို့သို့ ရောက်ရှိသည်။

[***Speeches Delivered in India 1884-5*** *by the Marquis of dufferin and Ava ,Landon, 1899,P 94*]

၁၅ ဖေဖော်ဝါရီ ၁၈၈၆ မင်းဘူးစီရင်စု၊ လယ်ကိုင်းမြို့ကို ဗိုလ်ဥတ္တမ၏ တပ်ဖွဲ့က ဝင်ရောက် တိုက်ခိုက်သည်။

[***GUBSS****PI VI P 135*]

၁၇ ဖေဖော်ဝါရီ ၁၈၈၆ ဗိုလ်ဥတ္တမ ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးအင်အားစုများက စကုမြို့ကို တိုက်ခိုက်သိမ်းပိုက်သည်။

၁။ [***GUBSS****PI VI P 135*]

၂။ [*Sir Charles Crosthwaite* ***The Pacification of Burma*** *,london Edward Arnold 1912, P 107: hereafter cited as Crosthwaite* ***The Pacification of Burma***]

၂၁ ဖေဖော်ဝါရီ ၁၈၈၆ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (ဝိုင်အမ်ဘီအေ) စတင် ထူထောင်ခဲ့သူ တစ်ဦးဖြစ်သည့် အမ်အေဦးမောင်ကြီးကို

ရွှေကျင်မြို့တွင် ဦးကြာညွန့်၊ ဒေါ်ကြည်ကြည် မိဘနှစ်ပါးမှ မွေးဖွား သည်။

၁။ [***Who's Who in Burma,Calcu-tta Fine Art Cottage, 1927, P 85:*** *hereafter cited as* ***Who's Who in Burma 1927***]

၂။ [***Who's Who in Burma,Yangon, People's Literature Committee and house, 1961, PP 34-35:****hereafter cited as* ***Who's Who in Burma 1961***]

■ ပုသိမ်စီရင်စုတွင် မန်းပေါ်ခေါင်းဆောင်သော ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးတပ်ဖွဲ့များနှင့် ဗြိတိသျှတပ်ဖွဲ့ ရင်ဆိုင်တိုက်ပွဲဖြစ်ပွားရာ ပုသိမ်အရေးပိုင် စိန့်ဘာဘေ (St.Barbe) ကျဆုံးသည်။

[***Political and Secret Home Corr-espondence, 1886, Vol.84***]

၂၃ ဖေဖော်ဝါရီ ၁၈၈၆ လော့ဒပ်ဖရင် မန္တလေးမြို့မှ ပြန်လည်ထွက်ခွာသည်။

[***Burgess J. Chronology of Indian History, New Delhi, Cosmo Publication, 1987,P 414:*** *hereafter cited as* ***Chronology of Indian History***]

၂၆ ဖေဖော်ဝါရီ ၁၈၈၆ အထက်မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခု ဖြစ်လာသည်။

[*Crosthwaite* ***The Pacification of Burma,*** *P 8*]

ဖေဖော်ဝါရီ၊ ၁၈၈၆ တောင်တွင်းကြီးနယ်တွင် ဗိုလ်မင်းရောင် ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ပေါ်ပေါက်သည်။

[***GUBSS****PI VI P 137*]

## မတ်လ

၃ မတ် ၁၈၈၆ မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်(စ်) ဘားနတ် (Sir Charles Benard)က အိန္ဒိယဘုရင်ခံချုပ် လော့ဒ်ဖရင်၏ အမိန့်အရ အထက်မြန်မာနိုင်ငံကို ဗြိတိသျှအင်ပါယာ အတွင်း သွတ်သွင်းပြီး အင်္ဂလိပ်အရာရှိများ အုပ်ချုပ်မည်ဟု ကြေညာသည်။

[*အမိန့်တော်ပြန်တမ်း အမှတ်(၁၀) ၆၊မတ်၊ ၁၈၈၆*]

၇ မတ် ၁၈၈၆ သီပေါမင်းနှင့် စုဖုရားလတ်တို့မှ တတိယသမီးတော် ထိပ်စုမြတ်ဖုရားမွေးဖွားသည်။

[*W.S Desai* ***Deposed King Thibaw of Burma in India,*** *1885-1916,Bombay, P.H.Raman at Associated Advertisers & Printers 1967,P 96: hereafter cited as* ***Desai, Deposed King Thibaw***]

၁၀ မတ် ၁၈၈၆ တောင်ငူဒေသအတွင်း ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်ခဲ့သည့် မရမ်းချောင်းဘုန်းကြီးကို ဗြိတိသျှတို့ ဖမ်းမိသည်။

[*နီနီမြင့် မြန်မာ့လွတ်လပ်ရေးကြိုးပန်းမှုသမိုင်း အပိုင်း(၁) ၁၈၈၅–၁၉၄၅၊ ရန်ကုန်။ တက္ကသိုလ်များပုံနှိပ်တိုက်။ ၁၉၈၆ ။ စာ–၁၄၄။ နောင်ကိုးကားလျှင် နီနီမြင့် မြန်မာ့လွတ်လပ်ရေး ကြိုးပန်းမှုသမိုင်း ဟုညွှန်းမည်*]

၃၁ မတ် ၁၈၈၆ ဗြိတိသျှအာဏာပိုင်တို့က မြန်မာ့ဘုရင့်လွှတ်တော်ကို ဖျက်သိမ်းသည်။

[*Upper Burma Home Proceedings 29 March 1886, P 27: hereafter cited as* ***UBHP*** ]

■ ဗိုလ်ချုပ် ပရင်ဒါဂတ်(စ်) အား အထက် မြန်မာပြည်သိမ်းတပ် စစ်ဦးစီးချုပ် ရာထူးကို စွန့်လွှတ်စေသည်။

[*Colonel H.M Vibart* ***The Life of General Sir Harry N.D Prendergast****, London, Eveleigh Nosh, 1914,P 84*]

## ဧပြီလ

၁ ဧပြီ ၁၈၈၆ ဆာဂျော့ဝှိုက် (Sir George White) က ဗိုလ်ချုပ် ပရင်ဒါးဂတ်(စ်)ထံမှ အထက်မြန်မာပြည်သိမ်း စစ်ဦးစီးချုပ် ရာထူးကို လွှဲပြောင်းရယူသည်။

[***GUBSS****PI VI P 141*]

■ မဟာဝန်ရှင်တော် မင်းကြီး ဆာချားလ်(စ်)ဘားနဒ်က ကင်းဝန်မင်းကြီး ဦးကောင်း အမှူးရှိသည့် အတိုင်ပင်ခံအဖွဲ့ကို ခန့်အပ်သည်။

[***UBHP*** *,24 May 1886, PP 5-6*]

ဧပြီ၊ ၁၈၈၆ မင်းတပ်သူကြီး ဗိုလ်ဆွဲက မင်းဘူးနှင့် မင်းလှအနောက်ဘက်ရှိ နယ်များကို တိုက်ခိုက် သိမ်းပိုက်သည်။

[***GUBSS*** *PI VI P 135*]

## ဇွန်လ

၉ ဇွန် ၁၈၈၆ ပန်းတိမ်းရှိ ဗိုလ်ဆွဲ၏ တပ်စခန်းကိုဖယ်ယာ(Mr. Phayre)

ဦးစီးသည့် ဗြိတိသျှတပ်ဖွဲ့က တိုက်ခိုက်ရာ ဖယ်ယာကျဆုံးပြီး ဗြိတိသျှတပ်ဖွဲ့ ဆုတ်ခွာရသည်။

၁။ [***GUBSS*** *PI VI PP 135-6*]

၂။ [***FCRB*** *C4887 P 73*]

၃။ [*Crosthwaite* ***The Pacification of Burma****, P 28*]

၁၂ ဇွန် ၁၈၈၆ စလင်းအနီးရှိ ဗိုလ်ဥတ္တမဦးဆောင်သည့်ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး အင်အားစုများအား ဗြိတိသျှလီဗာပူတပ်ဖွဲ့နှင့် အမှတ်၂ ဘင်္ဂလားခြေလျင်တပ်တို့ ပူးပေါင်းတိုက်ခိုက်သည်။ တိုက်ပွဲတွင် ကပ္ပတိန် ဒန်းစဖို့ (Capt.Dunsford )ကျဆုံးသည်။

၁။ [*Crosthwaite* ***The Pacification of Burma****, P 28*]

၂။[***Chronology of Indian History,*** *P 414*]

## ဩဂုတ်

၁ ဩဂုတ် ၁၈၈၆ မြန်မာတော်လှန်ရေးသမားတို့၏ လက်ချက်ဖြင့် ဗိုလ်မှူး အစ်ကင်ဆန် (Major Aitkinson) ကျဆုံးသည်။

[***Chronology of Indian History,*** *P 415*]

၁၃ ဩဂုတ် ၁၈၈၆ မြင်းစိုင်း မင်းသား ရွာင်တွင် ငှက်ဖျားရောဂါဖြင့် ကွယ်လွန်သည်။

၁။ [***File No. 453/ 1886*** *NAD*]

၂။ [***GUBSS*** *PI VI P 128*]

၁၆ ဩဂုတ် ၁၈၈၆ ဧရာဝတီမြစ်ရေကြီးမှုကြောင့် မန္တလေး အနောက်ပိုင်းရပ်ကွက်များ ရေလွှမ်းသည်။

[***Chronology of Indian History,*** *P 415*]

## စက်တင်ဘာ ၁လ

၂၄ စက်တင်ဘာ ၁ ၁၈၈၆ မြန်မာနိုင်ငံဥပဒေများ အက်ဥပဒေ (Burma Laws Act 1886)ကို ပြဋ္ဌာန်းသည်။

[*ဦးအုန်းဖေ၊ ပင်လုံစစ်တမ်း၊ ရန်ကုန်။ စံပယ်ဦးပုံနှိပ်။ ၁၉၈၄။ စာ–၃၃။ နောင်ကိုးကားလျှင် ဦးအုန်းဖေ ပင်လုံစစ်တမ်း ဟုညွှန်းမည်။*]

၂၅ စက်တင်ဘာ ၁ ၁၈၈၆ *ဆာချားလ်(စ်) ဘ ၁းနဒ်*သည် မြန်မာနိုင်ငံမဟာဝန်ရှင်တော် မင်းကြီး အဖြစ်ခန့်အပ်ခံရသည့် အတွက် မြန်မာနိုင်ငံ၏ပထမဆုံး မဟာဝန်ရှင်တော် မင်းကြီး ဖြစ်လာသည်။

*[အမိန့်တော်ပြန်တမ်း ၁၆၊ အောက်တိုဘာ၊ ၁၈၈၆]*

## နိုဝင်ဘာ ၁၈၈၆

၉ နိုဝင်ဘာ ၁ ၁၈၈၆ အိန္ဒိယနိုင်ငံ၏ စစ်ဦးစီးချုပ်ဖြစ်သူ ဆာဖရက်ဒရစ်ရောဘတ် (Sir Frederick Robert) မြန်မာနိုင်ငံ ရောက်ရှိသည်။
[***FCRB*** *No.1 C4962 P 143*]

၁၂ နိုဝင်ဘာ ၁ ၁၈၈၆ ဗြိတိသျှ တပ်ဖွဲ့က ကြည့်မြင်တိုင်မင်းသား၏ စခန်းကို ဝင်ရောက် တိုက်ခိုက်ရာ ကြည့်မြင်တိုင် မင်းသား၏ ဇနီး ကျဆုံးပြီး ကြည့်မြင်တိုင် မင်းသား လည်း စခန်းကို လက်လွှတ် ဆုတ်ခွာခဲ့ရသည်။ ထိုတိုက်ပွဲတွင် ဗြိတိသျှတို့ဘက်မှ ဗိုလ်အက်ကာစလေ (Lieutenant Eckersley) ကျဆုံးသည်။
[***GUBSS****PI VI P 138*]

၁၇ နိုဝင်ဘာ ၁ ၁၈၈၆ ဆာဖရက်ဒရစ်ရောဘတ် မန္တလေးမြို့သို့ရောက်ရှိလာပြီး စစ်ဆင်ရေးကိစ္စများ စီစဉ်ဆောင်ရွက်သည်။
[*S. W Cocks* ***Burma under British Rule, Bombay,*** *J Cooper, P 58, hereafter cited as* ***Cocks Burma under British Rule***]

၁၈၈၆ ဆော့လစ်ဘာရီ(Marquess of Salisbury) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။
[***Daily Mail Year Book 1961,****London, Associated Newspapers Ltd. 1961, P 134 :hereafter cited as* ***Daily Mail Year Book 1961***]

# ၁
# ၈
# ၈
# ၇

**ဇန်နဝါရီလ**

၁ ဇန်နဝါရီ ၁၈၈၇ ကြည့်မြင်တိုင်မင်းသား၏တပ်များနှင့် ဗြိတိသျှတပ်ဖွဲ့ တိုက်ပွဲဖြစ်ပွားရာ ကြည့်မြင်တိုင်မင်းသား ကျဆုံးသည်။

[*Chronology of Indian History* *P-416*]

■ မြန်မာတိုင်းရင်းသားတို့၏ တော်လှန်တိုက်ခိုက်မှုများကို နှိမ်နင်းရန် ဗြိတိသျှတို့သည် စစ်စခန်း(၁၄၂)ခုနှင့် စစ်ပုလိပ်စခန်း (၅၆)ခု ထားရှိသည်။

[*Crosthwaite* ***The Pacification of Burma*** *P 129*]

၃ ဇန်နဝါရီ ၁၈၈၇ ကာနယ်စတက်မန်း (Colonel Stedman) ဦးဆောင်သည့် ဗြိတိသျှတပ်ဖွဲ့သည် ရှမ်းပြည်နယ်တောင်ပိုင်း စစ်ဆင်ရေးကိုဆင်နွှဲရန် လှိုင်းတက် မှ စတင်ချီတက်သည်။

[*Hender Shot, Clarence* ***The Conquest , Pacification and Administration of the Shan States*** *By the British 1886-1897 P 38:hereafter cited as Hender Shot* ***The Conquest***]

၁၈ ဇန်နဝါရီ ၁၈၈၇ မန္တလေးမြို့ မိုးထိကျောင်းတိုက်တွင် စောရန်ပိုင်အား ထီးနန်းတင်ရန် လျှို့ဝှက်အစည်းအဝေးကျင်းပ နေစဉ် ဗြိတိသျှတို့က ဝင်ရောက်စီးနင်းရာ ချောင်းခွမင်းသားစောရန်နိုင်အား ဖမ်းမိသည်။

*[နီနီမြင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း စာ ၈၉]*

ဇန်နဝါရီ ၁၈၈၇ ရှမ်းပြည်တောင်ပိုင်း စစ်ဆင်ရေး ဗြိတိသျှစစ်ကြောင်းကို လင်းပင်အုပ်စုဝင် ရှမ်းစော်ဘွားများက ခုခံတိုက်ခိုက်သည်။

[*Hender Shot* ***The Conquest*** *PP 38-40*]

၂၇ ဇန်ဝါရီ ၁၈၈၇ သီပေါစော်ဘွားစဝ်ခွန်ဆိုင် (Sao Hkun Saing) မန္တလေးမြို့ရှိ မဟာဝန်ရှင်တော်မင်းကြီး ဆာချားလ်(စ်)ဘားနဒ် ထံရောက်ရှိသည်။

[*Crosthwaite* ***The Pacification of Burma*** *PP 137-142*]

## ဖေဖော်ဝါရီလ

၁၂ ဖေဖော်ဝါရီ ၁၈၈၇ ဆာဖရက်ဒရစ်ရောဘတ်သည် အထက်မြန်မာပြည် ဗြိတိသျှတပ်များကို မေဂျာဂျင်နယ် ဆာဂျော့ဝှိုက်လက်သို့လွှဲအပ်၍ အိန္ဒိယနိုင်ငံသို့ ပြန်သည်။

၁။ [*John Nisbet* ***Burma Under British Rule and Before,*** *Westminister, Archibald Constable & Co.Ltd ,1901, P 128,* *:hereafter cited as Nisbet* ***Burma Under British Rule and Before***

၂။ [***Cocks Burma under British Rule , P 59***]

## မတ်လ

၄ မတ် ၁၈၈၇ ဆာချားလ်(စ်) ကရော့စ်ဝိတ်(Mr. C.H.T Crosthwaite)အား မြန်မာနိုင်ငံ မဟာဝန်ရှင်တော် မင်းကြီး ရာထူး ခန့်အပ်သည်။

[ ***The Burma Gazette*** *P 1,No 10, 5 March 1887,P 103* ]

၂၇ မတ် ၁၈၈၇ ဆာချားလ်(စ်) ကရော့စ်ဝိတ် ရန်ကုန် ရောက်ရှိသည်။

[*Crosthwaite* ***The Pacification of Burma,*** *P 24* ]

၂၈ မတ် ၁၈၈၇ ဆာချားလ်(စ်) ကရော့စ်ဝိတ်သည် ဆာချားလ်(စ်)ဘားနဒ်ထံမှ မဟာဝန်ရှင်တော်မင်းကြီး

တာဝန်လွှဲပြောင်းရယူသည်။

[*Crosthwaite* ***The Pacification of Burma,*** *P 24* ]

## ဧပြီလ

၂၅ ဧပြီ ၁၈၈၇ သီပေါမင်းနှင့် စုဖုရားလတ်တို့မှ စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားကလေး မွေးဖွားသည်။

[*Desai*, ***Deposed King Thibaw*** *P 97*]

## မေလ

၁၃ မေ ၁၈၈၇ လင်းပင်မင်းသား ဗြိတိသျှအာဏာပိုင်တို့ထံ လက်နက်ချသည်။

[*Hender Shot* ***The Conquest*** *PP 57-9*]

၂၆ မေ ၁၈၈၇ ဒေါက်တာဘဦး (၁၈၈၇–၁၉၆၃၊ နောင် ပြည်ထောင်စု မြန်မာနိုင်ငံသမ္မတ)ကို ပုသိမ်မြို့၌ ဦးဘိုးလှ၊ ဒေါ်ဒေါ်ညွန့် မိဘနှစ်ပါးမှ မွေးဖွားသည်။

[***Who's Who in Burma,1961,*** *P 196*]

## ဇွန်လ

၃ ဇွန် ၁၈၈၇ ပြင်ဦးလွင်ရှိ ဗိုလ်မှူးကြီးမေ (Colonel May) ဦးဆောင်သည့် ဗြိတိသျှတပ်ဖွဲ့က စကြာမင်းသား၏ခံတပ်ကို သွားရောက်တိုက်ခိုက်ရာ လက်ထောက်ခရိုင်ဝန်ဒူးရာ (Durrah) ကျဆုံးပြီး အရာရှိ ကပ်ပေ့ဂျ် (Cuppage) ဒဏ်ရာရသည်။

[*Crosthwaite* ***The Pacification of Burma,*** *P 70* ]

၂၁ ဇွန် ၁၈၈၇ ဗြိတိသျှတပ်ဖွဲ့က ဗိုလ်မင်းရောင်ကို ခေါင်းဖြတ်သတ်သည်။

[*တက္ကသိုလ်အေးသန့် ကိုလိုနီခေတ်ဦးတော်လှန်ရေးသမိုင်းဝင် အာဇာနည်များ၊ ရန်ကုန်။ ဂန္ထဝင်ပုံနှိပ်။ ၁၉၆၉။ စာ–၉၁။ နောင်ကိုးကားလျှင် အေးသန့် ကိုလိုနီခေတ်ဦးအာဇာနည်များ ဟုညွှန်းမည်။*]

## ဩဂုတ်လ

၅ ဩဂုတ် ၁၈၈၇ မဟာဝန်ရှင် တော်မင်းကြီး ဆာချားလ်(စ်)ခရော့စ်ဝိတ်က မန္တလေးနန်းတော် ညီလာခံခန်းမတွင် ဒါဘာပွဲ ကျင်းပသည်။

[*Crosthwaite* ***The Pacification of Burma,*** *P 76* ]

အောက်တိုဘာ ၁လ

၁ အောက်တိုဘာ ၁၈၈၇ မေဂျာဟာဗေး (Major Harvey) ခေါင်းဆောင်သော ဗြိတိသျှတပ်ဖွဲ့က သရက်စီရင်စု မီးလန်ကုန်းအနီး လျှိုမြောင်ရှိ ဗိုလ်ဆွဲတပ်စခန်းကို ဝင်ရောက်တိုက်ခိုက်ရာ ဗိုလ်ဆွဲနှင့် တပ်သား ၁၀ဦး ကျဆုံးသည်။

၁။ [***Chronology of Indian History*** *P 416*]

၂။ [***GUBSS****PI VI P 168*]

၁၂ အောက်တိုဘာ ၁၈၈၇ အမှတ်၂ ဟိုက်ဒါရာဘတ် ခြေလျင်တပ်ဖွဲ့မှ မေဂျာ ကနေဒီ(Major Kennedy) ခေါင်းဆောင်သော ဗြိတိသျှမြင်းစီးတပ်တို့ ချင်ပြစ်သို့ ချီတက်ရာ ဦးသာကြီးနှင့် ဘုရင်ခံမင်းသားမောင်ဘတို့ကခုခံတိုက်ခိုက်သည်။ တိုက်ပွဲတွင် ဦးသာကြီးနှင့် ဘုရင်ခံမင်းသားမောင်ဘတို့ ကျဆုံးသည်။ ဗြိတိသျှတို့ဘက်မှ မေဂျာကနေဒီနှင့် ချင်းတွင်းစီရင်စုဝန်ထောက် ကပ္ပတိန်ဘီဗီးလ်(Captain Beville)တို့ ကျဆုံးသည်။

[*Crosthwaite* ***The Pacification of Burma,*** *PP 86-9*]

၂၈ အောက်တိုဘာ ၁၈၈၇ အထက်မြန်မာနိုင်ငံ ကျေးရွာစည်းမျဉ်းဥပဒေ (The Upper Burma Village Regulation)(Regulation XIV of 1887)ကို ပြဋ္ဌာန်းသည်။ ရည်ရွယ် ချက်မှာ မြန်မာနိုင်ငံတွင် အစဉ်အဆက်ကျင့်သုံးခဲ့သော ကျေးရွာအုပ်ချုပ်ရေးစနစ် အခြေခံမူများကို ရေးမူမပျက်ထားရှိရေးနှင့် မြန်မာတိုင်းရင်းသားတို့၏ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးများကို အောင်မြင်စွာနှိမ်နင်းနိုင်ရန် အတွက် ဖြစ်သည်။

[*Crosthwaite* ***The Pacification of Burma,*** *P 81*]

အောက်တိုဘာ ၁၈၈၇ ဗန်ကျီနယ်တွင် ရွှေချိုးဖြူမင်းသား ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ပေါ်ပေါက်သည်။

[***GUBSS****PI VI P 164*]

၁
၈
၈
၈

၃ ဇန်နဝါရီ ၁၈၈၈ ချင်းပြည်နယ် စီဟောင်(Sihaung)အရပ်၌ ကပ္ပတိန် ရိုတ် (Capt.Raikes)နှင့် တာရှွန်း (Tashons) ချင်းအကြီးအကဲကြွမ်ဘိစ် (ခ) ဆွန်ပက် (Sonpek) ၁၈၃၄–၁၉၁၀ တွေ့ဆုံဆွေးနွေးသည်။

[*Carey, Bertran S and H.N tuck* ***The Chin Hills, Vol I ,*** *Yangon Govt Printing, 1896, P 23: hereafter cited as C & T* ***The Chin Hills, Vol I***]

၂၁ ဇန်နဝါရီ ၁၈၈၈ မိုးကောင်းမြို့ အုပ် ဦးဖိုးစောသည် မိုးကောင်းမြို့မှ တိတ်တဆိတ်ထွက်ခွာကာ ဗြိတိသျှ နယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန် တိုက်ခိုက်ရန် စီစဉ်သည်။

[***GUBSS*** *PI VI PP 334-335*]

မတ်လ

၃ မတ် ၁၈၈၈ အရှေ့ကရင်နီနယ် (ကန္တာရဝတီ)အကြီးအကဲ စောလပေါ၏ တပ်များက ဗြိတိသျှသစ္စာခံ မောက်မယ် (Mawk Mai)နယ်ကို တိုက်ခိုက်ရာ မောက်မယ် စော်ဘွား ခွန်မှုန် (Hkun Hmon) ဆုတ်ခွာ ထွက်ပြေးသည်။

[*Hender Shot* ***The Conquest,*** *P93*]

## ဧပြီလ

၄ ဧပြီ ၁၈၈၈ မြန်မာ့အမျိုးသား နိုင်ငံရေး နိုးကြားလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဆရာတော် ဦး ဝိစာရကို စစ်ကိုင်းတိုင်း အမြင့်မြို့နယ်၊ ကမ်းနိမ့်ရွာတွင် ဦးပြား၊ ဒေါ်ဇလပ် မိဘနှစ်ပါးမှ ဖွားမြင်သည်။

၁။ [*သူရိယသတင်းစာ ၁၉-၁၁-၃၅*]

၂။ [*ရွှေဥဒေါင်း တစ်ချိန်က ထင်ရှားခဲ့သော ပုဂ္ဂိုလ်ကြီးများ။ ပထမအကြိမ်။ ရန်ကုန်။ စပယ်ဦးပုံနှိပ်။ ၁၉၈၆။ စာ ၂၂၆။ နောင်ကိုးကားလျှင် ရွှေဥဒေါင်း ထင်ရှားသောပုဂ္ဂိုလ်ကြီးများ ဟုညွှန်းမည်။*]

## မေလ

(ဒုတိယပတ်) မေ ၁၈၈၈ ရှမ်းပြည်နယ်မှ ဗြိတိသျှနယ်ချဲ့ တော်လှန်ရေးသမားတစ်ဦးဖြစ်သူ ထွက်ငလူ(Twet Nga Lu) အား စတက်မန်း ခံတပ် (Fort Stedman)မှ မိုးနဲစော်ဘွားထံ ပြန်အပို့ လမ်းတွင် ထွက်ပြေး၍ ဘလူချိ (Beleuchi) အစောင့်တပ်သားက ပစ်သတ်သည်။

[*Crosthwaite* ***The Pacification of Burma,****PP 186-7* ]

၂၀ မေ ၁၈၈၈ ဦးဘိုးစော ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးသမားများက မိုးကောင်းမြို့ကို တိုက်ခိုက်သည်။

၁။ [*Crosthwaite* ***The Pacification of Burma,****P 261* ]

၂။ [*Mr.W.A. Hertz C.S.I* ***Burma Gazetter, Myitkyina District****, Yangon Govt printing, 1960, P 33 :hereafter cited as Hertz* ***Myitkyina District***]

## ဇူလိုင်လ

ဇူလိုင် ၁၈၈၈ ရွှေဂျိုးဖြူမင်းသားသည် တာစွန်းချင်းတို့နှင့် ပူးပေါင်း၍ ဗြိတိသျှနယ်ချဲ့တို့ကို ဆန့်ကျင်တော်လှန်တိုက်ခိုက်သည်။

[*C & T* ***The Chin Hills, Vol I,****P25*]

## ဒီဇင်ဘာလ

၇ ဒီဇင်ဘာ ၁၈၈၈ ချင်းတိုင်းရင်းသားတို့က ကလေးမြို့အနီးတွင် ဗြိတိသျှတပ်ဖွဲ့ကို တိုက်ခိုက်ရာ ဗိုလ်ပါးလမား (Lieutenant Palmar) ကျဆုံးသည်။

[*C & T* ***The Chin Hills, Vol I,****P27*]

၁၀ ဒီဇင်ဘာ ၁၈၈၈ တာစွန်းချင်းတို့က စီဟောင်ကို လည်းကောင်း၊ စီယင်(Siyins)၊ ချင်းတို့က (Indin)ကို

လည်းကောင်း၊ စုက္ကတေး(Soktes) နှင့် ကမ်ဟောက် (Kanhows) ချင်းများက ကလေးမြို့ မြောက်ဘက် မိုင်၂၀ကွာ ကန်ကြီး (Kangyi)ရှိ ဗြိတိသျှ စစ်ပုလိပ်စခန်းကို လည်းကောင်း တိုက်ခိုက် ကြသည်။

[*C & T* ***The Chin Hills, Vol I,*** *PP 27-28*]

၂၉ ဒီဇင်ဘာ ၁၈၈၈ ဗိုလ်ချုပ်ကောလက်(General Collett) ဦးဆောင်သည့် ဗြိတိသျှတပ်ဖွဲ့များက ကန္တရဝတီ အကြီးအကဲ စောလပေါ်၏ မြို့တော်စောလုံ(Sawlon)သို့ ချီတက်သည်။

[*Crosthwaite* ***The Pacification of Burma****,P 194* ]

ဒီဇင်ဘာ ၁၈၈၈ လင်းစဒေါင်း (Marquess of Lansdowne) သည် အိန္ဒိယဘုရင်ခံချုပ် ရာထူးကို လက်ခံဆောင်ရွက်သည်။

[*R.C.Majumdar,H.C Ray Chaudhuri & Kalikinkar Datta* ***An Advanced History of India*** *London , Macmillam & Co .ltd, 1963 ,P 1043:hereafter cited as* ***An Advanced History of India***]

**၁၈၈၈**

ဇန်နဝါရီလ

၁ ဇန်နဝါရီ ၁၈၈၉ မြန်မာတိုင်းရင်းသားတို့၏ တော်လှန်တိုက်ခိုက်မှုများကို နှိမ်နင်းရန် ဗြိတိသျှတို့သည် စစ်စခန်း ၅၆ခုနှင့် စစ်ပုလိပ်စခန်း ၁၉၂ခု ထားရှိခဲ့သည်။
[Crosthwaite **The Pacification of Burma,** P 129]

■ ဗိုလ်ချုပ်ကောလက် ဦးစီး၍ စောလုံသို့ ချီတက်လာသည့်ဗြိတိသျှတပ်ဖွဲ့များကို စောလပေါ၏တပ်များက လမ်းမှဆီးကြို၍ တိုက်ခိုက်ရာ ဗြိတိသျှတပ်ဖွဲ့မှ တပ်သားလေးဦး ကျဆုံး၍ ခုနစ်ဦး ဒဏ်ရာရသည်။
[Crosthwaite **The Pacification of Burma,**P 194 ]

၂၉ ဇန်နဝါရီ ၁၈၈၉ ရှမ်းပြည်အရေးပိုင် ဟီးလ်ဒီ ဘရင်း (A.H.-Hildebrand) က ကယားပြည်နယ် စောဖျာစောလဝီအား ဆာနဒ် ခန့်အပ်လွှာပေးသည်။
[Crosthwaite **The Pacification of Burma,** PP 202-3]

မတ်လ

၁ မတ် ၁၈၈၉ တောင်ငူမန္တလေး မီးရထားလမ်း ဖွင့်လှစ်လိုက်သည့်အတွက် ရန်ကုန် မန္တလေးမီးရထားလမ်း တောက်လျှောက် သွားနိုင်လာသည်။
[Nisbet **Burma Under British Rule and Before,** P 139]

မေလ

၁ မေ ၁၈၈၉ ဗြိတိသျှအာဏာပိုင်တို့က ကင်းဝန်မင်းကြီး ဦးကောင်း အမှူးပြု သည့် အတိုင်ပင်ခံအဖွဲ့ကို ဖျက်သိမ်းသည်။
*[ရွှေတိုက်အတွင်းဝန်မင်း အတ္ထုပ္ပတ္တိစာတမ်း၊ မန္တလေး။ မြန်မာတာရာသတင်းစာပုံနှိပ်။ စာ ၁၂–၁၃]*

၄ မေ ၁၈၈၉ ဗြိတိသျှတပ်ဖွဲ့များက ချင်းတောင်ရှိ ရှယ်လုံခံတပ်ကို တိုက်ခိုက်သည်။
*[မင်းတပ်ဘုန်းနိမ်း ချင်းတောင်သမိုင်း၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၇၆။ စာ ၅၀။ နောင်ကိုးကားလျှင် မင်းတပ်ဘုန်းနိမ်း ချင်းတောင်သမိုင်း ဟုညွှန်းမည်။]*

မေ ၁၈၈၉ မကွေးနယ်တွင် ဗုဒ္ဓရာဇာ ဦးဆောင်သည့် ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ပေါ်ပေါက်သည်။
[Crosthwaite **The Pacification of Burma,** P 117]

## ဇွန်လ

၁ ဇွန် ၁၈၈၉ မြန်မာတော်လှန်ရေးသမားတို့၏ လက်ချက်ဖြင့် လက်ထောက်အရေးပိုင်ဒိုင်ဆန်(Mr.Dyson) ကျဆုံးသည်။
[Crosthwaite **The Pacification of Burma,** P 117]

## ဇူလိုင်လ

၂၀ ဇူလိုင် ၁၈၈၉ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေးခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ဥတ္တမအား ဗြိတိသျှတပ်ဖွဲ့များက ဖမ်းမိသည်။
[Crosthwaite **The Pacification of Burma,** P 108]

## စက်တင်ဘာလ

၈ စက်တင်ဘာ ၁၈၈၉ ဆာချားကရော့စ်ဝိတ် ခွင့်သွားစဉ်အတွင်း မက္ကဒေါ်နယ်(Mr.A.P Mac Donnell) သည် ခေတ္တမဟာဝန်ရှင်တော်မင်းကြီးအဖြစ်တာဝန်ထမ်းဆောင်သည်။
၁။ [*Twentieth Century Impressions of Burma, Its History, People, Commerce, Industries and Resources, London, lloyd's Greater Britain Publishting Company ltd, 1910, P 54:hereafter cited as* ***T.C.I.B*** ]
၂။ [Crosthwaite **The Pacification of Burma,** P 120]

## ဒီဇင်ဘာလ

၂၇ ဒီဇင်ဘာ ၁၈၈၉ ဆာချားလ်ကရော့စ်ဝိတ် မဟာဝန်ရှင်တော်မင်းကြီးတာဝန် ပြန်လည်လွှဲပြောင်းယူသည်။
၁။ [Crosthwaite **The Pacification of Burma,** P 121]
၂။ [ ***The Burma Gazette*** *1890,P 22(Alphabetical and Analytical Index to* ***The Burma Gazette for the year 1890*** ]

ဒီဇင်ဘာ ၁၈၈၉ ဝေလမင်းသား (His Royal Highness Prince Albert Victor of Wales)(the late Duke of Clarence)

မြန်မာနိုင်ငံ လာရောက် လည်ပတ်သည်။

၁။ [***The Burma Gazette*** *No.1. 4 January 1890, P 1*]

၂။ [*Sir Herbert Thirkell White, K.C.I.E* ***A Civil Servent in Burma****,London, Edward Arnold 1913, P 224*]

သ

ရ

ဇ

ဂ

## မတ်လ

၁၉ မတ် ၁၈၉၀ မဟာဝန်ရှင်တော်မင်းကြီးဆာချားလ်စ်ကရော့စ်ဝိတ်သည် စတက်မန်းခံတပ်တွင် ရှမ်းအကြီးအကဲများနှင့် တွေ့ဆုံသည်။

[Crosthwaite **The Pacification of Burma**, P 8]

## မေလ

၃၀ မေ ၁၈၉၀ ဗြိတိသျှနယ်ချဲ့ဆန့်ကျင်ရေး ခေါင်းဆောင်တစ်ဦးဖြစ်သူ ဗိုလ်ရာညွန့် ဗြိတိသျှအာဏာပိုင်တို့ထံ လက်နက်ချသည်။

၁။ *[တောသားကြီး ဗိုလ်ရာညွန့်၏ဇာတိမာန်။ ချောက်ပညာတိုးတက် ကြီးပွားရေး စာအုပ်ဆိုင်။ ပုံနှိပ်နှစ်မသိ။ စာ ၅၄–၅၅]*

၂။ [***Report of the Administration of Burma 1889-1890,*** *P 8:here - after cited as R.A.B* ]

## ဇူလိုင်လ

၁၇ ဇူလိုင် ၁၈၉၀ အင်္ဂလန်နိုင်ငံသွား မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဦးသိမ်းမောင် ဝတ်လုံတော်ရ (နောင်တရားဝန်ကြီးချုပ်) ကို ပေါင်းတည်မြို့နယ်၊ ကျောင်းကုန်းရွာတွင် ဦးဖိုးစံ၊ ဒေါ်သောင်းမိဘနှစ်ပါးမှ မွေးဖွားသည်။

၁။ *[မြန်မာစွယ်စုံကျမ်းနှစ်ချုပ်။ ၁၉၇၈။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၇၈။ စာ ၂၈၃–၂၈၄။ နောင် မြန်မာ့စွယ်စုံကျမ်း နှစ်ချုပ်များကို ကိုးကားလျှင် မြန်မာစွယ်စုံနှစ်ချုပ်နှင့် ခုနှစ်သာ ညွှန်းမည်]*

၂။ [***Who's Who in Burma,1961,*** *P 97*]

## နိုဝင်ဘာလ

၂၀ နိုဝင်ဘာ ၁၈၉၀ မင်းလောင်းမောင်သန့်ကို မြင်းမူမြို့နယ်၊ ပဲကူရွာ၌ ဦးထွန်းပို၊ ဒေါ်မယ်ရ မိဘနှစ်ပါးမှ မွေးဖွားသည်။

*[တင်မြင့် အဂ္ဂတောင်က မောင်သန့်ထခဲ့။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၉၅။ စာ ၁၈။ နောင်ကိုးကားလျှင် တင်မြင့် အဂ္ဂတောင်က မောင်သန့် ဟုညွှန်းမည်]*

## ဒီဇင်ဘာလ

၁၀ ဒီဇင်ဘာ ၁၈၉၀ အလက်ဇန္ဒားမက္ကင်ဇီ(Mr. A.Mackenzie) သည် ဆာ ချားလ်စ်ကရော့စ်ဝိတ်ထံမှ မဟာဝန်ရှင်တော်မင်းကြီး တာဝန်လွှဲပြောင်းယူသည်။

၁။ [ ***The Burma Gazette*** *,No 51, 20 Dec 1890,P 587* ]

၂။ [ ***R.A.B*** *1890-1891,P 3* ]

၁၃ ဒီဇင်ဘာ ၁၈၉၀ အင်္ဂလန်နိုင်ငံသွား မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဦးထွန်းရှိန်ကို ပုသိမ်မြို့၌ ဦးမောင်ကြီး၊ ဒေါ်ခင် မိဘနှစ်ပါးမှ မွေးဖွားသည်။

*[သူရိယသတင်းစာ။ ၄-၇-၃၆။ ၂၅ နှစ်မြောက်အထူးထုတ်]*

ဒ

၁၈၉၀ ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တော်လှန်တိုက်ခိုက်သည့် ချောင်းခွမင်းသား စောရန်ပိုင် တရုတ်နိုင်ငံပြေးဝင်ခိုလှုံသည်။

[ယင်ဝင်ဟော် ထန်ချုံသို့ခိုလှုံခဲ့သည့် မြန်မာ့ရင့်မြေးတော် စာတမ်း။ ၁၉၆၀။ ရှန်ဟဲမြို့]

ဓ

■ ရန်ကုန်မြို့တွင် အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး) ကို စတင်ဆောက်လုပ်သည်။

[ *B.R.Pearn* ***A History of Rangoon***, *American Baptist Mission Press 1939. P 265 :hereafter cited as Pearn* ***A History of Rangoon***]

ဇ

ဒ

## ဇန်နဝါရီလ

၂ ဇန်နဝါရီ ၁၈၉၁ ဒေါက်တာ သိန်းမောင် (နောင် ဂျပန်နိုင်ငံ ဆိုင်ရာ မြန်မာသံအမတ်)ကို ပေါင်းတည်မြို့၌ ဦးစိန်ဒါ၊ ဒေါ်လှဖြူ မိဘနှစ်ပါးမှ မွေးဖွားသည်။

၁။ [*Who's Who in Burma,1927, P 147*]

၂။ [*အငြိမ်းစားသံအမတ်ကြီး ဦးသက်ထွန်း* သံတို့အမြင်။ ရန်ကုန်။ မိတ်ကောင်းပုံနှိပ်။ ၁၉၉၉။ စာ ၁၀၄]

## ဖေဖော်ဝါရီလ

၁၂ ဖေဖော်ဝါရီ ၁၈၉၁ ကသာစီရင်စုတွင် ဗြိတိသျှတပ်ဖွဲ့များအား ဝန်းသိုစော်ဘွား ဦးအောင်မြတ်၏ တပ်ဖွဲ့များက တိုက်ခိုက်သည်။

[***R.A.B** 1890 - 91, P 5*]

၂၇ ဖေဖော်ဝါရီ ၁၈၉၁ ဗြိတိသျှအာဏာပိုင်တို့က ဝန်းသိုစော်ဘွား ဦးအောင်မြတ်အား ကသာစီရင်စုတွင် ဗြိတိသျှတပ်ဖွဲ့များအား တော်လှန်ပုန်ကန်မှုကြောင့် ဝန်းသိုစော်ဘွားရာထူးမှ ဖြုတ်ချကြောင်း ကြေညာသည်။

[ ***The Burma Gazette** No 9, 28 Feb 1891, P 91* ]

## နိုဝင်ဘာလ

၂၆ နိုဝင်ဘာ ၁၈၉၁ ရှမ်းပြည်နယ်တွင် ပါဝင်သည့် နယ်မြေများကို ဒေသ ခုနစ်ခု ခွဲခြားသတ်မှတ်သည့် ကြေညာချက် ထုတ်ပြန်သည်။

[ ***The Burma Gazette** No 48, 28 Nov 1891, PP 541-2* ]

၁၈၉၁ ရွှေချိုးဖြူမင်းသားအား ဗြိတိသျှတပ်ဖွဲ့က ဖမ်းမိပြီး ကြိုးပေးသတ်ဖြတ်သည်။

[*C & T **The Chin Hills, Vol I,** P 109 n*]

၁
၈
၈
၉
၂

## မေလ

၂ မေ ၁၈၉၂ စမီတန်(Mr. Donald Makenzie Smeaton)သည် မြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီး တာဝန်ထမ်းဆောင်သည်။

၁။ [*T.C.I.B* *P 54*]

၂။ [***R.A.B*** *1892-3 P 3*]

၆ မေ ၁၈၉၂ ချင်းတောင်တန်းရှိ ကပ်တဲလ်(Kaptyel) အကြီးအကဲ ဦးတွမ်တောင် (Twum Tong) ဦးဆောင်၍ ဘိုတန် (Botung) ရွာရှိ ဗြိတိသျှစခန်းကို တိုက်ခိုက်သည်။

[*C & T* ***The Chin Hills, Vol I,*** *P 78*]

၂၃ မေ ၁၈၉၂ ဖရိုင်ယာ(Sir Frederic William Richard Fryer K.C.S.I, I.C.S)သည် မြန်မာနိုင်ငံ မဟာဝန်ရှင်တော် မင်းကြီး ရာထူးကို လက်ခံ ဆောင်ရွက်သည်။

၁။ [*T.C.I.B* *P 54*]

၂။ [***R.A.B*** *1892-3 P 3*]

## ဩဂုတ်လ

၁၈ ဩဂုတ် ၁၈၉၂ ဂလက်စတုံး (W.E Gladstone)သည် အင်္ဂလန်နိုင်ငံ

ဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။

[***Prominent People***, *Pears the Pure Soap P 118:hereafter cited as* ***Prominent People***]

၁၈၉၂ အစိုးရအိမ်တော် စတင်ဆောက်လုပ်သည်။

[*Pearn* ***A History of Rangoon***, *P 265*]

၁၈၉၃

### ဇန်နဝါရီလ

၆ ဇန်နဝါရီ ၁၈၉၃ ကချင်တိုင်းရင်းသားတို့သည် ဆီမ(Sima)ရှိ ဗြိတိသျှစခန်းကို တိုက်ခိုက်သည်။ ဆီမတိုက်ပွဲတွင် ဗြိတိသျှတပ်မှူး ကပ္ပတိန်မော်တန်(Capt.Morton)ကျဆုံးသည်။

[*Hertz* ***Myitkyina District*** *P 60*]

### ဖေဖော်ဝါရီလ

၈ ဖေဖော်ဝါရီ ၁၈၉၃ ဒေါက်တာဘမော်ကို မအူပင်မြို့တွင် ဦးကျေး၊ ဒေါ်သိန်းတင် မိဘနှစ်ပါးမှ မွေးဖွားသည်။

[***Who's Who in Burma,1961*** *PP 101-2*]

### ဧပြီလ

၂၃ ဧပြီ ၁၈၉၃ အာဇာနည် ဒီးဒုတ်ဦးဘချိုကို မြောင်းမြမြို့တွင် ဦးဘိုးစော၊ ဒေါ်မြစ် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ။ ရန်ကုန်။ ဗဟိုပုံနှိပ်။ ၁၉၇၀။ စာ ၁၇။ နှောင်ကိုးကားလျှင် အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ ဟုညွှန်းမည်။*]

ဧပြီ ၁၈၉၃ ချင်းတောင်တန်းရှိ ကပ်တဲလ် အကြီးအကဲ ဦးတွမ်တောင် ဗြိတိသျှ အာဏာပိုင်တို့ထံ လက်နက်ချသည်။

[*C & T* ***The Chin Hills, Vol I****, P 92*]

### ဩဂုတ်လ

၁၅ ဩဂုတ် ၁၈၉၃ အထက်မြန်မာနိုင်ငံတွင် အိမ်ထောင်စု အလိုက် သဿမေဓ(Thathameda)ခွန်ကောက်ခံရန် ကြေညာချက် ထုတ်ပြန်သည်။

[ ***The Burma Gazette*** *P IV, 26 Aug 1893, P 527* ]

### နိုဝင်ဘာလ

၁၈ နိုဝင်ဘာ ၁၈၉၃ အိန္ဒိယဘုရင်ခံချုပ် လင်းစဒေါင်း (Marquess of Lansdoune) မြန်မာနိုင်ငံ ရောက်ရှိသည်။

[ ***The Burma Gazette*** *P I, No.46 18 Nov 1893, P 588* ]

### ဒီဇင်ဘာလ

ဒီဇင်ဘာ ၁၈၉၃ ကပ်တဲလ်အကြီးအကဲ ဦးတွမ်တောင် ကင်းတပ်ထောင်တွင် သေဆုံးသည်။

[*C & T* ***The Chin Hills, Vol I****, P 92n*]

၁

၈

၉

၄

ဇန်နဝါရီလ

ဇန်နဝါရီ ၁၈၉၄ အယ်လဂျင်း (Earl of Elgin and Kincardine II) သည် အိန္ဒိယဘုရင်ခံချုပ် ရာထူးကို လက်ခံ ဝန်ထမ်းဆောင်သည်။

[*An Advanced History of India P 1043*]

မတ်လ

၃ မတ် ၁၈၉၄ ရို့စ်ဘာရီ(Earl of Rosebery) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံ ထမ်းဆောင်သည်။

[***Prominent People*** *P 118*]

မေလ

၃ မေ ၁၈၉၄ အလက်ဇန္ဒာ မက္ကင်ဇီ (Mr.A. Mac kenzie)သည် မြန်မာနိုင်ငံ မဟာဝန် ရှင်တော်မင်းကြီး ရာထူးတွင် တာဝန်ထမ်းဆောင်သည်။

၁။ [***T.C.I.B*** *P 54* ]

၂။ [***R.A.B*** *P 1894-5 P 3* ]

၁၆ မေ ၁၈၉၄ စီယင်ချင်း အကြီးအကဲ ဦးခုပ်ပေါင်(Kuppow) နှင့် ဖိုလ်ခိုင်ကမ်း(Kaikam)၁၈၄၆–၁၉၁၉ တို့ ဗြိတိသျှ အရာရှိ ဖော်လာ

(Mr. Fowler)ထံ လက်နက်ချသည်။
[C & T ***The Chin Hills, Vol I*** *P 106*]

**စက်တင်ဘာ ၁လ**

**စက်တင်ဘာ ၁ ၁၈၉၄ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် စဝ်ခွန်ပန်း စိန်ကို ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ဆန် မြို့တွင် တောင်ပိုင်စော်ဘွား ခွန်ဆန်အွန်(**Hkun Hseng Awn)**နှင့် မဟာဒေဝီဟိန်ဆိုင် (** Katur Lady Heng Seng) **မိဘနှစ်ပါးမှ မွေးဖွား သည်။**

၁။ [***Chiefs and Leading Families in the Shan States and Karenni*** *MS 188 ,BG 8 Oct 1943 PP 63-4*]

၂။ [ ပြန်ကြားရေးဌာန ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေးပန္နက်ချပ်ပွဲ။ ရန်ကုန်။ အစိုးရပုံနှိပ်။ ၁၉၅၉။ စာ ၄၃။ နောင်ကိုး ကားလျှင် ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ် ရေးပန္နက်ချပ်ပွဲ ဟုညွှန်းမည်]

# ၁ ၈ ၉ ၅

## ဇန္နဝါရီလ

၃၁ ဇန္နဝါရီ ၁၈၉၅ မဟာဝန်ရှင်တော်မင်းကြီး ဆာအလက်ဇန္ဒာ မက္ကင်ဇီက ဂျူဗလီဟော အဆောက်အအုံ ပန္နက်ချသည်။

[ *The Foundtion Stone of this hall to be/ erected to commemoate the Jubilee/ of the Reign of Her Most Gracious/ Majesty Queen Victoria/ Empress of India/ was Laid by/ Sir Alexander Mackinzie K.C.S.I on 31st Jan 1895* ***Jubilee hall Foundtion Stone***]

## မေ

၁ မေ ၁၈၉၅ ဗြိတိသျှအာဏာပိုင်တို့က ဗြိတိသျှနယ်ချဲ့တို့ကို တော်လှန်တိုက်ခိုက်ခဲ့သော ချောင်းခွမင်းသား စောရန်နိုင်နှင့် ဇနီးမြင်းခုံတိုင် ထိပ်တင်တို့ကို ကလကတ္တားသို့ ပို့သည်။

[***Burma Political Procedings*** *March 1895/ 96/ 99*]

၃ မေ ၁၈၉၅ ဖရိုင်ယာသည် အလက်ဇန္ဒား မက္ကင်ဇီထံမှ မြန်မာနိုင်ငံ မဟာဝန်ရှင်တော်မင်းကြီး တာဝန် လွှဲပြောင်းရယူသည်။

၁။ [***T.C.I.B*** *P 54* ]

၂။ [***R.A.B*** *P 1895-6 P 3*]

## ဇူလိုင်လ

၂ ဇူလိုင် ၁၈၉၅ ဆော့လစ်ဘာရီ (Marquess of Salisbury) သည် အင်္ဂလန် နိုင်ငံဝန်ကြီးချုပ် ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***Prominent People*** *P 118*]

## အောက်တိုဘာလ

၅ အောက်တိုဘာ ၁၈၉၅ ပင်လုံ စာချုပ် လက်မှတ်ရေးထိုးသည့် ဦး လှမူကို ဖလမ်းမြို့နယ်၊ လုံးဘန် ရွာတွင် ဦးနိုတ်ဝုန်၊ ဒေါ်ခွန်ဘွဲ့ မိဘ နှစ်ပါးမှ မွေးဖွားသည်။

[ဖလမ်းမြို့နှစ်တစ်ရာပြည့်မဂ္ဂဇင်း ၁၈၉၂–၁၉၉၂ စာ ၇၂]

၁၈၉၅ ကချင်တောင်တန်းသား မျိုးရိုးတူစုများဆိုင်ရာ စည်းမျဉ်း ဥပဒေ The Kachin Hills Tribes Regulation 1895 ကိုထုတ်ပြန်သည်။

[ကချင်တောင်တန်းဒေသတွင် ကျင့်သုံး နေသော ဥပဒေများ ။ မြစ်ကြီးနား။ အစိုး ရပုံနှိပ်တိုက်။ ၁၉၆၉။ စာ ၁ ]

၁
၈
၉
၅

## ဧပြီလ

၂၅ ဧပြီ ၁၈၉၆ မဟာဝန်ရှင်တော်မင်းကြီးဖရိုင်ယာ အိန္ဒိယသို့ ခွင့်ဖြင့်သွားစဉ်အတွင်း စမီတန်သည် ခေတ္တမဟာဝန်ရှင်တော်မင်းကြီး တာဝန်ထမ်းဆောင်သည်။

[ ***The Burma Gazette*** *P 1, 2 May 1896, P 202* ]

## မေလ

၃၁ မေ ၁၈၉၆ တိုင်းတားမင်းကြီး ဦးဖိုး ရန်ကုန်မြို့တွင် ကွယ်လွန်သည်။

၁။ [*Nisbet* ***Burma Under British Rule and Before*** *P 99*]

[***Chronology of Indian History*** *P 414*]

## ဩဂုတ်လ

၁၀ ဩဂုတ် ၁၈၉၆ ဖရိုင်ယာသည် စမီတန်ထံမှ မဟာဝန်ရှင်တော်မင်းကြီး တာဝန်ပြန်လည် လွှဲပြောင်းယူသည်။

[ ***The Burma Gazette*** *P 1, No 33, 15 Aug 1896, P 490* ]

၁၄ ဩဂုတ် ၁၈၉၆ ချင်းတောင်တန်း စည်းမျဉ်းဥပဒေ (The Chin Hills Regulation Act 1896) ကိုထုတ်ပြန်သည်။

[ ***The Burma Gazette*** *P 1, 29 Aug 1896* ]

၁၈၉၆ ဗြိတိသျှနယ်ချဲ့ကို ဆန့်ကျင်တိုက်ခိုက်ခဲ့သည့် ပုဂံမိုလ်ချို့နှင့်သားနှစ်ဦးဖြစ်သည့် မိုလ်ဘိုးဆင်၊ မိုလ်ဘိုးဝင်တို့ကို ပုဂံမြို့ သီရိပစ္စယာအရပ်ရှိ ဂူပြောက်ဘုရားတွင် ခိုအောင်းနေစဉ် ဗြိတိသျှ စစ်ပုလိပ်များက ဖမ်းမိသည်။

၁။ [*Crosthwaite* ***The Pacification of Burma*** *P 114*]

၂။[*အေးသန့် ကိုလိုနီခေတ်ဦးအာဇာနည်များ စာ ၇၅-၆*]

၁၈၉၆ စဝ်ရွှေသိုက် (၁၈၉၆ – ၁၉၆၂ နောင် ပြည်ထောင်စု မြန်မာနိုင်ငံတော် ယာယီသမ္မတ) ကို အင်းတိန်မြို့တွင် အင်းတိန်မြို့စား စဝ်ချို့နှင့် စဝ်နန်းဆာ မိဘနှစ်ပါးမှ မွေးဖွားသည်။

၁။ [*မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ညောင်ရွှေမြို့၏ ၁၉-၉-၀၂ ရက်စွဲပါ စာအမှတ် ၅/၇၇-၁/ဦး ၆*]

၂။ [ရှမ်းပြည်နယ် ပြည်သူ့အုပ်ချုပ်ရေး ပန္နက်ချပ္ပဲ စာ ၃၄]
၃။ [မြန်မာစွယ်စုံကျမ်း အတွဲ ၁၃၊ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၇၃။ စာ ၁၈။ နှောင်ကိုးကားလျှင် မြန်မာ့စွယ်စုံကျမ်း ဟု ညွှန်းမည်]

**၁၈၉၆ ဝိတိုရိယဘုရင်မ ရုပ်ထုကို ဖိုက်စကွဲယားဥယျာဉ်** (Fytche Square Garden) **(ယခု မဟာဗန္ဓုလပန်းခြံ) တွင် ထားရှိသည်။**
[*Pearn* ***A History of Rangoon*** *P 285*]

# သ

# ဓ

# ဇ

# ရ

## ဧပြီလ

၉ ဧပြီ ၁၈၉၇ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်က မြန်မာပြည်ကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခုအဖြစ် သတ်မှတ်ပြီး မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သည့်အဆင့်မှ ဒုတိယဘုရင်ခံ အုပ်ချုပ်သည့် အဆင့်သို့ တိုးမြှင့်ကြောင်း ကြေညာချက် ထုတ်ပြန်သည်။

*[သတင်းစာဆရာကြီး တိုးတက်ရေး ဦးထွန်းသန်း မြန်မာပြည်နိုင်ငံရေးရှင်းတမ်း (ဒုတိယအကြိမ်)။ ရန်ကုန်။ ရန်အေးပုံနှိပ်။ ၁၉၇၄။ စာ ၄၅။ နောင်ကိုးကားလျှင် ထွန်းသန်း မြန်မာပြည်နိုင်ငံရေး ဟုညွှန်းမည်]*

## မေလ

၁ မေ ၁၈၉၇ မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်နယ်အဖြစ် သတ်မှတ်ပြီး မဟာဝန်ရှင်တော်မင်းကြီး အုပ်ချုပ်သည့် အဆင့်မှ ဒုတိယဘုရင်ခံ အုပ်ချုပ်သည့် အဆင့် တိုးမြှင့်သည်။

[***R.A.B*** *1911-2 P 11*]

■ မဟာဝန်ရှင်တော်မင်းကြီး ဆာအက်ဖ်ဒဗလျူအာဖရိုက်ယာသည် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံအဖြစ် ခန့်အပ်ခံရသည့်အတွက် မြန်မာနိုင်ငံ၏ ပထမဆုံးဒုတိယဘုရင်ခံ ဖြစ်လာသည်။

၁။ [***R.A.B*** *1897-8 P 3*]

၂။ [***R.A.B*** *1921-2 PP 57-8*]

## ဇူလိုင်လ

၆ ဇူလိုင် ၁၈၉၇ မန္တလေးမြို့တွင် ဗုဒ္ဓဘာသာသာသနာ့နုဂ္ဂဟအသင်းကို တည်ထောင်သည်။

၁။ [*သခင်ဘမောင် ဝံသာနုအရေးတော်ပုံ* သမိုင်း ၁၉၀၆–၁၉၃၆။ ရန်ကုန်။ စာလုပ်ငန်းပုံနှိပ်။ ၁၉၇၅။ စာ ၆။ နောင်ကိုးကားလျှင် သခင်ဘမောင် ဝံသာနု ဟုညွှန်းမည်]

၂။ [*စစ်ကိုင်းဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း (၁) ရန်ကုန်။စပယ်ဦးနှင့် နံ့သာပုံနှိပ်လုပ်ငန်း။ ၁၉၆၇။ စာ ၁၀၁–၂။ နောင်ကိုးကားလျှင် ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း ၁ ဟုညွှန်းမည်]

၃။ *[စီပီခင်မောင် မြန်မာပြည် မြန်မာအသင်းများ၏ အတ္ထုပ္ပတ္တိစာတမ်း။ ရန်ကုန်။ ကူးသန်းရောင်းဝယ်ရေးပုံနှိပ်။ ၁၉၁၉။ စာ ၃။ နောင်ကိုးကားလျှင် စီပီခင်မောင် မြန်မာ အသင်းများ၏ အတ္ထုပ္ပတ္တိ ဟုညွှန်းမည်]*

## ဩဂုတ်လ

၁ ဩဂုတ် ၁၈၉၇ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံကို ကူညီရန် အဖွဲ့ဝင် ကိုးဦးပါသော အတိုင်ပင်ခံ အကြံပေးအဖွဲ့ ဖွဲ့သည်။

၁။ [**R.A.B** *1897-8 P 3* ]

၂။ [*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး စာ ၄၅–၄၆]

## အောက်တိုဘာ ၁လ

၇ အောက်တိုဘာ ၁ ၁၈၉၇ အာဇာနည် သခင်မြကို ပြည်ခရိုင်၊ ထုံးဘိုမြို့၌ ဦးဘိုးချွန်း၊ ဒေါ်သက်လယ် မိဘနှစ်ပါးမှ မွေးဖွားသည်။

[အာဇာနည်ကြီးများ၏အတ္ထုပ္ပတ္တိ စာ ၇]

## နိုဝင်ဘာ ၁လ

၆ နိုဝင်ဘာ ၁ ၁၈၉၇ မော်လမြိုင်မြို့၌ ရှင်ဗုဒ္ဓဃောသ အင်္ဂလိပ်မြန်မာ စာသင်ကျောင်း တည်ထောင်သည်။

[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၁၀၂ ]

နိုဝင်ဘာ ၁ ၁၈၉၇ မော်လမြိုင်မြို့၌ ဦးရွှေသွင် ဦးစီး၍ သာသနရေ အသင်း တည်ထောင်သည်။

၁။ [*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း– ၁ စာ ၁၀၂ ]

၂။ [*သခင်ဘမောင်* ဝံသာနု စာ ၆]

၁၈၉၇ မြင်းခြံမြို့တွင် ပညာအုပ် ဦးကျော်ရန် ဦးစီး၍ ဗုဒ္ဓဘာသာက လျာဏမိတ္တအသင်း တည်ထောင်သည်။

၁။ [*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း– ၁ စာ ၁၀၂ ]

၂။ [*သခင်ဘမောင်* ဝံသာနု စာ ၆]

# ၁ ၈ ၉ ၈

ဇန္နဝါရီလ

၁၅ ဇန္နဝါရီ ၁၈၉၈ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဖရိုင်ယာက အစိုးရ အိမ်တော်တွင် ဒါဘာပွဲ ကျင်းပသည်။

[ ***The Burma Gazette*** *P 1,No 1, 1 Jan 1898, P 1* ]

၂၀ ဇန်နဝါရီ ၁၈၉၈ အာဇာနည် ဦးရာဇတ်ကို မိတ္ထီလာမြို့တွင် မစ္စတာ အေရာမန်းနှင့် ဒေါ်ငြိမ်းလှ မိဘနှစ်ပါးမှ မွေးဖွားသည်။

[အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ စာ ၁၉]

မတ်လ

၈ မတ် ၁၈၉၈ သာယာဝတီစီရင်စု စံရွဲ (Sanywe) မြို့နယ်အား လက်ပံတန်း (Letpadan) မြို့နယ် ဟုအမည် ပြောင်းသည်။

[ ***The Burma Gazette*** *P 1,No 11, 12 March 1898, P 114* ]

မတ် ၁၈၉၈ မန္တလေးမြို့တွင် သာသနာရေးအတွက် ပရိယတ္တိ သာသနာ့ မိတ္တ အသင်းကို တည်ထောင်သည်။

*[ဟံသာဝတီသတင်းစာ ၁၀-၁၁-၁၉၀၉]*

## နိုဝင်ဘာ ၁လ

၂၅ နိုဝင်ဘာ ၁ ၁၈၉၈ သီပေါမင်း၏ မိဖုရား စုဖုရားကြီး ကွယ်လွန်သည်။
*[ရန်နံ့သစ်မဂ္ဂဇင်း အမှတ် ၆၆ ၁၉၉၉ မတ်–ဧပြီ စာ ၁၃၉]*

၁၈၉၈ ပင်လုံစာချုပ် လက်မှတ် ရေးထိုးသည့် ဦးကြာပုကို သီပေါမြို့၌ ဦးနု၊ ဒေါ်နမ်းခမ်းချိုက် မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၁ စာ ၁၂၂–၃]

၁၈၉၈ ဂျူဗလီဟော တည်ဆောက်ပြီးစီးသည်။
[*Pearn* ***A History of Rangoon*** *P 265*]

**၁**

**၈**

**၉**

**၉**

**ဇန္နဝါရီလ**

**၆ ဇန္နဝါရီ ၁၈၉၉ ကာဇုံ** (Baron Curzon of Kedleston) **သည် အိန္ဒိယ ဘုရင်ခံချုပ်ရာထူးကို လက်ခံဆောင် ရွက်သည်။**

၁။ [***An Advanced History of India*** *P 1043*]

၂။ [ ***Burma Year Book 1930*** *Yangon, Aiya Bros 1930, P 5 :hereafter cited as* ***Burma Year Book 1930*** ]

**ဧပြီ**

**၁၀ ဧပြီ ၁၈၈၉ မန္တလေး–လားရှိုး မီးရထားလမ်းရှိ နောင်ချိုတောင် ထိပ်နှင့် ပင်ပေါ်တောင်တို့ကို တောင် မြောက်ဆက်သွယ်မည့် ဂုတ်ထိပ် တံတားကို အမေရိကန်နိုင်ငံ ပင် ဆီလ်ဗေးနီးယားနှင့် မေရီလန် တံတားဆောက်လုပ်ရေး ကုမ္ပဏီမှ စတင်ဆောက်လုပ်သည်။**

၁။ [ရှမ်းပြည်နယ်စာစောင် အတွဲ ၁၊ အမှတ်၁ ၁၉၆၁ စာ ၅၅]

၂။ [ကမ္ဘောဇမြင့်လွင် မြန်မာပြည်နှစ်ပေါင်း ၂၀၀ မှတ်တမ်းကြီး။ ရန်ကုန်။ မေ့ဂုဏ် ရည်စာအုပ်တိုက်။ ၁၉၆၉။ စာ ၁၇၄။ နောင်ကိုးကားလျှင် ကမ္ဘောဇမြင့်လွင် နှစ် ၂၀၀မှတ်တမ်း ဟုညွှန်းမည်]

**၁**

**၉**

**၀**

**၀**

## ဖေဖော်ဝါရီလ

၁၆ ဖေဖော်ဝါရီ ၁၉၀၀ မင်းတုန်းမင်း၏ မိဘုရား ဆင်ဖြူမရှင်မိဘုရား ကွယ်လွန်သည်။

[*ဒေါ်ကြန်* ပဒေသရာဇ်မြန်မာနိုင်ငံဇာတ်သိမ်း။ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၈၁။ စာ ၂၅၂။နောင်ကိုးကားလျှင် ဒေါ်ကြန် ပဒေသရာဇ် မြန်မာနိုင်ငံဇာတ်သိမ်း ဟု ညွှန်းမည်]

၁၇ ဖေဖော်ဝါရီ ၁၉၀၀ သီဟိုဠ်နိုင်ငံမှဗုဒ္ဓမြတ်စွယ်တော် ဒါဘီရှာသင်္ဘောဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

[စွယ်တော်မြတ်စာတမ်း ရန်ကုန်။ ဟံသာဝတီသတင်းစာတိုက်။ ၁၉၀၁။စာ ၁၁]

## ဧပြီလ

၁၆ ဧပြီ ၁၉၀၀ မန္တလေးမြို့တွင် ဦးကျော်ရန် ဦးစီး၍ ဗုဒ္ဓဘာသာအသင်း တည်ထောင်သည်။ အသင်းအမှုဆောင်များမှာ

ဥက္ကဋ္ဌ ဦးကျော်ရန်

ဒုဥက္ကဋ္ဌ ဦးခင်

အကျိုးဆောင်အတွင်းရေးမှူး ဦးသော်တို့ဖြစ်သည်။

[***Buddhism Quarterly Review***, *Vol I , No 1, Sept 1903 P 168*]

၁

၉

၀

၁

## ဇန္နဝါရီလ

၂၂ ဇန္နဝါရီ ၁၉၀၁ အင်္ဂလန်နိုင်ငံ ဘုရင်မဝိတိုရိယ (Queen Victoria) 1819 -1901 ကွယ်လွန်၍ သားတော် အက်ဒွပ် '၇' (Edward VII) 1841-1910 ထီးနန်း ဆက်ခံသည်။

[***Prominent People*** *P 59* ]

## ဖေဖော်ဝါရီလ

၇ ဖေဖော်ဝါရီ ၁၉၀၁ သခင်ဘသောင်း (တို့ဗမာအစည်းအရုံးကို စတင်တည် ထောင်သူ) ကို နတ်မောက်မြို့နယ်၊ ဖုံကုန်းကျေးရွာတွင် ဦးမြစ်၊ ဒေါ်ခင် လေး မိဘနှစ်ပါးမှ မွေးဖွားသည်။

[မြန်မာ့စွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၂ စာ ၂၄၇-၈]

## မတ်လ

မတ် ၁၉၀၁ မြန်မာနိုင်ငံတွင် လူဦးရေ ၁၀,၄၉၀,၆၂၄ ဦး (အောက်မြန်မာနိုင်ငံတွင် လူဦးရေ ၅,၄၀၅,၉၆၇ နှင့် အထက်မြန်မာနိုင်ငံတွင် ၅,၀၈၄ ,၆၅၇) ရှိသည်။

၁။ [ ***Burma Hand Book 1944*** *Simla P 10 :hereafter cited as* ***Burma Hand Book 1944***]

၂။ [***R.A.B*** *1911-12 P 25* ]

၃။ [*Allelyne Ireland* ***The Province of Burma,*** *Cambridge, Riverside Press, 1907, P 111* ]

## ဇွန်လ

၁ ဇွန် ၁၉၀၁ ဂုတ်ထိပ်တံတားကို စတင်ဖွင့်လှစ်သည်။

တံတားတန်ဖိုးငွေ–၁,၆၉၈,၂၀၀ ကျပ်

အလျားအရှည် –၂၂၆၀ ပေ

တံတားတိုင်အမြင့် –၃၂၀ ပေ

ဂုတ်တွင်းချောင်းဆုံ၏ ရေမျက်နှာပြင်မှ တံတားသံလမ်းအထိအမြင့်– ၈၂၀ ပေ

တံတားသံတိုင်ပေါင်း – ၁၅

တံတားစတင်ဆောက်လုပ်သည့်နေ့ ၁၈၉၉ ခုနှစ် ဧပြီလ ၁၀

ဆောက်လုပ်သောအချိန်ကာလ– ၉ လတိတိ

၁။ [*ဂုတ်ထိပ်တံတားကမ္ပည်းစာ*]

၂။ [ရှမ်းပြည်နယ်စာစောင် အတွဲ ၁၊ အမှတ် ၁၊ ၁၉၆၁။ စာ ၅၅]

၁၁ ဇွန် ၁၉၀၁ အာဇာနည် ဦးဘဝင်းကို နတ်မောက်မြို့တွင် ရှေ့နေ ဦးဖာ၊ ဒေါ်စု မိဘနှစ်ပါးမှ မွေးဖွားသည်။

[အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ စာ ၂၁]

## အောက်တိုဘာ ၁လ

၂၀ အောက်တိုဘာ ၁ ၁၉၀၁ အထက်မြန်မာနိုင်ငံဆိုင်ရာ သာသနာပိုင်ရွေးပွဲပြုလုပ်ရာမိုးတားဆရာတော် ဦးသုဇာတ ၃၉၆ မဲ၊တောင်ခွင်ဆရာတော် ဦးဝိသုဒ္ဓ ၃၉၅ မဲ နှင့် ထုတ်လန်းဆရာတော် ၈၆ မဲ အသီးသီးရရှိသည်။

[ရွှေကိုင်းသား *အနှစ်၁၀၀ ပြည့်မန္တလေး မန္တလေး၊ ကြီးပွားရေးပုံနှိပ်၊ ၁၉၅၉၊ စာ ၂၈၂။ နောင်ကိုးကားလျှင် ရွှေကိုင်းသား အနှစ်၁၀၀ ပြည့်မန္တလေး ဟုညွှန်းမည်*]

## နိုဝင်ဘာ ၁လ

၂၈ နိုဝင်ဘာ ၁ ၁၉၀၁ အိန္ဒိယဘုရင်ခံချုပ် လော့ကာဇုန် (Lord Cur - zon) မန္တလေးမြို့တွင် ဒါဘာပွဲကျင်းပသည်။

[*ဦးအုန်းဖေ ပင်လုံစစ်တမ်း စာ ၁၂၅*]

၁၉၀၁ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဦးဖြူကို ရှမ်းပြည်နယ်တောင်ပိုင်း ဆီဆိုင်မြို့နယ်၊ နောင်ကျော့ကျေးရွာအုပ်စု၊ ဝါးတောကျေးရွာတွင် ဦးကုသလ၊ ဒေါ်နန်းကျောင်းဖူး မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ဦးဖြူ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်း။ လက်နှိပ်စက်မှု*]

# ၁
# ၉
# ၀
# ၂

## ဇူလိုင်လ

၁၂ ဇူလိုင် ၁၉၀၂ ဘဲလ်ဖိုး (Arthur J.Balfour) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ် ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***Prominent People** P 118*]

## ဩဂုတ်လ

၈ ဩဂုတ် ၁၉၀၂ ဂျူဗလီဟောတွင် တိရစ္ဆာန်ရုံသစ်နှင့် ဥယျာဉ်သစ် ဆောက်ရန် အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာအက်ဖ်ဒဗလျူအာဖရိုင်ယာက သဘာပတိ အဖြစ် ဆောင်ရွက်သည်။

[တိုက်စိုး *ဂျူဗလီဟောမြင်ကွင်း ရန်ကုန် သီဟရတနာပုံနှိပ်၊ ၁၉၇၈၊ စာ ၆။ နောင်ကိုးကားလျှင် တိုက်စိုး ဂျူဗလီဟော ဟု ညွှန်းမည်*]

၁၉၀၂ ပင်လုံစာချုပ် လက်မှတ်ရေးထိုးခဲ့သည့် စဝ်ဟုံဖကို သိန္နီမြို့တွင် သိန္နီစော်ဘွားကြီး စဝ်ခွန်ဆံတုန်ဟုန်းနှင့် စဝ်နန်းခမ်းစိန် မိဘနှစ်ပါးမှ မွေးဖွားသည်။

၁။ [*သိန္နီစော်ဘွားကြီးစပ်ဟုံဖ၏အထ္ထုပ္ပတ္တိ ကွန်ပျူတာစာမူ*]

၂။ [*ကြေးမုံသတင်းစာ ၃၀-၃-၆၃*]

၁၉၀၂ ပုသိမ်မြို့၌ ဥရောပတိုက်သား ဗုဒ္ဓဘာသာ ရဟန်းတော် ဘိက္ခု အသောကကို အကြောင်းပြု၍ အသောကအသင်း တည်ထောင်သည်။

[စီပီခင်မောင် *မြန်မာအသင်းများ၏အတ္ထုပ္ပတ္တိ စာ ၃*]

[ဦးဘခိုင်(ဖေဘီယန်) *မြန်မာပြည်နိုင်ငံရေး ရာဇဝင်(တတိယအကြိမ်)။ရန်ကုန်။ ကုမာရပုံနှိပ်။ ၁၉၆၆။ စာ ၃၇-၃၈။ နောင်ကိုးကားလျှင် ဘခိုင် မြန်မာပြည်နိုင်ငံရေး ဟု ညွှန်းမည်*]

# ၁၉၀၃

## ဖေဖော်ဝါရီလ

၂၈ ဖေဖော်ဝါရီ ၁၉၀၃ ပင်လုံစာ ချုပ် လက်မှတ်ရေးထိုးသည့် ဦးထွန်း မြင့်ကို လွိုင်လင်ခရိုင် မောက်မယ် မြို့တွင် ဦးကျော်စိန်၊ ဒေါ်စောလုံ မိဘနှစ်ပါးမှ မွေးဖွားသည်။

[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၈ စာ ၁၈၆ ]

## ဧပြီလ

၄ ဧပြီ ၁၉၀၃ ဆာ ဟူ.ဂျ် ရှိတ်စပီး ယား ဘန်းစ်(Sir Huge Shakespear Barnes K.C.S.I, K.C.V.O, I.C. S)သည် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***T.C.I.B*** *P 54* ]

[***R.A.B*** *1903-4 P2* ]

## စက်တင်ဘာလ

စက်တင်ဘာ ၁ ၁၉၀၃ ဦးရွှေအိုးဦးစီး ၍ ဗုဒ္ဓသာသနာ့သမဂ္ဂ (Buddha Sasana Samaga or International Buddhist Society)ကို ရန် ကုန်မြို့၊ အမှတ် ၁၊ ရွှေတိဂုံဘုရား လမ်းတွင် တည်ထောင်သည်။ အမှု ဆောင်များမှာ

ဥက္ကဋ္ဌ ဦးရွှေအိုး

အထွေထွေအတွင်းရေးမှူး အာနန္ဒမထေရ် ဘဏ္ဍာရေးမှူး ဒေါ်မြမေ တို့ ဖြစ်သည်။
[***Buddhism Quarterly Review***, *Vol I , No 1, Sept 1903* ]

## အောက်တိုဘာလ

၂၃ အောက်တိုဘာ ၁ ၁၉၀၃ The Ancient Monument preservation bill ကို ထုတ်ပြန်သည်။
[ ***The Burma Gazette*** *P III ,A, 14 Nov 1903*]

၂၆ အောက်တိုဘာ ၁ ၁၆၀၃ အာဇာနည် မန်းဘခိုင်ကို ဟသ်ာတခရိုင်၊ ယုန်တလင်းရွာတွင် သူကြီး မန်းပေကုန်းနှင့် ဒေါ်ပု မိဘနှစ်ပါးမှ မွေးဖွားသည်။
[အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ စာ ၁၅]

## နိုဝင်ဘာလ

၁၃ နိုဝင်ဘာ ၁ ၁၉၀၃ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဘန်း(စ်)က မန္တလေးတောင်ခြေ သုဓမ္မာဇရပ်များအနီးရှိ မဏ္ဍပ်၌ တောင်ခွင်ဆရာတော် ဦးဝိသုဒ္ဓအား အထက်မြန်မာနိုင်ငံဆိုင်ရာသာသနာပိုင် ခန့်အပ်သည့် ဆာနဒ်(Sanad) ပေးပွဲကျင်းပသည်။
*[မန်းတင် "သာသနာပိုင်အား စာချွန်တော်ဆက်ကပ်ပွဲ" ငွေတာရီမဂ္ဂဇင်း၊ အမှတ် ၁၄၄၊ ၁၉၇၂၊ ဇွန်၊ စာ ၇၂]*

# ၁ ၉ ၀ ၄

## ဖေဖော်ဝါရီ

၂၂ ဖေဖော်ဝါရီ ၁၉၀၄ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဘန်းစ်က ရန်ကုန်မြို့ကို ရေပေးသည့် လှော်ကားကန်စီမံကိန်းကို ဖွင့်လှစ်ပေးသည်။

[*Pearn* ***A History of Rangoon*** *P 272* ]

## မတ်လ

၇ မတ်လ ၁၉၀၄ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဦးခွန်ဖုံးကို ကွတ်ခိုင်မြို့နယ်၊ ဟော်ဝါးတိုက်နယ်တွင် ဒူဝါအမ်နော်ခမ်းနှင့် ဒေါ်ဖော်ဒါထု မိဘနှစ်ပါးမှ မွေးဖွားသည်။

[ဟော်ဝါးဒူဝါအမ်ခွန်ဖုံး၏ အတ္ထုပ္ပတ္တိ အကျဉ်းချုပ် ၁၅-၁၂-၉၈ လက်နှိပ်စက်မူ]

## ဧပြီလ

ဧပြီ ၁၉၀၄ အမ်သီးလ် (Lord Ampthill) သည် အိန္ဒိယဘုရင်ခံချုပ် ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***An Advanced History of India*** *P 1043*]

## ဇွန်လ

၂၅ ဇွန် ၁၉၀၄ ရန်ကုန်ကောလိပ်၌ ဗုဒ္ဓဘာသာ အသင်းတည်ထောင်သည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း၁* စာ၁၀၃]

## ဇူလိုင်လ

၁၄ ဇူလိုင် ၁၉၀၄ မြန်မာနိုင်ငံ ဒုတိယ ဘုရင်ခံ ဘန်းစ်သည် မန္တလေးမြို့ ခတ်ရထားလမ်းကို စတင်ဖွင့်လှစ်ပေးသည်။

၁။ [ရွှေကိုင်းသား *အနှစ် ၁၀၀ ပြည့် မန္တလေး စာ ၂၉၁*]

၂။ [အောင်မင်းမြင့် *မီးရထားသမိုင်း။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၈၅။ စာ ၁၇၃*]

## ဒီဇင်ဘာလ

ဒီဇင်ဘာ ၁ ၁၉၀၄ ကာဇွန် (Baron Curzon of Kedleston) သည် အိန္ဒိယ ဘုရင်ခံချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။

[***An Advanced History of India*** *P 1043*]

၁၉၀၄ ကော်မရှင်နာလမ်း (ယခု ဗိုလ်ချုပ်အောင်ဆန်းလမ်း) မှ တိရစ္ဆာန်ရုံဟောင်းကို ကန်တော်ကလေး အရပ်သို့ ပြောင်း၍ ဝိတိုရိယ အထိမ်းအမှတ် ဥယျာဉ် (Victoria Memorial Park 1904) ဟု အမည်ပေးသည်။

[တိုက်စိုး *ဂျူဗလီဟော စာ ၆–၇*]

၁၉၀၄–၁၉၀၅ ရုရှ–ဂျပန်စစ်ပွဲတွင် ဂျပန်နိုင်ငံ အောင်ပွဲရရှိသည်။

[*A.W. Palmer* ***A Dictionary of Modern History*** *(1789-1945) Pangiun Books 1964. P 354 : hereafter cited as Palmer* ***A Dictionary of Modern History***]

# ၁၉၀၅

## မေလ

၉ မေ ၁၉၀၅ ဆာဟားဘတ်သာကယ်ဝှိုက် (Hon. Sir Herbert Thirkell White, K.C.I.E, I.C.S) သည် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံရာထူးကို လက်ခံဆောင်ရွက်သည်။

[***R.A.B*** *1905- 6 P 1* ]

## နိုဝင်ဘာလ

နိုဝင်ဘာ ၁ ၁၉၀၅ လော့မင်တို(Lord Minto)သည် အိန္ဒိယဘုရင်ခံချုပ်ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***An Advanced History of India*** *P 1043*]

## ဒီဇင်ဘာလ

၅ ဒီဇင်ဘာလ ၁၉၀၅ ဘင်နာမန်း (Sir Henry Champbell - Bannerman) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***Prominent People*** *P 118*]

၁

၉

၀

၆

**ဇန်နဝါရီလ**

၁၃ ဇန်နဝါရီ ၁၉၀၆ ဗြိတိသျှအိမ်ရှေ့စံ ဝေလမင်းသား (Prince of Wales) [ နောင် အင်္ဂလန်ဘုရင် George V ] နှင့် ဇနီး ရန်ကုန် တိရစ္ဆာန်ဥယျာဉ်သစ်ကို ဖွင့်လှစ်ပေးသည်။

[တိုက်စိုး *ဂျူဗလီဟော စာ ၇*]

**ဖေဖော်ဝါရီလ**

၁၇ ဖေဖော်ဝါရီ ၁၉၀၆ ဝေလမင်းသား မန္တလေး မဟာမြတ်မုနိဘုရားသို့ သွားရောက် ဖူးမြော်သည်။

[*Fr Caroline Courtauld* ***Burma*** *Odyssey Guides Publication 1999,P 156* ]

**ဧပြီလ**

၁၇ ဧပြီ ၁၉၀၆ တောပုန်းကြီးစံဖဲ ကို သာစည်မြို့နယ်၊ ဂုံညင်းနွယ်ဘွဲ့ ခြားရွာ၌ ဦးဖိုးသိန်း၊ ဒေါ်စံမယ် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*မာဂဓီသာစည် နယ်ချဲ့တော်လှန်ရေး သမားကြီး ဗိုလ်စံဖဲ ရန်ကုန်။ စာပေ ဗိမာန်ပုံနှိပ်။ ၁၉၉၉။ စာ ၁၂။ နောင်ကိုးကားလျှင် မာဂဓီသာစည် ဗိုလ်စံဖဲ ဟုညွှန်းမည်*]

ပြေ ၁၉၀၆ ဝိုင်အမ်ဘီအေ ခေါ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို ဦးဘဘေ (ဘကြီးဘဘေ)၊ ဒေါက်တာဘရင်နှင့် အမ်အေမောင်ကြီးတို့ စတင် ဖွဲ့စည်းတည်ထောင်သည်။

၁။ [*The Burma's Buddhist Monthly Magazine* *Vol.II ,No. 1 Jun 1909*]

၂။ [ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၃၈]

၃။ [ဦးဘဘေ "ဝိုင်အမ်ဘီအေသမိုင်း" ဗုဒ္ဓကလျာဏယုဝအသင်း ရွှေရတုစာစောင်၊ ၁၉၅၆၊ စာ ၂၉]

## မေလ

၂၁ မေ ၁၉၀၆ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ခွန်ပန်းစိန် ကျမိုင်းရာထူး ခန့်အပ်ခံရသည်။

[*သူရိယမဂ္ဂဇင်း အတွဲ ၁၁၊ အမှတ် ၂၊ ၁၉၂၇ ပြေ စာ ၅၃* ]

## အောက်တိုဘာလ

၁၅ အောက်တိုဘာ ၁၉၀၆ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် စဝ်နွံကို လဲချားစော်ဘွား စဝ်ခွန်လိုင်းနှင့် စဝ်နန်းဆိုင်မွန်း မိဘနှစ်ပါးမှ မွေးဖွားသည်။

[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၇ စာ ၁၆၁–၂]

## နိုဝင်ဘာလ

၂၆ နိုဝင်ဘာ ၁၉၀၆ သီပေါမင်း၏ ပထမ သမီးတော် ထိပ်စုမြတ်ဖုရားကြီးနှင့် ရတနာဂီရိ အိမ်တော် တံခါးမှူး ဂိုပယ်ဘာရိုဆဝန့် (Go-pal Bhaurao Sawant) တို့မှ သမီးတုတု မွေးဖွားသည်။

[*Desai*, ***Deposed King Thibaw*** *P 63*]

သ

ဇ

ဝ

ရ

ဖေဖော်ဝါရီ

၄ ဖေဖော်ဝါရီ ၁၉၀၇ ဆရာတော် ဦးဥတ္တမ မြန်မာနိုင်ငံမှ ဂျပန်နိုင်ငံ သို့ သွားရောက်သည်။

*[ဗမာ့ခေတ်ဦးဘရင် ဆရာတော်ဦးဥတ္တမ ရန်ကုန်။ သမ္မာမိတ္တာပုံနှိပ်။ ပုံနှိပ်နှစ်မသိ။ စာ ၃၀။ နောင်ကိုးကားလျှင် ဗမာ့ခေတ် ဦးဘရင် ဦးဥတ္တမ ဟုညွှန်းမည်]*

မတ်လ

၇ မတ် ၁၉၀၇ ဆရာတော် ဦးဥတ္တမ ဂျပန်နိုင်ငံ ယိုကိုဟားမားဆိပ်ကမ်း သို့ ရောက်ရှိသည်။

*[ဗမာ့ခေတ် ဦးဘရင် ဦးဥတ္တမ စာ ၃၀]*

၁၅ မတ် ၁၉၀၇ ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးသည့် ဦးသောင်ဇာ ခုပ်ကို တီးတိန်မြို့၊ ဆိုင်းဇန်ကျေး ရွာတွင် ဦးဒိုထွာလ်၊ ဒေါ်ပုမ်ခေါ်မန်း မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ဦးသောင်ဇာခုပ်၏ ကိုယ်ရေးအချက် အလက်မှတ်တမ်း။ လက်နှိပ်စက်မူ]*

မေလ

၂၅ မေ ၁၉၀၇ ဦးနု ၁၉၀၇–၁၉၉၅ (နောင် ပြည်ထောင်စု မြန်မာနိုင်ငံ ဝန်ကြီးချုပ်) ကို ဝါးခယ်မမြို့၌ ဦးစံထွန်း၊ ဒေါ်စောခင် မိဘနှစ်ပါးမှ

မွေးဖွားသည်။

[*U Nu* ***Saturday's Son,*** *New Haven and London Yale University Press 1975, P 3*]

၃၁ မေ ၁၉၀၇ အာဇာနည် စဝ်စံထွန်းကို မိုင်းပွန်မြို့တွင် မိုင်းပွန်စော်ဘွား စဝ်ခွန်ထီးနှင့် နန်းစိန်ဥ မိဘနှစ်ပါးမှ မွေးဖွားသည်။

၁။ [အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ စာ ၁၃]

၂။ [ငြိမ်း မိုင်းပွန်စော်ဘွားစဝ်စံထွန်း။ ရန်ကုန်၊ နယဉ်ပုံနှိပ်၊ ၁၉၅၆၊ စာ ၉]

## ဩဂုတ်လ

၃၁ ဩဂုတ် ၁၉၀၇ အထက် မြန်မာနိုင်ငံနှင့် ရခိုင်တောင်တန်းဒေသနယ်ခြား ဖြတ်သန်းရေးနှင့် မငြိမ်မသက်ဒေသများ စည်းမျဉ်းကို ရှမ်းပြည်နယ်သို့ တိုးချဲ့သက်ရောက်ကြောင်း ထုတ်ပြန်ကြေညာသည်။

၁။[***The Shan State Manual,*** *Yangon Govt printing,1933, P 271 :hereafter cited as* ***The Shan State Manual***]

၂။ [***The Burma Gazette*** *No 35, 31 Aug 1907,P P 707-9*]

## ဒီဇင်ဘာလ

၇ ဒီဇင်ဘာ ၁၉၀၇ ရဲဘော်သုံးကျိပ်ဝင် သခင်ထွန်းအုပ်ကို ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သိုက်တောရွာ၌ မြေပိုင်ရှင် ဦးရွှေ၊ ဒေါ်ရွှေသား မိဘနှစ်ပါးမှ မွေးဖွားသည်။

[*မြဒေါင်းညို* ရဲဘော်သုံးကျိပ်၊ ရန်ကုန်၊ သူရိယသတင်းစာတိုက်၊ ၁၉၄၃၊ စာ ၂၅]

၁
၉
၀
၈

ဧပြီလ

၈ ဧပြီ ၁၉၀၈ အက်စကွတ်(Harbert H. Asquith )သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံ ဆောင်ရွက်သည်။
[***Prominent People*** *P 118*]

၁၉ ဧပြီ ၁၉၀၈ ရန်ကုန်မြို့ပေါ်ရှိ ဝိုင်အမ်ဘီအေ အသင်းများ၏ ပထမ အကြိမ်အစည်းအဝေးကို ရန်ကုန်မြို့ ကျုံးကြီးလမ်းရှိ ဝိတိုရီယဘုရင်မ ဗုဒ္ဓဘာသာကျောင်း၌ ကျင်းပသည်။
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း* စာ ၁၀၅]
၂။ [*သခင်ဘမောင် ဝံသာနု* စာ ၉]

ဇွန်လ

၃၀ ဇွန် ၁၉၀၈ ကင်းဝန်မင်းကြီး ဦးကောင်း ပဲခူးမြို့တွင် ကွယ်လွန်သည်။
[*Maung Htin Aung "First Burmese Mission to the Coult of St. Jame's Kinwun Mingyi's Diaries 1872-74 "* ***JBRS*** *Vol 57 P 1&2 1974* ]

ဇွန်လ ၁၉၀၈ မြန်မာပြည် ဗုဒ္ဓဘာသာသတင်းစာ (The Burman's

Buddhist Monthly Magazine)
စတင်ထုတ်ဝေသည်။
[***The Burman's Buddhist Monthly Magazie*** *Vol I ,No I, Jun 1908* ]

# ၁
# ၉
# ဝ
# ၉

## မတ်လ

၁၆ မတ် ၁၉၀၉ မော်လီမင်တို စီမံကိန်းအရ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ၏ အတိုင်ပင်ခံ အကြံပေးအဖွဲ့ကို အဖွဲ့ဝင် (၉) ဦးမှ (၁၇) ဦး အထိ တိုးချဲ့ဖွဲ့စည်းနိုင်ခွင့် ရလာသည်။

၁။ [*F.S.V Donnison* ***Public Admi-nistration in Burma,*** *Glasgow, University Press 1953, P 38 :hereafter cited as Donnison* ***Public Administration in Burma***]

၂။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၁၀၈]

## မေလ

၃၁ မေ ၁၉၀၉ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း အထူးအစည်းအဝေး ကျင်းပ၍ အမှုဆောင်များ ရွေးကောက်တင်မြှောက်သည်။

[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း၁ စာ၁၀၇]

## စက်တင်ဘာလ

၁၀ စက်တင်ဘာ ၁၉၀၉ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဒူဝါဇော်လွန်းကို မိုးမောက်မြို့နယ်၊ ဘန်ဟုတ်နယ်စား ဒူဝါဇော်ယောင်၊ ဒူဂျန်လတော်မန္တားနန်ခါး မိဘနှစ်ပါးမှ မွေးဖွားသည်။

[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ စာ ၁၉၅–၆]

၁၉၁၀

## မတ်လ

၂၀ မတ် ၁၉၁၀ ရန်ကုန်မြို့တွင် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်းနှင့်အလားတူအသင်းများ၏ အစည်းအဝေးကျင်းပပြီး တပ်ပေါင်းစုအသင်းချုပ်အဖြစ်ဖွဲ့စည်းရန်ဆုံးဖြတ်သည်။ ဦးဘိုးဖြေ့ကို တပ်ပေါင်းစု အသင်းချုပ်ဦးစီးဦးဆောင်အဖြစ်တင်မြှောက်သည်။

[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၁၀၉]

၂၉ မတ် ၁၉၁၀ မြန်မာနိုင်ငံ သုတေသနအသင်းကို စတင်တည်ထောင်သည်။

[***Journal of The Burma Research Society*** .FAP :1960 *P 1-4,*]

## ဧပြီလ

၁၁ ဧပြီ ၁၉၁၀ ဖလမ်းနယ်မှ တာစွန်း ချင်းအမျိုးသားခေါင်းဆောင်ကြွမ်ဘိစ် (ခ) ဆွန်ပက် ကွယ်လွန်သည်။

၁။ [ဖလမ်းမြို့နှစ်တစ်ရာပြည့်မဂ္ဂဇင်း (၁၈၉၂–၁၉၉၂) စာ ၆၂]

၂။ [*နီနီမြင့် မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုသမိုင်း အပိုင်း ၁ စာ ၃၁၉*]

## မေလ

၆ မေ ၁၉၁၀ အင်္ဂလန်ဘုရင် အက်ဒွပ် ၇ (Edward VII)၏ ဒုတိယ မြောက်သားတော် ဂျော့ ၅ (George V) ၁၈၆၅–၁၉၃၆ သည် အင်္ဂလန်နိုင်ငံ၏ ထီးနန်းကို ဆက်ခံသည်။
[***Prominent People*** *P 64*]

၁၉ မေ ၁၉၁၀ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာဟားဘတ်သာကယ်ဝိုက် ရာထူးမှ နုတ်ထွက်သွားပြီး ဆာဟာ ဗေးအဒမ်ဆင် (Sir Harvey Adamson)M.A, LLD, K.T, K C.S.I, I.C.S သည် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ အဖြစ် ခန့်အပ်ခံရသည်။
၁။ [***R.A.B*** *1910 -11 P 2*]
၂။ [***The Burma Gazette*** *P 2, 4 Jun 1910, P 368*]

## ဇူလိုင်လ

၆ ဇူလိုင် ၁၉၁၀ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်နေဝင်း (၁၉၁၀–၂၀၀၂) [နောင် ပြည်ထောင်စုဆိုရှယ်လစ် သမ္မတနိုင်ငံ သမ္မတ]ကို ပြည်ခရိုင်၊ ပေါင်းတည်မြို့တွင် ဦးဖိုးခ၊ ဒေါ်မိလေး မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် ရန်ကုန်။ တက္ကသိုလ်များပုံနှိပ်။ ၁၉၉၈။ စာ ၅၅။ နောင်ကိုးကားလျှင် ကျော်ငြိမ်း ရဲဘော်သုံးကျိပ် ဟုညွှန်းမည်။ ]*

## ဩဂုတ်လ

၃၀ ဩဂုတ် ၁၉၁၀ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မှူးအောင်ကို ပဲခူးတိုင်း၊ ကျောက်တံခါးမြို့၌ ဦးရွှေမှန်၊ ဒေါ်ဖော့ မိဘနှစ်ပါးမှ မွေးဖွားသည်။
*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၈၅]*

## အောက်တိုဘာလ

အောက်တိုဘာ ၁ ၁၉၁၀ စစ်ကိုင်းတိုင်း၊ မြင်းမူနယ်တွင် မင်းလောင်းမောင်သန့်က ဗြိတိသျှ အစိုးရကို စတင်ပုန်ကန်တော်လှန်သည်။
*[တက္ကသိုလ်ထင်ကြီး မြန်မာနိုင်ငံသတင်းစာအညွှန်း(ပ)။ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၉၂။ စာ ၈၉။ နောင်ကိုးကားလျှင် ထင်ကြီးသတင်းစာအညွှန်း(ပ) ဟုညွှန်းမည်]*

## နိုဝင်ဘာလ

၇ နိုဝင်ဘာ ၁၉၁၀ မင်းလောင်းမောင်သန့် စစ်ကိုင်းတိုင်း၊ မြင်းမူရဲစခန်းကို တိုက်ခိုက်ရာ အရေးနိမ့်သည်။
*[တင်မြင့် အဂ္ဂတောင်က မောင်သန့် စာ ၄၀]*

နိုဝင်ဘာ ၁ ၁၉၁၀ ဟာဒင်း (Baron Hardinge of Penshurst) သည် အိန္ဒိယနိုင်ငံဘုရင်ခံချုပ် ရာထူးကို လက်ခံ ဆောင်ရွက်သည်။
[*An Advanced History of India* *P 1043*]

**ဒီဇင်ဘာ ၁၉၁၀**

၂၇-၂၉ ဒီဇင်ဘာ ၁၉၁၀ မြန်မာနိုင်ငံ ဝိုင်အမ်ဘီအေအသင်းများနှင့် အလားတူ အသင်းများ၏ ပထမအကြိမ်မြောက် နိုင်ငံလုံးဆိုင်ရာ အစည်းအဝေးကြီးကို ရန်ကုန်မြို့တွင် ကျင်းပသည်။
[***The Burman's Buddhist Monthly Magazie*** *Vol IV,No I, Jan 1911, P 63* ]

၁၉၁၀ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် စဝ်ယိပ်ဖကို သိန္နီမြို့တွင် သိန္နီစော်ဘွား ခွန်ဆံတုန်ဟုန်း၊ စဝ်နန်းခမ်းကြာ မိဘနှစ်ပါးမှ မွေးဖွားသည်။
*၁။[စဝ်ယိပ်ဖ၏ ကိုယ်ရေး အချက်အလက်များ လက်နှိပ်စက်မူ]*
*၂။[ပထမအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ် လက်နှိပ်စက်မူ]*

## ဇန်နဝါရီလ

၁၇ ဇန်နဝါရီ ၁၉၁၁ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တောက်ထိန်ကို ပျဉ်းမနားမြို့တွင် ဦးဘိုးအောင်၊ ဒေါ်ရွှေမြ မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၈၁]*

## မတ်လ

မတ်လ ၁၉၁၁ မြန်မာနိုင်ငံတွင် လူဦးရေ ၁၂,၁၁၅,၂၁၇ (အောက်မြန်မာနိုင်ငံတွင် ၆,၂၁၂,၄၁၂၊ အထက်မြန်မာနိုင်ငံတွင် ၅,၉၀၂,၈၀၅ )ဦးရှိသည်။

[***R.A.B*** *1911-2 PP 25-7* ]

[***Burma Hand Book 1944*** *P 10*]

## ဧပြီလ

၈ ဧပြီ ၁၉၁၁ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်ဆွေကို ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ သရက်တပင် ကျေးရွာ၌ အဖဦးဖိုးမောင်၊ ဒေါ်ငွေပင် မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၀၃]*

## ဇွန်လ

၂၁ ဇွန် ၁၉၁၁ မင်းလောင်းမောင်သန့်အား အိန္ဒိယရာဇသတ်ကြီး ပုဒ်မ ၁၂၁ အရ ပြစ်မှုထင်ရှား၍ ကြိုးမိန့်စီရင်ချက်ချမှတ်သည်။

*[တင်မြင့် အဂ္ဂတောင်က မောင်သန့် စာ ၆၇]*

## ဇူလိုင်လ

၄ ဇူလိုင် ၁၉၁၁ သူရိယသတင်းစာ စတင် ထုတ်ဝေသည်။

*[သူရိယသတင်းစာ ၂၅ နှစ်မြောက် ၄-၇-၃၆ စာ ၃၆]*

## ဩဂုတ်လ

၂၉ ဩဂုတ် ၁၉၁၁ သူရိယသတင်းစာ၌ မင်းလောင်းမောင်သန့် ကြိုးမိန့်စီရင်ချက်ကို အယူခံတင်သွင်းထားရာငင်းအယူခံကိုပယ်ပြီးလျှင်မောင်သန့်ကို ကြိုးပေးလိမ့်မည်ဟု သတင်းရရှိသည်ဟု ပါရှိသည်။

*[သူရိယသတင်းစာ ၂၉-၈-၃၁]*

၃၀ ဩဂုတ် ၁၉၁၁ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လကျာ်ကို ပျဉ်းမနားမြို့၌ ဦးစိန်သွင်၊ ဒေါ်ကျင်မြိုင်မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၄၉]*

၁

၉

၁

၂

## ဇန်နဝါရီလ

၂၅ ဇန်နဝါရီ ၁၉၁၂ သီပေါမင်း၏ မိဖုရား စုဖုရားကလေး အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့၌ ကွယ်လွန်သည်။

[*အေးသိန်း ရတနာဂီရိမှ သီပေါမင်း အမှတ်တရ ရန်ကုန်၊ ရခိုင်သားကြီးစာပေ၊ ၁၉၉၄၊ စာ ၁၅၆၃။ နောင်ကိုးကားလျှင်။ အေးသိန်း သီပေါမင်း အမှတ်တရ ဟု ညွှန်းမည်*]

## မတ်လ

၁၀ မတ် ၁၉၁၁ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဦးကီယိုမန်းကို ဟားခါးမြို့ မြို့ဟောင်း (ဆန်သဲ) ရပ်ကွက်တွင် ဦးမန်ကျဲအိုး၊ ဒေါ်နီတလဲမ်း မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ဦးကီယိုမန်း၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ် လက်နှိပ်စက်မူ*]

## မေလ

၂၃ မေ ၁၉၁၁ မြန်မာနိုင်ငံ တောင်ကြီးမြို့တွင် လျှောင်လှူပ်သည်။လျှင် ဗဟိုချက်မှာ မြောက်လတ္တီတွဒ် ၂၁ ဒီဂရီနှင့် အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီတွင် ရှိပြီး အင်အားအဆင့်မှာ မာကယ်လီစကေး အဆင့် ၉ ဖြစ်သည်။

[*ဦးမင်းထွေးနောင်(ပညာရေး)မြန်မာ့လျှင်၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၇၈၊ စာ ၉၇*]

## စက်တင်ဘာ ၁လ

စက်တင်ဘာ ၁ ၁၉၁၁ ဟသ်ာတခရိုင်၊ မရိုးခကျေးရွာ၊ မကွဲကျေးရွာနှင့် သဖန်းကုန်း ကျေးရွာတို့မှ ဗြိတိ သျှ အစိုးရကို တော်လှန်ပုန်ကန်သည်။ *[ကမ္ဘောဇမြင့်လွင် နှစ် ၂၀၀ မှတ်တမ်း စာ ၁၈၁]*

# ၁
# ၉
# ၁
# ၃

## ဇန်နဝါရီလ

၁၉ ဇန်နဝါရီ ၁၉၁၃ ဦးကျော်ငြိမ်း (နောင်ပြည်ထောင်စု မြန်မာနိုင်ငံ ဒုတိယဝန်ကြီးချုပ်) ကို ပျဉ်းမနားမြို့၌ ဦးဖိုးတုတ်၊ ဒေါ်ဒေါ်သုံ မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၇ စာ ၁၃၁–၂]

## ဖေဖော်ဝါရီလ

၂ ဖေဖော်ဝါရီ ၁၉၁၃ အာဇာနည် ဦးအုန်းမောင်ကို မင်းဘူးမြို့၌မစ္စတာ အိပ်ချ်ဒဗလျူထရပ်(တ်)ဝိန်း၊ ဒေါ်ရွှေ မြင့် မိဘနှစ်ပါးမှ မွေးဖွားသည်။
[အာဇာနည်ကြီးများ၏အတ္ထုပ္ပတ္တိ စာ ၂၂]

၁၇ ဖေဖော်ဝါရီ ၁၉၁၃ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဦးခွန်စောကို ပင်းတယမြို့၌ ဦးခင်မောင်+ဒေါ်ခင်ချစ် မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ပင်းတယမြို့၏ ၂၆–၇–၁၉၉၉ ရက်စွဲပါ စာအမှတ် ၅/၃–၈၅/ဦး ၆]

## မေလ

၁၄ မေ ၁၉၁၃ ဆာဂျော့ဝပ်ဆန်ရှော (Sir George Watson Shaw, Kt, C.S.I, I.C.S) သည် ခေတ္တ ဒုတိယ ဘုရင်ခံအဖြစ် ဆောင်ရွက်သည်။
[***R.A.B 1913-14*** *P I* ]

၂၂ မေ ၁၉၁၃ ရန်ကုန်မြို့ အိမ်တော်ရာဘုရား [ သာယာဝတီမင်း (၁၈၃၇–၁၈၄၆) ရန်ကုန်ရောက်ရှိစဉ် ခေတ္တနေထိုင်သည့်မြေပေါ်၌ သားတော် ပုဂံမင်းက (၁၈၄၆–၁၈၅၂) တည်ထားသည့်ဘုရား] ထီးတင်ပွဲကျင်းပသည်။
*[ကမ္ဘာဇမြင့်လွင် နှစ် ၂၀၀ မှတ်တမ်း စာ ၁၉၃]*

## ဇွန်လ

၂ ဇွန် ၁၉၁၃ ရန်ကုန်မြို့ ဆူးလေဘုရားလမ်းရှိ မြူနီစီပယ် မီးသတ်အဆောက်အဦသစ် စတင် ဖွင့်လှစ်သည်။
*[ကမ္ဘာဇမြင့်လွင် နှစ် ၂၀၀ မှတ်တမ်း စာ ၁၉၃]*

၄ ဇွန် ၁၉၁၃ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လရောင်ကို မင်းဘူးမြို့ သူဌေးကုန်းရပ်ကွက်၌ ဦးသာဒွား၊ ဒေါ်ငွေသင် မိဘနှစ်ပါးမှ မွေးဖွားသည်။
*[ရွှေတူဂျာနယ်၊ အတွဲ ၁၊အမှတ် ၁၂၊ ၁–၈–၇၁ စာ ၁၆–၇]*

၃၀ ဇွန် ၁၉၁၃ မြန်မာပြည် မီးသဘောသူဌေး မွန်လူမျိုး ဦးနာအောက် (အသက် ၈၁) မော်လမြိုင်မြို့တွင် ကွယ်လွန်သည်။
*[ငွေတာရီမဂ္ဂဇင်း ၁၉၈၉၊ ဖေဖော်ဝါရီ၊ စာ ၃၃–၆]*

## ဇူလိုင်လ

၂၈ ဇူလိုင် ၁၉၁၃ ပုသိမ်မြို့ စက်ရှင်တရားရုံးမှ ဇလွန်သူပုန်ထမှုဖြင့် ဖမ်းဆီးတရားစွဲထားသော နေသူရိန်မင်းသားဘိုးသွယ်နှင့် ပန်းသင်းဂမုန်း ဆရာတော်အား သေဒဏ်အမိန့် ချမှတ်သည်။
*[ကမ္ဘောဇမြင့်လွင် နှစ် ၂၀၀ မှတ်တမ်း စာ ၁၈၇]*

## နိုဝင်ဘာလ

၁ နိုဝင်ဘာ ၁၉၁၃ ဆာဟာဗေးအဒမ်ဆင်သည် ရှေ့ထုံမှ ဒုတိယဘုရင်ခံတာဝန်ကို လွှဲပြောင်းယူသည်။
**[*R.A.B 1913-14 P I*]**

## ဒီဇင်ဘာလ

၁၀ ဒီဇင်ဘာ ၁၉၁၃ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇေယျကို အလုံမြို့နယ်နန်းတော်ရှေ့ရွာတွင် ဦးချစ်မောင် ဒေါ်စိန်တိုင် မိဘနှစ်ပါးမှ မွေးဖွားသည်။
*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၅၅]*

၁၉၁၄

## ဖေဖော်ဝါရီလ

၁၂ ဖေဖော်ဝါရီ ၁၉၁၄ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဆမားဒူးဝါးဆင်ဝါးနော်ကို ကာမိုင်းမြို့နယ် ဆမားရွာတွင် ဒူဝါးခွန်ဆိုင်းလီ၊ ဒူဂျန်မိရောန်တူ မိဘနှစ်ပါးမှ ဖွားမြင်သည်။

*[ရွှေတူဂျာနယ်၊ အတွဲ ၁၊ အမှတ် ၁၈၊ ၁–၁၁–၇၁]*

## ဧပြီလ

၂၈ ဧပြီ ၁၉၁၄ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောအောင်ကို ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ရှမ်းစုရပ်ကွက်၌ ဦးဘိုးညွှန့် ဒေါ်ရွှေမှတ် မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၇၁]*

## မေလ

၁၀ မေ ၁၉၁၄ ဝိုင် အမ် ဘီ အေ အသင်းချုပ်၏ နိုင်ငံလုံးဆိုင်ရာ ဒုတိယ နှစ်ပတ်လည်ညီလာခံကို ရန်ကုန်မြို့တွင် ကျင်းပသည်။ ဦးဘေ K.S.M (ကျက်သရေဆောင် ရွှေစလွယ်ရမင်း) ကို ဝိုင်အမ်ဘီအေ အသင်းချုပ်ဥက္ကဋ္ဌအဖြစ်တင်မြှောက်သည်။

*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၁၃၁–၄]*

*[သခင်ဘမောင် ဝံသာနု စာ ၁၉–၂၀]*

၁၇ မေ ၁၉၁၄ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်းကို ပဲခူးခရိုင်၊ ရွှေကျင်မြို့၌ ဦးလွန်းမောင်၊ ဒေါ်ပွား မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၉၅]*

## ဇွန်လ

၁၄ ဇွန် ၁၉၁၄ ဝိုင်အမ်ဘီအေ အသင်းတိုက်၌ အစည်းအဝေးကျင်းပသည်။ အစည်းအဝေး၌ ဥက္ကဋ္ဌ ဦးဘေက မြန်မာပြည်နှင့်တကွ အမျိုးသားတို့ ကြီးပွားတိုးတက်ရန် ခေတ်ကာလအလိုက် မကောင်းသည်ကို ဖယ်၍ ကောင်းသောအရာများကို လိုက်၍ ပြုလုပ်သင့်ကြောင်း၊ ဂျပန်နိုင်ငံသည် ခေတ်ကာလအလိုက် တိုးတက်အောင် ဆောင်ရွက်သဖြင့် များစွာ တိုးတက်ကြီးပွားလာပြီး အနောက်နိုင်ငံသား ရုရှားကိုပင် အနိုင်ရကြောင်း ပြောကြားသည်။

*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၁၃၇]*

## ဇူလိုင်လ

၁၀ ဇူလိုင် ၁၉၁၄ ဦးသိန်းဖေမြင့် ကို

ဘုတလင်မြို့၌ ဦးဘ၊ ဒေါ်မြင့် မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၇၉ စာ ၂၄၈–၉]

၂၈ ဇူလိုင် ၁၉၁၄ ဩစတြီးယား ဟန်ဂေရီ နိုင်ငံက ဆားဗီးယားကို စစ်ကြေညာရာမှ ပထမကမ္ဘာစစ်ဖြစ်ပွားသည်။
[Palmer **A Dictionary of Modern History** P 354]

## ဩဂုတ်လ

၄ ဩဂုတ် ၁၉၁၄ အင်္ဂလန်နိုင်ငံက ဂျာမနီကို စစ်ကြေညာသည်။
[Palmer **A Dictionary of Modern History** P 354]

၁၅ ဩဂုတ် ၁၉၁၄ မြန်မာ့အလင်း သတင်းစာကို ရန်ကုန်မြို့၌ ဦးရွှေကျူးက ထုတ်ဝေသည်။
*[ထင်ကြီး သတင်းစာအညွှန်း(ပ) စာ၁၄၀]*

## စက်တင်ဘာလ

၂၁ စက်တင်ဘာ ၁၉၁၄ မြန်မာ့အလင်း သတင်းစာတိုက်မှ "မြန်မာ့အလင်း စစ်ကြေးနန်းသတင်း" ကို တိုးချဲ့ ထုတ်ဝေသည်။
*[ထင်ကြီး သတင်းစာအညွှန်း(ပ) စာ၁၄၀]*

## ဒီဇင်ဘာလ

ဒီဇင်ဘာလ ၁၉၁၄ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် စဝ်ထွန်းအေးကို ရှမ်းပြည်နယ် မော်နောင်ဒေသတွင် မော်နောင်စော်ဘွား စဝ်ခွန်ထီး၊ မဟာဒေဝီစဝ်ခင်ထား မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ စာ ၁၇၅]

၁၉၁၄ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ညာဏကို ဖြူးမြို့နယ်၊ ကျောက်တိုင်တောင်ကျေးရွာတွင် ဦးဘပု၊ ဒေါ်မြစ် မိဘနှစ်ပါးမှ မွေးဖွားသည်။
*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၃၅]*

၁
၉
၁
၅

## ဖေဖော်ဝါရီလ

၁၃ ဖေဖော်ဝါရီ ၁၉၁၅ အမျိုးသား ခေါင်းဆောင် ဗိုလ်ချုပ်အောင်ဆန်း ကို နတ်မောက်မြို့တွင် ရှေ့နေဦးဖာ ဒေါ်စု မိဘနှစ်ပါးမှ မွေးဖွားသည်။
[အာဇာနည်ကြီးများ၏အတ္ထုပ္ပတ္တိ စာ ၁]

ဖေဖော်ဝါရီ ၁၉၁၅ မဟတ္တမဂန္ဒီ ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[အိန္ဒိယ အမျိုးသား ခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီ၏ နှစ် ၁၀၀ ပြည့် မွေးနေ့ အထိမ်းအမှတ်ပြပွဲ ရန်ကုန်၊ ဗဟိုပုံနှိပ်တိုက်၊ ၁၉၆၉၊ စာ ၃ ]

## ဧပြီလ

၁၉ ဧပြီ ၁၉၁၅ ဦးဗဆွေ ၁၉၁၅–၁၉၈၇ (နောင်ပြည်ထောင်စု မြန်မာ နိုင်ငံတော်ဝန်ကြီးချုပ်)ကို ထားဝယ် ခရိုင်၊ အုန်းပင်ကွင်းရွာ၌ ဦးထွန်း လှိုင်၊ ဒေါ်ပဲလေး မိဘနှစ်ပါးမှ မွေး ဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၈၈ စာ ၂၂၆–၇]

ဇူလိုင်လ

၁ ဇူလိုင် ၁၉၁၅ ရဲဘော်သုံးကျိပ် ဝင် ဗိုလ်စကြာကို ရန်ကုန်မြို့၌ ဦးမြတ်သာ ဒေါ်သန်းတင် မိဘနှစ်ပါး မှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၈၅]*

အောက်တိုဘာလ

၂၆ – ၂၈ အောက်တိုဘာ ၁၉၁၅ ဝိုင်အမ်ဘီအေ အသင်းချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ တတိယအကြိမ် နှစ်ပတ်လည်ညီလာခံကို မန္တလေးမြို့တွင် ကျင်းပသည်။

*[သခင်ဘမောင် ဝံသာနု စာ ၂၃–၃၀]*

၂၈ အောက်တိုဘာ ၁၉၁၅ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရာထူးတွင် ဆာဟာကုတ်ဘတ္တလာ (Sir. Spen -cer Harcourt Butler) စတင်ဆောင်ရွက်သည်။

၁။ [ ***The Burma Gazette*** *, No 44, 30 Oct 1915,P 685* ]

၂။ [***R.A.B*** *1915-16 P 2* ]

၁၉၁၅ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ၏ အတိုင်ပင်ခံ အကြံပေးအဖွဲ့ကို အဖွဲ့ဝင် ၃၀ ဦးအထိ တိုးချဲ့ဖွဲ့စည်းနိုင်ခွင့် ရလာသည်။

*[Donnison* ***Public Administration in Burma*** *P 39]*

၁
၉
၁
၅

## ဇန်နဝါရီလ

၉ ဇန်နဝါရီ ၁၉၁၆ ဗုဒ္ဓကလျာဏယုဝအသင်း လူကြီးများ၏ အစည်းအဝေးကို ဝိုင်အမ်ဘီအေရုံး၌ ကျင်းပပြုလုပ်ပြီး ၁၉၁၅– ၁၆ ခုနှစ် အတွက် အသင်းအမှုဆောင်များအဖြစ်
ဥက္ကဋ္ဌ ဦးဘေ (မင်းတိုင်ပင်အမတ်)
အကျိုးတော်ဆောင် ဦးပု (ဝတ်လုံတော်ရ၊ ရွှေကျင်)
နှင့် အမှုဆောင်အဖွဲ့ဝင်များကို ရွေးကောက်တင်မြှောက်သည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၁၆၇*]

## ဧပြီလ

၁၇ ဧပြီ ၁၉၁၆ မန်းဝင်းမောင် ၁၉၁၆–၁၉၈၉ (နောင်ပြည်ထောင်စုမြန်မာနိုင်ငံတော် သမ္မတ)ကို ကျုံပျော်မြို့နယ်၊ လှည်းဆိပ်ရွာတွင် ဦးရွှေရင်၊ ဒေါ်သာယာ မိဘနှစ်ပါးမှ မွေးဖွားသည်။

[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၀ စာ ၃၀၃–၃၀၄]

ဧပြီ ၁၉၁၆ လော့ချမ်းစဖို့ (Lord Chelms ford)အိန္ဒိယဘုရင်ခံချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။

[***An Advanced History of India*** *P 1043*]

## ဇူလိုင်လ

ဇူလိုင် ၁၉၁၆ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာဟာကုတ်ဘတ္တလာက အင်ပါယာစွဲကော်မတီ (The Imperial Idea Commitee) ကိုခန့်အပ် တာဝန်ပေးသည်။ ကော်မတီတွင် အဆင့်မြင့် ဗြိတိသျှ အရာရှိ ရှစ်ဦး၊ သာသနာပြုဆရာ လေးဦးနှင့် မြန်မာလူမျိုးနှစ်ဦးပါဝင် သည်။ ဖွဲ့စည်းရသည့် ရည်ရွယ်ချက် မှာ ဗြိတိသျှအင်ပါယာ အတွင်း ပါဝင်ရသည်မှာ မြန်မာပြည်သူပြည်သားတို့အတွက် အဖက်ဖက်မှ တိုးတက်သောကြောင့် ဗြိတိသျှ အင်ပါယာပေါ်တွင် သစ္စာခံလိုသည့် စိတ်ဓာတ်များကို ကျောင်းနှင့်ကောလိပ်များမှ တစ်ဆင့် သွင်းပေးရန် ဖြစ်သည်။ ကော်မတီသည် ၁၉၁၆ ဩဂုတ်လမှ ၁၉၁၇ ဇန်နဝါရီအထိ လုပ်ငန်းတာဝန်များ ဆောင်ရွက်ပြီး ၃၀ မတ် ၁၉၁၇ တွင် အစီရင်ခံစာ တင်သွင်းခဲ့သည်။

၁။ [***Report of the Committee Appointed to Ascertain and Advice How the Imperial Idea may be inclucated and Fostered in Schools and Colleges in Burma*** . *Yangon 1917*]

၂။ [***R.A.B*** *1916-17 P 112*]

၃။ [*Cady,* ***A History of Modern Burma*** *(Second printing) New York, Ithaca 1960,P 195 :hereafter cited as Cady,* ***A History of Modern Burma*** ]

## အောက်တိုဘာ ၁လ

အောက်တိုဘာ ၁ ၁၉၁၆ သီပေါမင်း၏ ဒုတိယသမီးတော် အရှင်ထိပ်စုမြတ်ဖုရားလတ်သည် ခင်မောင်လတ်နှင့် ခိုးရာလိုက်ပြေးသည်။
[*Desai,* ***Deposed King Thibaw*** *P 74*]

၁၄ – ၁၆ အောက်တိုဘာ ၁ ၁၉၁၆ ဝိုင်အမ်ဘီအေ အသင်းကြီး၏ နိုင်ငံလုံးဆိုင်ရာစတုတ္ထညီလာခံကို ဟင်္သာတမြို့တွင် ကျင်းပသည်။
[*သခင်ဘမောင် ဝံသာနု စာ ၃၃–၈*]

## ဒီဇင်ဘာ ၁လ

၁ ဒီဇင်ဘာ ၁ ၁၉၁၆ အိန္ဒိယဘုရင်ခံချုပ် လော့ချမ်းစဖို့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[**R.A.B** 1916-17 P 10 ]

၇ ဒီဇင်ဘာ ၁ ၁၉၁၆ လွိုက်ဂျော့ (D. LLoyd George) သည် အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ်ရာထူး ကို လက်ခံဆောင်ရွက်သည်။
[***Prominent People*** *P 118*]

၉ ဒီဇင်ဘာ ၁ ၁၉၁၆ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဦးတင်ဧ ကို ညောင်ရွှေမြို့တွင် ဦးဝိုင်း၊ ဒေါ်သွယ်မိဘနှစ်ပါးမှ မွေးဖွားသည်။
[ရှမ်းပြည်နယ် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရရှိသူပုဂ္ဂိုလ်များ၏ ကိုယ်ရေးမှတ်တမ်း၊ ၁၉၈၂]

၁၅ ဒီဇင်ဘာ ၁ ၁၉၁၆ မြန်မာနန်းကျဘုရင်သီပေါမင်း အိန္ဒိယနိုင်ငံ ရတနာဂီရိမြို့တွင် ကွယ်လွန်သည်။
[အေးသိန်း *သီပေါမင်းအမှတ်တရ စာ ၁၅၅*]

၂၇ ဒီဇင်ဘာ ၁ ၁၉၁၆ ဗိုလ်အောင်ကျော်ကို အင်္ဂပူမြို့နယ်၊ ရုံးဇင်ရွာတွင် ဦးကျော်ထင်၊ ဒေါ်ရွှေကျော့မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြဟန် *ကိုလိုနီခေတ်အဘိဓာန် (တတိယအကြိမ်)၊ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်၊ ၁၉၉၉၊ စာ ၂၀၁၊ နောင်ကိုးကားလျှင် မြဟန်ကိုလိုနီခေတ်အဘိဓာန်ဟုညွှန်းမည်*]

၁

၉

၁

၇

## ဖေဖော်ဝါရီလ

၄ ဖေဖော်ဝါရီ ၁၉၁၇ ဝိုင်အမ်ဘီ အေ အသင်း နှစ်ပတ်လည် အစည်းအဝေးကို ရန်ကုန်မြို့၊ လန်ကတ်စတာ (ယခုနဝဒေး) လမ်းရှိ အသင်းတိုက်၌ ကျင်းပသည်။ ဥက္ကဋ္ဌ အဖြစ် ဦးဘေ(K.S.M,A.T.M) ကို ရွေးကောက်တင်မြှောက်သည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၂၀၇*]

■ ပင်လုံစာချုပ် လက်မှတ်ရေးထိုးသည့် ဦးလဘန်ဂရောင် ကို လားရှိုးမြို့၌ တောင်အုပ် ဦးလဘန်ရှင်ဂရစ်နှင့် ဒေါ်အေး မိဘနှစ်ပါးမှ မွေးဖွားသည်။

[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၉ စာ ၂၇၉]

## မတ်လ

၂ မတ် ၁၉၁၇ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်အောင်ကို လှည်းကူးမြို့နယ် ဒါးပိန်ကျေးရွာ ဈေးပိုင်းရပ်တွင် ဦးဘအောင်၊ ဒေါ်သိန်းမြ မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၆၁*]

၁၇ မတ် ၁၉၁၇ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဗလကို မော်လမြိုင်ကျွန်းမြို့နယ် ကျိုက်ပိရွာ၌ ဦးကျော်ဟန် ဒေါ်သိန်း မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၇၉]*

## ဇူလိုင်လ

၅ ဇူလိုင် ၁၉၁၇ ပဲခူးမြို့တွင် လျောင်လှူပ်၍ ရွှေမောဓောစေတီအထက်ပိုင်းရှိ ငှက်ပျောဖူး၊ ဖောင်းရစ်၊ ကြာမှောက်ကြာလန်၊ ခေါင်းလောင်းပုံ အထိ ပြိုကျသည်။

*[ဦးလှဖေဝင်း ရွှေမော်ဓောသမိုင်းသစ် ရန်ကုန်၊ သီတာအေးပုံနှိပ်၊ ၁၉၅၄၊ စာ ၁–၂ ]*

## ဩဂုတ်လ

၂၀ ဩဂုတ် ၁၉၁၇ ဗြိတိသျှအစိုးရ အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီး မွန်တေဂူ (Edwin Montagu 1879-1924)က ဗြိတိသျှပါလီမန် အောက်လွှတ်တော်၌ မြန်မာပြည် အပါအဝင် အိန္ဒိယနိုင်ငံအား ဗြိတိသျှအင်ပါယာ အတွင်းမှ တဖြည်းဖြည်း ကိုယ်ပိုင် အုပ်ချုပ်ရေး ပေးအပ်မည်ဟု ကြေညာ သည်။

ထိုကြေညာချက်တွင်

၁။ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံအုပ်ချုပ်မှု၌ တိုင်းရင်းသားတို့အား ပိုမိုထည့်သွင်းပြီး ကိုယ်ပိုင်အုပ်ချုပ်သော နိုင်ငံတစ်ခုအဖြစ်သို့ ရောက်စေခြင်းငှာ အုပ်ချုပ်ရေးများကို တစတစ ပေးအပ်မည်။

၂။ ဗြိတိသျှအစိုးရ၏ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန်ကြီးသည် အိန္ဒိယသို့ သွား၍ အိန္ဒိယဘုရင်ခံချုပ် လော့ချမ်းစဖို့နှင့်အတူ အခြေအနေကို စုံစမ်း အစီရင် ခံရမည်။

၃။ အုပ်ချုပ်မှု ပြုပြင်ပြောင်းလဲပေးရန် စီမံချက်များကို ဗြိတိသျှပါလီမန်သို့ တင်သွင်းသောအခါ တိုင်းသူပြည်သားတို့၏ ကိုယ်စားလှယ်များကို ဆွေးနွေးခွင့်ပေးမည်ဟု ပါရှိသည်။

၁။ [***Hansard*** *20 Aug 1917, Col 1695* ]

၂။ [*Cady,* ***A History of Modern Burma*** *P 199 -200*]

၃။ *[ဦးလေးမောင် မြန်မာနိုင်ငံရေးသမိုင်း (ပ) ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၇၃၊ စာ ၁၂၄၊ နောင်ကိုးကားလျှင် ဦးလေးမောင် မြန်မာနိုင်ငံရေးသမိုင်း (ပ) ဟုညွှန်းမည် ]*

## စက်တင်ဘာ ၁လ

၂၆ စက်တင်ဘာ ၁ ၁၉၁၇ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းရောင်ကို ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် ရေကျော်ရပ်တွင် ဦးဖိုးထင်၊ ဒေါ်သင်းမြိုင် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၁၉*]

## အောက်တိုဘာ ၁လ

၂ – ၄ အောက်တိုဘာ ၁ ၁၉၁၇ ဝိုင်အမ်ဘီအေ အသင်းချုပ်ကြီး၏ နိုင်ငံလုံး ဆိုင်ရာ ပဥ္စမအကြိမ်ညီလာခံကိုပျဉ်းမနားမြို့တွင် ကျင်းပသည်။ ညီလာခံတွင် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မစ္စတာမွန်တေဂူ အိန္ဒိယသို့ ပြုပြင်ပြောင်းလဲသော အုပ်ချုပ်ရေးအတွက် စုံစမ်းရန်လာသောအခါ ဝိုင်အမ်ဘီအေအသင်းချုပ်၏ ကိုယ်စားလှယ်များ မစ္စတာမွန်တေဂူနှင့် သွားရောက်တွေ့ဆုံ၍ မြန်မာပြည်အတွက်အရေးဆိုရန် ဆုံးဖြတ်သည်။ အသင်းချုပ်ဥက္ကဋ္ဌ အဖြစ် ဦးဘေကို ဆက်လက်တင်မြှောက်သည်။

၁။ [*သခင်ဘမောင် ဝံသာနု စာ ၄၃–၈*]

၂။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၁၂၅*]

၆ အောက်တိုဘာ ၁ ၁၉၁၇ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးညိုကို ရန်ကုန်မြို့ ကမာရွတ်၊ ရှမ်းစုရွာတွင် ဦးဘရှင် ဒေါ်ငွေသင် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၆၃*]

အောက်တိုဘာ ၁ ၁၉၁၇ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်လင်းယုန်ကို တောင်ငူမြို့၌ ဦးအောင်သိန်း၊ ဒေါ်ဒေါ်စိမ်း မိဘနှစ်ပါးက ဖွားမြင်သည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၁၅*]

## နိုဝင်ဘာ ၁လ

၁၄ နိုဝင်ဘာ ၁ ၁၉၁၇ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်အောင်ကို ပန်းတောင်းမြို့နယ်၊ သူရဲတန်း ကျေးရွာတွင် ဦးပန်း၊ ဒေါ်သက်ရှည် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၉၁*]

၂၂ နိုဝင်ဘာ ၁ ၁၉၁၇ မစ္စတာ ဒဗ လျူ အက်ဖ်ရိုက်စ် (Mr. Walter Francis Rice, C.S.I) အား မြန်မာ နိုင်ငံ ဒုတိယဘုရင်ခံ ဆာဟာကုတ် ဘတ္တလာက ရာထူးတာဝန် လွှဲပြောင်းပေးသည်။

[***R.A.B*** *1917-18 P 2* ]

၂၇ နိုဝင်ဘာ ၁၉၁၇ အိန္ဒိယနိုင်ငံသို့ အုပ်ချုပ်ရေးအဆင့် တိုးမြှင့်ပေးရန် လာရောက်စုံစမ်းသည့် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် ဝန်ကြီး မွန်တေဂူနှင့် တွေ့ဆုံရန် ကလကတ္တားမြို့သို့ သွားရောက်မည့် မြန်မာကိုယ်စားလှယ်များကို ဂုဏ်ပြုပွဲကျင်းပသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင်

| | |
|---|---|
| ဦးဘေ | ဝန်ထောက်အငြိမ်းစား |
| ဥက္ကဋ္ဌ | ဝိုင်အမ်ဘီအေ |
| ဦးမေအောင် | ဝတ်လုံ |
| ဦးစု | ဝတ်လုံ၊ မန္တလေး |
| ဦးဘဘေ | သူရိယသတင်းစာ |
| ဒေါက်တာစံစီဖိုး | ကရင်အမျိုးသား |
| ဆစ်ဒနီလူနီ | ကရင်အမျိုးသား |
| ဦးစံဝင်း | ဝတ်လုံ မန္တလေး |
| စီဂျီအက်စ်ပီလေး | ဝတ်လုံ မန္တလေး |
| ဦးဘတူ | သမဝါယမ ကိုယ်စားလှယ် |
| ဦးဘိုးသာ | ။ |
| ဦးသင်း | ။ |

တို့ပါဝင်သည်။

၁။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၂၄၇–၂၅၂]

၂။ [သခင်ဘမောင် ဝံသာနု စာ ၅၁–၂]

၃။ [Cady, **A History of Modern Burma** P 200n]

၂၈ နိုဝင်ဘာ ၁၉၁၇ ဝိုင်အမ်ဘီအေ ကိုယ်စားလှယ်များဖြစ်သည့် ဦးဘေ၊ ဦးမေအောင်၊ ဦးစုနှင့် ဦးဘဘေတို့ ရန်ကုန်မှ သင်္ဘောဖြင့် အိန္ဒိယနိုင်ငံ ထွက်ခွာသည်။

[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၂၄၇–၂၅၂]

## ဒီဇင်ဘာ ၁လ

၁၇ ဒီဇင်ဘာ ၁၉၁၇ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရိုက်စ်က ဆာရယ်ဂျီနယ် ကရက်ဒေါက် (Sir Reginald Craddock, K.C.S.I) အား ရာထူးတာဝန် လွှဲပြောင်းပေးသည်။ ဆာရယ်ဂျီနယ်ကရက်ဒေါက် သည် ၁၅ ဖေဖော်ဝါရီ ၁၉၁၈ တွင် မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ရာထူး အတည်ပြုခန့်အပ်ခံရသည်။

၁။ [***The Burma Gazette*** *Extra Ordinary , 11 Dec 1917*]

၂။ [***R.A.B*** *1917-18 P 2*]

ဒီဇင်ဘာ ၁၉၁၇ မြန်မာနိုင်ငံ ဝိုင်အမ်ဘီအေ အသင်း ကိုယ်စားလှယ်များသည် ကလကတ္တားမြို့တွင် အိန္ဒိယနိုင်ငံဆိုင်ရာ ဝန်ကြီး မွန်တေဂူနှင့် အိန္ဒိယဘုရင်ခံချုပ် ချမ်းစဖို့တို့ထံ မြန်မာလူမျိုးတို့ လိုလားချက်

များကို တောင်းဆိုသော စာလွှာကို တင်သွင်းသည်။

[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၂၅၂–၅]

[ထွန်းသန်း မြန်မာပြည်နိုင်ငံရေး စာ၉၆]

# ၁
# ၉
# ၁
# ၈

## ဇန်နဝါရီလ

၁၅ ဇန်နဝါရီ ၁၉၁၈ ပင်လုံစာချုပ်လက်မှတ် ရေးထိုးသည့် ဦးဒိန်ရတန်ကို ကချင်ပြည်နယ်၊ မချမ်းဘောမြို့နယ်၊ ခူးလမ်းရွာ၌ ဦးရှကောန်ဂမ်၊ ဒေါ်ထင်ဆေးနန် မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၃ စာ ၂၀၈]

## ဖေဖော်ဝါရီလ

ဖေဖော်ဝါရီလ ၁၉၁၈ သူရိယမဂ္ဂဇင်းတွင် ရွှေတလေး(ခ) ဦးဘကလေးရေးဆွဲသည့် ဘုရားလူကြီးများက ဥရောပတိုက်သား ဇနီးမောင်နှံကို ကျောပိုး၍ ဘုရားရင်ပြင်တော်ပေါ်သို့ ပို့ဆောင်ရာ ထိုလင်မယားက ယခုလို ဘိနပ်မချွတ်ဘဲ ရွှေတိဂုံဘုရားပေါ်သို့ တက်ရောက်ကြည့်ရှု ခွင့်ရသည့်အတွက် ကျေးဇူးတင်စကားပြောကြားပုံ ကာတွန်းပါရှိသည်။
၁။ [သူရိယမဂ္ဂဇင်း ၁၉၁၈၊ဖေဖော်ဝါရီ]
၂။ [ဒေါ်အမာ၊ ရွှေရိုးဘ ကလေး (ပ) ၊မန္တလေး၊ ကြီးပွားရေးပုံနှိပ်၊ ၁၉၆၉၊ စာ ၃၉၊ နောင် ကိုးကားလျှင် ဒေါ်အမာ ရွှေရိုးဘ ကလေး (ပ)ဟုညွှန်းမည်]

■ အဆိုပါ ကာတွန်းကို ဘုရားလူကြီးများ တွေ့မြင် ဖတ်ရှုရသောအခါ အလွန်စိတ်ဆိုးကြသည်။ ဥရောပတိုက်သား အင်္ဂလိပ်လူမျိုးများကလည်း အထူးပင်မကျေနပ်ကြချေ။ ရန်ကုန်ပုလိပ်မင်းကြီး မစ္စတာ ရှပ်တဲလ်ဝပ် (Mr. Shuttle Worth) က သူရိယသတင်းစာကို တာဝန်ခံထုတ်ဝေနေကြသော မောင်ဘဘေနှင့် မောင်လှဖေ တို့ကို ခေါ်ယူကြိမ်းမောင်းသည့်အတွက် စကားများရန်ဖြစ်ပြန်လာသည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁* စာ ၂၄၄]

## မတ်လ

၃ မတ် ၁၉၁၈ ဦးစန်းယု ၁၉၁၈–၁၉၉၆ [ နောင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်သမ္မတ] ကို ပြည်ခရိုင် သဲကုန်းမြို့၌ ဦးစံဖေ၊ ဒေါ်ရွှေလှဲ မိဘနှစ်ပါးမှ မွေးဖွားသည်။
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၇ စာ ၁၈၁–၂]

## မေလ

၂၂ မေ ၁၉၁၈ ဗြိတိသျှပါလီမန်သို့ မွန်တေဂူ ချမ်းစဖို့ အစီရင်ခံစာ (The

Montagu Chelmsford Reforms Proposals 1918) ကို တင်သွင်းသည်။ အစီရင်ခံစာတွင် အိန္ဒိယနိုင်ငံအတွက် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲပေးရန် အကြံပေးထားသော်လည်း မြန်မာနိုင်ငံနှင့် ပတ်သက်၍ အစီရင်ခံစာ အပုဒ် ၁၉၈ ၌ ၎င်းတို့စစ်ဆေးရာ၌ မြန်မာနိုင်ငံကို ချန်လှပ်ထားခဲ့ခြင်းမှာ မြန်မာပြည်သည် အိန္ဒိယနိုင်ငံ မဟုတ်ကြောင်း၊ မြန်မာလူမျိုးများသည် လူမျိုးတစ်ခြား ဖြစ်ကြလျက် နိုင်ငံရေး၌လည်း အခြေအနေတစ်မျိုးရှိကြောင်း၊ ထို့ကြောင့် မြန်မာပြည်၏ အုပ်ချုပ်ရေး ပြုပြင်ပေးရန် အရေးကို နောင်တွင် တသီးတခြား စဉ်းစားရန် ချန်လှပ်ထားခဲ့ရသည်ဟု ပါရှိသည်။

[ ***Parliament House of Com-mon Sessional Papers Vol VIII for 1918 (CMD 9109)*** *P 162 Para 198* ]

## မေလ

၁၉ မေ ၁၉၁၈ ရန်ကုန်မြို့ ဂျူဗလီဟောရုံကြီးတွင် ဝတ်လုံတော်ရ ဦးသိမ်းမောင် (နောင်တရား ဝန်ကြီးချုပ်) ဥက္ကဋ္ဌပြုလုပ်၍ မြန်မာပြည်လုံးကျွတ် ဗုဒ္ဓဘာသာဝင်လူမျိုးတို့၏ အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် စေတီပုထိုးဥပစာများ၌ ဥရောပတိုက်သားများက ဘိနပ် စီးနင်း ဝင်ရောက်ခြင်းများကို မနှစ်မြို့၊ တားမြစ်ကန့်ကွက်ကြောင်း ပြဋ္ဌာန်းချက်များကို အများသဘောတူ ဆုံးဖြတ်သည်။

[သူရိယမဂ္ဂဇင်း အတွဲ-၃၊ အမှတ်-၁၁၊ ၁၉၂၀၊ ဇန်နဝါရီ၊ စာ ၃၀/ ၄၂]

၂၈ မေ ၁၉၁၈ မြန်မာနိုင်ငံအစိုးရက သတင်းစာဆရာများထံ ဘုရားပုထိုး စေတီဥပစာအတွင်း၌ ဥရောပတိုက်သားများ ဖိနပ်စီးနင်းခြင်း ကိစ္စနှင့်ပတ်သက်၍ သတင်းစာများတွင် ဝေဖန်ချက်များ မရေးသားရန်အကြောင်း ကြားစာများ ပေးပို့သည်။

[သူရိယမဂ္ဂဇင်း အတွဲ-၃၊ အမှတ်-၁၁၊ ၁၉၂၀၊ ဇန်နဝါရီ၊ စာ ၄၄-၅]

## ဩဂုတ်လ

၁၈ ဩဂုတ် ၁၉၁၈ ဝိုင်အမ်ဘီအေအသင်း အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် မွန်တေဂူချမ်းစဖို့ အစီရင်ခံစာ၌ မြန်မာပြည်အတွက် အုပ်ချုပ်မှုပြုပြင်ပြောင်းလဲရေး ထောက်ခံချက်များ မပါရှိသည့်အတွက် နိုင်ငံရေးဆောင်ရွက်လက်စကို ဆက်လက်

ဆောင်ရွက်ရန် သင့် မသင့် ပြဿနာကို ဆွေးနွေးမဲခွဲ၍ ဆုံးဖြတ်ရာ နိုင်ငံရေး ဆက်လက် ဆောင်ရွက်လိုသူ ခေတ်ပညာတတ် လူငယ်များဘက်မှ အနိုင်ရသွားသည်။ ထိုအချိန်မှစ၍ နိုင်ငံရေးမလုပ်လိုသူများနှင့် အစိုးရ အမှုထမ်းများ ပါဝင်သည့် လူကြီးပိုင်းများ ဝိုင်အမ်ဘီအေ အသင်းမှ ဖဲခွာသည်။ လူကြီးပိုင်းခေါင်းဆောင်သုံးဦးမှာ အငြိမ်းစားအရာရှိ ဦးဘတူ၊ ပွဲစားကြီး ဦးဘိုးသာနှင့် ဝတ်လုံတော်ရ ဦးသင်းတို့ဖြစ်သည်။ ယင်းအဖွဲ့ကို တူသာသင်း ဟူ၍ ခေါ်ဆိုကြသည်။

[မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ ရန်ကုန်။ သတင်းဂျာနယ်ပုံနှိပ်။ ၁၉၇၃။ စာ ၈၅–၆။ နောင်ကိုးကားလျှင် မိုးကြိုး မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ ဟုညွှန်းမည်*]

## အောက်တိုဘာ ၁ လ

၂၂ – ၂၄ အောက်တိုဘာ ၁ ၁၉၁၈ ဝိုင်အမ်ဘီအေ အသင်းချုပ်ကြီး၏ နိုင်ငံလုံးဆိုင်ရာ ဆဋ္ဌမအကြိမ် ညီလာခံကို မော်လမြိုင်မြို့တွင် ကျင်းပသည်။ အသင်းချုပ်ဥက္ကဋ္ဌ အဖြစ် ဦးချစ်လှိုင်အား ရွေးကောက်တင်မြှောက်သည်။

[*သခင်ဘမောင် ဝံသာနု စာ ၅၆/ ၆၈*]

## နိုဝင်ဘာ ၁လ

၂ နိုဝင်ဘာ ၁ ၁၉၁၈ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ရန်နိုင်ကို အောင်လံမြို့နယ် ကမ္ဘလေးရွာတွင် ဦးခန့်၊ ဒေါ်သန့် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၀၉*]

၁၁ နိုဝင်ဘာ ၁ ၁၉၁၈ ပထမကမ္ဘာစစ်ပွဲတွင် ဂျာမနီစစ်ရေးအခြေအနေ မလှ၍ လက်နက်ချစာချုပ် လက်မှတ်ရေးထိုးသည်။

[Palmer **A Dictionary of Modern History** P 355 ]

၃၀ နိုဝင်ဘာ ၁ ၁၉၁၈ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ကျော်ဇောကို သုံးဆယ်မြို့နယ်၊ ဆိုင်းစုကျေးရွာတွင် ဦးပန်း၊ ဒေါ်တင် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၃၉*]

## ဒီဇင်ဘာ ၁လ

၁၇ ဒီဇင်ဘာ ၁ ၁၉၁၈ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ် ကရက်ဒေါက်က မြန်မာပြည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး စီမံကိန်း (Craddock Scheme)ကို ထုတ်ပြန်ကြေညာသည်။

၁။ [သူရိယမဂ္ဂဇင်း အတွဲ−၄၊ အမှတ်−၃၊ ၁၉၂၀၊ မေ၊ စာ ၂]

၂။ [*Supplement to the* ***Burma Gazette*** *No.51, 21 Dec 1918, P 959* ]

သ

ဇ

သ

ဇ

## ဇန်နဝါရီလ

ဇန်နဝါရီ ၁၉၁၉ ရန်ကုန်မြို့ ဗဟန်းရှိ သံဃာတော်များ ရွှေတိဂုံစေတီကုန်းတော်ပေါ်တွင် အစည်းအဝေးကျင်းပ၍ ဦးနာဂိန္ဒ ကြီးမှူးသောသံဃာ့ သမဂ္ဂအဖွဲ့ကို ဖွဲ့စည်းသည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၁၇၇*]

## ဖေဖော်ဝါရီလ

၁ ဖေဖော်ဝါရီ ၁၉၁၉ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဒူးဝါးဇော်ရစ်ကို မြစ်ကြီးနားမြို့တွင် ဝဘော်ဇော်လ၊ မရန်ဒေါရ မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ဒူးဝါးဇော်ရစ်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ၁၈–၁–၉၉* ]

## မတ်လ

၂ မတ် ၁၉၁၉ ဦးစိန်ဝင်း ၁၉၁၉–၁၉၉၃ [နောင် ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော် ပထမဆုံး ဝန်ကြီးချုပ်] ကို မော်လမြိုင်မြို့ တည်းကုန်းရပ်၌ ဦးသင်းမြိုင်၊ ဒေါ်ဖွားကြူ မိဘနှစ်ပါးမှ မွေးဖွား သည်။

[*ပထမအကြိမ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ် (တနင်္သာရီတိုင်း) ၁၉၇၄ စာ ၃*]

၃၁ မတ် ၁၉၁၉ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မိုးကို ရန်ကုန်မြို့၌ ဦးဖိုးမှီ၊ ဒေါ်အေးတင် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*မြန်မာ့အလင်း ၁–၄–၄၃/၁၄–၅–၄၃*]

## ဧပြီလ

၁၃ ဧပြီ ၁၉၁၉ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်တာရာကို ပျဉ်းမနားမြို့တွင် ဦးအကောက်၊ ဒေါ်လွန်း မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၆၇*]

၁၈ ဧပြီ ၁၉၁၉ သီပေါမင်း၏ မိဖုရား စုဖုရားလတ်သည် အိန္ဒိယနိုင်ငံ ရတနာဂီရိမှ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး ဗဟန်းမြို့နယ်၊ ချာချီလမ်း (ယခု ကိုယ့်မင်းကိုယ့်ချင်းလမ်း) အိမ်အမှတ် ၂၃ တွင် နေထိုင်သည်။

၁။ [*Desai*, ***Deposed King Thibaw*** *P 97*]

၂။ [ဦးသန်းထွတ် *"မိဖုရားခေါင်ကြီးနတ်ရွာစံကံကုန်ခြင်း" မြန်မာ့သမိုင်းသုတေသနစာစောင်အမှတ်(၁)၊၁၉၉၅၊စာ ၁၆၅–၁၉၄*]

ဧပြီ–မေ ၁၉၁၉ မြန်မာပြည် ပြုပြင်လဲရေး အသင်း (Burma Reform Leauge)ကို ရွှေကျင်ဦးပု (နောင် ၂၁ ဦး ဂျီစီဘီအေ) တည်ထောင်သည်။

၁။ [Cady, ***A History of Modern Burma*** *P 207* ]

၂။ [စိန်မြင့် *နှစ် ၂၀၀ မြန်မာနိုင်ငံသမိုင်း အဘိဓာန် ရန်ကုန်၊ စာလုပ်ငန်းပုံနှိပ်၊ ၁၉၆၉၊ စာ ၂၀၄–၆။* နောင်ကိုးကားလျှင် စိန်မြင့် *နှစ် ၂၀၀ အဘိဓာန် ဟုညွှန်းမည်*]

၃။ [*သခင်ဘမောင် ဝံသာနု* စာ ၁၂၆ အောက်ခြေမှတ်စုကိုရှု]

## မေလ

၁၈ မေ ၁၉၁၉ ဝိုင်အမ်ဘီအေ အသင်းချုပ် အထူးအစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ကရက်ဒေါက်စီမံကိန်းကို တိုက်ဖျက်၍ မြန်မာပြည်သူတို့ လိုလားသော အုပ်ချုပ်ရေးတောင်းဆိုရန် အတွက် အင်္ဂလန်သို့ ကိုယ်စားလှယ် စေလွှတ်ရန်ဆုံးဖြတ်သည်။ အင်္ဂလန်သွား ကိုယ်စားလှယ်များအဖြစ် ဝိုင်အမ်ဘီအေမှ ဦးဘဘေ (သူရိယ) ဦးပု (ဝတ်လုံတော်ရ – ရွှေကျင်) ဦးထွန်းရှိန် ကျောင်းအုပ်ဆရာကြီး မန္တလေး (ဘေပုရှိန်) တို့ကို ရွေးချယ်သည်။

၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း– ၁ စာ ၂၉၅* ]

၂။ [*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး စာ ၁၁၁]

၃။ [*သူရိယသတင်းစာ ၄–၈–၃၆ စာ ၅၁*]

## ဇူလိုင်လ

၇ ဇူလိုင် ၁၉၁၉ ဘေပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်သို့ သင်္ဘောဖြင့် ထွက်ခွာသည်။

[*သခင်ဘမောင် ဝံသာနု* စာ ၇၃–၈၀]

## ဩဂုတ်လ

၈ ဩဂုတ်လ ၁၉၁၉ ဘေပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံ လန်ဒန်မြို့သို့ရောက်ရှိသည်။

[*သခင်ဘမောင် ဝံသာနု* စာ ၇၃–၈၀]

■ ဂျူဗလီဟောတွင် လူထုအစည်းအဝေးကျင်းပရာ ပွဲစားကြီးဦးဘိုးသာ သဘာပတိအဖြစ် ကြီးမှူးသည်။ အစည်းအဝေးတွင် ကရက်ဒေါက်စီမံကိန်းကို နှစ်သက် သဘောကျကြောင်း၊ အင်္ဂလန်သွား ဘေပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မြန်မာပြည်သားတို့၏ ကိုယ်စားလှယ်မဟုတ်ကြောင်း ဆုံးဖြတ်သည်။ ဆုံးဖြတ်

ချက်ကို ဗြိတိသျှပါလီမန်နှင့် အိန္ဒိယ အစိုးရသို့ ပေးပို့သည်။

[*တိုက်စိုး ဂျူဗလီဟော စာ ၃၀*]

၁၉ ဩဂုတ် ၁၉၁၉ ဗြိတိသျှပါလီမန် တွဲဖက်ကော်မတီရှေ့တွင် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင် ဦးပု (ရွှေကျင်)က မြန်မာပြည်သူတို့၏ လိုလားချက်များကို တင်ပြသည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁* စာ ၃၉၄–၄၀၃]

## စက်တင်ဘာ ၁၉

၁၅ စက်တင်တိုဘာ ၁၉၁၉ ချင်းမျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဗိုလ်ခိုင်ကမ်း ကွယ်လွန်သည်။

[*ကြူကြူသင်း "သမိုင်းရေးကောင်းသူ ချင်းမျိုးချစ် ဗိုလ်ခိုင်ကမ်း"* မြဝတီ အတွဲ–၄၂၊ အမှတ်–၉၊ ၁၉၉၄၊ ဇူလိုင်]

## အောက်တိုဘာ ၁၉

၁၁ – ၁၃ အောက်တိုဘာ ၁၉၁၉ ဝိုင်အမ်ဘီအေအသင်းချုပ်၏ နိုင်ငံလုံးဆိုင်ရာ သတ္တမအကြိမ် နှစ်ပတ်လည်ညီလာခံကို ကျင်းပသည်။ ညီလာခံတွင် မြန်မာပြည် ပြုပြင်ပြောင်းလဲရေးအသင်း ကိုယ်စားလှယ် ဦးမောင်မောင်က မင်းတိုင်ပင်အမတ် ဦးဘတူ၊ ဦးဘိုးသာ၊ ဦးညွန့်တို့သည် ယုံကြည်အားထားထိုက်သူများ မဟုတ်သောကြောင့် ၎င်းတို့အား မင်းတိုင်ပင်အမတ် အဖြစ်မှ ထုတ်ပယ်ရန် အစိုးရထံ မေတ္တာရပ်ခံရန် အဆိုတင်သွင်းရာ မန္တလေး မြန်မာယုဝအသင်း ကိုယ်စားလှယ် ဦးဘိုးလှက သဘောတူ ထောက်ခံသဖြင့် ၎င်းတို့အား မင်းတိုင်ပင်အမတ်အဖြစ်မှ ထုတ်ပယ်ရန် အစိုးရထံ အလွှာတင်သွင်း သင့်ကြောင်း သဘောတူ ဆုံးဖြတ်သည်။

၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁* စာ ၄၁၀–၄၁၁]

၂။ [*သခင်ဘမောင် ဝံသာနု* စာ ၈၂–၇]

## အောက်တိုဘာ ၁၉

၄ အောက်တိုဘာ ၁၉၁၉ မန္တလေးမြို့ အိမ်တော်ရာ ဘုရားပွဲ၌ မန္တလေးရာဇဝတ်ဝန်ကြီး ဘလော့ဟင်(Bloxhan) သည် ဘိနပ်စီး၍ ဘုရားထဲ ဝင်လာရာ သံဃာတော်တစ်ပါးက ဓားနှင့် ခုတ်သည်။

[ဦးပုကလေး မြန်မာ့ပြည်တွင်းရေး (လက်ရေးမူ)]

၂၉ အောက်တိုဘာ ၁၉၁၉ ဗုဒ္ဓဘာသာ ကျောင်းကန်ဘုရားများတွင် ဘိနပ်စီးနင်း ဝင်ရောက်သွားလာခြင်းနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းချက် ထုတ်ပြန်သည်။
၁။ [သူရိယမဂ္ဂဇင်း အတွဲ–၃၊ အမှတ်–၁၁၊ ၁၉၂၀၊ ဇန်နဝါရီ၊ စာ ၃၀–၄၁]

■ မြန်မာပြည် မီးရထား ကုမ္ပဏီက တတိယတန်း တွဲများတွင် တပ်ထားသည့် 'ဥရောပတိုက်သားများ အတွက်သာ' ဆိုင်းဘုတ်ကို ဖြုတ်ပစ်သည်။
[*ထင်ကြီး သတင်းစာအညွှန်း(ပ)* စာ ၁၃၅]

## နိုဝင်ဘာလ

၁၆ နိုဝင်ဘာ ၁၉၁၉ မြန်မာ့ကုမ္မာရီအသင်းခေါ် မြန်မာအမျိုးသမီးသမဂ္ဂ (Burmese Women's Union)ကို တည်ထောင်သည်။ မြန်မာ့ကုမ္မာရီ အမှုဆောင်များမှာ

| | |
|---|---|
| ဥက္ကဋ္ဌ | ဒေါ်စု |
| အကျိုးဆောင် | ဒေါ်ဖွားသစ် |
| တွဲဖက် | ဒေါ်ခင်စော |
| တွဲဖက် | ဒေါ်လှမေ |

တို့ဖြစ်သည်။
၁။[တက္ကသိုလ်ကြည်မာ *မြန်မာအမျိုးသမီးလောက ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၇၅။ စာ ၂၆။* နှောင်ကိုးကားလျှင် တက္ကသိုလ်ကြည်မာ *မြန်မာအမျိုးသမီးလောက ဟုညွှန်းမည်*]
၂။ [*သခင်ဘမောင် ဝံသာနု* စာ ၂၄၂–၃]
၃။ [*ဘခိုင်* မြန်မာပြည်နိုင်ငံရေး စာ ၉၀–၁]

၁၇ နိုဝင်ဘာ ၁၉၁၉ ဗြိတိသျှပါလီမန် တွဲဖက်ကော်မတီ အစီရင်ခံစာ ထုတ်ပြန်ရာ မြန်မာနိုင်ငံသည် အိန္ဒိယ နိုင်ငံကဲ့သို့ တာဝန်ခံအုပ်ချုပ်ရေးကို ရသင့်သည်ဟု ပါရှိသည်။
[*သခင်ဘမောင် ဝံသာနု* စာ ၉၀]

၂၀ နိုဝင်ဘာ ၁၉၁၉ ဘောပုရှိန် ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မွန်တေဂူနှင့် တွေ့ဆုံသည်။
၁။ [*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၃၉၈]
၂။ [*သခင်ဘမောင် ဝံသာနု* စာ ၉၀]

၂၁ နိုဝင်ဘာ ၁၉၁၉ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဇင်ယော်ကို ရန်ကုန်တိုင်းခရမ်းမြို့နယ် အေးရွာတွင် ဦးပိုဒေါ်နှင်းမြ မိဘနှစ်ပါးမှ မွေးဖွားသည်။

[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၆၉]
[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၃၉၉]

ဒီဇင်ဘာ ၁၉၃၉

၃ ဒီဇင်ဘာ ၁၉၁၉ ဗြိတိသျှပါလီမန်လွှတ်တော်တွင် အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် ဝန်ကြီး မွန်တေဂူက မြန်မာနိုင်ငံသည် အိန္ဒိယနိုင်ငံကဲ့သို့ အုပ်ချုပ်ရေးမျိုး လိုလားပါက စီစဉ်ပေးမည် ဖြစ်ကြောင်း သို့သော် မြန်မာတို့က အိန္ဒိယနိုင်ငံနှင့် မတူသော အခြေခံအုပ်ချုပ်ရေး စည်းမျဉ်းကို လိုလားပါလျှင် သီးသန့်ရေးဆွဲတင်ပြမည်ဖြစ်ကြောင်း ပြောကြားသည်။

၁၅ ဒီဇင်ဘာ ၁၉၁၉ မြန်မာကိုယ်စားလှယ်အဖွဲ့က အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် ဝန်ကြီး မွန်တေဂူနှင့် သွားရောက် တွေ့ဆုံ၍ မြန်မာနိုင်ငံအား မည်သည့်အုပ်ချုပ်ရေး နည်းစနစ်ဖြင့် ပြုလုပ်မည်နည်းဟု စုံစမ်းရာ ဝန်ကြီးမွန်တေဂူက ၁၉၂၀ ပြည့်နှစ် မေလ မကျော်မီ ပါလီမန်သို့တင်ပြမည်မဟုတ်ကြောင်း၊ နောက်လာမည့် မြန်မာကိုယ်စားလှယ်အဖွဲ့က မြန်မာတို့၏ ထင်မြင်ယူဆချက်များကို ပါလီမန်သို့ တင်ပြနိုင်ရန် ဆောင်ရွက်ရန် ပြောကြားသည်။

၁။ [ထွန်းသန်း မြန်မာပြည်နိုင်ငံရေး စာ ၁၃၂–၃]
၂။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၃၉၉]

၂၃ ဒီဇင်ဘာ ၁၉၁၉ ဗြိတိသျှပါလီမန်က ၁၉၁၉ အိန္ဒိယအက်ဥပဒေကို အတည်ပြုသည်။
[သခင်ဘမောင် ဝံသာနု စာ ၁၁၈]

၁၉၁၉ ဒါနသုခအသင်း တည်ထောင်သည်။ အမှုဆောင်အဖွဲ့ဝင်များမှာ
ဥက္ကဋ္ဌ ဒေါ်ကြီးမှိန်
အကျိုးဆောင် ဒေါ်လှခင်
တို့ဖြစ်သည်။ ဝိုင်အမ်ဘီအေအသင်းကြီးနှင့် ဆက်သွယ်သောအခါ ဝံသာနုကုမာရီအသင်း (Y. W. B. A - Young Women Buddhist Association )ဟုပြောင်းလဲ ခေါ်ဝေါ်ရန် ဆုံးဖြတ်သည်။
၁။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၄၃၂]
၂။ [သခင်ဘမောင် ဝံသာနု စာ ၂၄၃]
၃။ [ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၉၃]
၄။ [တက္ကသိုလ်ကြည်မာ မြန်မာအမျိုးသမီးလောက စာ ၂၈–၂၉]

၁၉၂၀

## ဇန်နဝါရီလ

၃ ဇန်နဝါရီ ၁၉၂၀ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ဘုန်းမြင့်ကို လက်ပံတန်းမြို့နယ်၊ ကွမ်းခြံရွာတွင် ဦးဘ၊ ဒေါ်ရွှေခဲ မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၃၉*]

၄ ဇန်နဝါရီ ၁၉၂၀ ဘောပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံမှ မြန်မာနိုင်ငံသို့ သင်္ဘောဖြင့် ပြန်လည်ထွက်ခွာသည်။

[*သခင်ဘမောင် ဝံသာနု စာ ၈၈*]

## ဖေဖော်ဝါရီလ

၆ ဖေဖော်ဝါရီ ၁၉၂၀ ဘောပုရှိန် မြန်မာကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၄၀၇*]

၂၉ ဖေဖော်ဝါရီ ၁၉၂၀ ဝိုင်အမ်ဘီအေ ပြည်လုံးကျွတ် အစည်းအဝေးကို ဂျူဗလီဟောတွင် ကျင်းပသည်။ ဘောပုရှိန် ကိုယ်စားလှယ်အဖွဲ့က မြန်မာနိုင်ငံ အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးအတွက် အင်္ဂလန်နိုင်ငံတွင် ကြိုးပမ်းခဲ့မှုများအား တင်ပြသည်။

[*သခင်ဘမောင် ဝံသာနု စာ ၉၃*]

## မတ်လ

၂၅ မတ် ၁၉၂၀ ပင်လုံစာချုပ်လက်မှတ်ရေးထိုးသည့် ဦးခွန်ထီးကို လဲချားမြို့တွင် လုံးခွန်ဖ၊ ပါနန်းစံ မိဘနှစ်ပါးမှ မွေးဖွားသည်။
[ရှမ်းပြည်နယ် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ရရှိသူများ၏ ကိုယ်ရေးမှတ်တမ်း လက်နှိပ်စက်မူ]

■ မြန်မာနိုင်ငံဒုတိယဘုရင်ခံကရက်ဒေါက်တင်ပြသည့် မြန်မာနိုင်ငံအုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး စီမံကိန်းကို အိန္ဒိယဘုရင်ခံချုပ် ချမ်းစဖို့နှင့် အိန္ဒိယအစိုးရက သဘောတူသည်။
၁။ [*သခင်ဘမောင် ဝံသာနု* စာ ၉၄]
၂။ [*Cady*, **A History of Modern Burma** *P 206*]

## မေလ

၂ မေ ၁၉၂၀ ဝိုင်အမ်ဘီအေ အသင်းက ကြီးမှူး၍ ဂျူဗလီဟောခန်းတွင် လူထုအစည်းအဝေး ကျင်းပကာ ကရက်ဒေါက် စီမံကိန်းကို ကန့်ကွက်ကြောင်း ဆုံးဖြတ်သည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁* စာ ၄၂၅–၄၃၁]

၂၉ မေ ၁၉၂၀ ဝိုင်အမ်ဘီအေအသင်းနှင့် နိုင်ငံလုံးဆိုင်ရာအသင်းအဖွဲ့များ၏ ဆုံးဖြတ်ချက်အရမြန်မာနိုင်ငံအား ဒိုင်အာခီခေါ် ပူးတွဲတာဝန်ခံအုပ်ချုပ်ရေးရရှိအောင် တောင်းဆိုရန် ဦးဘဘေ၊ ဦးပု(ရွှေကျင်)နှင့် ဝတ်လုံတော်ရ ဦးသိမ်းမောင် (ဖေပုမောင်) ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁* စာ ၄၃၇–၅၀၁]

## ဇွန်လ

၂ ဇွန် ၁၉၂၀ အင်္ဂလန်နိုင်ငံသွားရောက်ခဲ့သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးထွန်းရှိန်ကွယ်လွန်သည်။
[*သခင်ဘမောင် ဝံသာနု* စာ ၉၈]

၇ ဇွန် ၁၉၂၀ ဦးမောင်မောင်ခ ၁၉၂၀–၁၉၉၅ [နောင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်ဝန်ကြီးချုပ်] ကို ရန်ကုန်မြို့၌ ဦးချစ်ဖေ ဒေါ်ခင်တင့် မိဘနှစ်ပါးမှ မွေးဖွားသည်။
[ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်(ရန်ကုန်တိုင်း) ၁၉၇၄ *စာ ၃၄*]
[မြန်မာစွယ်စုံကျမ်းနှစ်ချုပ် ၁၉၉၆ စာ *၂၆၂–၄*]

၃၀ ဇွန် ၁၉၂၀ ဘေပုမောင် ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံရောက်ရှိသည်။
[*သခင်ဘမောင် ဝံသာနု* စာ ၉၇]

## ဇူလိုင်လ

၅ ဇူလိုင် ၁၉၂၀ ဘေပုမောင် ကိုယ်စားလှယ်အဖွဲ့ အိန္ဒိယနိုင်ငံ ပြုပြင်ပြောင်းလဲရေး အုပ်ချုပ်ရေးကော်မတီနှင့် တွေ့ဆုံစဉ် မြန်မာ့လိုလားချက်များ ပြောကြားသည်။
[*သခင်ဘမောင် ဝံသာနု* စာ ၁၁၈]

၁၈ ဇူလိုင် ၁၉၂၀ မြန်မာနိုင်ငံ ပြုပြင်ပြောင်းလဲရေးအသင်း (Burma Reform League)အစည်းအဝေးကျင်းပ၍ ရန်ကုန်တက္ကသိုလ် ဥပဒေကိုကန့်ကွက်သည်။
[***Burma Observer*** *24-7-1920* ]

၂၀ ဇူလိုင် ၁၉၂၀ ဘေပုမောင် ကိုယ်စားလှယ်အဖွဲ့က မစ္စတာမွန်တေဂူထံ မြန်မာပြည်မှ ပေးပို့လိုက်သော စာတမ်းကို တင်သွင်းသည်။
၁။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၅၀၁]
၂။ [*သခင်ဘမောင် ဝံသာနု* စာ ၁၁၉]

## ဩဂုတ်လ

၁ ဩဂုတ် ၁၉၂၀ ဝိုင်အမ်ဘီအေအသင်းမှ ကြီးမှူး၍ ဂျူဗလီဟောတွင် ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို ကန့်ကွက်သည့် လူထုအစည်းအဝေး ကျင်းပသည်။
၁။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ)* စာ ၂၄၇]
၂။ [*Cady, **A History of Modern Burma** P 214*]

၁၂ ဩဂုတ် ၁၉၂၀ ဘေပုမောင်ကိုယ်စားလှယ်အဖွဲ့က မစ္စတာမွန်တေဂူနှင့် တွေ့ဆုံပြီး အုပ်ချုပ်ရေးအသစ် ပြုပြင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။
[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၁ စာ ၅၀၁]

၂၇ ဩဂုတ် ၁၉၂၀ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်သန်းတင်ကို မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ညောင်ပင်ဆိပ်ရွာ၌ ဦးမောင်၊ ဒေါ်စိုး မိဘနှစ်ပါးမှ မွေးဖွားသည်။
[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ်* စာ ၁၇၃]

## စက်တင်ဘာ ၁၉၂၀

၂ စက်တင်ဘာ ၁ ၁၉၂၀ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောနေခေါင်ကို ရန်ကုန်မြို့ ကမာရွတ် ရှမ်းစုရွာ၌ ဦးဘိုးညွန့်၊ ဒေါ်ရွှေမှတ် မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၆၅]*

၂၆ စက်တင်ဘာ ၁ ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ ဆာရယ်ဂျီနယ်ကရက်ဒေါက်က လက်ခံသည်။

[ ***The Burma Gazette***, *PIII ,20 Nov 1920 , PP 595-606*]

## အောက်တိုဘာ ၁၉၂၀

၁၈ အောက်တိုဘာ ၁ ၁၉၂၀ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်ကို ကြို့ပင်ကောက်မြို့၌ ဦးသောကြာ၊ ဒေါ်ကြော့ မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၇၅]*

၂၄ အောက်တိုဘာ ၁ ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေကို အိန္ဒိယဘုရင်ခံချုပ် ချမ်းစဖို့က ထုတ်ပြန်ကြေညာသည်။

[ ***The Burma Gazette***, *PIII ,20 Nov 1920 , PP 595-606*]

၂၉ – ၃၁ အောက်တိုဘာ ၁ ၁၉၂၀ ဝိုင်အမ်ဘီအေ အသင်းကြီး၏ နိုင်ငံလုံးဆိုင်ရာ အဋ္ဌမအကြိမ် (ရှစ်ကြိမ်) မြောက်ညီလာခံကို ပြည်မြို့တွင် ကျင်းပသည်။ ညီလာခံတွင် ဝိုင်အမ်ဘီအေကို မြန်မာ တိုင်းရင်းသားအသင်းများ၏ အသင်းချုပ်ကြီး (General Council of Burmese AssociationG.C.B.A) ဟုပြောင်းလဲခေါ်ဝေါ်ရန် ဆုံးဖြတ်သည်။

*[သခင်ဘမောင် ဝံသာနု စာ ၁၀၅–၉]*

## နိုဝင်ဘာ ၁၉၂၀

၃၀ နိုဝင်ဘာ ၁ ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေ ၁၉၂၀ အရ ရန်ကုန်တက္ကသိုလ် အဓိပတိ က (The Regulations of the University) ကို ထုတ်ပြန်ကြေညာသည်။

[ ***The Burma Gazette***, *PIV, 4-12-1920,PP 1476-1507* ]

## ဒီဇင်ဘာ ၁၉၂၀

၁ ဒီဇင်ဘာ ၁ ၁၉၂၀ ရန်ကုန်တက္ကသိုလ် အက်ဥပဒေ စတင်အာဏာတည်ခဲ့ပြီး ရန်ကုန်တက္ကသိုလ်နှင့် ဂျပ်ဆင်ကောလိပ်တို့ ပါဝင်ဖွဲ့စည်းသော ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်လာသည်။

*[ရန်ကုန်တက္ကသိုလ်သမိုင်း ၁၉၂၀–၁၉၉၅ ရန်ကုန်၊ တက္ကသိုလ်များပုံနှိပ်၊ ၁၉၉၅၊ စာ ၉။နောင်ကိုးကားလျှင် ရန်ကုန် တက္ကသိုလ် သမိုင်း ဟုညွှန်းမည်]*

၃ ဒီဇင်ဘာ ၁၉၂၀ ရန်ကုန် တက္ကသိုလ် ကျောင်းသားများ ဖြစ်သည့် ကိုဘခင်၊ ကိုဘိုးကွန်း၊ ကိုဘဦး၊ ကိုအောင်ဒင်၊ ကိုထွန်းဝင်း၊ ကိုဖေသိန်း၊ ကိုဘရှင် (သံတွဲ)၊ ကိုဘရှင်(ထားဝယ်)၊ ကေညီပိတ်၊ ကိုလှတင်နှင့် ကိုမောင်အေးတို့သည် ရွှေတိဂုံစေတီရင်ပြင်တော် အနောက်တောင်ထောင့်တွင် စည်းဝေးကာ ရန်ကုန် တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်ရန် သစ္စာအဓိဋ္ဌာန်ပြုခဲ့သည်။

*[အမျိုးသားနေ့ ရွှေရတုသဘင် အထိမ်းအမှတ်စာစောင်၊ ရန်ကုန်၊ ဗဟိုပုံနှိပ်၊ ၁၉၇၁၊ စာ ၅၁ ။ နောင်ကိုးကားလျှင် အမျိုးသားနေ့ရွှေရတုစာစောင် ဟုညွှန်းမည်]*

၄ ဒီဇင်ဘာ ၁၉၂၀ ရန်ကုန်ကောလိပ်နှင့် ဂျပ်ဆင်ကောလိပ်မှကျောင်းသားများ ဗဟန်း၊ ရွှေကျင်ကျောင်းတိုက်၊ ဦးအရိယကျောင်း အတွင်း အစည်းအဝေး ကျင်းပပြီး ရန်ကုန် တက္ကသိုလ် အက်ဥပဒေကို သပိတ်မှောက်ရန် ဆုံးဖြတ်ခဲ့သည်။

*[အမျိုးသားနေ့ရွှေရတုစာစောင် စာ ၁၄]*

၅ ဒီဇင်ဘာ ၁၉၂၀ သပိတ်မှောက်ကောင်စီ ခေါင်းဆောင် ဦးဘဦးအိမ်တွင် အစည်းအဝေးပြုလုပ်နေစဉ် ဦးလူဖေဝင်းရောက်ရှိလာပြီး ကျောင်းသားများ သပိတ်မှောက်မည့်ကိစ္စကို ဆရာကြီး မက်သယူးဟန်းတား သိသွားပြီး ဒီဇင်ဘာ ၆ ရက်နေ့တွင် ဆုံးမစကား ပြောကြားလိမ့်မည်ဖြစ်ကြောင်း သတင်းပို့ခဲ့သည်။ ဤတွင် ဆရာကြီး ဆုံးမစကားပြောလျှင် သပိတ်မှောက်မည့်အစီအစဉ် ပျက်သွားမည်ကို စိုးရိမ်၍ ဒီဇင်ဘာ ၇ ရက်အထိမဆိုင်းတော့ဘဲ ချက်ချင်းသပိတ်မှောက်ရန် ဆုံးဖြတ်ပြီး ရန်ကုန် တက္ကသိုလ် ပထမကျောင်းသား သပိတ် စတင်မှောက်သည်။

*[လူထုဦးလှ ကျွန်တော်သတင်းထောက်မန္တလေး။ ကြီးပွားရေးပုံနှိပ်။ ၁၉၇၁။ စာ ၄၃–၆၃ ]*

၁၃ ဒီဇင်ဘာ ၁၉၂၀ဗြိတိသျှပါလီမန်လွှတ်တော်၌ မြန်မာပြည်အရေးကိစ္စနှင့် စပ်လျဉ်း၍ တင်ပြရာ ဝန်ကြီး မွန်တေဂူက မြန်မာပြည် အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေးကို ရှေ့နှစ်မှ စီမံမည်ဟု ဖြေသည်။

၁။ [Cady, **A History of Modern Burma** P 210]

၂။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း– ၁ စာ ၅၀၂]

၂၉ ဒီဇင်ဘာ ၁၉၂၀ ဂျီစီဘီအေ အသင်းချုပ်ကြီး၏ ပြည်လုံးကျွတ် အရေးပေါ်အစည်းအဝေးကို ရန်ကုန်မြို့တွင် ကျင်းပ၍ နေရှင်နယ်ကျောင်းများ၊ ကောလိပ်ကျောင်းများနှင့် သိပ္ပံကျောင်းများကို မြန်မာနိုင်ငံအတွင်း ဖွင့်လှစ်ရန်နှင့် ဝိုင်အမ်ဘီအေနှင့် အလားတူအသင်းများ ကြီးကြပ်အုပ်ချုပ်သော ကျောင်းများကို နေရှင်နယ်ကျောင်းများ ပြုလုပ်ရန်၊ သပိတ်မှောက်ကျောင်းသားများကို အစိုးရကျောင်းနှင့်အထောက်အပံ့ခံကျောင်းကို ပြန်မတက်ရန် တိုက်တွန်း နှိုးဆော်ရန် ဆုံးဖြတ်သည်။

*[ထင်ကြီး သတင်းစာအညွှန်း(ပ) စာ၁၃၆]*

၁၉၂၀ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်မြဒင်ကို သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် ဦးမောင်ဖေ၊ ဒေါ်ရွှေဖန် မိဘနှစ်ပါးမှ မွေးဖွားသည်။

*[ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၇၇]*

**၁ ၉ ၂ ၁**

### ဇန်နဝါရီလ

၇ ဇန်နဝါရီ ၁၉၂၁ ဘေပုမောင် ကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်မှ မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာသည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂* ရန်ကုန်။ နံ့သာပုံနှိပ်။ ၁၉၆၇။ စာ ၁၁။ နောင်ကိုးကားလျှင် *ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၂ ဟုညွှန်းမည်]

### ဖေဖော်ဝါရီလ

၁ ဖေဖော်ဝါရီ ၁၉၂၁ The Rangoon development Trust ကို ဖွဲ့စည်းသည်။
[***R.A.B*** *1922-3 P 17*]

၃ ဖေဖော်ဝါရီ ၁၉၂၁ ဆရာတော် ဦးဥတ္တမ ဒေးဒရဲမြို့ မမဲတူဇာတ်ရုံတွင် တရားဟောသည်။
[သူရိယသတင်းစာ ၈/၁၄ ဇူလိုင်၊၁၉၂၁]

၄ ဖေဖော်ဝါရီ ၁၉၂၁ ဆရာတော် ဦးဥတ္တမ ဒေးဒရဲမြို့ စုကလပ်ကျေးရွာတွင် တရားဟောသည်။
[သူရိယသတင်းစာ ၈/၁၄ ဇူလိုင်၊၁၉၂၁]

■ဆရာတော် ဦးဥတ္တမ ဒေးဒရဲမြို့နယ် တမာတကော ကျေးရွာတွင် တရား ဟောသည်။
[သူရိယသတင်းစာ ၈/၁၄ ဇူလိုင်၊၁၉၂၁]

၆ ဖေဖော်ဝါရီ ၁၉၂၁ ဘေပုမောင် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂* စာ ၁၁]

၂၆ ဖေဖော်ဝါရီ ၁၉၂၁ ဂျီစီဘီအေ ဗဟိုအသင်းချုပ် အစည်းအဝေးကျင်းပ၍ အင်္ဂလန်နိုင်ငံသွား မြန်မာကိုယ်စားလှယ်အဖွဲ့က ၎င်းတို့၏ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသည်။
[*သခင်ဘမောင်* ဝံသာနု စာ ၁၂၂]

### မတ်လ

၁၀ မတ် ၁၉၂၁ ဆရာတော် ဦးဥတ္တမ ကျောင်းကုန်းမြို့ တရားပွဲတွင် တရားဟောနေစဉ် ဒေးဒရဲမြို့ စုကလပ်ရွာ တရားပွဲတွင် အစိုးရအကြည်ညိုပျက်အောင် ဟောပြောမှုဖြင့် အဖမ်းခံရသည်။
[သူရိယသတင်းစာ ၁၂–၃–၁၉၂၁]

၁၈ မတ် ၁၉၂၁ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်း ကောက်ယူရာ လူဦးရေ ၁၃,၂၁၂,၁၉၂ ဦး (အောက်မြန်မာနိုင်ငံတွင် ၆,၈၆၂, ၁၀၆ ဦးနှင့်

အထက်မြန်မာနိုင်ငံတွင် ၆,၃၅၀, ၀၈၆ ဦး) ရှိသည်။

[*R.A.B* *1921-22 P 30* ]

[***Burma Hand Book 1944,*** *P 30* ]

## ဧပြီလ

၃ ဧပြီ ၁၉၂၁ ရေနံချောင်း ကျောက်စာရုံဘုရားကျောင်းတိုက်၌ ရေနံမြေ အလုပ်သမားများ အစည်းအဝေး ကျင်းပကာ လေဘာယူနီယံ (Labour Union) ခေါ် မြန်မာပြည် ရေနံမြေ အလုပ်သမားအသင်း တည်ထောင်သည်။

[ရှုထောင့်ဂျာနယ် အမှတ်-၅၁၊ မေဒေး အထူးထုတ်၊ ၁-၅-၁၉၉၁ စာ ၂၀]

ဧပြီ ၁၉၂၁ လော့ရီဒင်း (Earl of Reading) သည် အိန္ဒိယဘုရင်ခံချုပ် ရာထူးကို လက်ခံဆောင်ရွက်သည်။

[***An Advanced History of India*** *P 1043*]

## မေလ

၂၅ မေ ၁၉၂၁ အိန္ဒိယနိုင်ငံဆိုင်ရာ အတွင်းဝန် မွန်တေဂူက ဗြိတိသျှပါလီမန်သို့ ၁၉၁၉ အိန္ဒိယအက်ဥပဒေသည် မြန်မာနိုင်ငံနှင့်လည်း သက်ဆိုင်သင့်သည်ဟု ထောက်ခံ အကြံပေးချက်ကို အိန္ဒိယနိုင်ငံဆိုင်ရာ မူခင်းကိစ္စများအတွက် ဖွဲ့စည်းထားသော ပါလီမန်လွှတ်တော် အမြဲတမ်း တွဲဖက် ကော်မတီက ထောက်ခံသည်။

၁။ [John Leroy Christian ***Modern Burma***,University of California press 1942. *PP 62-63* :hereafter cited as Christian ***Modern Burma***]

၂။[**Government of Burma Act, 1921,** Parliamentary Papers, 1920,Vol. XXXV,Cmd 746/ 1921, Vol. XXVI, Cmd 1194/ 1922, Vol. XVI, Cmd 1671-2]

၃။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၁၆၇/ ၂၂၂*]

## ဇူလိုင်လ

၂ - ၃ ဇူလိုင် ၁၉၂၁ မြန်မာပြည် မဟာသံဃသမဂ္ဂအဖွဲ့ချုပ်ကို ရန်ကုန်မြို့ ဗဟန်းရပ်တွင် တည်ထောင်သည်။

အမှူးဆောင်ဆရာတော်များမှာ

| | |
|---|---|
| ဥက္ကဋ္ဌ | အလယ်တောရ ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဦးကောသလ္လ |
| ဒု-ဥက္ကဋ္ဌ | ကြည့်မြင်တိုင်ဝေဠုဝန် ဆရာတော် |

ဦးပဏ္ဍိတ
ပြည်မြို့ရွှေလှသိမ်ကျောင်း
ဆရာတော် ဦးသီဟ
အကျိုးဆောင်ဦးဝိသုဒ္ဓ၊ ဦးဝေပုလ္လ
ဦးစန္ဒနှင့်
ကမ္မကာရက ဆရာတော် ၁၅ ပါးကို ရွေးချယ်တင်မြှောက်သည်။
*[သူရိယသတင်းစာ ၄-၇-၂၁]*

၃ ဇူလိုင် ၁၉၂၁ ဂျီစီဘီအေ အသင်းချုပ် အစည်းအဝေးကျင်းပရာ သာယာဝတီ ရှေ့နေ ဦးပုက ဟုမ္မရူး (Home Rule) ခေါ် အသင်းတစ်ခု တည်ထောင်ရန် အဆိုတင်သွင်းရာ သဘောတူအတည်ပြုသည်။
*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း-၂ စာ ၂၂-၂၃]*

၄ ဇူလိုင် ၁၉၂၁ ဆရာတော် ဦးဥတ္တမ အား မအူပင်အရေးပိုင်ရုံးမှ အိန္ဒိယရာဇသတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၂၄ (က) နှင့် ၁၅၃ (က) အရအပြစ်ရှိကြောင်း တွေ့ရ၍ ထောင်ဒဏ်တစ်နှစ်နှင့် ရှစ်လ ချမှတ်သည်။
*[သူရိယသတင်းစာ ၆-၇-၂၁]*

## ဩဂုတ်လ

၁၄ ဩဂုတ် ၁၉၂၁ ရန်ကုန်မြို့၊ ဗဟန်းရပ် ရွှေကျင်ကျောင်းတိုက် ဦးအရိယကျောင်းတွင် အမျိုးသားကောလိပ် ဖွင့်လှစ်သည်။
*[တိုက်စိုး ဂျူဗလီဟော စာ ၅၁]*

၂၈ ဩဂုတ် ၁၉၂၁ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟုမ္မရူးအသင်းကြီး၏ ပထမအကြိမ်အစည်းအဝေးကို ရန်ကုန်မြို့ စစ်ကဲမောင်ထော်လေးလမ်း(ယခု မိုလ်ဆွန်ပက်လမ်း)ရှိ အရစ်ဟောရုံ၌ ကျင်းပပြီး ဟုမ္မရူးအသင်း ဖွဲ့စည်းထူထောင်ရန်နှင့် ဟုမ္မရူးအသင်းကြီးအား ဂျီစီဘီအေ အသင်းချုပ်နှင့် အစဉ်မပြတ် ဆက်သွယ်ထားရန် ဆုံးဖြတ်သည်။ အသင်းခေတ္တအမှုဆောင်များ အဖြစ်

| | |
|---|---|
| ဥက္ကဋ္ဌ | ဦးချစ်လှိုင် |
| ဒု ဥက္ကဋ္ဌ | ဦးဘစီ |
| တွဲဖက်အတွင်းရေးမှူး | ဦးပု(သာယာဝတီ) |
| | ဦးရွှေကြူး |
| ငွေထိန်း | ဦးဘဘေ |
| | (သူရိယ) |

တို့အား ရွေးချယ် တင်မြှောက်သည်။
*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း-၂ စာ ၂၇-၃၀]*
*[သခင်ဘမောင် ဝံသာနု စာ ၁၃၀]*

## စက်တင်ဘာ ၁၀

၂၃ စက်တင်ဘာ ၁ ၁၉၂၁ မြင်ကွန်းမင်းသား ဗီယက်နမ်နိုင်ငံ ဆိုင်ဂုံမြို့တွင် ကွယ်လွန်သည်။
[*ဒေါက်တာဘချစ် "မြင်ကွန်းမင်းအတ္ထုပ္ပတ္တိနှင့်အရေးတော်ပုံ" ထွန်းနေ့စဉ်သတင်းစာ ၃၁–၉–၅၆*]

## အောက်တိုဘာ ၁၀

၂၀ အောက်တိုဘာ ၁ ၁၉၂၁ မန္တလေးမြို့အနောက်ပြင် စကုတိုက် ယွန်းကျောင်းတွင် မန္တလေးမြို့နှင့်အထက် မြန်မာနိုင်ငံမှ သံဃသမဂ္ဂ ၉၃ ဖွဲ့မှ ကိုယ်စားလှယ်များ သံဃအဖွဲ့ချုပ်ဖွဲ့ရန် စည်းဝေးပြီး မြန်မာပြည် သမ္မာသမ္ဗုဒ္ဓသာသနာတော်လုံး ဆိုင်ရာ မဟာသံဃ အဖွဲ့ချုပ်ကို ဖွဲ့စည်းသည်။ အမှူးဆောင်ဆရာတော်များမှာ
ဥက္ကဋ္ဌ ဘေးမဲ့ဆရာတော်ဦးရေဝတ
အကျိုးဆောင်ချုပ် ဆိတ်ကြီးကျောင်းဆရာတော်ဦးပညာသာမိ
တွဲဖက်အကျိုးဆောင် ဦးအာလောက၊ ဦးဝိဇယ
တို့အား ရွေးကောက် တင်မြှောက်သည်။
၁။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၁၈၀–၂*]
၂။ [ "ဘေးမဲ့ ဆရာတော်ဘုရားကြီး၏ အတ္ထုပ္ပတ္တိအကျဉ်း" သူရိယမဂ္ဂဇင်း *တွဲ–၁၁၊* အမှတ်–၉၊ ၁၉၂၇၊ နိုဝင်ဘာ၊ စာ ၃၅–၃၆]

၂၁ – ၂၄ အောက်တိုဘာ ၁ ၁၉၂၁ ဂျီစီဘီအေ အသင်းကြီး၏ နဝမအကြိမ် နိုင်ငံလုံးဆိုင်ရာ ညီလာခံကို မန္တလေးမြို့တွင် ကျင်းပရာ နေမျိုးသိဒ္ဓိကျော်ထင် ဘွဲ့ခံ တပယင်းဝန်ထောက် ဦးမြကသဘာပတိ အဖြစ်ဆောင်ရွက်သည်။ ညီလာခံတွင် ရွှေတိဂုံစေတီကုန်းတော်ပေါ်မှ အင်္ဂလိပ်ခံတပ် ရွှေ့ပြောင်းပေးရန်၊ ဝိုက်ကော်မတီနှင့် ဝေလမင်းသားအားသပိတ်မှောက်ရန်နှင့် အမျိုးသားနေ့သတ်မှတ်ရေးများကို ဆွေးနွေးပြဋ္ဌာန်းခဲ့သည်။ [စည်းလုံးညီညွတ်သော ဂျီစီဘီအေ ၏ နောက်ဆုံးညီလာခံ ဖြစ်သည်။]
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၅၀–၈၄*]
၂။ [*သခင်ဘမောင် ဝံသာနု* စာ ၁၃၅–၁၅၆]
၃။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၁၈၄*]

နိုဝင်ဘာ ၁၉၂၁

၄ နိုဝင်ဘာ၁–၁၈ ဒီဇင်ဘာ၁ ၁၉၂၁ ဖရက်ဒရစ်ဝှိုက် (Mr. A Frederick Whyte)ဦးဆောင်သည့် ဝှိုက်ကော်မတီက မြန်မာနိုင်ငံကို ဒိုင်အာခီ အုပ်ချုပ်ရေး တိုးမြှင့်ပေးသင့် မပေးသင့် စုံစမ်းအစီရင်ခံရန် စစ်ဆေးမှုများ စတင်သည်။

[***Burma Reforms Committee Record of Evidence*** *Vol.I, II & III Yangon Govt printing, 1922,* ]

၂၈ နိုဝင်ဘာ၁ ၁၉၂၁ ရန်ကုန်တက္ကသိုလ်၏ပထမဦးဆုံးအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ဂျူဗလီဟောတွင်ကျင်းပရာ မြန်မာနိုင်ငံ ဒုတိယဘုရင်ခံ၊ ရန်ကုန်တက္ကသိုလ် အဓိပတိ ဆာရယ်ဂျီနယ် ကရက်ဒေါက်က ဘွဲ့များ ပေးအပ် ချီးမြှင့်သည်။ ဘွဲ့နှင်းသဘင်အခမ်း အနားတွင် အဂ္ဂမဟာပဏ္ဍိတ လယ်တီဆရာတော် ဦးဉာဏဓဇအား ဂုဏ်ထူးဆောင် ဥပဒေပါရဂူဘွဲ့၊ မစ္စတာ စီဒူရှိုင်ဇယ်အား ဂုဏ်ထူးဆောင် မဟာဝိဇ္ဇာဘွဲ့များ ချီးမြှင့်ပြီး ဝိဇ္ဇာဘွဲ့ (ရိုးရိုး) ၂၃ ဦး၊ ဝိဇ္ဇာဘွဲ့ (ဂုဏ်ထူး) ၉ ဦး၊ သိပ္ပံဘွဲ့ (ရိုးရိုး) ၆ ဦး၊ သိပ္ပံဘွဲ့ (ဂုဏ်ထူး) ၁ ဦးနှင့် ဥပဒေဘွဲ့ ၁၄ ဦး စုစုပေါင်း ၅၃ ဦးကို ဘွဲ့များ ချီးမြှင့်သည်။

[ဦးမြဟန်၊ ဦးကျော်ငြိမ်း၊ဒေါ်ညိုညိုခင်၊ ဦးမျိုးဦး၊ *ရန်ကုန်တက္ကသိုလ် ရက်စွဲသမိုင်း* (၁၉၂၀–၁၉၉၅) ရန်ကုန်တက္ကသိုလ် စိန်ရတုအထိမ်းအမှတ်၊ ကွန်ပျူတာမှု၊ ရန်ကုန်မြန်ကွန်အကျိုးဆောင်လုပ်ငန်း ၁၉၉၅။ *စာ ၁၇*။နောင်ကိုးကားလျှင်*ရန်ကုန်တက္ကသိုလ် ရက်စွဲသမိုင်း* ဟုညွှန်းမည်။]

ဒီဇင်ဘာ ၁၉၂၁

ဒီဇင်ဘာ၁ ၁၉၂၁ ဝေလမင်းသားကို သပိတ်မှောက်သဖြင့် ဂျီစီဘီအေ ဝံသာနု ခေါင်းဆောင်ကြီးများကို ဖမ်းဆီး၍ နယ်နှင် ဒဏ်ပေးသည်။ နယ်နှင်ဒဏ်ပေးခံရသော ပုဂ္ဂိုလ်များမှာ –

အသင်းချုပ်ဥက္ကဋ္ဌ ဦးချစ်လှိုင် တောင်ကြီးမြို့သို့

အသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဘစိ ကျောက်ဆောင်းမြို့သို့

ဝတ်လုံ ဦးကွန်း လားရှိုးမြို့သို့

လွှယ်အိတ်ကြီး ဦးဘလှိုင် မော်လိုက်မြို့သို့

မြန်မာအလင်း ဦးစိမ်း ဟုမ္မလင်းမြို့သို့

မန္တလေးဦးဘဦး သံတွဲမြို့သို့

စီပီဦးခင်မောင် မြစ်ကြီးနားမြို့သို့
ရမ်းဗြဲ ဦးမောင်မောင်
မစ္စတာ တရုပ်ဂျီ
တို့ဖြစ်သည်။

၁။ [ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၁၃၇–၈]

၂။ [သခင်ဘမောင် ဝံသာနု စာ ၁၆၅–၆]

၃။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ)* စာ ၂၂၃]

၁၉၂၁ ဗြိတိသျှ အရင်းရှင်ကုမ္ပဏီကြီးများဖြစ်သော စတီးဘရားသား (The Steel Brothers ltd) အင်္ဂလိုဘာမင်းကုမ္ပဏီ (The Anglo Burman Co) အယ်လာမင် အာရကန်ကုမ္ပဏီ (The Ellerman's Arracan Rice and Trading Co ltd)နှင့် ဘလုပ်ဘရားသား (Bulloch Bros Co.Ltd) ကုမ္ပဏီလေးခုစုပေါင်း၍ ဘူလင်ဂျာပူး(Bullinger Pool) ခေါ် ဆန်စပါးရောင်းဝယ်ရေးအသင်းကြီး တည်ထောင်သည်။

၁။ [*Cady,* ***A History of Modern Burma*** *P 279*]

၂။ [ ၁၂၉၂ တောင်သူလယ်သမား အရေးတော်ပုံ၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၆၅၊ စာ ၄၉–၅၀၊ နောင်ကိုးကားလျှင် တောင်သူလယ်သမားအရေးတော်ပုံဟု ညွှန်းမည်။ ]

၁၉
၂၂

## ဇန်နဝါရီ

၂ – ၁၀ ဇန်နဝါရီ ၁၉၂၂ ထေလ မင်းသား [၂၃–၆–၁၈၉၄–၂၉–၅–၁၉၇၂) (ဝင်ဆာမြို့စားကြီး နောင် အင်္ဂလန်ဘုရင် အက်ဒွပ် ၈ Edward 8/ နန်းစွန့်ဘုရင်] မြန်မာနိုင်ငံ လာရောက်သည်။

[ ***Daily Mail Year Book 1961*** *P 46* ]

[*သခင်ဘမောင် ဝံသာနု စာ ၁၇၂*]

## ဖေဖော်ဝါရီ

၂၅ ဖေဖော်ဝါရီ ၁၉၂၂ ဗိုလ်ရဲထွဋ်ကို ရန်ကုန်မြို့၊ တာမွေကလေးရပ်၌ ဦးဘိုးလွင်–ဒေါ်စောရှင် မိဘနှစ်ပါးမှ မွေးဖွားသည်။

[*ကျော်ငြိမ်း ရဲဘော်သုံးကျိပ် စာ ၁၈၉*]

## မတ်လ

၁၉ မတ် ၁၉၂၂ ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်ရှိ ရွာတစ်ရွာကို အိမ်နီးချင်းတရုတ်နယ်ထဲမှ အင်အား ၂၀၀ ခန့်ရှိ Atsi Kachins များက လာရောက်တိုက်ခိုက်သည်။

[***R.A.B 1921-22*** *P 43* ]

## ဧပြီလ

၁၀ ဧပြီ ၁၉၂၂ ပို့ကဲကော်မတီ အစီရင်ခံစာကို ထုတ်ပြန်ကြေညာသည်။ အစီရင်ခံစာတွင် မြန်မာနိုင်ငံကို ဒိုင်အာခီအုပ်ချုပ်ရေး တိုးမြှင့်ပေးရန် ထောက်ခံသည်။

[မြဟန် *ကိုလိုနီခေတ်အဘိဓာန် စာ ၁၇၉–၁၈၀*]

## ဇွန်လ

၁၂ ဇွန် ၁၉၂၂ ဗြိတိသျှပါလီမန်က Burma Reform Billကို အတည်ပြုသည်။

[မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၉၃*]

၁၇ – ၁၈ ဇွန် ၁၉၂၂ ဂျီစီဘီအေ အသင်းချုပ်ကြီး၏ အထူးအစည်းအဝေးကို ဂျူဗလီဟောတွင် ကျင်းပသည်။ အစည်းအဝေးတွင် နဝမ ညီလာခံက လွှဲအပ်လိုက်သော အမျိုးသားနေ့ ကိစ္စကို ဆွေးနွေးသည်။ အုတ်ဖိုကိုယ်စားလှယ် ဦးဟန်က တက္ကသိုလ် အက်ဥပဒေကို ကောလိပ်ကျောင်းသားများ သပိတ်မှောက်သော တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက် ကို အမျိုးသားနေ့အဖြစ်

လက်ခံရန် အဆိုတင်သွင်းရာ ထောက်ခံသဖြင့် ဆုံးဖြတ်ပြဋ္ဌာန်းသည်။
[*သူရိယသတင်းစာ ၁၉–၆–၁၉၂၂*]

၂၆ ဇွန် ၁၉၂၂ ဆရာတော်ဦးဥတ္တမ ထောင်မှ လွတ်သည်။
[မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၉၃*]

## ဇူလိုင်လ

၁ ဇူလိုင် ၁၉၂၂ မြန်မာပြည်တွင် ဒိုင်အာခီဥပဒေ စတင် အတည်ပြုသည်။
၁။[အထူးမြန်မာဂေဇက် ၃၀ မေ ၁၉၂၂]
၂။[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၁၇၄]

၂ ဇူလိုင် ၁၉၂၂ ဆရာတော်ဦးဥတ္တမ ကန်တော့ပွဲကို ဂျူဗလီဟောတွင် ကျင်းပသည်။
[မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၁၇၄*]

၁၃ ဇူလိုင် ၁၉၂၂ မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေးအရ ရွေးကောက်ပွဲ ကျင်းပရန်အတွက် အမတ်လောင်း လျှောက်လွှာတင်ရန် ကြေညာသည်။
[ ***The Burma Gazette*** *P 1, 15 July, 1922,P 508-9* ]

၁၅ – ၁၆ ဇူလိုင် ၁၉၂၂ ရန်ကုန်မြို့၊ ဂျူဗလီဟောတွင် ဂျီစီဘီအေ ဗဟို အသင်းချုပ် အစည်းအဝေး ကျင်းပရာဒိုင်အာခီအုပ်ချုပ်ရေးစနစ် လက်ခံသင့် လက်မခံသင့် အငြင်းပွားသည်။ အစည်းအဝေးတွင် ဆရာတော် ဦးဥတ္တမက ဦးဘဘေတင်သွင်းသည့် "ဒိုင်အာခီအုပ်ချုပ်ရေးစနစ်အရကျင်းပသည့် ရွေးကောက်ပွဲတွင်ဝင်ရောက်အရွေးခံ၍ ထိုကောင်စီကို သပိတ်မှောက်သင့် မသင့်၊ ၁၉၂၃ ခုနှစ် ပဲခူးတွင် ကျင်းပမည့် ဂျီစီဘီအေ အသင်းချုပ် နှစ်ပတ်လည်ညီလာခံတွင် ဆုံးဖြတ်ရန်" အဆိုကို ကန့်ကွက်ပြောကြားသည်။ အစည်းအဝေးတွင် တစ်ဦးနှင့်တစ်ဦး ငြင်းခုံရာမှ ဆူပူကြပြီး အစည်းအဝေး ပျက်သွားသည်။
၁။[*သခင်ဘမောင် ဝံသာနု စာ ၂၀၇*]
၂။ မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၁၇၉–၁၈၀*]

## ဩဂုတ်လ

၂၆ – ၂၇ ဩဂုတ် ၁၉၂၂ ရန်ကုန်မြို့ဂျူဗလီဟောတွင် ဦးချစ်လှိုင်၊သာယာဝတီ ဦးပု၊ ဦးထွန်းအောင်ကျော်ကြီးမှူး၍ ဂျီစီဘီအေ အစည်းအဝေး ကျင်းပပြီး ဒိုင်အာခီအုပ်ချုပ်ရေး ကို

လက်ခံသည့် ဦးဘဘေခေါင်းဆောင်သည့် ၂၁ ဦးအဖွဲ့ကို ဂျီစီဘီအေအသင်းချုပ်မှ ထုတ်ပယ်ရန် ဆုံးဖြတ်ပြဋ္ဌာန်းသည်။ (ဤအချိန်မှစပြီး ဦးချစ်လှိုင်၊ သာယာဝတီဦးပု၊ ဦးထွန်းအောင်ကျော် ကြီးမှူးသည့် ဂျီစီဘီအေကို လှိုင်ပုကျော် ဂျီစီဘီအေ/သပိတ်မှောက် ဂျီစီဘီအေဟု အမည်တွင်သည်။)

[သခင်ဘမောင် ဝံသာနု စာ ၂၃၀-၂]

## စက်တင်ဘာ ၁လ

၃၀ စက်တင်ဘာ ၁ ၁၉၂၂ ရန်ကုန်မြို့ ဂျူဗလီဟော၌ ဦးဘဘေခေါင်းဆောင်သည့် ၂၁ ဦး ဂျီစီဘီအေက မြန်မာနိုင်ငံလုံးဆိုင်ရာ အထူးကွန်ဖရင့် ကျင်းပ၍ ဒိုင်အာခီဥပဒေပြုအဖွဲ့သို့ ဝင်ရောက်ရန် ဆုံးဖြတ်သည်။

[သခင်ဘမောင် ဝံသာနု စာ ၂၃၃]

စက်တင်ဘာ ၁ ၁၉၂၂ မစ္စတာ အိုဒီဂလန်ဗီ (Mr. Oscar De Glanville) ဦးစီး၍ ပရိုဂရက်ဆစ်ပါတီ (Progressive Party) တည်ထောင်သည်။

၁။[ချစ်ကြည်ရေးကြည်ညွန့်၊ *သမိုင်းဝင်သူရိယ၊မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး* (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ပုသိမ်ပုံနှိပ်၊ ၁၉၇၄။ စာ ၉၉။ နောင်ကိုးကားလျှင် *ကြည်ညွန့်၊ သမိုင်းဝင်သူရိယ၊ မြန်မာ့အလင်း* ဟုညွှန်းမည်။]

၂။ [*သူရိယသတင်းစာ ၂၄-၁၁-၁၉၂၇*]

၃။ [*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း- ၂ စာ ၃၁၉]

## အောက်တိုဘာ ၁

၁ အောက်တိုဘာ ၁ ၁၉၂၂ ပဒေသရာဇ်ရှမ်းပြည်နယ်များ (Federated Shan States)ကို ဖွဲ့ စည်းသည်။

၁။ [***Shan State Manuel*** *P 5*]

၂။ [***R.A.B 1931-32*** *P 22* ]

၂၃ အောက်တိုဘာ ၁ ၁၉၂၂ ဘိုနာလော့ (A. Bonar law) သည် အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ် ရာထူးလက်ခံ ဆောင်ရွက်သည်။

[***Prominent People*** *P 118*]

## နိုဝင်ဘာ ၁လ

၉ - ၁၀ နိုဝင်ဘာ ၁ ၁၉၂၂ လှိုင်ပုကျော် ဂျီစီဘီအေ (ဝံသာနုဂျီစီဘီအေ) က နိုင်ငံလုံးဆိုင်ရာ ဒသမအကြိမ် နှစ်ပတ်လည် ညီလာခံကို သရက်မြို့တွင်ကျင်းပသည်။ ညီလာခံ စတင်ဖွင့်လှစ်သည့်နေ့တွင် ဆရာတော်ဦးဥတ္တမက ဒိုင်အာခီအုပ်ချုပ်

ရေးအရ ကျင်းပမည့် ရွေးကောက်ပွဲကို သပိတ်မှောက်ရန် မိန့်ခွန်းပြောကြားသည်။ ညီလာခံတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ( Home Rule)တောင်းဆိုသည့်အဆိုကို တင်သွင်း ဆုံးဖြတ်ပြဋ္ဌာန်းသည်။

၁။ [*သခင်ဘမောင် ဝံသာနု* စာ ၂၃၆–၂၄၁]

၂။ မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၂၁၉–၂၃၁*]

၂၁ နိုဝင်ဘာ ၁၉၂၂ မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေး စနစ် အရ ပထမအကြိမ် ဥပဒေပြုလွှတ်တော် အမတ်ရွေးကောက်ပွဲ ကျင်းပသည်။

ဥပဒေပြု လွှတ်တော်ကို အမတ် ၁၀၃ ဦး (ပြည်သူ့မဲဆန္ဒဖြင့် ရွေးကောက်သောအမတ် ၇၉ ဦး၊ အရာရှိ ၁၄ ဦး၊ အစိုးရခန့် အရာရှိမဟုတ်သူ ၈ ဦး၊ ဝန်ကြီးချုပ်နှစ်ဦး) ဖွဲ့စည်းမည် ဖြစ်သည်။

■ ရွေးကောက်ပွဲတွင် –

မြန်မာနိုင်ငံ လူဦးရေ ၁၃, ၃၅၀,၉၂၀ ဦး

ဆန္ဒမဲ ပေးနိုင်သည့် မဲစာရင်းရှိ လူဦးရေပေါင်း ၁,၇၆ ၇,၂၂၇ ဦး

မဲပေးသူ ဦးရေ ၁၀၄,၅၆၈

မဲဆန္ဒပေးသည့် ရာခိုင် နှုန်း ၅.၉၂ %

■ ရွေးကောက်ပွဲတွင် မစ္စတာ အိုဒီဂလန်ဗီကြီးမှူးသည့် ပရိုဂရက်ဆစ်ပါတီ၊ ၂၁ဦး ဂိုဏ်ဘီအေကြီးမှူးသည့် (Nationalist Party) အမျိုးသား ပါတီ၊ ဆာဂျေအေမောင်ကြီး ကြီးမှူးသည့်အင်ဒီပင်းဒင့်ပါတီ (Indepe-ndent Party)တို့ဝင်ရောက် အရွေးခံသည်။ အမျိုးသားပါတီ၏ ခေါင်းဆောင်မှာ ဝတ်လုံတော်ရဦးပု (ရွှေကျင်)နှင့် ဒုတိယ ခေါင်းဆောင်မှာ ဦးဘဘေ ဖြစ်သည်။ ၎င်းတို့အဖွဲ့မှ အမတ် ၂၆ ဦး အရွေးခံရသည်။

၁။[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၃၉၈]

၂။[*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး စာ ၁၄၉]

၃။[*သူရိယသတင်းစာ ၂၄–၁၁–၂၇*]

၄။[*ဘခိုင်* မြန်မာပြည်နိုင်ငံရေး စာ ၇၄–၇၅]

၅။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၄၃*]

၆။ [*ဦးဘအေး ပြည်ရေးပြည်ရွာပညာ* ရန်ကုန်၊ ပြည်ကြီးမဏ္ဍိုင်ပိဋကတ်ပုံနှိပ်၊ ၁၉၃၄၊စာ၃၆–၃၇ နောင်ကိုးကားလျှင် *ဦးဘအေးပြည်ရေးပြည်ရွာပညာ* ဟုညွှန်း

မည်။ ]

၇။ [J. S. Furnivall , ***Colonial Policy and Practice*** ,Great Britain Cambridge University Press. 1948. *P 160 :hereafter cited as* Furnivall , ***Colonial Policy and Practice***]

၂ ဒီဇင်ဘာ ၁ ၁၉၂၂ မြန်မာနိုင်ငံဒုတိယ ဘုရင်ခံ ဆာရယ်ဂျီနယ်ကရက် ဒေါက်က ရန်ကုန်တက္ကသိုလ်ဘွဲ့နှင်း သဘင် အဆောက်အအုံကို အုတ်မြစ်ချသည်။

[ရန်ကုန်တက္ကသိုလ် ရက်စွဲသမိုင်း *စာ ၁၉*]

၃၁ ဒီဇင်ဘာ ၁ ၁၉၂၂ မြန်မာနိုင်ငံ ဒုတိယ ဘုရင်ခံ ဆာရယ်ဂျီနယ်က ရက်ဒေါက်သည် ၁၉၂၂ ခုနှစ် ကုန်သည်အထိ တာဝန် ထမ်းဆောင်သည်။

[***R.A.B 1922-23*** *P 2*]

၁၉၂၂ မြန်မာနိုင်ငံတွင် အစိုးရနှင့် မဆက်ဆံသော "ဘူး"အသင်းများ ပေါ်ပေါက်သည်။

[*Cady,* ***A History of Modern Burma*** *P 251* ]

ဒ

၉

၂

၃

## ဇန်နဝါရီလ

၂ ဇန်နဝါရီ ၁၉၂၃ မြန်မာနိုင်ငံသည် ၁၉၁၉ အိန္ဒိယနိုင်ငံအက်ဥပဒေအရ အခြားသော အိန္ဒိယနိုင်ငံ ပြည်နယ်များကဲ့သို့ ဒိုင်အာခီအုပ်ချုပ်ရေးရသည့် ပြည်နယ်တစ်ခု ဖြစ်လာသည်။ သို့ရာတွင် ရှမ်းပြည်နယ်၊ ချင်းတောင်တန်းဒေသနှင့် ကချင်တောင်တန်း ဒေသများသည် ဒိုင်အာခီအုပ်ချုပ်ရေးနှင့် အကျုံးမဝင်ပေ။

၁။ [***R.A.B 1922-23*** *P 2* ]

၂။ [*Cady,* ***A History of Modern Burma*** *P 241* ]

■ဆာဟာကုတ်ဘတ္တလာသည် မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး မြန်မာနိုင်ငံ ဘုရင်ခံရာထူးတွင် တာဝန်ထမ်းဆောင်သည်။ ၎င်းသည် မြန်မာနိုင်ငံ၏ ပထမဆုံးဘုရင်ခံဖြစ်သည်။ ဒိုင်အာခီအုပ်ချုပ်ရေး (ပူးတွဲတာဝန်ခံအုပ်ချုပ်ရေး) အစိုးရအဖွဲ့ဝင်များမှာ

၁။ ဆာဝီလီယံဂျွန်ကိတ် (Sir William John keith) C.I.E,I.C.S ဘဏ္ဍာရေး ဝန်ကြီးချုပ်

၂။ ဆာမောင်ခင် ပြည်ထဲရေးဝန်ကြီးချုပ်

၃။ အမ်အေဦးမောင်ကြီး ပညာရေးဝန်ကြီးချုပ်

၄။ ဂျေအေမောင်ကြီး (Joseph Augustus Maung Gyi) သစ်တောရေးဝန်ကြီးချုပ်

တို့ဖြစ်သည်။

၁။ [***R.A.B 1922-23*** *P 2* ]

၂။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၄၀၁*]

## ဖေဖော်ဝါရီလ

၂ ဖေဖော်ဝါရီ ၁၉၂၃ ဒိုင်အာခီအုပ်ချုပ်ရေး နည်းစနစ်အရ မြန်မာပြည်ဥပဒေပြုအဖွဲ့ ပထမဆုံး အစည်းအဝေးကျင်းပသည်။

[ ***The Burma legislative Cuncil Report of Proceedings*** Vol 1, Yangon Govt printing,1923, P1, *:hereafter cited as* **BLCP**]

## မတ်လ

၂၈ မတ် ၁၉၂၃ ရှမ်းပြည်နယ်ပဒေသရာဇ်ကောင်စီ (The Federal Council of Shan Chiefs) ၏ ပထမဆုံးအကြိမ် အစည်းအဝေးကျင်းပသည်။

[***R.A.B 1922 -23*** *P 5* ]

## မေလ

၁၀ မေ ၁၉၂၃ နိုင်ငံရေးဌာန ကြော်ငြာစာ အမှတ် ၁၇ အရ (The Federal Council of Shan Chiefs) အား မြန်မာဘာသာဖြင့် ကမ္ဘောဇပဒေသရာဇာအသင်းဟုခေါ်ရန် သတ်မှတ်သည်။
[***Shan State Manual*** *P 13*]

၂၂ မေ ၁၉၂၃ စတန်လေဘော်ဒွင် (Stanley Baldwin) သည်အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံ ဆောင်ရွက်သည်။
[***Prominent People*** *P 118*]

## ဇူလိုင်လ

၁၅ ဇူလိုင်လ ၁၉၂၃ ပျဉ်းမနားမြို့၌ အထူးသံဃကွန်ဖရင့် ခေါ်ယူကျင်းပသည်။ အစည်းအဝေးသို့ ရန်ကုန်မြို့ မြန်မာနိုင်ငံလုံး ဆိုင်ရာ သံဃအဖွဲ့ချုပ်နှင့် မန္တလေးမြို့ သမ္မာသမ္ဗုဒ္ဓသာသနာတော်လုံးဆိုင်ရာ သံဃအဖွဲ့ချုပ်ကြီး နှစ်ဖွဲ့မှ ရွေးချယ်သော အမှုဆောင်ဆရာတော်များ တက်ရောက်သည်။ အစည်းအဝေးတွင် မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃသမဂ္ဂီ အဖွဲ့ချုပ်ကြီးကို အေးချမ်း ညီညွတ်စွာ ပေါင်းစည်း ဖွဲ့စည်းခဲ့သည်။ ဗဟိုအမှုဆောင် သံဃအဖွဲ့ ကို ဖွဲ့စည်းရာ ဥက္ကဋ္ဌအဖြစ် ပထမ ဘောမဲ့ ဆရာတော် ဦးရေဝတ အား တင်မြှောက်သည်။

၁။[*ပျဉ်းမနားမြို့ သာသနာတော်လုံးဆိုင်ရာ သံဃာတော် အရှင်မြတ်တို့၏ အထူးအစည်းအဝေးကြီး မှတ်တမ်း*၊ မန္တလေး မြန်မာကျက်သရေစာပုံနှိပ်တိုက်၊ ၁၉၂၅၊ စာ ၃/၅၀၊ နောင်ကိုးကားလျှင် *ပျဉ်းမနားမြို့ သံဃအစည်းအဝေးမှတ်တမ်း*ဟု ညွှန်းမည်။]
၂။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၅၁/၂၇၆*]

## ဩဂုတ်လ

၁၆ ဩဂုတ် ၁၉၂၃ မြန်မာနိုင်ငံ အစိုးရ အတွင်းဝန်ချုပ်က အင်္ဂလိပ် အရာရှိများထံ ရှိခိုးမခံရန်နှင့် မြန်မာလူမျိုးတို့အား ဘိနပ်မချွတ်စေရန် သတိပေးချက်ကို အတွင်းရေးစာ အဖြစ် ပေးပို့သည်။
[လူထုဦးလှ *ကျွန်တော်ဗျူရိုကရက်* (ဒုတိယအကြိမ်)၊ မန္တလေး၊ ကြီးပွားပုံနှိပ်၊ ၁၉၇၀ *စာ ၂၄၃*၊ နောင်ကိုးကားလျှင် လူထုဦးလှ *ကျွန်တော်ဗျူရိုကရက်* ဟုညွှန်းမည်။]

ဩဂုတ် ၁၉၂၃ အစိုးရက "ဘုန်းကြီး အသင်း" များအား မတရားအသင်း များအဖြစ် ကြေညာသည်။
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း– ၂ စာ ၄၀၄*]
၂။ [*Cady*, ***A History of Modern Burma*** *P 252* ]

## စက်တင်ဘာလ

၁၈ စက်တင်ဘာ ၁၉၂၃ မြန်မာပြည် ဥပဒေအဖွဲ့ ပထမ အစည်းအဝေး ရုတ်သိမ်းသည်။
[***B.L.C.P Vol I*** *P 491* ]

## နိုဝင်ဘာလ

၂၈ နိုဝင်ဘာ ၁၉၂၃ မြန်မာပြည် ဥပဒေပြုအဖွဲ့ အစည်းအဝေး၌ အစိုးရက ဘုန်းကြီးအသင်းများအား မတရားအသင်းများဟု ကြေညာထားချက်ကို ရုတ်သိမ်းပေးရန် အဆိုတင်သွင်းသည်။ အဆိုကိုမဲခွဲ ရာ ထောက်ခံမဲ ၃၇ မဲ၊ ကန့်ကွက်မဲ ၃၇ မဲဖြစ်နေသဖြင့် ဥက္ကဋ္ဌက ကန့်ကွက်မဲပေးသည့်အတွက် အဆိုရှုံး နိမ့်သွားသည်။
၁။ [*ထွန်းသန်း မြန်မာပြည်နိုင်ငံရေး စာ ၁၅၇* ]
၂။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း– ၂ စာ ၄၀၅*]

၂၉ နိုဝင်ဘာ ၁၉၂၃ ဦးချစ်လှိုင် ဂျီစီဘီအေ၏ ခြောက်လပတ်ညီလာခံကို ပခုက္ကူမြို့တွင် ကျင်းပသည်။
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း– ၂ စာ ၄၁၈–၄၂၆*]
၂။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၅၃*]

## ဒီဇင်ဘာလ

ဒီဇင်ဘာ ၁၉၂၃ ကမ္ဘောဇဒေသရာဇာ အသင်း၏ ဒုတိယအကြိမ်မြောက် အစည်းအဝေး ကျင်းပသည်။
[***R.A.B 1923-24*** *P 5* ]

၁၉၂၄

ဇန်နဝါရီလ

ဇန်နဝါရီ ၁၉၂၄ ပြည်ထဲရေးဝန်ကြီးချုပ် မောင်ခင် ဆာဘွဲ့ချီးမြှင့်ခံရသည်။
[မြန်မာစွယ်စုံကျမ်း အတွဲ ၂ – စာ ၃၀၇–၈ ]

၂၂ ဇန်နဝါရီ ၁၉၂၄ ရမ်းဆေးမက္ကဒေါနယ်(J. Ramsay MaC Donald) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။
[***Prominent People*** *P 118*]

၂၇ ဇန်နဝါရီလ ၁၉၂၄ ဦးစိန်လွင် ၁၉၂၄–၂၀၀၄ (နောင်ပြည်ထောင်စုဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံသမ္မတ)ကို ဦးရွှေရင်၊ ဒေါ်မမကြီး မိဘနှစ်ပါးမှ မွေးဖွားသည်။
၁။ [မြန်မာ့တပ်မတော် စစ်တက္ကသိုလ် ၁၉၄၂–၄၅၊ တတိယပတ် ဗိုလ်သင်တန်း သင်တန်းဆင်းများ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း ၁၉၈၈၊ စာ ၁၃]
၂။ [မြန်မာ့အလင်းသတင်းစာ ၁၀–၄–၂၀၀၄]

## ဧပြီလ

၂၀ –၂၃ ဧပြီ ၁၉၂၄ ဟင်္သာတမြို့တွင် သံဃအစည်းအဝေး ကျင်းပရာ သက်တော်ရှည် ကြည့်ကန်ဆရာတော်ကြီး၊ အလယ်တောရ ဆရာတော်ကြီးနှင့် ဝေဠုဝန်ဆရာတော်ကြီးတို့တက်ရောက်သည်။

[သူရိယမဂ္ဂဇင်း အတွဲ–၈၊ အမှတ်–၃၊ ၁၉၂၄၊ မေ]

၂၁ – ၂၂ ဧပြီ ၁၉၂၄ မြန်မာနိုင်ငံလုံးဆိုင်ရာ ညီညွတ်ရေး အထူးအစည်းအဝေးကျင်းပပြီး မြန်မာနိုင်ငံလုံးဆိုင်ရာ ညီညွတ်ရေးအဖွဲ့ချုပ်ကြီးကို ဖွဲ့စည်းသည်။

အမှုဆောင်အဖြစ်

ဥက္ကဋ္ဌ ဦးကျော်ရန်

ဒု–ဥက္ကဋ္ဌ ဦးဘိုးဆင်၊ ဦးဘစိ

အတွင်းရေးမှူး ဦးပုကလေး

ငွေထိန်း ဦးကြာခိုင် တို့ကို ရွေးကောက်တင်မြှောက်သည်။

[သူရိယမဂ္ဂဇင်း အတွဲ–၈၊ အမှတ်–၃၊ ၁၉၂၄၊ မေ]

## မေလ

၁၀ – ၁၃ မေ ၁၉၂၄ မြန်မာပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃ သံမဂ္ဂီ အဖွဲ့ချုပ်ကြီး၏တတိယအကြိမ်မြောက် အစည်းအဝေးနှင့် ဦးချစ်လှိုင် ဂျီစီဘီအေ၏နိုင်ငံလုံးဆိုင်ရာ ၁၁ ကြိမ်မြောက်နှစ်ပတ်လည် ညီလာခံကို ပေါင်းတည်မြို့တွင် ကျင်းပသည်။ ညီလာခံတွင် ဦးချစ်လှိုင်အား ‘သမ္မတ’ ဘွဲ့ဖြင့် ဂျီ စီဘီအေအသင်းချုပ်ကြီး၏ ဥက္ကဋ္ဌ တင်မြှောက်သည်။

၁။[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၄၃၃–၄၅၁*]

၂။[*သခင်ဘမောင် ဝံသာနု စာ ၂၅၅–၂၆၂*]

၃။[*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၉၇*]

၄။[*ပျဉ်းမနားမြို့ သံဃအစည်းအဝေးမှတ်တမ်း စာ ၉*]

## ဩဂုတ်လ

၁၆ ဩဂုတ် ၁၉၂၄ မန္တလေးမြို့မှ ဦးချစ်လှိုင် ဂျီစီဘီအေ ဝံသာနုများက ဆရာတော် ဦးဥတ္တမအား တရားဟောကြွရန် ဖိတ်ထားသည့်အတွက် မန္တလေးကြွသွားရာ ရှမ်းစုဘူတာမှ ခေတ်ရထားလမ်းတစ်လျှောက် ပင့်ဆောင်စဉ် ကျောက်သွေးတန်းမြောက်ဖျား ဘဌေးပိုးထည်ဆိုင်၊ ရွှေမောင်းတိုက်သို့ အရောက် ဝံသာနုများအပေါ် ခဲများကျလာရာမှ စတင်

ကာ အဓိကရဏ်း ဖြစ်ပွားသည်။ အဓိကရဏ်းအတွင်း ဆရာတော်ဦးစန္ဒိမာ သေနတ်ဒဏ်ရာဖြင့် ပျံလွန်သည်။

၁။ [ဗန္ဓုလဂျာနယ် အတွဲ–၂၊ အမှတ်–၃၉၊ ၂၇၊ ဩဂုတ်၊ ၁၉၂၄ စာ ၃၃]

၂။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၄၅၂–၄*]

■ဆရာတော်ဦးဥတ္တမ၊ ဦးဉာဏုတ္တရနှင့် ဦးကေတုတို့အား ပုဒ်မ၁၄၄ အရ မန္တလေးမှ ထွက်ခွာရန် အမိန့်ပေး၍ ညတွင်းချင်း မန္တလေးမှ ရန်ကုန်သို့ ထွက်ခွာရသည်။

[ဗန္ဓုလဂျာနယ် အတွဲ–၂၊ အမှတ်–၃၉၊ ၂၇၊ ဩဂုတ်၊ ၁၉၂၄ စာ ၃၃]

## စက်တင်ဘာ ၁လ

၂၁ စက်တင်ဘာ ၁ ၁၉၂၄ ဆရာတော်ဦးဥတ္တမသည် မန္တလေးအဓိကရဏ်းကြောင့် တပည့်ဒါယကာများနှင့် သံဃာတော်များ အဖမ်းခံရကြောင်း သိရသောအခါ မိမိလည်း ထောင်ကျခံရန် ဆုံးဖြတ်ပြီး ရန်ကုန်မြို့၊ လမ်းမတော်ရပ်၊ ကျုံးကြီးလမ်း၊ ရပ်ရှင်နန်းတော်ရုံတွင် မြို့လုံးကျွတ် အစည်းအဝေးခေါ်ကာ အစိုးရဆန့်ကျင်ရေးတရားဟောသည်။

၁။ [ဗန္ဓုလဂျာနယ် အတွဲ–၂၊ အမှတ်–၄၅၊ ၈–၁၀– ၁၉၂၄ စာ ၃၈]

၂။ မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၁၈၇*]

## အောက်တိုဘာ ၁လ

၂ အောက်တိုဘာ ၁ ၁၉၂၄ ဆရာတော်ဦးဥတ္တမအား ရန်ကုန်မြို့ ရုပ်ရှင်နန်းတော်ရုံ၊ မြို့သူမြို့သား အစည်းအဝေး၌ အစိုးရအကြည်အညိုပျက်အောင် ဟောပြောရာ ရောက်သည်ဆို၍ ပုဒ်မ ၁၂၄ (က) အရ ဖမ်းဝရမ်းထုတ်သည်။

[ဗန္ဓုလဂျာနယ် အတွဲ–၂၊ အမှတ်–၄၅၊ ၈–၁၀– ၁၉၂၄ စာ ၃၈]

၂ အောက်တိုဘာ ၁ ၁၉၂၄ ဆရာတော်ဦးဥတ္တမသည် ရုံးသို့ကိုယ်တိုင် ကြွရောက် အဖမ်းခံသည်။

[ဗန္ဓုလဂျာနယ် အတွဲ–၂၊ အမှတ်–၄၅၊ ၈–၁၀– ၁၉၂၄ စာ ၃၈]

၈ အောက်တိုဘာ ၁လ ၁၉၂၄ ဆရာတော် ဦးဥတ္တမအား ရန်ကုန် ဒီစကြိတ် ရာဇဝတ်တရားသူကြီး စစ်ဇလာ (Mr. Syszala D.S) ရုံးတွင် အမှုစစ်ဆေးကာ အိန္ဒိယရာဇသတ် ပုဒ်မ ၁၂၄ (က) အရ အစိုးရအား အကြည်အညိုပျက်အောင် ဟော

ပြောမှုဖြင့် အလုပ် ကြမ်းနှင့် ထောင် ဒဏ်သုံးနှစ် စီရင်ချက်ချမှတ်သည်။

ဆရာတော် ဦးဥတ္တမ၏အမှုကို နားထောင်ရန် လာကြသော သံဃာသမဂ္ဂဝင်များနှင့် ဝံသာနုအသင်းသားများသည် ဖိုက်စကွဲယား ပန်းခြံ/ဘုရင်မပန်းခြံ (ယခု မဟာဗန္ဓုလ ပန်းခြံ)တွင် လူစုလူဝေးသဖွယ်ဖြစ်လာကာ ရဟန်းတော်များနှင့် လူပုဂ္ဂိုလ်များက တစ်လှည့်စီ တရားဟောနေစဉ် မြင်းစီး ပုလိပ်များ ရောက်ရှိလာကြပြီး မြင်းနှင့်တိုက် နံပါတ်တုတ်နှင့် ရိုက်ကာ အကြမ်းဖက် လူစုခွဲခဲ့သည်။ ဝံသာနုအမျိုးသမီးများသည် ထွက်မပြေးဘဲ မကြောက်မရွံ့ ပုလိပ်တို့အား ခုခံရင်း ဒဏ်ရာများ ရရှိခဲ့ကြသည်။

၁။ [ဗန္ဓုလဂျာနယ် အတွဲ-၂၊ အမှတ်-၄၆၊ ၁၅-၁၀- ၁၉၂၄ *စာ ၃၅*]

၂။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၆၆-၇*]

၃။ [မိုးကြိုး *မြန်မာပြည်ဇာတ်လမ်းရှုပ်သမျှ စာ ၁၈၇-၈*]

၂၂ အောက်တိုဘာ ၁၉၂၄ ပြည်ထဲရေးဝန်ကြီးချုပ် ဆာမောင်ခင် (၁၈၇၂-၁၉၂၄) ကွယ်လွန်သည်။
[**R.A.B 1924-25** *P 2* ]

## နိုဝင်ဘာ ၁၉၂၄

၄ နိုဝင်ဘာ ၁၉၂၄ စတန်လေဘော်ဒွင် (Stanley Baldwin) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ် ရာထူးကို လက်ခံဆောင်ရွက်သည်။
[***Prominent People*** *P 118*]

၁၂ နိုဝင်ဘာ ၁၉၂၄ ဦးမေအောင်သည် ယာယီပြည်ထဲရေး ဝန်ကြီးချုပ် ခန့်အပ်ခံရသည်။
[**R.A.B 1924-25** *P 2* ]

■ သစ်တောရေးဝန်ကြီးချုပ် ဂျေအေမောင်ကြီး တရားရုံးချုပ် တရားသူကြီးရာထူး လက်ခံသည့်အတွက် ဝတ်လုံတော်ရ ဦးပု (ရွှေကျင်) (ရမည်းသင်းမဲဆန္ဒနယ်) သည် သစ်တောရေး ဝန်ကြီးချုပ် ဖြစ်လာသည်။
[**R.A.B 1924-25** *P 2* ]

၂၈ နိုဝင်ဘာ ၁၉၂၄ ဦးမေအောင်အား ပြည်ထဲရေးဝန်ကြီးချုပ် အဖြစ်အတည်ပြု ခန့်အပ်သည်။
[**R.A.B 1924-25** *P 2* ]

## ဒီဇင်ဘာ ၁၉၂၄

၁၉၂၅

၂၂ ဒီဇင်ဘာ ၁ ၁၉၂၄ ဆရာတော် ဦးဥတ္တမအား အလုပ်ကြမ်းနှင့် ထောင်ဒဏ်သုံးနှစ် ကျခံစေရန် ပြစ်ဒဏ်ချမှတ်ထားခြင်းနှင့် စပ်လျဉ်း၍ အယူခံလွှာ တင်သွင်းထားသည်ကို တရားရုံးချုပ်မှ ပယ်ချပြီး စီရင်ချက်ကို အတည်ပြုသည်။
[သူရိယမဂ္ဂဇင်း အတွဲ–၈၊ အမှတ်–၁၁၊ ၁၉၂၅ ဇန်နဝါရီ ]

ဒီဇင်ဘာ ၁ ၁၉၂၄ ကမ္ဘောဇပဒေသ ရာဇာအသင်း တတိယအကြိမ်မြောက် အစည်းအဝေး ကျင်းပသည်။
[***R.A.B 1924-25*** *P 4*]

## ဇန်နဝါရီ

၃၁ ဇန်နဝါရီ ၁၉၂၅ ဒေါက်တာ မောင်မောင် ၁၉၂၅–၁၉၉၄ (နောင်ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်သမ္မတ)ကို မန္တလေးမြို့တွင် ဦးဆင့်၊ ဒေါ်အေးတင့် မိဘနှစ်ပါးမှ မွေးဖွားသည်။

[ပထမအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ်(မန္တလေးတိုင်း) ၁၉၇၄ စာ ၃၁]

## မတ်လ

၁၁ မတ် ၁၉၂၅ မြန်မာပြည် ဥပဒေအဖွဲ့ အစည်းအဝေးတွင် လူခွန်နှင့် သဿမေဓခွန်များ ဖျက်သိမ်းရေး စုံစမ်းရန် ကော်မတီခန့်ထားသင့်ကြောင်း အဆိုကို တင်သွင်းအတည်ပြုသည်။ (ဗြိတိသျှ အစိုးရက အောက်မြန်မာနိုင်ငံတွင် လူခွန်တော်ကို အသက် ၁၈ နှစ်မှ ၆၀ ရှိသည့်အမျိုးသားတိုင်း တစ်နှစ်လျှင် လူပျို ၂/-ဲ၊ အိမ်ထောင်သည် ၅/- စည်းကြပ်ကောက်ခံသည်။ အထက်မြန်မာနိုင်ငံတွင် အိမ်ခြေဦးရေနှင့် ဆင်းရဲချမ်းသာအလိုက် သဿမေဓခွန် ကောက်ခံသည်။

[***Report of the Capitation and Thathameda Taxes Enquiry Committee*** *Yangon Govt printing, 1927. P 17 :hereafter cited as* ***the Capitation and Thathameda Taxes Enquiry Committee.***]

[*ဦးဘအေး ပြည်ရေးပြည်ရွာပညာ စာ ၁၁၆*]

■ မန္တလေး အဓိကရုဏ်း (၁၆-၈-၂၄) တွင် ပါဝင်သူ တရားခံများကို တရားစွဲဆိုပြီး ပြစ်မှုကျူးလွန်ကြောင်း ထင်ရှား၍

၁။ ဦးတုတ် (ရတနာပုံအသင်းချုပ် ဥက္ကဋ္ဌ) အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၇ နှစ်

၂။ စီပီခင်မောင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ နှစ်

၃။ ဦးထွန်းအောင်ကျော် (ဂျီစီဘီအေ ငွေထိမ်း အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၇ နှစ်

၄။ ဦးစောမောင် (ရတနာပုံအသင်းချုပ် တရားဟောဆရာ) အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ နှစ်

၅။ ဦးဆောင် (ရတနာပုံ အသင်းချုပ် အတွင်းရေးမှူး) အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၄ နှစ်

၆။ ဦးစံညွန့်၊ ဦးတိုး၊ ဦးမြ (အမှုဆောင် ရတနာပုံအသင်းချုပ်)အလုပ်ကြမ်းနှင့်ထောင်ဒဏ် ၇ နှစ်

၇။ မြတောင်တိုက်ဆရာတော် ဦးဇာဂရ ထောင်ဒဏ် ၃ နှစ်

၇။ ဦးဝိစိတ္တနှင့် ရှမ်းပွဲဦးမောင်ကြီးတို့အား ထောင်ဒဏ် ၂ နှစ် အသီးသီး ပြစ်ဒဏ်ချမှတ်သည်။

၁။[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း- ၂ စာ ၄၅၄-၅*]

၂။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း*

*(ပ) စာ ၂၆၄–၅]*
၃။ [*ဘခိုင်* မြန်မာပြည်နိုင်ငံရေး စာ ၁၅၂–၃]

၁၂ – ၁၃ မတ် ၁၉၂၅ မြန်မာ ပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံး ဆိုင်ရာ မဟာသံဃာ့သမဂ္ဂီအဖွဲ့ချုပ်ကြီး၏ အထူးအစည်းအဝေးကို ပျဉ်းမနားမြို့တွင် ကျင်းပသည်။ အစည်းအဝေးတွင် ဦးချစ်လှိုင် ဂျီစီဘီအေ အဖွဲ့ဝင် လူကြီးများနှင့် စပ်ဆိုင်သော ပြဋ္ဌာန်းချက်များကို သတ်မှတ်ပြီး ထိုပြဋ္ဌာန်းချက်များကို ဦးချစ်လှိုင် ဂျီစီဘီအေနှင့် အဖွဲ့ဝင် လူကြီးများ လိုက်နာပါမည်ဟူသော ပဋိညာဉ်ဝန်ခံချက် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ချက်ချမှတ်သည်။
၁။[ပျဉ်းမနားသံဃအစည်းအဝေးမှတ်တမ်း *စာ ၄၅*]
၂။[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း– *၂ စာ ၄၇၀–၉*]
၃။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၇၂–၃*]

## ဧပြီလ

၄ ဧပြီ ၁၉၂၅ မြန်မာနိုင်ငံဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ ခွင့်သွားစဉ် အတွင်း ဆာစီလျှံဗွန်ကိတ်သည် မြန်မာနိုင်ငံ ခေတ္တဘုရင်ခံအဖြစ် တာဝန်ထမ်းဆောင်သည်။
[ ***The Burma Gazette*** *No 15, 11 April 1925* ]

## ဇွန်လ

၁၅ ဇွန် ၁၉၂၅ စာပေးစာယူ မိတ်ဆက်အသင်း (Friendly Correspondence Club) တည်ထောင်သည်။ (၂ မေ ၁၉၂၆ တွင် လူငယ်များ ကြီးပွားရေးအသင်းဟု အမည်ပြောင်းသည်။)
၁။ [*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း– *၃ စာ ၇၈–၈၂*]
၂။ [*ဘခိုင်* မြန်မာပြည်နိုင်ငံရေး စာ ၁၆၂–၁၆၇]

၁၆ – ၁၈ ဇွန် ၁၉၂၅ မြန်မာပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃာ့သမဂ္ဂီအဖွဲ့ချုပ်ကြီး၏ လေးကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဂျီစီဘီအေ နိုင်ငံလုံးဆိုင်ရာ ၁၂ကြိမ်မြောက် အထူးအစည်းအဝေးကို ရွှေဘိုမြို့တွင် ကျင်းပသည်။ ထိုအစည်းအဝေး၌ ဂျီစီဘီအေ ဗဟိုအလုပ်အမှုဆောင်အဖွဲ့သစ်ကို ရွေးချယ်ရာ ဥက္ကဋ္ဌ ဦးစိုးသိမ်း၊ အတွင်းရေးမှူး ဦးမောင်ပုခေါ်

ဦးမောင်စိန်နှင့် ငွေထိမ်း ဦးထွန်းလှ တို့ ရွေးကောက် တင်မြှောက်ခံရ သည်။

[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း-၂ စာ ၅၀၃]

၂၄ – ၂၆ ဇွန် ၁၉၂၅ ဦးချစ်လှိုင် ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၂ ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံ ကို မကွေးမြို့တွင် ကျင်းပသည်။

[သခင်ဘမောင် ဝံသာနု စာ ၂၇၅-၂၈၀]

၂၇ ဇွန် ၁၉၂၅ ထားဝယ်စီရင်စုနယ် ဇဒီရွာ ဓမ္မဝဓုနဝံသာနုအသင်း အား အစိုးရက မတရားအသင်း ကြေညာ သည်။

၁။ [သူရိယသတင်းစာ ၁-၇-၁၉၂၅]

၂။ [*The Burma Gazette* *27 June 1925*]

## ဇူလိုင်လ

ဇူလိုင် ၁၉၂၅ သရာဇအသင်း (ဆွာ ရပ်ချ်/ Swaraj) ကို သူရိယဦးတုတ် ကြီး တည်ထောင်သည်။

၁။[သူရိယသတင်းစာ ၁-၈-၁၉၂၅]

၂။ [***Who's Who in Burma,1927*** *P 127*]

၃။ [ပန်းတနော်ဦးခန့် "ရွှေစာဂန္ထ-တစ် လောက" ရှုမဝမဂ္ဂဇင်း၊ ၁၉၇၀၊ ဇွန်]

## စက်တင်ဘာလ

၇ စက်တင်ဘာ ၁၉၂၅ မြန်မာနိုင်ငံ လုံးဆိုင်ရာ သရာဇအသင်း အစည်း အဝေးကို ရန်ကုန်မြို့၊ ကန်လမ်း အစိုးရအထောက်အပံ့မယူသည့် မိန်း ကလေးကျောင်းတွင် ကျင်းပသည်။ အစည်းအဝေးတွင် အမှုဆောင်များ အဖြစ်

ဥက္ကဋ္ဌ ဦးတုတ်ကြီး

ဒုဥက္ကဋ္ဌ ဝတ်လုံဦးတင်

အတွင်းရေးမှူး ဦးမောင်ကလေး

ငွေထိမ်း ဦးဘထွန်း

အဖွဲ့ဝင် ဦးမောင်မောင်

ဦးပေါ်ထွန်း

ဦးနီ

ဦးရွှေ

ဦးအေးမောင်

တို့ကို ရွေးကောက်တင်မြှောက် သည်။

[သူရိယသတင်းစာ ၈-၉-၁၉၂၅]

၂၃ စက်တင်ဘာ ၁၉၂၅ မြန်မာပြည် ဥပဒေပြုအဖွဲ့ အစည်းအဝေး၌ ဘူး အသင်းများအား မတရားအသင်းဟု အစိုးရက ကြေညာထားသည်ကို

ရတ်သိမ်းပေးရန် ဒုတိယအကြိမ် အဆိုတင်သွင်းရာ အဆိုကို ထောက်ခံသူ ၃၇ ဦး၊ ကန့်ကွက်သူ ၃၉ ဦး ရှိ၍ အဆိုထပ်မံရှုံးနိမ့်သည်။

*[ထွန်းသန်း မြန်မာပြည်နိုင်ငံရေး စာ ၁၅၇]*

*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၄၀၅]*

## အောက်တိုဘာ ၁

၆ အောက်တိုဘာ ၁၉၂၅ လှိုင်ပုကျော် ဂျီစီဘီအေ အထူးကွန်ဖရင့် အစည်းအဝေးကို တောင်ငူမြို့တွင် ကျင်းပသည်။ အစည်းအဝေးတွင် သာယာဝတီ ရှေ့နေဦးပုက လှိုင်ပုကျော် မြန်မာအသင်းချုပ်ကြီး ပြင်ပတွင် သရာဇဟုမ္မရူးအဖွဲ့ ဖွဲ့ရန် အဆိုတင်သွင်းရာ ပဲခူး ဦးကျော်မောင်က ထောက်ခံသည်။ ဦးပုအဆိုကို အားလုံးက သဘောတူ အတည်ပြုသည်။ ဟုမ္မရူးပါတီ (Home Rule Party) တည်ထောင်ရန် ဆုံးဖြတ်ပြီး နောက် ဟုမ္မရူးပါတီ အမှုဆောင်များအဖြစ်

ဥက္ကဋ္ဌ သာယာဝတီရှေ့နေဦးပု
အတွင်းရေးမှူး ဦးဘဟန်
ဘဏ္ဍာထိမ်း ဦးမောင်မောင် (တောင်ငူ)

တို့အား ရွေးကောက်တင်မြှောက်သည်။ ထို့နောက်အမှုဆောင်အဖွဲ့၏ သဘောတူညီချက်အရ ဟုမ္မရူးပါတီအဖွဲ့ကို ဦးတုတ်ကြီး၏ သရာဇပါတီနှင့် ပေါင်းရန် ဆုံးဖြတ်သည်။

၁။ *[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၈၄–၈၉]*

၂။ [***Burma Round Table Conference;*** *Yangon Govt printing, 1932 P 71:hereafter cited as* ***BRTC***]

## နိုဝင်ဘာ ၁လ

၁၇ နိုဝင်ဘာ ၁၉၂၅ မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေး နည်းစနစ်အရ ဒုတိယအကြိမ် ဥပဒေပြု လွှတ်တော် အမတ်ရွေးကောက်ပွဲ ကျင်းပသည်။

■ ရွေးကောက်ပွဲတွင် –

မြန်မာနိုင်ငံ လူဦးရေ ၁၃, ၇၇၅,၆၀၃ ဦး

ဆန္ဒမဲ ပေးနိုင်သည့် မဲစာရင်းရှိ လူဦးရေပေါင်း ၁, ၈၂၁,၂၄၇ ဦး

မဲပေးသူ ဦးရေ ၂၉၆,၁၃၄

မဲဆန္ဒပေးသည့် ရာခိုင်နှုန်း ၁၆.၂၆ %

၁။ *[ထွန်းသန်း မြန်မာပြည်နိုင်ငံရေး စာ*

၁၆၂-၃]
၂။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၈၀*]

■ရွေးကောက်ပွဲတွင် ၂၁ဦးဂျီစီဘီ အေအဖွဲ့ဝင်တို့သည် နေရှင်နယ်လစ်ပါတီမှ ပြည်သူပြည်သား ပါတီ (The People's Party) ဟု အမည်ပြောင်းလဲပြီး ရွေးကောက်ပွဲဝင်ရာ အမတ် ၂၈ ဦး အရွေးခံရသည်။
[*သူရိယသတင်းစာ ၂၄-၁၁-၁၉၂၇*]

■ ရွေးကောက်ပွဲတွင် ဂျေအေမောင်ကြီး ကြီးမှူးသော အင်ဒီပင်းဒင့် ပါတီ Independent Party ခေါ် ရွှေတောင် ကြားပါတီ (Gelden Valley party)က အမတ် ၂၀ ကျော်အရွေးခံရသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၇၉-၂၈၀*]

■ သာယာဝတီဦးပု ဦးဆောင်သည့် ဟုမ္မရူးလိဂ်ပါတီက အမတ် ၂ ဦး အရွေးခံရသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၇၉-၂၈၀*]

၂၄ နိုဝင်ဘာ ၁၉၂၅ သီပေါမင်း၏ မိဖုရားခေါင်ကြီး (စုဖုရားလတ် အသက် ၆၆) (၁၃-၁၂-၁၈၅၉ မှ ၂၄-၁၁-၁၉၂၅) ကွယ်လွန်သည်။
[*သူရိယသတင်းစာ ၂၆-၁၁-၁၉၂၅*]

ဒီဇင်ဘာ ၁လ
၁၇ ဒီဇင်ဘာ ၁၉၂၅ သီပေါမင်း၏ မိဖုရားခေါင်ကြီး စုဖုရားလတ်၏ ရုပ်အလောင်းကို ကန်တော်မင်ဥယျာဉ်အတွင်းရှိ အုတ်နန်းပြာသာဒ်အတွင်း ဂူသွင်း သင်္ဂြိုဟ်သည်။
[*သူရိယသတင်းစာ ၂၉-၁၂-၁၉၂၅*]

ဒီဇင်ဘာ ၁၉၂၅ မြန်မာနိုင်ငံတွင် နှစ်ကြိမ်မြောက် ဒိုင်အာခီ (ပူးတွဲတာဝန်ခံအုပ်ချုပ်ရေး) အစိုးရအဖွဲ့ဝင်များမှာ
၁။ ဆာဝီလီယံဂျွန်ကိတ်
ဘဏ္ဍာရေးဝန်ကြီးချုပ်
၂။ ဦးမေအောင်
ပြည်ထဲရေးဝန်ကြီးချုပ်
၃။ ဆာလီအရိန်(Sir Lee Ah Yain)
သစ်တောရေးဝန်ကြီးချုပ်
၄။ ဒေါက်တာဘရင်
ပညာရေးဝန်ကြီးချုပ်
တို့ဖြစ်သည်။
၁။[***R.A.B 1925-26*** *P 2*]
၂။[***The Burma Gazette*** *5 Dec 1925*]

ဒီဇင်ဘာ ၁ ၁၉၂၅ လော့လစ်တန် ၂ (Lord Lytton II) သည် အိန္ဒိယ ဘုရင်ခံချုပ် ရာထူးကို လက်ခံဆောင်ရွက်သည်။
[*An Advanced History of India P 1043*]

ဒီဇင်ဘာ ၁ ၁၉၂၅ ကမ္ဘောဇပဒေသ ရာဇာအသင်း စတုတ္ထအကြိမ် အစည်းအဝေး တောင်ကြီးမြို့တွင် ကျင်းပသည်။
[***R.A.B 1925-26*** *P 4* ]

၁၉၂၅ ကျုံလာဘာ ဆရာတော်ဥက္ကဋ္ဌအဖြစ် ကြီးမှူးသည့် အညမညသမ္ဗန္ဓအဖွဲ့ချုပ်ကို ဖွဲ့စည်းသည်။ ထိုသံဃအဖွဲ့ချုပ်က ဦးချစ်လှိုင် ဂျီစီဘီအေကို အသိမှတ်ပြုအားပေးသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၂၇၅*]

## ဧပြီလ

၇ – ၁၀ ဧပြီ ၁၉၂၆ မြန်မာပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃသမဂ္ဂ အဖွဲ့ချုပ်ကြီး၏ ၅ ကြိမ်မြောက် နှစ်ပတ်လည် အစည်းအဝေးနှင့် ဦးစိုးသိမ်း ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၃ ကြိမ်မြောက်ညီလာခံကို မိတ္ထီလာမြို့တွင်

၁

၉

၂

၆

ကျင်းပသည်။

*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၁၀၂–၁၁၅]*

*[ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၁၁၇]*

၂၂ ဧပြီ ၁၉၂၆ မင်းကွန်းလူအိုရဲ့ ဒ ကာမကြီး ဒေါ်ဦးဖွန်းအား အိန္ဒိယ ဘုရင်ခံချုပ်က ချီးမြှင့်လိုက်သော တိုင်းကျိုးပြည်ကျိုးဆောင်ဘွဲ့ (TPS) ဆာနဒ်စာချွန်တော်နှင့် တံဆိပ်တော် များ ပေးအပ်ပွဲ အခမ်းအနားကျင်းပ သည်။

*[ကမ္ဘောဇမြင့်လွင် နှစ် ၂၀၀ မှတ်တမ်း စာ ၂၂၁]*

၂၄ ဧပြီ ၁၉၂၆ ပင်လုံစာချုပ် လက် မှတ်ရေးထိုးသည့် စဝ်ခွန်ပန်းစိန် တောင်ပိုင်စော်ဘွား ခန့်အပ်ခံရ သည်။

[သူရိယမဂ္ဂဇင်း အတွဲ–၁၁၊ အမှတ်–၂၊ ၁၉၂၇၊ ဧပြီ၊ စာ ၅၄]

ဧပြီ ၁၉၂၆ လော့အာဝင် (Lord Irwin) သည် အိန္ဒိယ ဘုရင်ခံချုပ် ရာထူးကို လက်ခံဆောင်ရွက်သည်။

၁။ [***An Advanced History of India****P 1043*]

မေလ

၂ မေ ၁၉၂၆ လူငယ်များ ကြီးပွား ရေးအသင်း (ယခင်စာပေးစာယူမိတ် ဆက်အသင်း) တည်ထောင်သည်။

*[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၇၈–၇၉]*

*[ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၁၆၂–၇]*

မေ ၁၉၂၆ ဗြိတိသျှအစိုးရက လူခွန် တော်နှင့် သဿမေဓအခွန်တော် စုံစမ်းရေးကော်မတီ ဖွဲ့စည်းသည်။
[***The Capitation and Thathameda Taxes Enquiry Committee.***]

ဇွန်လ

၅ ဇွန် ၁၉၂၆ ပြည်ထဲရေးဝန်ကြီး ချုပ် ဦးမေအောင် မေမြို့ တွင်ကွယ် လွန်သည်။

၁။ [***Who's Who in Burma,1927*** *P 172*]

၂။ [***R.A.B 1926-27*** *P 3* ]

၃။[သူရိယမဂ္ဂဇင်း အတွဲ–၁၁၊ အမှတ်–၃၊ ၁၉၂၇၊ မေ၊ စာ ၈၆]

ဇူလိုင်လ

၂၂ ဇူလိုင် ၁၉၂၆ စဝ်ခွန်ပန်းစိန် စော်ဘွားရာထူးရပြီးနောက် မဟာ ဘိသိက် အောင်ပွဲတော် ကျင်းပ

သည်။

၃။[သူရိယမဂ္ဂဇင်း အတွဲ–၁၁၊ အမှတ်–၂၊ ၁၉၂၇၊ မေ၊ စာ ၅၄]

## စက်တင်ဘာ

၁၈ စက်တင်ဘာ ၁၉၂၆ ဘေးမဲ့ဆရာတော် ဦးရေဝတ ပျံလွန်သည်။

[ဗန္ဓုလဂျာနယ် အတွဲ–၈၊ အမှတ်–၃၊ ၁၁ ဧပြီ ၁၉၂၇ *စာ ၂၁*]

စက်တင် ဘာ ၁၉၂၆ ရွှေဘိုနယ်၌ မင်းလောင်းဗန္ဓုကရသေ့,က အင်္ဂလိပ်တို့ကို တော်လှန်ရန် လှုံ့ဆော်သည်။

[သူရိယမဂ္ဂဇင်း ၁၉၂၉၊ ဇွန်]

## အောက်တိုဘာလ

၂၀ အောက်တိုဘာ ၁၉၂၆ ဆရာတော် ဦးဝိစာရ သာယာဝတီခရိုင် ခနော ညောင်ကုန်းရွာတွင် တရားဟောသည်။

[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၂ *စာ ၁၀၅*]

၃၀ အောက်တိုဘာ ၁၉၂၆ ဆရာတော် ဦးဝိစာရ သာယာဝတီခရိုင် အင်းမရွာတွင် တရား ဟောသည်။

[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၂ *စာ ၁၀၅*]

## နိုဝင်ဘာ

၁ နိုဝင်ဘာ ၁၉၂၆ ဆရာတော် ဦးဝိစာရ ရေင်ရွာမှ အုတ်ဖိုမြို့သို့ တရားဟော ကြွရန် ကားစောင့်နေခိုက် အဖမ်းခံရသည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၂၅–၆*]

၂၂ နိုဝင်ဘာ ၁၉၂၆ ဆရာတော် ဦးဝိစာရအား သာယာဝတီအရေးပိုင်က အလုပ်မဲ့ ထောင်ဒဏ် ၂ လ အပြစ်ဒဏ်ချမှတ်သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၂၅–၆*]

၂၄ နိုဝင်ဘာ ၁၉၂၆ ပထမကျော် ဘွဲ့လက်မှတ် ဆက်ကပ်ပွဲကို ဂျူဗလီဟောတွင် ကျင်းပရာ မြန်မာနိုင်ငံဒုတိယဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ တက်ရောက်သည်။

[*တိုက်စိုး* ဂျူဗလီဟော *စာ ၁၀၁*]

ဒီဇင်ဘာ ၁၉၂၆ ကမ္ဘောဇပဒေသရာဇာအသင်း၏ ပဉ္စမအကြိမ်အစည်း အဝေးကျင်းပသည်။

[***R.A.B 1926-27*** *P 4* ]

၁၉၂၆ ဦးချစ်လှိုင် ဂျီစီဘီအေ၏

နိုင်ငံလုံးဆိုင်ရာ ၁၃ ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို မော်လမြိုင်မြို့တွင် ကျင်းပသည်။
*[သခင်ဘမောင် ဝံသာနု* စာ ၂၈၈]
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ)* စာ ၂၉၀]

**ဇန်နဝါရီလ**

၁ ဇန်နဝါရီ ၁၉၂၇ ဆရာတော် ဦးဝိစာရအား သာယာဝတီထောင်မှ လွှတ်ပေးသည်။ သို့သော် ထောင်ဗူးဝမှာပင် ဆရာတော် ဦးဝိစာရအား ဓနော ညောင်ကုန်းရွာ၌ လည်းကောင်း၊ အင်းမရွာ၌ လည်းကောင်း တရားဟောရာတွင် အစိုးရအား

၁
၉
၂
၇

အကြည်ညိုပျက်အောင် လှုံ့ဆော်ဟောပြောခြင်းကြောင့် ရာဇသတ်ပုဒ်မ ၁၂၄ (က) အရ ထပ်မံဖမ်းဆီးသည်။

[တို့ဗမာအစည်းအရုံးသမိုင်းပြုစုရေးအဖွဲ့. တို့ဗမာအစည်းအရုံးသမိုင်း (ပထမတွဲ) ရန်ကုန်၊စာပေဗိမာန်ပုံနှိပ်၊ ၁၉၇၆၊ စာ ၁၁၄ နောင်ကိုးကားလျှင် တို့ဗမာအစည်းအရုံးသမိုင်း (ပ) ဟုညွှန်းမည်]

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု) စာ ၃၂၆*]

ဇန်နဝါရီ ၁၉၂၇ ဂျေအေမောင်ကြီးအား အစိုးရက ဆာဘွဲ့ ချီးမြှင့်သည်။

[*သူရိယသတင်းစာ ၃-၁-၂၇*]

## ဖေဖော်ဝါရီလ

၉ ဖေဖော်ဝါရီ ၁၉၂၇ မြန်မာပြည်ဥပဒေပြု လွှတ်တော်အစည်းအဝေးတွင် ထောင်ကျနေသည့် ဆရာတော်ဦးဥတ္တမနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးချုပ် ဆာဂျေအေမောင်ကြီးက မရိုမသေ ပြောဆိုသဖြင့် တိုင်းပြည်ဘက်မှ အမတ်များက လွှတ်တော်မှ ထွက်ခွာသွားသည်။

[*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး *စာ ၁၆၅*]

[*ဘခိုင်* မြန်မာပြည်နိုင်ငံရေး *စာ ၇၆-၇၇*]

၁၁ ဖေဖော်ဝါရီ ၁၉၂၇ ဗန္ဓကရသေ့နှင့်နောက်လိုက်များ မြေဒူးရွာကို တိုက်ခိုက်၍ မြေဒူးရွာသူကြီးကို သတ်ဖြတ်သည်။

[UAungMyint*''**Bandaka Rising**''* The Burma Police Journal Vol I, No. II, 1962 March *P 33*: hereafter cited as UAung Myint *''**Bandaka Rising**''*]

[*သူရိယမဂ္ဂဇင်း* ၁၉၂၈၊ ဇွန်]

၂၁ ဖေဖော်ဝါရီ ၁၉၂၇ ဆရာတော်ဦးဥတ္တမ ထောင်မှလွတ်သည်။

"ဦးဥတ္တမ၏ထောင်လွတ်လက်မှတ်ပုံစံ"

[*သူရိယမဂ္ဂဇင်း* အတွဲ ၁၁၊ အမှတ် ၁၊ ၁၉၂၇၊ မတ်၊ *စာ ၁၀၃* ]

## မတ်လ

၁၉ - ၂၂ မတ် ၁၉၂၇ မြန်မာ ပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော် လုံးဆိုင်ရာ မဟာသံဃာသမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ ၆ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဦးစိုးသိမ်း ဂျီစီဘီအေ၏ ၁၄ ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံကို ပဲခူးမြို့တွင် ကျင်းပသည်။

၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၁၁၈–၁၄၅*]

၂။ [*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၁၁၇*]

## ဧပြီလ

၁၉ ဧပြီ ၁၉၂၇ မြန်မာနိုင်ငံဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ တက္ကသိုလ် ဆောက်လုပ်ရန်အတွက် အလှူငွေ ထည့်ဝင်ကြရန် မေတ္တာရပ်ခံချက် ထုတ်ပြန်သည်။

[လူထုဦးလှ *ကျွန်တော့်ဗျူရိုကရက် စာ ၈၉*]

ဧပြီ ၁၉၂၇ ဦးချစ်လှိုင် ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၄ ကြိမ်မြောက်ညီ လာခံကိုသထုံမြို့တွင် ကျင်းပသည်။

၁။[*သူရိယမဂ္ဂဇင်း* အတွဲ ၁၁၊ အမှတ် ၃၊ ၁၉၂၇၊ မေ]

၂။ [*သခင်ဘမောင် ဝံသာနု စာ ၂၈၅*]

## မေလ

၃၁ မေ ၁၉၂၇ ဆရာတော် ဦးဝိစာရ အား ပုဒ်မ ၁၂၄ (က) အရ အလုပ် ကြမ်းနှင့် ထောင်ဒဏ် ၂၁ လ ပြစ်ဒဏ် ချမှတ်သည်။ ရန်ကုန် ထောင် ပြန်အရောက်တွင် ထောင် အရာရှိတို့က သင်္ကန်းကို အတင်း ချွတ်၍ ထောင်သားတို့ ဝတ်သော န် ငယ်ပိတ်စကို ပြောင်းလဲဝတ်ဆင် ရန်ပေး၍ သင်္ကန်းမရလျှင် ဆွမ်း မစားဟု အဓိဋ္ဌာန်ပြုကာနေသည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၁၀၅*]

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၂၇*]

## ဇွန်လ

ဇွန် ၁၉၂၇ ဆာဘိုးသာ ပဉ္စမမြောက် ဂျော့ဘုရင်မွေးနေ့ အထိမ်းအမှတ် ဆာဘွဲ့ရသည်။

[*ဒီးဒုတ်ဂျာနယ်* တတိယတွဲ၊အမှတ် ၄၊ ၁၁–၆–၁၉၂၇]

## ဇူလိုင်လ

၂၄ ဇူလိုင်လ ၁၉၂၇ ဗန္ဓကရသေ့နှင့် နောက်လိုက်များ တပယင်းရဲစခန်း ကို တိုက်ခိုက်သည်။

[*သူရိယမဂ္ဂဇင်း* ဇွန်၊ ၁၉၂၉]

## ဩဂုတ်လ

၂၅ ဩဂုတ် ၁၉၂၇ တောပုန်းကြီး စံဖဲအား မောင်းမဆည်ရွာအနီး ငှက် ဖျားရောဂါဖြင့် လဲနေစဉ် ဖမ်းဆီးရမိ သည်။

[မာဂဓီသာစည် *ဗိုလ်စံဖဲ စာ ၂၂/၄၆/၅၆/ ၈၆*]

## နိုဝင်ဘာလ

၈ နိုဝင်ဘာလ ၁၉၂၇ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ်လော့အာဝင်က အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အား အုပ်ချုပ်ရေးမည်သို့ တိုးတက်ပေးသင့်ကြောင်း လေ့လာစုံစမ်းတင်ပြရန် ကော်မရှင်အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းစေလွှတ်မည်ဟု ကြေညာသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ)* စာ ၃၁၂]

၂၆ နိုဝင်ဘာ ၁၉၂၇ အိန္ဒိယနှင့် မြန်မာနိုင်ငံတို့အား အုပ်ချုပ်ရေးမည်သို့ တိုးတက်ပေးသင့်ကြောင်း စုံစမ်းရန် ဆာဂျွန်ဆိုင်မွန် (Sir John Simon) ခေါင်းဆောင်သည့် အဖွဲ့ဝင်ခုနစ်ဦးပါသော ဆိုင်မွန်ကော်မရှင်(Simon Commission)ကို ခန့်အပ်ဖွဲ့စည်းသည်။
၁။[*သူရိယရုပ်စုံသတင်းစာ(ပ)* အမှတ် ၇၊ ၂၉–၆–၁၉၃၀ စာ ၄]
၂။ [*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး စာ *၁၇၀–၁*]

၃၀ နိုဝင်ဘာ ၁၉၂၇ ဆရာတော်ဦးဝိစာရအား စိတ်နောက်နေ၍ ဆွမ်းမစားခြင်း ဖြစ်သည်ဟု စွပ်စွဲကာ ရန်ကုန်ထောင်မှ တံတားလေးအရူးထောင်သို့ ပို့သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု)* စာ *၃၂၇*]

နိုဝင်ဘာ ၁၉၂၇ ကမ္ဘောဇပဒေသရာဇာအသင်း၏ ခြောက်ကြိမ်မြောက် အစည်းအဝေးကို တောင်ကြီးမြို့တွင် ကျင်းပသည်။ ထို့နောက် မြန်မာနိုင်ငံ ဘုရင်ခံဆာဟာကုတ်ဘတ္တလာအား နှုတ်ဆက်ပွဲ ကျင်းပသည်။
[***R.A.B 1927-28*** *P 2* ]

### ဒီဇင်ဘာလ

၁၂ ဒီဇင်ဘာ ၁၉၂၇ သီပေါမင်း၏ သားမက်တော် ခင်မောင်လတ်က မြန်မာနိုင်ငံ ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာနှင့် နှစ်ဦးသဘောတူ ထိုးခုတ်သတ်ဖြတ်ရန် စိန်ခေါ်သည့်စာကို အိန္ဒိယ ဘုရင်ခံချုပ်ထံ ပေးပို့သည်။
၁။[*ဝံသာနုမြန်မာသတင်းစာ ၁၃–၁–၂၈*]
၂။[*ထင်ကြီး သတင်းစာအညွှန်း(ပ)* စာ *၁၉၂–၃*]

၂၀ ဒီဇင်ဘာ ၁၉၂၇ ဆာချားလ်စ်အလက်ဇန္ဒားအင်းနစ် (Sir Charles Alexander Innes, K-C-S-I, C-I-E,I-C-S) မြန်မာနိုင်ငံဘုရင်ခံ

ရာထူးကို လက်ခံဆောင်ရွက်သည်။
၁။[**R.A.B 1927-28** *P 2* ]
၂။[*သူရိယသတင်းစာ ၂၁-၁၂-၁၉၂၇*]

၂၁ ဒီဇင်ဘာ ၁၉၂၇ မြန်မာနိုင်ငံ ဘုရင်ခံဟောင်း ဆာဟာကုတ်ဘတ္တလာ အင်္ဂလန်နိုင်ငံသို့ ပြန်သည်။
[*သူရိယသတင်းစာ ၂၁-၁၂-၁၉၂၇*]

**ဖေဖော်ဝါရီလ**

၃ ဖေဖော်ဝါရီ - ၃၁ မတ် ၁၉၂၈ ဆာဂျွန်ဆိုင်မွန် ခေါင်းဆောင်သော ဆိုင်မွန်ကော်မရှင် အိန္ဒိယနိုင်ငံတွင် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်။
၁။[*သူရိယရုပ်စုံသတင်းစာ(ပ) အမှတ် ၇၊ ၂၉-၆-၁၉၃၀ စာ ၄*]

၄ - ၆ ဖေဖော်ဝါရီ ၁၉၂၈ မြန်မာပြည် သမ္မာသမ္ဗုဒ္ဓ သာသနာတော်

**၁**

**၉**

**၂**

**၈**

လုံးဆိုင်ရာ မဟာသံဃာသမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ ၇ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဦးစိုးသိမ်း ဂျီစီဘီအေ၏ ၁၅ ကြိမ်မြောက် နှစ်ပတ်လည် ညီလာခံကို ပဲခူးမြို့တွင် ကျင်းပသည်။

ညီလာခံတွင် ဒီစတြိတ်နယ်များ၌ လူခွန်တော်နှင့် သဿမေဓ အခွန်တော်များ ကောက်ခံရာ၌ အစိုးရအရာရှိများနှင့် စစ်ဘက်ဆိုင်ရာ အရာရှိတို့က နှိပ်စက်ကလူပြုမှုခြင်းများကို စုံစမ်းရန် ဆုံးဖြတ်ချက်ချပြီး ဆရာစံဥက္ကဋ္ဌအဖြစ် ပါဝင်သော စုံစမ်းရေးကော်မတီ ဖွဲ့စည်းသည်။
[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၃ *စာ ၁၄၈–၁၆၆/၄၇၈*]

၂၅ ဖေဖော်ဝါရီ ၁၉၂၈ ဆရာစံဦးဆောင်သော စုံစမ်းရေးကော်မတီသည် သာယာဝတီ၊ ဖျာပုံ၊ ပြည်၊ ကသာ၊ ရွှေဘို၊ မုံရွာ၊ သရက်နှင့် အင်းစိန် စီရင်စုများသို့ သွားရောက်ပြီး ဖေဖော်ဝါရီမှ ဇူလိုင်လ အထိ စုံစမ်းစစ်ဆေးသည်။
[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၃ *စာ ၄၇၈*]

■ ဆရာတော် ဦးဝိစာရအား အိန္ဒိယနိုင်ငံ ကလကတ္တားသို့ သင်္ဘောဖြင့် ခေါ်သွားပြီး ဘင်္ဂလားနယ် မစ်နာပူ (Midnapur) ထောင်သို့ ပို့သည်။
၁။ [*သခင်ချစ်မောင် (မြန်အောင်)* "သူရဲကောင်းအရှင်ဦးဝိစာရ" *မြဝတီမဂ္ဂဇင်း၊* ၁၉၇၀၊ ဇန်နဝါရီ]
၂။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၂၈*]

## ဧပြီလ

၆ – ၈ ဧပြီ ၁၉၂၈ ဦးချစ်လှိုင် ဂျီစီဘီအေ၏ ၁၅ ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို အင်းစိန်ခရိုင် သနပ်ချောင်းရွာတွင် ကျင်းပသည်။
[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၃ *စာ ၁၇၁–၁၉၂*]

၁၁ ဧပြီ ၁၉၂၈ တောပုန်းကြီးစံဖဲကို မြင်းခြံထောင်တွင် ကြိုးပေး သတ်ဖြတ်သည်။
[မာဂဓီသာစည် *ဗိုလ်စံဖဲ စာ ၈/၂၃/၄၇/၅၆*]

## မေလ

၁ မေ ၁၉၂၈ ဒိုင်အာခီအစိုးရအဖွဲ့ ဘဏ္ဍာရေးဝန်ကြီး ဆာဝီလံဂျွန်ကိတ်၏ ရာထူးနေရာတွင် မစ္စတာ စမစ်

(Samuel Andrew Smyth C.S.I, I.C.S) ဆက်ခံသည်။
[***R.A.B 1928-29*** *P 2*]

## စက်တင်ဘာ ၁လ

စက်တင်ဘာ ၁ ၁၉၂၈ ဗန္ဓကရသေ့ကို ဖမ်းဆီးရမိသည်။
[UAung Myint *''**Bandaka Rising**'' P 34*]

## အောက်တိုဘာ ၁လ

၂၂ အောက်တိုဘာ ၁ ၁၉၂၈ ဆရာတော် သံဃာတော်များအစည်းအဝေး ကျင်းပပြီး အမျိုးသားခေါင်းဆောင်များ သွေးစည်းညီညွတ်စွာဖြင့် အမျိုးသားလွတ်မြောက်ရေး ကြိုးပမ်းကြရန် သံဃာနှင့်လူပုဂ္ဂိုလ်များ ပူပေါင်းပါဝင်သည့် စတုဒိသာတစ်ရာ ကော်မတီဖွဲ့စည်းရန် ဆုံးဖြတ်သည်။
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၂၁၇*]
၂။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၁၀–၃၁၁*]

အောက်တိုဘာ ၁ ၁၉၂၈ အမျိုးသားပါလီမန်အဖွဲ့ (National Parliamentary Organization)ကို ဝတ်လုံဦးနီနှင့် ဦးဘစိုးတို့ ဦးစီး တည်ထောင်သည်။
၁။[***B.R.T.C.*** *P 72*]
၂။[***R.A.B 1928-29*** *P 11* ]
၃။[*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၂၇၃*]
၄။[*ကြည်ညွန့် သမိုင်းဝင်သူရိယမြန်မာ့အလင်း စာ ၁၇၉*]

## နိုဝင်ဘာ ၁လ

၂ နိုဝင်ဘာ ၁ ၁၉၂၈ မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေး စနစ်အရ တတိယအကြိမ် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကျင်းပသည်။ ရွေးကောက်ပွဲတွင် ပြည်သူပြည်သား ပါတီက အမတ် ၄၀ ဦး၊ ရွှေတောင်ကြားပါတီက အမတ် ၁၂ ဦး အရွေးခံရသည်။

■ ရွေးကောက်ပွဲတွင် –

မြန်မာနိုင်ငံ လူဦးရေ ၁၄, ၂၁၄,၄၁၄ ဦး

ဆန္ဒမဲ ပေးနိုင်သည့် မဲစာရင်းရှိ လူဦးရေပေါင်း ၂,၀၂၀,၄၁၈ ဦး

မဲပေးသူ ဦးရေ ၄၀၄,၀၈၃

မဲဆန္ဒပေးသည့် ရာခိုင် နှုန်း ၂၀ %

၁။[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၂၁၇*]
၂။ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း*

*(ပ) စာ ၃၁၀–၃၁၁]*
၃။[*Furnivall*, ***Colonial Policy and Practice*** *P 164* ]
၄။[***Report and Proceedings of the Indian Statutory Commission***, *1930,XI , PP 580-1* ]

၁၉ နိုဝင်ဘာ ၁၉၂၈ အိန္ဒိယ ဘုရင်ခံချုပ် လော့အာဝင်နှင့် ဇနီးလေဒီအာဝင် ရန်ကုန်မြို့သို့ ရောက်ရှိသည်။
*[သူရိယသတင်းစာ ၂၀–၁၁–၁၉၂၈]*

၂၄ နိုဝင်ဘာ ၁၉၂၈ အိန္ဒိယ ဘုရင်ခံချုပ် လော့အာဝင် တောင်ကြီးမြို့တွင် ဒါဘာပွဲကျင်းပရာ ရှမ်းစော်ဘွားများ တက်ရောက်သည်။
[***R.A.B 1928-29*** *P 4* ]
၃၀ နိုဝင်ဘာမှ ၇ ဒီဇင်ဘာ ၁၉၂၈ ကမ္ဘောဇပဒေသ ရာဇာအသင်း၏ ၇ ကြိမ်မြောက် အစည်းအဝေး ကျင်းပသည်။
[***R.A.B 1928-29*** *P 4* ]

ဒီဇင်ဘာ ၁လ

၅ ဒီဇင်ဘာ ၁၉၂၈ ဗိုလ်ချုပ်မှူးကြီး စောမောင် (နောင် ပြည်ထောင်စုမြန်မာနိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့အစိုးရဥက္ကဋ္ဌ) [၁၉၂၈–၁၉၉၇]ကို မန္တလေးမြို့တွင် ဦးမောင်ကလေး၊ ဒေါ်မှတ် မိဘနှစ်ပါးမှ မွေးဖွားသည်။
[ပထမအကြိမ် ပြည်သူ့လွှတ်တော်သို့ ထပ်မံရွေး ချယ်တင်မြှောက်ခြင်းခံရသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်းအကျဉ်း ချုပ်(မန္တလေးတိုင်း) ၁၉၇၇ စာ ၁၅]

၉ ဒီဇင်ဘာ ၁၉၂၈ အမ်အေဦးမောင်ကြီးသည် မြန်မာပြည်နှင့်အိန္ဒိယပြည် ခွဲခွာရေးအသင်း ဖွဲ့စည်းရန် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ခွဲခွာရေးအသင်း (The Separation League)ကိုဖွဲ့စည်းသည်။ အသင်း၏ ခေတ္တအကျိုးဆောင်အဖွဲ့ကို ဖွဲ့စည်းရာ
ဥက္ကဋ္ဌ စက်သူဌေးဦးဘိုးတက်
အကျိုးဆောင် သူရိယဦးသိမ်းမောင်
အမှုဆောင် အမ်အေဦးမောင်ကြီး
အပါအဝင် ပုဂ္ဂိုလ် ၂၁ ဦးကို ရွေးကောက်တင်မြှောက်သည်။
၁။ *[သူရိယသတင်းစာ ၁၁–၁၂–၂၈]*
၂။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၉၄*]

၁၁ ဒီဇင်ဘာ ၁၉၂၈ အိန္ဒိယဘုရင်ခံချုပ် လော့အာဝင်က ဆာဟာကုတ်

ဘတ္တလာ၏ကျောက်ရုပ်အား အခမ်းအနားဖြင့် ဖွင့်လှစ်သည်။
*[သူရိယသတင်းစာ ၁၃-၁၂-၂၈]*

၂၀ ဒီဇင်ဘာ ၁၉၂၈ မြန်မာနိုင်ငံ သုံးကြိမ်မြောက် ဒိုင်အာခီ ( ပူးတွဲ တာဝန်ခံ) အစိုးရဖွဲ့စည်းသည်။
အစိုးရ အဖွဲ့ဝင်များမှာ
၁။ ဆင်မြူရယ်အင်ဒရူးစမစ်
ဘဏ္ဍာရေးဝန်ကြီးချုပ်
၂။ ဆာဂျေအေမောင်ကြီး
ပြည်ထဲရေးဝန်ကြီးချုပ်
၃။ ဆာလီအရိန်
သစ်တောရေးဝန်ကြီးချုပ်
၄။ ဦးဘတင်
ပညာရေးဝန်ကြီးချုပ် တို့ဖြစ်သည်။
၁။[***R.A.B 1928-29*** *P 3*]
၂။ *[ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း-၃ စာ ၂၁၈]*

## ဇန်နဝါရီလ

၁၃ ဇန်နဝါရီ ၁၉၂၉ ဆူးလေဘုရားလမ်း (ယခု မဟာဗန္ဓုလပန်းခြံနှင့် မျက်နှာချင်းဆိုင်) နေရှင်နယ်မော်တော်ကုမ္ပဏီ အဆောက်အအုံ၌ ခွဲခွာရေး အသင်းကြီး၏ သင်းလုံးကျွတ် အစည်းအဝေး ကျင်းပသည်။
*[သူရိယသတင်းစာ ၁၄-၁-၂၉ အချပ်ပို (ဋ)]*

၂၂ ဇန်နဝါရီ ၁၉၂၉ ဒုတိယ

# ၁
# ၉
# ၂
# ၉

အင်္ဂလိပ်–မြန်မာစစ်အတွင်း ကျဆုံးခဲ့သည့် ဗြိတိသျှအရာရှိသုံးဦးနှင့် စစ်သားတစ်ဦး၏ သင်္ချိုင်းများကို ရွှေတိဂုံစေတီတော် အနောက်ဘက်ကုန်းတော်ပေါ်မှ ကန်တော်မင်သင်္ချိုင်းသို့ ပြောင်းရွှေ့သည်။

[ ***Burma Year Book 1930*** *P1*]

၂၉ ဇန်နဝါရီ ၁၉၂၉ ဆာဂျွန်ဆိုင် မွန်ခေါင်းဆောင်သော ဆိုင်မွန်ကော်မရှင် ကလကတ္တားမှ ရန်ကုန်မြို့သို့ ရောက်ရှိသည်။

[ ***Burma Year Book 1930*** *P1*]

■ ဦးစိုးသိမ်း ဂျီစီဘီအေက ဆိုင်မွန်ကော်မရှင်အား သပိတ်မှောက် ဆန္ဒပြပွဲ ကျင်းပသည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ပ) စာ ၃၁၃*]

၃၁ ဇန်နဝါရီ ၁၉၂၉ ဆိုင်မွန်ကော်မရှင်၏ စုံစမ်းစစ်ဆေးမှုများ စတင်သည်။

[ ***Burma Year Book 1930*** *P1*]

## ဖေဖော်ဝါရီလ

၁၃ ဖေဖော်ဝါရီ ၁၉၂၉ စတုဒီသာတစ်ရာ ကော်မတီအဖွဲ့ အုပ်ချုပ်ရေး

ဆရာတော်ကြီးများက ယင်းကော်မတီတစ်ခုလုံးကို ပယ်ဖျက်ရပ်စဲလိုက်ကြောင်း ကြေညာသည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၂၁၆*]

၁၄ ဖေဖော်ဝါရီ ၁၉၂၉ဆရာတော်ဦးဝိစာရအား ကလကတ္တားမှ ရန်ကုန်ထောင်သို့ ပြန်ပို့သည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၂၉*]

၁၅ ဖေဖော်ဝါရီ ၁၉၂၉ ဆိုင်မွန်ကော်မရှင် ရန်ကုန်မြို့မှ မဒရပ်မြို့သို့ ပြန်လည်ထွက်ခွာသည်။
[ ***Burma Year Book 1930*** *P1*]

၂၈ ဖေဖော်ဝါရီ ၁၉၂၉ ဆရာတော်ဦးဝိစာရ အကျဉ်းကျခံရက် စေ့၍ထောင်မှ လွတ်သည်။
[*သခင်ဘမောင် ဝံသာနု စာ ၃၀၄*]

မတ်လ

၈ မတ် ၁၉၂၉ မဟာတ္တမဂန္ဒီ ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[ ***Burma Year Book 1930*** *P1*]

၉ မတ် ၁၉၂၉ မဟာတ္တမဂန္ဒီ အား ရန်ကုန်မြို့တော်ဝန်က ဧည့်ခံကြိုဆိုသည်။
[ဂန္ဒီနှစ်တစ်ရာပြည့်မွေးနေ့စာစောင် *စာ ၄*]

၉ မတ် ၁၉၂၉ မဟာတ္တမဂန္ဒီ ဂျူဗလီဟော ဧည့်ခံပွဲ တက်ရောက်သည်။
[*တိုက်စိုး ဂျူဗလီဟော စာ ၁၁၂–၃*]

၁၅ မတ် ၁၉၂၉ ဆရာတော်ဦးဝိစာရ ဟံသာဝတီခရိုင်၊ သုံးခွမြို့နယ်၊ ဖရုံကန်ရွာ၌ အင်္ဂလိပ်အစိုးရ ဆန့်ကျင်ရေး "မကြောက်တရား" ဟောပြောသည်။
၁။[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၁၀၆*]
၂။ [*သခင်ဘမောင် ဝံသာနု စာ ၃၀၄*]

၂၁ မတ် ၁၉၂၉ မဟာတ္တမဂန္ဒီ အိန္ဒိယနိုင်ငံ ကလကတ္တားမြို့သို့ ပြန်လည်ထွက်ခွာသည်။
[ ***Burma Year Book 1930*** *P1*]

၂၄ –၂၇ မတ် ၁၉၂၉ မြန်မာပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃာသမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ ၈ ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ဦးစိုးသိမ်း ဂျီစီဘီအေ၏ ၁၆ ကြိမ်မြောက် နှစ်ပတ်

လည် ညီလာခံကို တောင်ငူမြို့တွင် ကျင်းပသည်။

၂၉ မတ် ၁၉၂၉ ဦးချစ်လှိုင် ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၆ ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို ဂျူဗလီဟောတွင် ကျင်းပသည်။
[ ***Burma Year Book 1930*** *P1*]

မတ်လ ၁၉၂၉ တောင်ငူတွင် ကျင်းပသည့် ဦးစိုးသိမ်း ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ညီလာခံမှ မကျေနပ်၍ထွက်သွားကြသော စစ်ကိုင်းတောင်ရိုးရေဦးဆရာတော် ဦးဩဘာသအမှူးပြုသည့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့က စင်ပြိုင်အစည်းအဝေးပြုလုပ်ပြီး ဂျာမနီပြန် ဦးစုအား သမ္မတဥက္ကဋ္ဌ တင်မြှောက်ကာ ဂျီစီဘီအေအသင်း ထပ်မံတည်ထောင်ရာမှ ဦးစုဂျီစီဘီအေအသင်း ပေါ်ပေါက်လာသည်။
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၂၄၃–၂၅၂*]
၂။ [*သခင်ဘမောင် ဝံသာနု စာ ၃၀၀*]

## ဧပြီလ

၆ ဧပြီ ၁၉၂၉ ဆရာတော် ဦးဝိစာရအား ဗြိတိသျှအစိုးရက ဖမ်းဆီးသည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၁၀၇*]

၁၇ ဧပြီ ၁၉၂၉ ဆရာတော် ဦးဝိစာရက ထောင်အတွင်း သင်္ကန်းဝတ်ခွင့်နှင့် ဥပုသ်ပြုခွင့်ရရေးအတွက် အစာငတ်ခံဆန္ဒပြသည်။
[*သခင်ဘမောင် ဝံသာနု စာ ၃၀၅*]

## မေလ

၁ မေ ၁၉၂၉ ရွှေဘိုစက်ရှင်တရားသူကြီးရုံးက ဗန္ဓကရသေ့ပုန်ကန် ထကြွမှုနှင့် ပတ်သက်၍ ၆၉ ဦးအား ဖမ်းဆီးထားသည့်အနက် ၁၄ ဦးမှ ပြစ်မှုမထင်ရှား၍ လွှတ်ပစ်ပြီး ၅၅ ဦးအား ဗြိတိသျှအစိုးရ တော်လှန်ပုန်ကန်မှုဖြင့် စွဲချက်တင် စစ်ဆေးခဲ့သည်။ ထိုအနက် ၄၀ ဦးအား ပြစ်မှုကျူးလွန်ကြောင်း ဆုံးဖြတ်၍ သေဒဏ်တစ်ဦး၊ ဗန္ဓကရသေ့အပါအဝင် ၂၆ ဦးအား ထောင်ဒဏ် တစ်သက်တစ်ကျွန်း၊ ၁၃ ဦးအား ထောင်ဒဏ် ၇ နှစ် အသီးသီးကျခံရန်စီရင်ချက်ချမှတ်သည်။
[ ***Burma Year Book 1930*** *P2*]

## ဇွန်လ

၇ ဇွန် ၁၉၂၉ ရမ်းဆေးမက္ကဒေါ်နယ် (J Ramsay MaC donald) သည် အင်္ဂလန် ဝန်ကြီးချုပ်ရာထူးတွင် တာဝန်ထမ်းဆောင်သည်။
[***Prominent People*** *P 118*]

၂၂ ဇွန် ၁၉၂၉ အမျိုးသားရဲတပ်ခေါ် မြန်မာပြည် အမျိုးသား အပျော်တမ်း ရဲတပ်ကို ဆာမောင်ကြီးက ဦးဆောင်ဖွဲ့စည်းသည်။
[နတ်မောက်ဘုန်းကျော် *အမျိုးသားအပျော်တမ်းရဲတပ်ဖွဲ့သမိုင်း လက်နှိပ်စက်မူ*]

၂၈ ဇွန် ၁၉၂၉ ဆရာတော် ဦးဝိစာရအား ၆ နှစ် တစ်ကျွန်းပို့ဒဏ် စီရင်ချက် ချမှတ်သည်။
[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၂ စာ ၁၀၇*]

## ဩဂုတ်လ

၂၅ ဩဂုတ် ၁၉၂၉ ရန်ကုန်မြို့တွင် လူထုအစည်းအဝေးကျင်းပ၍ ဆရာတော် ဦးဝိစာရ တောင်းဆိုသည့် သင်္ကန်းဝတ်ရုံခွင့်နှင့် ဥပုသ်ပြုခွင့်သည် ဝိနည်းတော်နှင့်အညီဖြစ်သောကြောင့် လိုက်လျောသင့်ကြောင်း ဆုံးဖြတ်သည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၃၁*]

## စက်တင်ဘာလ

၁၉ စက်တင်ဘာ ၁၉၂၉ မြန်မာ့အမျိုးသား နိုင်ငံရေး နိုးကြားလာအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အာဇာနည် အရှင် ဦးဝိစာရသည် ထောင်အတွင်း ဥပုသ်သီတင်းပြုခွင့် မရသဖြင့် အစာငတ်ခံ ဆန္ဒပြရာမှ (၁၆၆ ရက်အကြာ) ပျံလွန်တော်မူသည်။
၁။ [*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း– ၂ စာ ၉၆*]
၂။ [***Burma Year Book 1930*** *P.3*]

၂၀ စက်တင်ဘာ ၁၉၂၉ ထောင်အမှုထမ်းများက ဆရာတော်ဦးဝိစာရ အလောင်းတော်အား ကျွန်းသားခေါင်းတွင် ထည့်၍ ဆရာတော် ဦးဝိစာရ ယခင်က သီတင်းသုံး နေထိုင်ခဲ့သော ကြည့်မြင်တိုင် ဥယျာဉ်တိုက် တွဲတေးကျောင်းသို့ ပို့သည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၃၅*]

## နိုဝင်ဘာလ

၂၇ နိုဝင်ဘာ ၁၉၂၉ မြန်မာနိုင်ငံဘုရင်ခံ ဆာချား(လ်) အင်းနစ်က ရွှေတိဂုံစေတီ ကုန်းတော်သည် စစ်ဘက်နှင့်မသက် ဆိုင်တော့၍ ခံတပ်

စာရင်းမှပယ်ဖျက်လိုက်သည့် အတွက် ရွှေတိဂုံစေတီတော် ကုန်းတော်တစ်ခု လုံး သာသနာနယ်မြေအဖြစ် လွတ်လပ်စွာ တည်ရှိလာသည်။
[*ဦးသိမ်းမောင်* ရန်ကုန်ရာဇဝင်သမိုင်း (ဒုတိယအကြိမ်)၊ ရန်ကုန်၊ ဇွဲပုံနှိပ်၊ ၁၉၆၃၊ စာ ၂၁၉၊ နောင်ကိုးကားလျှင် *ဦးသိမ်းမောင်* ရန်ကုန်ရာဇဝင် ဟုညွှန်းမည်]

## ဒီဇင်ဘာ ၁လ

၉ – ၁၄ ဒီဇင်ဘာ ၁၉၂၉ ကမ္ဘောဇ ပဒေသရာဇာ အသင်း၏ ၈ ကြိမ် မြောက်အစည်းအဝေး ကျင်းပသည်။
[***R.A.B 1929-30*** *P 4* ]

၁၉၂၉ အာဇာနည် ကိုထွေးကို မန္တလေးမြို့ မြောက်ပြင် သိပ္ပံရပ်တွင် ဦးကိုကိုလေး၊ ဒေါ်မင်းရီ မိဘနှစ်ပါးမှ မွေးဖွားသည်။
[အာဇာနည်ကြီးများ၏ အတ္ထုပ္ပတ္တိ *စာ ၂၃*]

၁၉၂၉ မြန်မာနိုင်ငံလုံးဆိုင်ရာ ကရင်အမျိုးသားများ အဖွဲ့ချုပ် (Burma Karen National Association B.K.N.A)ကို ကရင်ဗုဒ္ဓဘာသာ ဆရာတော် ဦးပဏ္ဏဝံသ၊ စောဘသက်ရွှေနှင့်စောဖေသာတို့ ဦးဆောင်၍တည်ထောင်သည်။
[*ဆရာသာထို* ကရင်နှင့်နိုင်ငံရေးပြဿနာ ရန်ကုန်၊ ကရင်အမျိုးသားအစည်းအရုံး ဌာနချုပ်၊ ၁၉၄၈၊ စာ ၆၅–၆၉]
[*ဦးသန့်* ပြည်တော်သာခရီး (ဒုတိယတွဲ) ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၆၁၊ စာ ၇၅]

## ဇန်နဝါရီလ

ဇန်နဝါရီ ၁၉၃၀ ဗြိတိသျှအစိုးရက ရွှေတိဂုံစေတီတော်ပေါ်ရှိ အနောက်ဘက်မုခ်ခံတပ်နှင့် စစ်တပ်ကို ရွှေ့ပေးသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု) စာ ၃၅၆*]

## ဖေဖော်ဝါရီလ

၆ ဖေဖော်ဝါရီ ၁၉၃၀ ဆရာတော် ဦးဝိစာရ ရုပ်အလောင်းတော်အား

၁
၉
၃
၀

သင်္ကြိုဟ်ရန် ဥယျာဉ်တိုက်မှ ရွှေတိဂုံ စေတီ အနောက်မုခ်သို့ ရွှေ့ပြောင်းသည်။
[*ဒေါ်အမာ* ရွှေရိုး၊ ဘ ကလေး(ပ) *စာ ၁၆၀*]

၁၃ ဖေဖော်ဝါရီ ၁၉၃၀ ဦးစုရှိစိဘီ အေ၏ နိုင်ငံလုံးဆိုင်ရာ ၁၇ ကြိမ်မြောက်ညီလာခံကို စဉ့်ကိုင်မြို့သက်လွှတ်စေတီအနီးတွင် ကျင်းပသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု)* *စာ ၃၃၉*]

## မတ်လ

၂ မတ် ၁၉၃၀ ရွှေတိဂုံအနောက်ဘက်မုခ် စောင်းတန်းဖွင့်ပွဲ ကျင်းပသည်။
၁။ [*သူရိယသတင်းစာ ၃-၃-၃၀*]
၂။ [*ကြည်ညွန့်* သမိုင်းဝင်သူရိယမြန်မာ့အလင်း စာ ၁၀၇]

## ဧပြီလ

၁၀ – ၁၂ ဧပြီ ၁၉၃၀ မြန်မာပြည်သမ္မာသမ္ဗုဒ္ဓ သာသနာတော်လုံးဆိုင်ရာ မဟာသံဃာသမဂ္ဂီ အဖွဲ့ချုပ်ကြီး၏ ၉ ကြိမ်မြောက် နှစ်ပတ်လည်အစည်း အဝေးနှင့် ဦးစိုးသိမ်း ဂျီစီဘီ အေ၏၁၇ကြိမ်မြောက် နှစ်ပတ်လည်ညီလာခံကို မန္တလေးမြို့ ချမ်းမြသာ

စည်၊ ရှင်ပင်အုန်းအင်း ဘုရားအနီးတွင် ကျင်းပသည်။

[*ဟန်တင် မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၂၉၄–၂၉၉*]

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၁) စာ ၃၃၈*]

## မေလ

၅ မေ ၁၉၃၀ မြန်မာနိုင်ငံ၌ မကြုံဖူးသော မြေငလျင်ကြီး လှုပ်မှုကြောင့် ရန်ကုန်နှင့် ပဲခူးမြို့များတွင် တိုက်အများပြိုကျ၍ အိမ်များ မီးလောင်သည်။ ရွှေတိဂုံစေတီ စိန်ဖူးကျိုးသည်။ လူပေါင်း ၅၀၀ ခန့်သေကြေပျက်စီးသည်။ ပဲခူးရွှေမော်ဓောဘုရား ၁၉၁၇ ခုနှစ် ငလျင်ကြောင့် ပြိုကျပြီးနောက်ယခု ဒုတိယအကြိမ် ပစ္စယာသုံးဆင့်အထိ ပြိုကျသည့်အတွက်၁၉၁၇ ငလျင်ထက် အပျက်အစီး ပိုများသည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၂၊ ၁၉၃၁၊ ဧပြီ၊ စာ ၂*]

[*ဦးလှဖေဝင်း ရွှေမော်ဓောသမိုင်းသစ်* ရန်ကုန်။ ရှမဝပုံနှိပ်၊ ၁၉၅၄။ *စာ ၂* ]

၁၂ မေ ၁၉၃၀ ဆိုင်မွန်ကော်မရှင်က ကော်မရှင်အဖွဲ့၏စုံစမ်းစစ်ဆေးချက်နှင့်တကွအကြံပေးချက်ကို လက်မှတ်ထိုးသည်။

[*သူရိယရုပ်စုံသတင်းစာ ပထမတွဲ၊ အမှတ် ၈၊ ၆–၇–၃၀၊ စာ ၁၅–၁၆ နောင်ကိုးကား လျှင်သူရိယရုပ်စုံသတင်းစာ ပထမတွဲ၊ အမှတ် ၈၊ ၆–၇–၃၀ ဟုညွှန်းမည်*]

၂၆ မေ ၁၉၃၀ ရန်ကုန်မြို့တွင် ကုလား–မြန်မာ အဓိကရုဏ်းဖြစ်ပွားရာ လူ ၁၀၀ ကျော်ခန့် သေဆုံးသည်။

၁။[**R.A.B 1929-30** P XI ]

၂။[**R.A.B 1930-31** P X ]

၃။[*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၁၅၅*]

၃၀ မေ ၁၉၃၀ တို့ဗမာအစည်းအရုံးက မြန်မာပြည်သူလူထုကို တပ်လှန့်လှုံ့ဆော်လိုက်သည့် နိုင်ငံပြု စာစုအမှတ် ၁ ကို ထုတ်ဝေသည်။ ထို့ကြောင့် တို့ဗမာအစည်းအရုံးစတင်ထူထောင်သော နေ့ကို ၃၀ မေ ၁၉၃၀ ဟုအသိအမှတ်ပြုခဲ့ကြသည်။ အစဦးဆုံး တို့ဗမာအစည်းအရုံး အမှုဆောင်များမှာ –

ဥက္ကဋ္ဌ သခင်ဘသောင်း၊

အတွင်းရေးမှူး သခင်သိန်းမောင်၊

အဖွဲ့ဝင်များမှာ သခင်ဘတင်၊ သခင်ထွန်းရွှေ၊ သခင်ဟန်၊ သခင်လှဘော်၊ သခင်သိန်းဟန်တို့ ဖြစ်ကြသည်။

[*တို့ဗမာအစည်းအရုံးသမိုင်း(ပထမတွဲ)* စာ ၁၂၇ ]

## ဇွန်လ

၁၀ ဇွန် ၁၉၃၀ ဆိုင်မွန်ကော်မရှင်၏ အစီရင်ခံစာ ပထမတွဲကို ထုတ်ပြန်သည်။

[*သူရိယရုပ်စုံသတင်းစာ* ပထမတွဲ၊ အမှတ် ၈၊ ၆-၇-၁၉၃၀၊ *စာ ၁၅-၁၆*]

၂၄ ဇွန် ၁၉၃၀ ဆိုင်မွန်ကော်မရှင် အစီရင်ခံစာ ဒုတိယတွဲကို အိန္ဒိယနိုင်ငံနှင့် အင်္ဂလန်နိုင်ငံတွင် တစ်ပြိုင်နက်တစ်ချိန်တည်း ထုတ်ပြန်ကြေညာသည်။ ဆိုင်မွန်ကော်မရှင် အစီရင်ခံစာတွင် မြန်မာနိုင်ငံအတွက် အကြံပေးချက်များမှာ

၁။ မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံ တစ်ခါတည်းခွဲရန်။

၂။ ခွဲခွာပြီးလျှင် အုပ်ချုပ်ရေး ဥပဒေ စီမံရန် မြန်မာပြည်အတွက် သီးသန့်စုံစမ်းရန်။

၃။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ နှစ်နိုင်ငံအတွက် ကုန်ကူးသန်းရောင်းဝယ်ရေး စည်းကမ်းသတ်မှတ်ချက်ထားရန်။

၄။ မြန်မာပြည်ကို ဘုရင်ခံ တစ်ဦးက အုပ်ချုပ်ရန်။

၅။ ထိုဘုရင်ခံမှာ အိန္ဒိယနိုင်ငံ ဘုရင်ခံချုပ် လက်အောက်ခံ မဖြစ်ရန်။

၆။ အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံ ပြဿနာပေါ်ပေါက်က ဆင်းမလားမြို့တွင် မဆုံးဖြတ်ဘဲ လန်ဒန်မြို့တွင် ဆုံးဖြတ်ရန်-

တို့ဖြစ်သည်။

[*သူရိယရုပ်စုံသတင်းစာ* ပထမတွဲ၊ အမှတ် ၈၊ ၆-၇-၁၉၃၀၊ *စာ ၁၅-၁၆*]

■ ရန်ကုန်ဗဟိုထောင် ထကြွမှုဖြစ်၍ စစ်ပုလိပ်တပ်က နှိမ်နင်းရာ အကျဉ်းသား ၃၆ ဦးသေဆုံး ပြီး ၆၀ ဦး ဒဏ်ရာရသည်။စစ်ပုလိပ်များအနက် သော့ကိုင်နှင့် စစ်ယာဉ်မောင်းသူ၊ ထောင်ကြပ် ၇ ဦး၊ စစ်ပါရီတစ်ဦးနှင့် ဟာဗေဒါ တစ်ဦး သေဆုံးသည်။

၁။ [***R.A.B 1929-30*** *P XI* ]

၂။[*ဘခိုင် မြန်မာပြည်နိုင်ငံရေး* စာ ၁၅၉]

၃။[*Morris Collics,* ***Into Hidden Burma,*** *London, Faber & Faber 1953, P 184*]

## ဇူလိုင်လ

၁၉ ဇူလိုင် ၁၉၃၀ ဝိုင်အမ်ဘီဆရာတင် ရေးစပ်သည့် တို့ဗမာသီချင်းကို ရန်ကုန်တက္ကသိုလ် သထုံဆောင် သဟာယနှင့် စာဖတ်ခန်းမတွင် သီ

ဆိုသည်။

[*အိုးဝေ၏*ရွှေရတုသဘင်လက်ရွေးစင်၊ ရန်ကုန်၊ စည်ပင်သာယာပုံနှိပ်၊ ၁၉၇၁၊ *စာ ၅၆*၊ နောင်ကိုးကားလျှင် *အိုးဝေရွှေရတုသဘင်* ဟုညွှန်းမည်။]

၂၀ ဇူလိုင် ၁၉၃၀ တို့ဗမာသီချင်း ကို ရွှေတိဂုံစေတီတော် ရာဟုထောင့် ဇရပ်တွင် သီဆိုသည်။

[*တို့ဗမာအစည်းအရုံးသမိုင်း* (ပ)*စာ ၁၃၄*]

## ဩဂုတ်လ

၄ ဩဂုတ် ၁၉၃၀ ကန္တာရဝတီစော်ဘွား စောခွန်လီ (Saw Hkun Li) ကွယ်လွန်သည်။

[***R.A.B 1930-31*** *P 6* ]

၁၂ ဩဂုတ် ၁၉၃၀ မြန်မာနိုင်ငံ ဘုရင်ခံ ဆာချားလ်စ်အင်းနစ် အင်္ဂလန်နိုင်ငံသို့ ခွင့်နှင့်ပြန်စဉ်အတွင်း ပြည်ထဲရေးဝန်ကြီးချုပ် ဆာဂျေအေမောင်ကြီး ခေတ္တဘုရင်ခံအဖြစ် တာဝန်ယူဆောင်ရွက်သည်။

[***R.A.B 1930-31*** *P 6* ]

၂၀ ဩဂုတ် ၁၉၃၀ အိန္ဒိယပြည်ဆိုင်ရာအတွင်းဝန်က မြန်မာပြည်ကို အိန္ဒိယနှင့် ခွဲခွာရေးကို စီစဉ်ရန် ဗြိတိသျှအစိုးရက ဆုံးဖြတ်လိုက်ကြောင်း၊ ထို့ကဲ့သို့ ခွဲခွာရေးကို စီစဉ်ခြင်းဖြင့် အိန္ဒိယနိုင်ငံ အပါအဝင် ဖြစ်သော မြန်မာပြည်အတွက် အုပ်ချုပ်ရေး တိုးတက်ရရှိမှုကို ထိခိုက်စေမည်မဟုတ်ကြောင်း၊ ခွဲခွာပြီးနောက် မြန်မာပြည်အတွက် ဗြိတိသျှအင်ပါယာအတွင်း ကိုယ်ပိုင်အုပ်ချုပ်ခြင်းဖြင့် နေသောနိုင်ငံတစ်နိုင်ငံအဖြစ်ဖြင့် ရရှိစေရန် ရည်ရွယ်ချက်ရှိကြောင်း၊ မြန်မာပြည် အုပ်ချုပ်ရေး ပြုပြင်ရန်ကိစ္စအတွက် မြန်မာပြည် မျက်နှာစုံညီ အစည်းအဝေးကို သီးသန့်ပြုလုပ်မည်ဖြစ်ကြောင်း ပြောကြားသည်။

[*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး *စာ ၁၈၂-၃* ]

[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း-၃ *စာ ၃၅၁*]

## အောက်တိုဘာလ

၂၈ အောက်တိုဘာ ၁၉၃၀ ဆရာစံသည် သာယာဝတီအရှေ့၊ မြစိမ်းတောင်ညိုဘုရားတွင် ၂၃း၃၃ နာရီတွင် ပထမအကြိမ် ရာဇဘိသေကတင်မြှောက် ပွဲကျင်းပပြီး သုပဏ္ဏကဂဠုန်ရာဇာ ဟူသော ဘွဲ့အမည်ကို ခံယူကာ ဥပုသ်ကြီး ဝင်သည်။

[*၁၉၃၀-၃၂ ခုနှစ်များအတွင်း မြန်မာပြည်*

*တွင် သူပုန်ထကြွမှုဖြစ်ပွားခြင်းအကြောင်း နှင့် မည်သည့်အတွက်ထိုသို့ဖြစ်ပွားရသည့် အကြောင်းအရာများ၊*ရန်ကုန်၊ အစိုးရပုံနှိပ်၊ ၁၉၃၄၊ *စာ ၉*၊ နောင်ကိုးကားလျှင် *သူပုန် ထကြွမှုဖြစ်ပွားခြင်းအကြောင်း*ဟုညွှန်း မည်။]

## နိုဝင်ဘာ ၁၉၃၀

၆ နိုဝင်ဘာ ၁၉၃၀ ဆရာစံ ဥပုသ်မှ ထွက်သည်။

၁။[***B.R.T.C Vol I*** *P 72* ]

၂။ [*သူပုန် ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁၀*]

၁၀ နိုဝင်ဘာ ၁၉၃၀ ကျောက်ဖြူ မြို့တွင် လေမုန်တိုင်းကျရောက်ရာ လူအသေအပျောက် မရှိသော်လည်း စပါးခင်းများ ပျက်စီးသည်။

၁။[ဒေါ်အမာ *ရွှေရိုး၊ဘကလေး စာ ၁၆၁* ]

၂။[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၂၊ ၁၉၃၁၊ ဧပြီ၊ စာ ၆*]

၁၂ နိုဝင်ဘာ ၁၉၃၀ အိန္ဒိယနိုင်ငံ ဆိုင်ရာ မျက်နှာစုံညီ အစည်းအဝေး ကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တွင် ကျင်းပရာ အိန္ဒိယနိုင်ငံမှ ကိုယ်စား လှယ် ၇၃ ဦးတက်ရောက်သည့် အနက် မြန်မာနိုင်ငံမှ ဦးဘဘေ၊ ဦး အောင်သင်း၊ ဦးမောင်မောင်အုန်းခိုင် နှင့် ဆာအော်ဒီဂလန်မီ တို့ ပါဝင် သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၆၄*]

[*ကြည်ညွှန့်* သမိုင်းဝင် သူရိယ မြန်မာ့ အလင်း စာ ၂၀၂]

## ဒီဇင်ဘာ ၁၉၃၀

၄ ဒီဇင်ဘာ ၁၉၃၀ တောင်ငူခရိုင်၊ ဖြူးမြို့တွင် ငလျင်လှုပ်ရာ လူ ၃၀ ဦး သေဆုံးပြီး မြို့တစ်ဝက်ခန့် အိမ် ခြေများ ပျက်စီးသည်။

[***R.A.B 1930-31*** *P 10* ]

၂။[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၂၊ ၁၉၃၁၊ ဧပြီ၊ စာ ၆*]

၅ ဒီဇင်ဘာ ၁၉၃၀ ဆရာစံသည် သာယာဝတီ အလံတောင်စခန်းတွင် ၁၇း ၀၀ နာရီ၌ ပန္နက်ရိုက်၍ ဗုဒ္ဓ ရာဇာမြို့တည်သည်။

[*သူပုန် ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁၀*]

၈ – ၁၃ ဒီဇင်ဘာ ၁၉၃၀ ကမ္ဘောဇ ပဒေသရာဇာအသင်း၏နဝမအကြိမ် အစည်း အဝေးကျင်းပသည်။

[**R.A.B 1930-31** *P 4* ]

၂၁ ဒီဇင်ဘာ ၁၉၃၀ ဆရာစံက နံနက် ၉း၃၀ တွင် အလံတောင်စခန်း၌ တဲနန်းဆောက်သည်။
[*သူပုန် ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁၀*]

■ မြန်မာနိုင်ငံ ခေတ္တဘုရင်ခံ ဆာဂျေအေမောင်ကြီးက သာယာဝတီမြို့တွင် ဒါဘာပွဲကျင်းပရာ အရာရှိကြီးငယ်များ ဆုရသူကျေးရွာသူကြီးများနှင့် အစိုးရ အရာထမ်း အမှုထမ်းများ တက်ရောက်သည်။
[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၇၅*]

၂၂ ဒီဇင်ဘာ ၁၉၃၀ ဆရာစံဦးဆောင်သည့် တောင်သူလယ်သမားအရေးတော်ပုံ သာယာဝတီခရိုင်၊ ရေတိုက်ရွာမှ စတင်သည်။ ဆရာစံ၏ အမိန့်အရ ရဲရဲကျော်ထင်ဘွဲ့ရ ဗိုလ်ဘိုးဆော့ ခေါင်းဆောင်သော တောင်သူ လယ်သမား ဂဠုန်တပ်ဖွဲ့သည် သာယာဝတီ ထောင်ဖွင့်ရန် သာယာဝတီမြို့သို့ ချီတက်လာရာ စမ်းတွင်းရွာအနီးတွင် ဇိမ်ဇာရွာသူကြီး ဦးဖိုးညွန့်နှင့် နောက်လိုက်များကို တွေ့ရှိပြီး တိုက်ခိုက်မှုဖြစ်ပွားရာ ဦးဖိုးညွန့် သေဆုံးသည်။ ဂဠုန်တပ်ဖွဲ့များလည်း ဆက်လက်ချီတက်ခြင်း မပြုတော့ဘဲ ပြန်လည် ဆုတ်ခွာသည်။
၁။[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၈၀-၈၁*]
၂။[*သူပုန် ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁*]
၃။[**R.A.B 1930-31** *P VII* ]

၂၃ ဒီဇင်ဘာ ၁၉၃၀ ဖားရွှေကျော် ပထမ တိုက်ပွဲတွင် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေးနှင့် ပုလိပ်အဖွဲ့ ဆုတ်ခွာရသည်။
[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၈၈-၉၀*]

၂၄ ဒီဇင်ဘာ ၁၉၃၀ ဝဲလွှာဗိုလ်တဲရှိ သစ်တော အင်ဂျင်နီယာ မစ္စတာဖီးကလပ် (Mr H.V.W Fields Clarke)အား တောင်သူလယ်သမား ဂဠုန် တပ်ဖွဲ့များက ဝိုင်းဝန်းတိုက်ခိုက်ရာ ဖီးကလပ်နှင့်တကွ တောအုပ်ဦးဘရင်၊ စာရေး ဦးတင်အောင်တို့ သေဆုံးသည်။
၁။[ ***The Burma Gazette*** *No 52, 27 Dec 1930 ,P 967* ]
၂။[တောင်သူလယ်သမား အရေးတော်ပုံ

*စာ ၉၉*]

■ ကြည့်မြင်တိုင် ဗားကရာလမ်းရှိ ဦးစိုးသိမ်း ဂျီစီဘီအေ အသင်းတိုက်ကိုစစ်တပ်နှင့်ဝိုင်း၍ စာရွက်စာတမ်းများကိုသိမ်းဆည်းကာ အသင်းတိုက်ကိုချိတ်ပိတ်သည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၅၃*]

၂၅ ဒီဇင်ဘာ ၁၉၃၀ ဖားရွှေကျော် ဒုတိယတိုက်ပွဲတွင် ရာဇဝတ်ဝန်ကလေး ဦးမောင်ကလေး ကျဆုံး၍ ပန်ချာပီတပ်များ ဆုတ်ခွာရသည်။
၂။[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၉၃–၉၄*]

၂၉ ဒီဇင်ဘာ ၁၉၃၀ ဆရာစံသည် အလံတောင်စခန်းမှ အမိန့်တော်တစ်ရပ် ထုတ်ပြန်သည်။
၁။[သူပုန် *ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁၁*]

၃၀ ဒီဇင်ဘာ ၁၉၃၀ ဖားရွှေကျော် တတိယတိုက်ပွဲတွင် တောင်သူလယ်သမားဂဠုန်တပ်ဖွဲ့များ အကျအဆုံးများစွာနှင့် ဆုတ်ခွာရသည်။
[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၉၄–၈*]

၃၁ ဒီဇင်ဘာ ၁၉၃၀ တောင်သူလယ်သမားအရေးတော်ပုံ ခေါင်းဆောင်ဆရာစံ၏ဌာနချုပ် အလံတောင်စခန်းကို ဘားမားရိုင်ဖယ်တပ် (Burma Rifle)က တက်ရောက်တိုက်ခိုက်သိမ်းပိုက်ရာ ဆရာစံ အလံတောင်စခန်းမှ တိမ်းရှောင်သွားသည်။
[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၁၄၃–၄*]

၁၉၃၀ မြန်မာအမျိုးသမီး နေရှင်နယ်ကောင်စီ (National Council of Burmese Women) ကို ဖွဲ့စည်းတည်ထောင်သည်။ အမှုဆောင်များမှာ –
ဥက္ကဋ္ဌ ဒေါ်မြမေ
အကျိုးဆောင် ဒေါ်မြရွှေ (မြန်မာနိုင်ငံ ပထမဆုံးအမျိုးသမီး ပညာအုပ်)
အမှုဆောင် ဒေါ်သန်းတင် (အမေရိကန်သူ၊ ဆာပေါ်ထွန်း၏ ဇနီး)
ဒေါ်မမခင် (ဦးထွန်းညို၏ဇနီး)
ဒေါ်မြစိန် (ဦးမေအောင်၏သမီး)
ဒေါ်စိန်း (အင်ဒီပင်းဒင့် ဂျာနယ် အယ်ဒီတာ)
ဒေါ်ရွှေ တို့ဖြစ်ကြသည်။

[သခင်ဘမောင် ဝံသာနု စာ ၂၄၃]

[ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၉၅]

၁၉၃၀ မြန်မာ–ဂျပန် ယဉ်ကျေးမှု အသင်းကို တည်ထောင်သည်။

[*Ba Maw*, ***Break Through in Burma*** *P 48*]

**ဇန်နဝါရီလ**

၂ ဇန်နဝါရီ ၁၉၃၁ တရုပ်မြန်မာ အဓိကရုဏ်းဖြစ်ပွား၍ လူ ၁၄ ဦးသေဆုံးသည်။

[***R.A.B 1930-31*** *P X*]

[*သူရိယသတင်းစာ ၅–၁–၃၁*]

၉ ဇန်နဝါရီ ၁၉၃၁ သာယာဝတီ သူပုန် ခေါင်းဆောင် ငါးမည်ရ

ဒ

ဇ

၃

ဒ

ဆရာစံအား ဖမ်းဆီးပေးသူကို ဆုငွေ ၅၀၀၀ ကျပ်ပေးမည်ဟု ကြေညာသည်။

၂။[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၂၊ ၁၉၃၁၊ ဧပြီ၊ စာ ၆*]

၁၃ ဇန်နဝါရီ ၁၉၃၁ မြန်မာနိုင်ငံ ဘုရင်ခံ ဆာချားလ်စ်အင်းနစ်သည် ဆာဂျေအေမောင်ကြီးထံမှ မြန်မာနိုင်ငံ ဘုရင်ခံ တာဝန်ကို လွှဲပြောင်းရယူသည်။

[***R.A.B 1930-31*** *P II* ]

## ဖေဖော်ဝါရီလ

ဖေဖော်ဝါရီ ၁၉၃၁ မြန်မာနိုင်ငံတွင် သန်းခေါင်စာရင်းကောက်ယူရာမြန်မာနိုင်ငံလူဦးရေ ၁၄,၆၆၇, ၁၄၆ ဦး(အောက်မြန်မာ နိုင်ငံတွင် ၇,၇၆၅, ၆၁၄ ဦးနှင့် အထက်မြန်မာနိုင်ငံတွင် ၆,၈၄၁,၅၃၂ ဦး) ရှိသည်။

[***R.A.B 1930-31*** *P X* ]

[***Burma Hand Book 1944*** *P 10*]

## မတ်လ

၆ မတ် ၁၉၃၁ ရွှေတိဂုံစေတီတော် အနောက်မုခ် တန်ဆောင်းများ မီးလောင်၍ သိန်း (၂၀) ဘိုးခန့် ပျက်စီးသည်။

၁။ [***R.A.B 1930-31*** *P X* ]

၂။ [*ဦးသိမ်းမောင် ရန်ကုန်ရာဇဝင် စာ ၂၂၀*]

၃။ [*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၂၊ ၁၉၃၁၊ ဧပြီ၊ စာ ၆*]

၁၀ မတ် ၁၉၃၁ ဦးစိုးသိမ်း ဂျီစီဘီအေ အသင်းကြီးနှင့် ၎င်းနှင့် ဆက်သွယ်သော အသင်းပေါင်း ၉၈ သင်းကို မတရားအသင်းဟု အစိုးရက ကြေညာသည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၂၊ ၁၉၃၁၊ ဧပြီ၊ စာ ၇*]

## ဧပြီလ

၂၃ ဧပြီ ၁၉၃၁ သာယာဝတီနယ် သူပုန်ခေါင်းဆောင် ငါးမည်ရ ဆရာစံကို ဆုငွေ ၅၀၀၀ မှ ၁၀၀၀၀ ကျပ် တိုးတက်ပေးမည်ဟု ကြေညာသည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၄၊ ၁၉၃၁၊ ဇွန်၊ စာ ၁၀၈*]

ဧပြီ ၁၉၃၁ လော့ဝယ်လင်ဒန် (Lard Willingdon) သည် အိန္ဒိယ ဘုရင်ခံချုပ် ရာထူးကို လက်ခံ ဆောင်ရွက်သည်။

[***An Advanced History of India*** *P 1043*]

## မေလ

၁၈ မေ ၁၉၃၁ ဦးဒေကိုး၊ ဒေါ်ဆွဲလေး တို့၏ တစ်ဦးတည်းသောသား ဦးဖါ (ဗိုလ်ချုပ်အောင်ဆန်း၏ဖခင်) (အသက် ၆၄)နတ်မောက်မြို့တွင် ကွယ်လွန်သည်။
[အောင်သန်း *အောင်ဆန်းမိသားစု* ၊တတိယအကြိမ်၊ ရန်ကုန်၊ အောင်ချမ်းသာပုံနှိပ်၊ ၁၉၇၇၊ *စာ ၂၁*]

၂၅ မေ ၁၉၃၁ သရာဇပေါတီကို စတင် တည်ထောင်ခဲ့သော အောက်လွှတ်တော် ဥပဒေပြုအမှတ် မော်လမြိုင် ဦးတုတ်ကြီး (၁၈၈၄– ၁၉၃၁) မော်လမြိုင်မြို့တွင် ကွယ်လွန်သည်။
[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၅၊ ၁၉၃၁၊ ဇူလိုင်၊ စာ ၁၀၉*]

## ဇွန်လ

၈ ဖွန် ၁၉၃၁ သူရိယသတင်းစာတွင်‘အင်္ဂလိပ်တို့ရက်စက်ပုံ’ ခေါင်းစဉ်ဖြင့် တိုက်ပွဲတွင် ကျဆုံးသော တောင်သူလယ်သမားသူပုန်အလောင်း ၁၆ လောင်း၏ ဦးခေါင်းပြတ်များကို လူအများအားပြသနေပုံ ဓါတ်ပုံ သတင်း ပါရှိသည်။ (ကပ္ပတိန်လိမ်းနှင့် မစ္စတာစတီဗင်ဆန်ဦးစီးသည့် ဗြိတိသျှတပ်ဖွဲ့နှင့် တောင်သူလယ်သမား တပ်ဖွဲ့များ ပေါက်ခေါင်းလမ်းနှင့် ၄မိုင် အကွာတွင် တိုက်ပွဲဖြစ်ပွားသည်။ တိုက်ပွဲဖြစ်ပွားအပြီး ကျဆုံးသော သူပုန်အလောင်း ၁၆ လောင်း၏ ဦးခေါင်းများကို ဖြတ်ယူလာကာ ပြည်မြို့ ရဲတန်းလျား စားပွဲတစ်ခုပေါ်တင်ထားရာ ပြည်မြို့မှ အပျော်တမ်းဓာတ်ပုံဆရာ အိန္ဒိယလူမျိုး ဒူးရဂါး ပရာဆပ်က ရိုက်ကူးထားခြင်း ဖြစ်သည်။)
[*သူရိယသတင်းစာ ၈–၆–၃၁*]

၁၇ ဇွန် ၁၉၃၁ ဆရာစံသည် ဖက်ဝမ်းစခန်းတွင် အောင်ချမ်းသာ မြို့သစ်တည်ထောင်ပြီး တဲနန်းတော်တစ်ခု ဆောက်လုပ်သည်။
[*သူပုန်ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁၀*]
[*ကြည်ညွန့်* သမိုင်းဝင်သူရိယမြန်မာ့အလင်း စာ ၁၉၆–၁၉၈]

## ဇူလိုင်လ

၁ ဇူလိုင် ၁၉၃၁ ဆရာစံသည် လူဝတ် လဲကာမင်းမြောက်တန်ဆာငါးပါးဝတ်ဆင်၍ ဘုရင်ဖြစ်ကြောင်း ဒုတိယအကြိမ် ကြေညာသည်။ ရာဇဘိသေက မင်္ဂလာပွဲ ဆင်ယင်ကျင်း

ပသည်။

[*သူပုန်ထကြွမှုဖြစ်ပွားခြင်းအကြောင်း စာ ၁၀*]

## ဩဂုတ်လ

၂ ဩဂုတ် ၁၉၃၁ ဆရာစံအား နောင်ချိုမြို့မြောက်ဘက် သုံးဆယ် နယ်၊ ကုလားကွဲဒိုင်၊ ဟိုခိုနောင်ကွမ်း ရွာ အနီးတွင် ဖမ်းဆီးရမိသည်။

[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၁၅၃–၄*]

၄ ဩဂုတ် ၁၉၃၁ ဆရာစံအား နောင်ချိုမှ သီပေါထောင်သို့မီးရထား ဖြင့်ပို့သည်။

[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၁၅၄–၅*]

၁၄ ဩဂုတ် ၁၉၃၁ ဆရာစံ သာယာ ဝတီထောင်သို့ ရောက်ရှိသည်။

[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၁၇၉–၁၈၀*]

၁၅ ဩဂုတ် ၁၉၃၁ ဆရာစံအမှုစစ် သည်။

[တောင်သူလယ်သမား အရေးတော်ပုံ *စာ ၁၈၀–၁၈၇*]

■ဦးစိုးသိမ်း ဂျီစီဘီအေကို မတရား အသင်း ကြေညာထားခြင်းမှ ရုတ် သိမ်းသည်။

[*DSHRI* ***DR 4178***]

၁၈ ဩဂုတ် ၁၉၃၁ ငြိမ်းချမ်းရေး (ရွှေပြည်အေး) အဖွဲ့ဝင်ဆရာတော်များ သည် မြန်မာနိုင်ငံ ဘုရင်ခံဆာ ချား လ်စ် အင်းနစ်အိမ်တော်သို့ သွား ရောက်ကာ ဘုရင်ခံနှင့် တွေ့ဆုံ၍ ဒေးဒရဲ ဖျာပုံသူပုန်မှုအတွက် ကြိုး မိန့်ချထား သူငါးဦးကို အသက်ခွင့် ပြုရန်၊ ဆရာတော်များငြိမ်းချမ်းရေး ခရီးစဉ်ထွက်ရာ၌ ကြိုတင်စီစဉ်ရရန်၊ အစိုးရ ထုတ်ပြန်သည့် သူပုန်ထကြွ သူတို့ ပြန်လည်ဝင်ရောက်ခွင့်ရက်ကို တိုးမြှင့်ပေးရန် ပြောကြားသည်။ ဘုရင်ခံကလည်း ယခုကဲ့သို့ တိုင်း ပြည်မငြိမ်မသက် ဖြစ်နေသည်ကို ဂရုဏာတော် ထား၍ ဆောင်ရွက် သည့်အတွက် အလွန်ဝမ်းမြောက် ကြောင်း၊ ၎င်းဆောင်ရွက်ပေးနိုင် သည်များကို ဆောင်ရွက်ပေးမည် ဖြစ်ကြောင်း ပြန်လည်ပြောကြား သည်။

[*ဟန်တင်* မြန်မာနိုင်ငံတော်မှတ်တမ်း–၃ စာ ၃၈၂–၄]

၂၀ ဩဂုတ် ၁၉၃၁ မြို့တိုသျှအစိုး

ရက မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံနှင့် တွဲရေးခွဲရေးဆွေးနွေးရန် မြန်မာနိုင်ငံလုံးဆိုင်ရာ မျက်နှာစုံညီ ဆွေးနွေးပွဲ ကျင်းပမည်ဟုကြေညာသည်။
[***B.R.T.C*** *P5*]

၂၃ ဩဂုတ် ၁၉၃၁ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးထု အစည်းအဝေးကို ရန်ကုန်မြို့ ဂျူဗလီဟောတွင် ကျင်းပပြီး မြန်မာနိုင်ငံဆိုင်ရာ မျက်နှာစုံညီ ဆွေးနွေးပွဲသို့ မြန်မာအမျိုးအမီးကိုယ်စားလှယ်တစ်ဦးကိုပါ ရွေးချယ်စေလွှတ်သင့်ကြောင်း မြန်မာနိုင်ငံ ဒုတိယ ဘုရင်ခံထံ တင်ပြတောင်းဆိုရန် ဆုံးဖြတ်သည်။
[*တက္ကသိုလ်ကြည်မာ* မြန်မာအမျိုးသမီးလောက စာ ၃၄]

၂၈ ဩဂုတ် ၁၉၃၁ တရားသူကြီး မစ္စတာကန်လစ် (Mr. J.R.E Cunliffe) မစ္စတာဒါဝုဒ် (Mr. A.J. Darwood) နှင့် ဦးဘဦး (နောင်မြန်မာနိုင်ငံသမ္မတ ဒေါက်တာဘဦး) တို့ ပါဝင်သည့် တရားရုံးက ဆရာစံအား အိန္ဒိယရာဇသတ်ပုဒ်မ ၁၂၁ အရ ပြစ်မှုကျူးလွန်သည်ဟု ဆိုကာ သေဒဏ်အမိန့်ချမှတ်လိုက်သည်။
[တောင်သူလယ်သမား အရေးတော်ပုံ စာ ၁၉၀–၅]

## စက်တင်ဘာ ၁၀

၂၉ စက်တင်ဘာ ၁ ၁၉၃၁ ဟိုက်ကုတ်လွှတ်တော်က ဆရာစံအမှုနှင့်ပတ်သက်၍ အောက်ရုံး စီရင်ချက်ကို အတည်ပြုသည်။
[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၉၊ ၁၉၃၁၊ နိုဝင်ဘာ၊ စာ ၁၇၄*]

## အောက်တိုဘာ ၁၀

၁၁ အောက်တိုဘာ ၁ ၁၉၃၁ ရွှေတိဂုံစေတီတော် တောင်ဘက် ခြေရင်း စတုဒိသာဇရပ်တွင် အမျိုးသမီးထု အစည်းအဝေးကျင်းပပြီး မြန်မာနိုင်ငံဆိုင်ရာ မျက်နှာစုံညီဆွေးနွေးပွဲသို့

၁။ မင်းကြီးကတော် ဒေါ်မြမေ
၂။ ရေနံချောင်း ဒေါ်သော
၃။ ဒေါ်မြစိန်

တို့ကို ဖိတ်ခေါ်ဖို့ တောင်းဆိုသည်။
[*ဒေါ်အမာ* ရွှေရိုး ဘ ကလေး(ပ) စာ ၁၆၃]

၂၂ အောက်တိုဘာ ၁ ၁၉၃၁ ဆရာစံအတွက် ဘိလပ်ပရီဗီကောင်စီသို့ အယူခံ ဝင်ရန် ဒေါက်တာဘမော် အမှူးပြုသည့်အဖွဲ့ကို ဖွဲ့စည်းသည်။
[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊*

*အမှတ် ၁၀၊ ၁၉၃၁၊ ဒီဇင်ဘာ၊ စာ ၁၀၅]*

၂၉ အောက်တိုဘာ ၁ ၁၉၃၁ တရားလွှတ်တော်ချုပ်မှ ဆရာစံအပေါ် ချမှတ်ထားသည့် သေဒဏ်ကို အတည်ပြုသည်။
*[သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၉၊ ၁၉၃၁၊နိုဝင်ဘာ၊ စာ ၁၇၄]*

## နိုဝင်ဘာ ၁လ

၁၃ နိုဝင်ဘာ ၁ ၁၉၃၁ ရန်ကုန်–မန္တလေး ကားလမ်းမကြီး ဖောက်လုပ်ပြီးစီးသည်။ (၎င်းလမ်းမကြီးကို ၅နှစ် တိုင်တိုင် ဖောက်လုပ်ခဲ့ရသည်)
*[သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၁၀၊ ၁၉၃၁၊ဒီဇင်ဘာ၊ စာ ၁၀၇]*

၂၇ နိုဝင်ဘာ ၁ ၁၉၃၁ မြန်မာနိုင်ငံလုံးဆိုင်ရာ ဒုတိယမျက်နှာစုံညီ အစည်းအဝေးကို လန်ဒန်မြို့ အထက်လွှတ်တော် ဘုရင့်ဝတ်လဲတော်ခန်းတွင် ကျင်းပသည်။ ထိုအစည်းအဝေးသို့ တက်ရောက်သည့် မြန်မာကိုယ်စားလှယ်များမှာ

၁။သီပေါစော်ဘွားစောအုံကြာ
(The Saw Bwa of Hsipaw)
Saw On Kya

၂။ ညောင်ရွှေစော်ဘွားစဝ်ရွှေသိုက်
(The SawBwa of YaungHwe)
Saw Shwe Thaike

၃။ ဆရာရွှေဘ (Sra Shwe Ba, T.P.S)
ကရင်အမျိုးသား

၄။ မစ္စတာကင်းပက်နက် (Mr. Charles Haswell Campagnac, M.B.E)

၅။ မစ္စတာကောဝပ်(စ်)ဂျီ
(Mr. N.A Cowasjee)

၆။ ဦးမောင်မောင်အုန်းခိုင်
(၂၁ ဦး ဂျီစီဘီအေ)

၇။ ဆာအော်ဒီဂလန်ဗီ (Sir Oscar De Glanville, C.I.E, O.B. E)

၈။ ဦးထွန်းအောင်ကျော်
(ဦးစိုးသိမ်း ဂျီစီဘီအေ)

၉။ ဦးမောင်ကြီး
(၂၁ ဦး ဂျီစီဘီအေ)

၁၀။ မစ္စတာဟာဂျီ (Mr Sarabhai Nemc hand Haji)

၁၁။ မစ္စတာဟာပါး (Mr Kenneth Brand Harper)

၁၂။ ဦးချစ်လှိုင်
(ဦးချစ်လှိုင်ဂျီစီဘီအေ)

၁၃။ မစ္စတာဟိုဝီဆန် (Mr. Robert Black Howison)

၁၄။ဒေါက်တာသိန်းမောင် (ပေါင်းတည်) နှောင် ဂျပန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး (၂၁ ဦး ဂျီစီဘီအေ)

၁၅။ ဦးသာယာဝတီ မောင်မောင်
(ဦးစိုးသိမ်း ဂျီစီဘီအေ)
၁၆။ မစ္စတာဆစ်ဒနီလူနီ (Mr.Sydney Loo Nee) ကရင်အမျိုးသား
၁၇။ ဦးနီ (တသီးပုဂ္ဂလ)
၁၈။ ဒေါ်မြစိန် (အမျိုးသမီးအဖွဲ့)
၁၉။ ဦးဘဘေ (၂၁ ဦး ဂျီစီဘီအေ)
၂၀။ သာယာဝတီဦးပု
(ဦးချစ်လှိုင် ဂျီစီဘီအေ)
၂၁။ မစ္စတာဟိုကင်းစိန် ခေါ်
ဦးကျင်သိန်း
(Mr. Hoe Kim Seing)
၂၂။ ဦးဘစိ (၂၁ ဦး ဂျီစီဘီအေ)
၂၃။ ဦးစု (ဦးစု ဂျီစီဘီအေ)
၂၄။ ဦးအောင်သင်း (K.S .M)
တို့ဖြစ်သည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၉၊ ၁၉၃၁၊ နိုဝင်ဘာ*]

[***B.R.T.C*** *P 7/138* ]

■ သုပဏ္ဏကဂဠုန်ရာဇာဘွဲ့ခံ တောင်သူလယ်သမား အရေးတော်ပုံခေါင်းဆောင် ဆရာစံအား သာယာဝတီထောင်တွင် ကြိုးပေး သတ်ဖြတ်သည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၁၁၊ ၁၉၃၂၊ ဇန်နဝါရီ၊ စာ ၁၃၃*]

## ဒီဇင်ဘာ ၁၀

၁၂ ဒီဇင်ဘာ ၁ ၁၉၃၁ ရန်ကုန်မြို့ မြူနီစီပါယ်ကော်ပိုရေးရှင်းတွင် ဒေါက်တာ မစောစ သည် ကော်မတီဝင်အဖြစ် ရွေးကောက်တင်မြှောက် ခံရသည့်အတွက် မြန်မာနိုင်ငံတွင် အမျိုးသမီးထဲမှ ပထမဆုံး မြူနီစီပယ်လူကြီးဖြစ်လာသည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၁၁၊ ၁၉၃၂၊ ဇန်နဝါရီ၊ စာ ၁၃၄*]

၃၁ ဒီဇင်ဘာ ၁ ၁၉၃၁ တရားဝန်ကြီး ဦးဘသည် ပြည်ထဲရေးဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။

[*သူရိယမဂ္ဂဇင်း ပန္နရသတွဲ/အတွဲ ၁၅၊ အမှတ် ၁၂၊ ၁၉၃၂၊ ဖေဖော်ဝါရီ၊ စာ ၁၁၄*]

၁၉၃၁ ဦးစု ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၈ ကြိမ်မြောက် ညီလာခံကို မန္တလေးမြို့တွင် ကျင်းပသည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၁၄၅*]

## ဇန်နဝါရီလ

၁၂ ဇန်နဝါရီ ၁၉၃၂ တွင် မြန်မာပြည် မျက်နှာစုံညီ အစည်းအဝေး ကျင်းပ ပြီးစီးသည်။ အစည်းအဝေးအပြီးတွင် ဗြိတိသျှဝန်ကြီးချုပ် မက္ကဒေါ်နယ်က မြန်မာနိုင်ငံသည် အိန္ဒိယနှင့် ခွဲလိုသည် သို့တည်းမဟုတ် တွဲလိုသည် ဆိုသည်ကို မဲဆန္ဒဖြင့်

# ၁၉၃၂

ဆုံးဖြတ်ရန် ရွေးကောက်ပွဲ ကျင်းပမည်ဟု ပြောသည်။

၁။[**R.A.B 1932-33** *P XXI* ]

၂။[**B.R.T.C Vol I** *P 173* ]

၃။[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၉၄*]

## ဖေဖော်ဝါရီလ

၉ ဖေဖော်ဝါရီ ၁၉၃၂ မြန်မာပြည် မျက်နှာစုံညီ အစည်းအဝေး တက်ရောက်ခဲ့သည့် ဘိလပ်သွား မြန်မာ ကိုယ်စားလှယ်များ ချက်ရှိုင်းယား သင်္ဘောဖြင့် မြန်မာနိုင်ငံ ပြန်လည်ရောက်ရှိသည်။

[သူရိယမဂ္ဂဇင်း သောဠသတွဲ(၁၆)၊ အမှတ် –၂၊ ၁၉၃၂၊ မတ်၊ စာ ၁၀၈]

ဖေဖော်ဝါရီ ၁၉၃၂ မြန်မာနိုင်ငံအား အိန္ဒိယနိုင်ငံနှင့် ခွဲရေးတွဲရေးကိစ္စပေါ်ပေါက်လာသောအခါ အိန္ဒိယနိုင်ငံနှင့်တွဲရေးကိုလိုလားသူများက မခွဲခွာရေး အသင်းတစ်ခု ဖွဲ့စည်းသည်။ ထိုအသင်းတွင်

၁။ ဒေါက်တာဘဟန်

၂။ ဝတ်လုံ ဒေါက်တာ ဘမော်

၃။ ဝတ်လုံ ဦးကျော်မြင့်

၄။ ဦးကျော်ဒင်

၅။ ရမ်းဗြဲ ဦးမောင်မောင်

၆။ ဒီးဒုတ်ဦးဘချို

၇။ ဦးဘခိုင်တို့ ပါဝင်သည်။ ထို့အဖွဲ့ကို အတိုကောက်အားဖြင့် (မော်မြင့်ပြဲ) ပါတီဟု ခေါ်ကြသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၉၄*]

■ ဦးချစ်လှိုင် ဂျီစီဘီအေက တွဲရေးဘက်မှ ထောက်ခံ၍ တွဲရေးဘက်မှ ဟောပြောလှုံ့ဆော်ရန် ၎င်းအဖွဲ့သို့ ဝတ်လုံ ဦးပေါ်ထွန်းနှင့် ဦးမြတ်သာဒွန်း(ရန်ကုန်မြို့ လမ်းမတော် ပွဲစားကြီး) တို့ ဝင်ရောက်ဆောင်ရွက်သည်။ ဦးချစ်လှိုင် ဂျီစီဘီအေမှာ နာမည်ရင်းပျောက်ပြီး လှိုင်မြတ်ပေါ် အဖွဲ့ဟု ခေါ်ဝေါ်ကြသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၉၄*]

၂၄ ဖေဖော်ဝါရီ ၁၉၃၂ ရန်ကုန်တက္ကသိုလ်သမဂ္ဂအသင်းတိုက်၌ ခွဲရေးတွဲရေးအခြေအတင် စကားပြောပွဲ ကျင်းပသည်။ ခွဲရေးဘက်မှ ဦးဘဘေနှင့် ဝတ်လုံဦးဘစီ၊ တွဲရေးဘက် မှဒေါက်တာဘဟန်နှင့် ဒေါက်တာဘမော်တို့ ညီအစ်ကို ဟောပြောကြသည်။
[*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး *စာ ၂၀၂*]

## ဧပြီလ

၉–၁၀ ဧပြီ ၁၉၃၂ ရဗ္ဗီးဆရာတော် ဩဝါဒခံ ဦးစုဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၉ ကြိမ်မြောက် ကွန်ဖရင့်ကို ရမည်းသင်းခရိုင်၊ လယ်ဝေးမြို့တွင် ကျင်းပသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၀၅*]

## မေလ

၃ မေ ၁၉၃၂ ဟိန္ဒူ–မြန်မာ ရိုက်ပွဲဖြစ်ပွားသည်။
[သူရိယသတင်းစာ ၄–၅–၁၉၃၂]

## ဇွန်လ

၂၇ ဇွန် ၁၉၃၂ ထိုင်းဘုရင် သတ္တမမြောက် ရာမ (Rama VII) နှင့် သမီးတော်မြန်မာနိုင်ငံလာရောက်သည်။
[သူရိယသတင်းစာ ၂၈–၆–၁၉၃၂]

၂၈ ဇွန် ၁၉၃၂ ရန်ကုန်တက္ကသိုလ်ဆီးနိတ်အဖွဲ့က ၁၉၃၁–၃၂ ခုနှစ်အတွက် ဝေလမင်းသားဆု ၁၀၀၀ိ/– ကို "သီရိဓမ္မာသောက မင်းကြီးကျောက်စာ" များကို မြန်မာ ပြန်ဆိုသည့် အရှင်အာဒိစ္စဝံသကို ချီးမြှင့်သည်။
[သူရိယသတင်းစာ ၂၉–၆–၁၉၃၂]

## ဇူလိုင်

၂ ဇူလိုင် ၁၉၃၂ ရန်ကုန်မြို့ ဂျူဗလီဟောရုံတွင် တွဲရေး ပြည်လုံးကျွတ်အထူး ကွန်ဖရင့် ကျင်းပသည်။ သံဃာတော်များနှင့်တကွ ဦးချစ်လှိုင် ဂျီစီဘီအေ၊ ဦးစိုးသိမ်းဂျီစီဘီအေနှင့် ဒေါက်တာဘမော်၏ မခွဲခွာရေးအဖွဲ့တို့တက်ရောက်ကြသည်။ ကွန်ဖရင့်တွင်ဆုံးဖြတ်ချက် ငါးရပ်ကို ချမှတ်သည်။ ၎င်းတို့မှာ –

၁။ ၁၉၃၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့တွင် ဗြိတိသျှဝန်ကြီးချုပ် ရာထားသော အုပ်ချုပ်နည်းကို အခြေခံထား၍ မြန်မာပြည်အား အိန္ဒိယပြည်မှ ခွဲထုတ်ခြင်းကို ကန့်ကွက်ကြောင်း။

၂။ အိန္ဒိယပြည်နှင့် မြန်မာပြည်ကို ချွင်းချက်မရှိ အမြဲ တွဲနေရမည်ဆိုခြင်းကိုလည်း ကန့်ကွက်ကြောင်း။

၃။ လုံးဝလွတ်လပ်ခွင့်ကို မရသေးသမျှ ကာလပတ်လုံး မြန်မာပြည်အား အိန္ဒိယပြည်မှ ခွဲခွာမည့်စီမံချက်ကို ဆက်လက်၍ ကန့်ကွက်ကြောင်း။

၄။ လုံးဝ လွတ်လပ်သော အခွင့်အရေးများကို မပေးအပ်ခဲ့သော် အခြားအိန္ဒိယပြည်နယ်များနှင့် မတူဘဲ အထူးစည်းကမ်းချက်များ ထားပြီးလျှင် အိန္ဒိယလက်အောက်မှ အလိုရှိသောအခါ ခွဲထွက်နိုင်ရန် အခွင့်အရေးနှင့်တကွ မြန်မာနိုင်ငံကို အိန္ဒိယပြည်ထောင်စုသို့ ထည့်သွင်းရမည်။

၅။ မြန်မာပြည်အတွက် မြန်မာလူမျိုးများက လက်ခံနိုင်သော အုပ်ချုပ်ရေးကို ပေးရမည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၉၆–၇*]

## နိုဝင်ဘာ ၁လ

၉ နိုဝင်ဘာ ၁ ၁၉၃၂ မြန်မာနိုင်ငံတွင် ဒိုင်အာခီအုပ်ချုပ်ရေးအရ စတုတ္ထအကြိမ် ဥပဒေပြု လွှတ်တော်အမတ်ရွေးကောက်ပွဲ ကျင်းပသည်။ ရွေးကောက်ပွဲတွင် အိန္ဒိယနိုင်ငံနှင့်ခွဲရေး၊ တွဲရေး ရည်ရွယ်ချက်ကိုပခါနထား၍ အမတ်အသီးသီး မဲဆွယ် ယှဉ်ပြိုင်ကြခြင်းအားဖြင့် ခွဲရေးတွဲရေးရွေးကောက်ပွဲသဖွယ် ဖြစ်ခဲ့သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၀၀*]

[*ထွန်းသန်း* မြန်မာပြည်နိုင်ငံရေး *စာ ၂၀၇–၈*]

■ ရွေးကောက်ပွဲတွင် –

မြန်မာနိုင်ငံ လူဦးရေ ၁၄,၈၇၁,၀၁၉ ဦး

ဆန္ဒမဲ ပေးနိုင်သည့် မဲစာရင်းရှိ လူဦးရေပေါင်း ၂,၃၂၀,၂၆၇ ဦး

မဲပေးသူ ဦးရေ ၉၀၄,၉၀၄

မဲဆန္ဒပေးသည့် ရာခိုင် နှုန်း ၃၉ %

■ရွေးကောက်ပွဲတွင် တွဲရေး အမတ် ၄၅ ဦး၊ ခွဲရေးအမတ် ၃၅ ဦး အရွေးခံရသည်။

[သူရိယမဂ္ဂဇင်း သောင္ဒသတွဲ(၁၆)၊ အမှတ် –၁၁၊ ၁၉၃၂၊ ဒီဇင်ဘာ၊ *စာ ၁၁၁*]

■ ရွေးကောက်ပွဲတွင် ပါတီအလိုက် ရွေးကောက်ခံရသည့် အမတ်ဦးရေမှာ –

ဒေါက်တာဘမော်၏
ပါတီ ၂၅ ဦး
ဦးချစ်လှိုင် ဂျီစီဘီအေ ၂၀ ဦး
ဦးဘဘေ၏

ပြည်သူပြည်သားပါတီ ၂၀ ဦးခန့် ဖြစ်ပြီး ဆာဂျေအေမောင်ကြီး၏ ရွှေတောင်ကြားပါတီ မရှုမလှ ရှုံးနိမ့်သည်။

*[သူရိယသတင်းစာ ၁၇–၁–၃၃/၂၃–၂–၃၃]*

၁၆ နိုဝင်ဘာ ၁ ၁၉၃၂ မြန်မာပြည် ဥပဒေပြုကောင်စီတွင် ဒေါ်နှင်းမြ (မော်လမြိုင်) သည် မြန်မာအမျိုးသမီးများထဲမှ ပထမဆုံး မင်းတိုင်ပင်အမတ်အဖြစ် အရွေးခံရသည်။

[သူရိယမဂ္ဂဇင်း သောင္ဒသတွဲ(၁၆)၊ အမှတ် –၁၁၊ ၁၉၃၂၊ ဒီဇင်ဘာ၊ *စာ ၁၁၁*]

## ဒီဇင်ဘာ ၁လ

၁၂ ဒီဇင်ဘာ ၁ ၁၉၃၂ မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော် အစည်းအဝေး ကျင်းပသည်။ထိုအစည်းအဝေးတွင် တွဲရေးခွဲရေးနှင့် စပ်လျဉ်း၍ ခွဲရေးအဆိုတစ်ခုနှင့် ချွင်းချက်နှင့် တွဲရေးအဆို၊ ၊ခု တင်သွင်းသည်။ ခွဲရေးအဆိုတစ်ရပ်မှာ ယူနီဗာစီတီအမတ် ဦးထွန်းဖေ တင်သွင်းသည့် ‘မြန်မာပြည်ကို အိန္ဒိယပြည်မှ အမြန်ခွဲခွာပေးရန် လိုလားကြ၍ ဗြိတိသျှ အစိုးရစီမံပေးသော အုပ်ချုပ်ရေးကို လက်ခံလိုသည်”ဟူ၍ ဖြစ်သည်။

တွဲရေးအဆို ၅ ရပ်အနက် အဆိုတစ်ရပ်မှာ တွဲရေးအမတ် ရမ်းဗြဲ ဦးမောင်မောင် တင်သွင်းသည့် အိန္ဒိယပြည်မှ မြန်မာပြည်ကို ခွဲခွာရန်

စီမံခြင်းကို ဤလွှတ်တော်က ကန့်ကွက်သည်။ ထို့အပြင် အိန္ဒိယနှင့် အမြဲ တွဲဖက်ထားခြင်းကိုလည်း ဤလွှတ်တော်က အလိုမရှိ၊ မြန်မာပြည်သည် ခွဲထွက်လိုသောအခါ ခွဲထွက်ခွင့်ရှိရမည် ဟူ၍ ဖြစ်သည်။

လွှတ်တော် ဥက္ကဋ္ဌ ဦးချစ်လှိုင်က ခွဲရေးအဆိုကို လက်ခံပြီး တွဲရေးအဆို ငါးရပ်ကို လက်မခံဘဲ ထားသည်။

တွဲရေး အမတ်များ ခေါင်းဆောင် ဒေါက်တာဘမော်နှင့် အခြားတွဲရေးအမတ်များက ရမ်းဗြဲဦးမောင်မောင်၏ အဆိုသည် ဂျူဗလီဟောဆုံးဖြတ်ချက်အရ ဖြစ်သည်ဆို၍ ဦးချစ်လှိုင်နှင့် အယူအဆ ကွဲပြားကြသည်။

[*ဒေါ်အမာ* ရွှေရိုးဘ ကလေး (ပ) *စာ ၁၇၁*]
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၀၁–၂*]

၁၃ ဒီဇင်ဘာ ၁၉၃၂ မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော် အစည်းအဝေးတွင် ဆာဂျေအေမောင်ကြီးက လွှတ်တော်ဥက္ကဋ္ဌ ဦးချစ်လှိုင်အား အယုံအကြည်မရှိ အဆိုကို တင်သွင်းသည်။

[*ဒေါ်အမာ* ရွှေရိုးဘ ကလေး (ပ) *စာ ၁၇၁*]

၁၄ ဒီဇင်ဘာ ၁၉၃၂ မြန်မာနိုင်ငံ ဥပဒေပြု လွှတ်တော် အစည်းအဝေးတွင် လွှတ်တော်ဥက္ကဋ္ဌ ဦးချစ်လှိုင်အား အယုံအကြည်မရှိ အဆိုကို မဲခွဲရာ ထောက်ခံမဲ ၇၀၊ ကန့်ကွက်မဲ ၂၅ ဖြင့် အဆိုအနိုင်ရပြီး ဦးချစ်လှိုင် လွှတ်တော် ဥက္ကဋ္ဌ အဖြစ်မှ ပြုတ်ကျသည်။

[*ဒေါ်အမာ* ရွှေရိုးဘ ကလေး (ပ) *စာ ၁၇၁*]

၂၂ ဒီဇင်ဘာ ၁၉၃၂ မြန်မာနိုင်ငံ ဥပဒေပြုလွှတ်တော် အစည်းအဝေး ကျင်းပသည်။ထိုအစည်းအဝေးတွင် ထို့နောက် လွှတ်တော်မှ ရမ်းဗြဲဦးမောင်မောင်၏ အဆိုဖြစ်သည့် ၁၉၃၂ ဇန်နဝါရီလ ၁၂ ရက်နေ့ မျက်နှာစုံညီအစည်းအဝေးတွင် ဗြိတိသျှအစိုးရ ရာထားသော စနစ်ကို အခြေခံထား၍ အိန္ဒိယပြည်မှ မြန်မာနိုင်ငံကို ခွဲခွာရန် စီမံခြင်းကို ကန့်ကွက်ကြောင်း၊ ထိုပြင် အိန္ဒိယပြည်နှင့် အမြဲ တွဲဖက်ထားခြင်းကို လည်း အလိုမရှိကြောင်း၊ ခွဲထွက်လိုသောအခါ ခွဲထွက်ခွင့် ရှိရမည်ဟူသည်ကို သဘောတူ ဆုံးဖြတ်သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃)*

၂၂ ဒီဇင်ဘာ ၁၉၃၂ မြန်မာနိုင်ငံ ဘုရင်ခံဆာချားလ်(စ်) အလက်ဇန္ဒား အင်းနစ် ရာထူး စွန့်လွှတ်သည်။
[***R.A.B 1932-33*** *P 6* ]

၂၃ ဒီဇင်ဘာ ၁၉၃၂ ဆာဟူးဂျ် လင်းစဒေါင်းစတီဖင်ဆင် (Sir Hugh Lansdown Stephenson) သည်ကျမ်းသစ္စာကျိမ်ဆိုပြီး မြန်မာနိုင်ငံဘုရင်ခံ ရာထူးကို လက်ခံဆောင်ရွက်သည်။
[***R.A.B 1932-33*** *P 3* ]
[ ***The Burma Gazette*** *Extra ordinary 23 Dec 1932,* ]

**ဇန္နဝါရီလ**

၁၄ ဇန္နဝါရီ ၁၉၃၃ မြန်မာနိုင်ငံတွင် လေးကြိမ်မြောက် ဒိုင်အာခီ (ပူးတွဲတာဝန်ခံအုပ်ချုပ်ရေး) အစိုးရဖွဲ့စည်းရာ အစိုးရအဖွဲ့ဝင်များမှာ

၁။ မစ္စတာကူးပါး
(Mr. T Couper, C. S. I , I .C. S)
ဘဏ္ဍာရေးဝန်ကြီးချုပ်

၂။ ဆာမောင်ဘာ

၁
၉
၃
၃

ပြည်ထဲရေးဝန်ကြီးချုပ်
၃။ ဆာဂျေအေမောင်ကြီး
သစ်တောရေးဝန်ကြီးချုပ်
၄။ ဝတ်လုံဦးကျော်ဒင်
ပညာရေးဝန်ကြီးချုပ်
တို့ဖြစ်ကြသည်။

၁။[***R.A.B* 1932-33** *P* 3 ]
၂။ [စစ်ကိုင်းဟန်တင် မြန်မာလွတ်လပ်ရေးသို့(၁) ရန်ကုန်။ စိန်ရတနာပုံနှိပ်။ ၁၉၇၅။ *စာ ၁၈၄။* နောင်ကိုးကားလျှင် ဟန်တင် မြန်မာလွတ်လပ် ရေးသို့(၁) ဟု ညွှန်းမည်။]

၁၉ ဇန္နဝါရီ ၁၉၃၃ တို့ ဗမာအစည်းအရုံးမှ တို့ဗမာသတင်းစဉ် မှတ်တမ်း ထုတ်ဝေသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (ပ)*စာ ၁၅၅*]

၃၀ ဇန္နဝါရီ ၁၉၃၃ ဦးဘတူ (အသက် ၈၁)တူသာသင်း ဂိုဏ်းဝင်သည် ဘုရင်ခံအိမ်တော် အစည်းအဝေးတွင် ရတ်တရက်လေဖြတ်လဲကျကာ ဘုရင်ခံ၏ အိပ်ယာကုတင်ပေါ်တွင် တင်ထားစဉ် ကွယ်လွန်သည်။
[*ဒေါ်အမာ* ရွှေရိုးဘ ကလေး(ပ) *စာ ၆၄*]

## ဖေဖော်ဝါရီ

၂ ဖေဖော်ဝါရီ ၁၉၃၃ ဗိုလ်ချုပ်မှူးကြီး သန်းရွှေကို ကျောက်ဆည်မြို့တွင် ဦးလေးမြင့် ဒေါ်စိမ်းရင် မိဘနှစ်ပါးမှ မွေးဖွားသည်။
[စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကိုယ်ရေးမှတ်တမ်း အကျဉ်းချုပ် ၁၉၈၅]
[*မြဝင်း တပ်မတော်ခေါင်းဆောင်များ* သမိုင်းအကျဉ်း(၁၉၄၁ ခုနှစ်မှ ၁၉၉၀ ပြည့်နှစ်အထိ) ဒုတိယအကြိမ်၊ ရန်ကုန်၊ သတင်းနှင့်စာနယ်ဇင်းပုံနှိပ်၊ ၁၉၉၁၊ *စာ ၁၀၃*]

## မတ်လ

၂၂ မတ် ၁၉၃၃ ဗြိတိသျှအစိုးရ အိန္ဒိယအတွင်းဝန်က မြန်မာပြည်ဥဒေပြုအဖွဲ့၏ ဆုံးဖြတ်ချက်သည် မပြတ်သား မရှင်းလင်းဘဲရှိနေသည် ထို့ကြောင့် မြန်မာပြည်သည် အိန္ဒိယနှင့်ခွဲမည်လော၊ တွဲမည်လောဆိုသည့် အချက်နှစ်ခုမှ တစ်ခုကိုဆုံး ဖြတ်ပေးပါဟု တောင်းဆိုသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၁၂*]

၂၃-၄ မတ် ၁၉၃၃ ချင်းအမျိုးသားထု အစည်းအဝေးတစ်ရပ်ကို ကန်ပက်လက်နယ် (ယခုမင်းတပ်နယ်) နှောချောင်းတိုက်၊ မသုံးနူးရွာတွင် ကျင်းပ၍ ချင်းအမျိုးသားများ ညီညွတ်ရေးအဖွဲ့ (ခ.မ.ည.ဖ) ကိုဖွဲ့

စည်းသည်။ ရည်ရွယ်ချက်မှာ ကိုယ့်ကြမ္မာကိုယ်ဖန်တီးရေး၊ မြန်မာတိုင်းရင်းသားအားလုံးနှင့် လက်တွဲ၍ ဗြိတိသျှနယ်ချဲ့စနစ်ကို တိုက်ဖျက်ရေးဖြစ်သည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်များအဖြစ်

| | |
|---|---|
| ဥက္ကဋ္ဌ | ဦးဝမ်းသူးမောင် |
| ဒု- ဥက္ကဋ္ဌ | ဦးရိုးလိန်း |
| အတွင်းရေးမှူး | ဦးကီးဖေလိန်း (သခင်အောင်မင်း) |
| တွဲဖက်အတွင်းရေးမှူး | ဦးဆာလောင်အွန်နိန် (သခင်အောင်ညွှန့်) |

နှင့် အမှုဆောင်အဖွဲ့ဝင်ရှစ်ဦးကိုရွေး ကောက်တင်မြှောက်သည်။
[*မင်းတပ်ဘူနိမ်း ချင်းတောင်သမိုင်း စာ ၁၀၂-၃*]

## ဧပြီလ

၄-၅ ဧပြီ ၁၉၃၃ ဦးစိုးသိမ်း ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၈ ကြိမ်မြောက်နှစ်ပတ်လည်ညီလာခံကို စစ်ကိုင်းမြို့နယ် ကောင်းမှုတော်ဘုရားအနီးတွင် ကျင်းပသည်။ ညီလာခံသို့ ဒိုင်အာခီကောင်စီဝင် ဒေါက်တာဘမော်တက်ရောက်၍ ဥပဒေပြုအဖွဲ့တွင် ဆောင်ရွက်ပုံများ ပြောကြားသည့်ကိစ္စနှင့် စပ်လျဉ်း၍ ဥက္ကဋ္ဌဦးစိုးသိမ်းသည် မကျေမနပ်ဖြစ်ကာ ရှေ့ဆက်လက် စည်းဝေးလျှင် သပိတ်မှောက် အသင်းချုပ်ကြီး၏ စည်းကမ်းချက်၊ ရည်ရွယ်ချက် ပျက်စီးမည်ဟု ထင်မြင်သည့်အပြင် ဆူပူမှုဖြစ်မည်စိုးရိမ်၍ (၅-၄-၃၃) နံနက် ၉ နာရီ အချိန်မှစ၍ အစည်းအဝေးရုတ်သိမ်းကြောင်း ကြေညာပြီး ညီလာခံမှ ထွက်ခွာသွားသည်။
[*သူရိယသတင်းစာ ၆-၄-၁၉၃၃/၇-၄-၁၉၃၃/၈-၄-၁၉၃၃/၁၀-၄-၁၉၃၃*]
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု) စာ ၄၀၆-၉*]
[*ဟန်တင်* မြန်မာလွတ်လပ်ရေးသို့-၁ *စာ ၁၈၇-၈*]

ဧပြီ ၁၉၃၃ ဗဟိုဂျီစီဘီအေဥက္ကဋ္ဌဦးစုက အသင်းချုပ်ဥက္ကဋ္ဌ၏ တာဝန်ဝတ္တရားများကို မဆောင်ရွက်နိုင်တော့သဖြင့် ဥက္ကဋ္ဌရာထူးမှ နှုတ်ထွက်လိုကြောင်း ဗဟိုသံဃာအဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင်ချုပ် မိုးတားဆရာတော် ဦးပညာသာမိထံ ခွင့်တောင်းစာ ပေးပို့သည်။
[*သူရိယသတင်းစာ ၁၈-၄-၁၉၃၃*]

၂၅ ဧပြီ- ၆ မေ ၁၉၃၃ မြန်မာနိုင်ငံဥပဒေပြုလွှတ်တော် အထူးအစည်းအဝေးကျင်းပသည်။ အစည်းအဝေး

တွင် ချွင်းချက်မရှိ ခွဲရေး တွဲရေးနှစ်ခု မှ တစ်ခုကို ရွေးချယ်ရမည် ဆိုလျှင် တွဲရေးကိုသာ ရွေးချယ်သည်ဟု ယတိပြတ် ဖြေဆိုကြောင်း ဟူသော အဆိုကို တင်သွင်းသည်။ ထိုအဆို နှင့် စပ်လျဉ်း၍ လွှတ်တော်၌ ခွဲရေး တွဲရေး ခေါင်းဆောင်များက အခြေ အတင် စကားကို ရှည်လျားစွာ ပြော ဆိုနေကြရာ မေလ ဖရက်တိုင်အောင် အိန္ဒိယနိုင်ငံနှင့် မြန်မာပြည် ခွဲရေးတွဲ ရေးနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ဆုံးဖြတ်ချက် မချမှတ်နိုင်ဘဲ လွှတ် တော် အစည်းအဝေး အချိန်စေ့၍ ရုတ်သိမ်းလိုက်ရသည်။

၁။[***Scheme of Constitutional Reform in Burma*** if Separated from India, Yangon, Govt Printing , 1933, *P 4* ]

၂။[*သူရိယသတင်းစာ ၁၀–၅–၁၉၃၃*]

၃။[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၀၂–၃*]

၂၉ ဧပြီ ၁၉၃၃ သက်ပန်းဆရာတော် ကြီးမှူးသော မြန်မာပြည် သံဃအဖွဲ့ ချုပ်ကြီးက ဒေါက်တာဘမော်၏ တွဲ ရေးအဖွဲ့အား အသိအမှတ်ပြု၍ ဩဝါဒပေးခြင်းမှ ရပ်စဲသည်။

[*သူရိယမဂ္ဂဇင်း ၁၉၃၃၊ ဇွန် စာ ၆၃*]

## မေလ

၁ မေ ၁၉၃၃ ကျောက်ဆည်မြို့ ရေနားကျောင်း၌ ပုလိပ်ငါးဆူဆရာ တော်ကို သဘာပတိ တင်မြှောက်၍ ဗဟိုအမှုဆောင်အစည်းအဝေးကျင်းပ သည်။ အစည်းအဝေးတွင် ဗဟို သံဃ အဖွဲ့ချုပ်ကြီး၏ ဩဝါဒခံ ဗဟိုဂျီစီဘီအေကြီး၌ လစ်လပ်လျက် ရှိသော သမ္မတ၊ ဥက္ကဋ္ဌရာထူးကို ဦး ထွန်းအောင်ကျော်အား ခန့်ထား သည်။

[*သူရိယသတင်းစာ ၁၂–၅–၁၉၃၃*]

၁၅ မေ ၁၉၃၃ မြန်မာပြည် မီးရထား အတိုင်ပင်ခံအဖွဲ့ အစည်းအဝေးက စစ်ကိုင်းအနီး ဧရာဝတီမြစ်ကို ဖြတ် ကျော်၍ ဆောက်လုပ်ဆဲ တံတားကြီး အားအင်းဝတံတားဟု အမည်ပေးရန် သဘောတူ ဆုံးဖြတ်သည်။ အင်းဝ ခံတပ်ကြီးအား အစွဲပြု၍ အင်းဝတံ တားဟု ခေါ်တွင်ခြင်း ဖြစ်သည်။

[သူရိယမဂ္ဂဇင်း တွဲ(၁၇)၊ အမှတ် –၄၊ ၁၉၃၃၊ ဇွန်၊ *စာ ၆၅*]

[*မြန်မာ့အလင်းသတင်းစာ ၂၅–၇–၃၃*]

## ဇွန်လ

၂၅–၂၇ မေ ၁၉၃၃ ဦးထွန်းအောင် ကျော်(ဥက္ကဋ္ဌ) သပိတ်မှောက်ဂျီစီဘီ

အေ၏ နိုင်ငံလုံးဆိုင်ရာ ၂၀ ကြိမ်မြောက် ညီလာခံကို ကျောက်ဆည်မြို့တွင် ကျင်းပသည်။
[*ဟန်တင် မြန်မာလွတ်လပ်ရေးသို့–၁ စာ ၁၈၉*]

## ဩဂုတ်လ

၁ ဩဂုတ် ၁၉၃၃ တောင်ငူမြို့၊ အောက်တန်းရှေ့နေ၊ သာယာဝတီ ဦးပု (ယခင်လှိုင်ပုကျော် ဂျီစီဘီအေ) အစိုးရရှေ့နေအဖြစ် ခန့်အပ် ခံရသည်။

[*သူရိယသတင်းစာ ၃၁–၇–၃၃*]

၂၅ ဩဂုတ် ၁၉၃၃ သက်ပန်းဆရာတော်နှင့် အကျိုးဆောင်ဦးသိန်းဇံတို့က ဒေါက်တာဘမော်သည် မခွဲခွာရေး ဂိုဏ်းပေါင်းစုံ ဂျူဗလီဟော ပြဋ္ဌာန်းချက်များနှင့် သက်ပန်းဂျီစီဘီအေ၏ဆုံးဖြတ်ချက်နှင့် စည်းကမ်းများကို ဖောက်ဖျက် ကျူးကျော်ခြင်းအတွက် ဒေါက်တာဘမော်နှင့် ၎င်း၏အမတ်အဖွဲ့ကို သက်ပန်းဂျီစီဘီအေမှစွန့်လွှတ်ဖယ်ရှားကြောင်း ကြေညာသည်။
[*မြန်မာ့အလင်းသတင်းစာ ၂၅–၆–၃၈*]

၂၆ ဩဂုတ် ၁၉၃၃ ဆာဘိုးသာ (ဗြိတိသျှအစိုးရက ချီး မြှင့်သည့်ဆာဘွဲ့ကို မြန်မာလူမျိုးထဲမှ တတိယမြောက်ရရှိသူ/ အသက် ၇၆ နှစ်)တူသာသင်း ဂိုဏ်းဝင် ကွယ်လွန်သည်။
[*သူရိယသတင်းစာ ၂၈–၈–၃၃*]
[*မြန်မာ့အလင်းသတင်းစာ ၂၈–၈–၃၃*]

## စက်တင်ဘာလ

စက်တင်ဘာ ၁ ၁၉၃၃ သက်ပန်း ဂျီစီဘီအေမှဖယ်ရှားခံရသည့် ဒေါက်တာဘမော်အဖွဲ့သည်
ဗန္ဓုလဦးစိန်ကို သမ္မတ၊ဥက္ကဋ္ဌ
မင်းရွာဦးဘိုးဆင်ကို ငွေထိမ်း
ဦးဘခိုင်ကို အတွင်းရေးမှူး
တင်မြှောက်သည်။
[*သူရိယသတင်းစာ ၁၁–၉–၃၃*]

## အောက်တိုဘာလ

၁၀–၁၁ အောက်တိုဘာ ၁ ၁၉၃၃ ဗန္ဓုလ ဦးစိန် ဂျီစီဘီအေ ပြည်လုံးကျွတ်အထူးညီလာခံကို မန္တလေးမြို့ ဒဂုံးရုံတွင် ကျင်းပသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၀၈*]

၁၂ အောက်တိုဘာ ၁ ၁၉၃၃ ရေဦး

ဆရာတော်ကြီးမှူးသည့် ဗဟိုဂျီစီဘီအေတွင် သမ္မတ၊ ဥက္ကဋ္ဌသစ်အဖြစ် မောင်မောင်ဘအား တင်မြှောက်သည်။
[*သူရိယသတင်းစာ ၁၂-၁၀-၃၃*]

၁၃ အောက်တိုဘာ ၁၉၃၃ သက်ပန်း ဂျီစီဘီအေတွင် ဥက္ကဋ္ဌ လုပ်မည့်သူ မရှိ၍ လွှတ်တော်အမတ်ဖြစ်သူ မိုးကုတ်ဦးချစ်ဖေအား ဥက္ကဋ္ဌခန့်အပ်သည်။
၁။ [*သူရိယသတင်းစာ ၁၃-၁၀-၃၃*]
၂။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၁၆-၇*]
၃။ [*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၂၂၇-၃၀*]

၁၆ အောက်တိုဘာ ၁၉၃၃ ဟင်္သာတ မြောက်ပိုင်းကြား ရွေးကောက်ပွဲတွင် ပြည်သူပြည်သား ပါတီအဖွဲ့ဝင် ဦးစော(နောင်ဂဠုန်ဦးစော) ရွေးကောက်တင်မြှောက်ခံရသည်။
၁။ [*သူရိယသတင်းစာ ၁၇-၁၀-၃၃*]

## နိုဝင်ဘာ ၁လ

၈ နိုဝင်ဘာ ၁၉၃၃ ဗြိတိသျှပါလီမန် အထက်အောက်လွှတ်တော် တွဲဖက်ကော်မတီတွင် မြန်မာနိုင်ငံအုပ်ချုပ်ရေးပြုပြင်ပြောင်းလဲမှုတို့ကို ဆွေးနွေးရန် မြန်မာကိုယ်စားလှယ်အဖွဲ့ အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။
[*ဟန်တင် မြန်မာလွတ်လပ်ရေးသို့-၁ စာ ၁၉၁*]

■ ပညာရေးဝန်ကြီး ဦးကျော်ဒင်၏ နုတ်ထွက်စာကို လက်ခံသည်။
[*သူရိယသတင်းစာ ၉-၁၁-၃၃*]

၁၁ နိုဝင်ဘာ ၁၉၃၃ သက်ပန်းဆရာတော် ဩဝါဒခံ သံဃာ့အထူးကွန်ဖရင့်နှင့် လူအသင်းချုပ်အထူးကွန်ဖရင့်ကို ရတနာပုံဒင်္ဂါးရုံတွင် ကျင်းပသည်။
[*သူရိယသတင်းစာ ၂၀-၁၁-၃၃/၂၃-၁၁-၃၃*]

၂၉ နိုဝင်ဘာ ၁၉၃၃ ဗြိတိသျှပါလီမန် အထက်အောက်လွှတ်တော် တွဲဖက်ကော်မတီနှင့် မြန်မာကိုယ်စားလှယ်များ ဆွေးနွေးပွဲစတင်သည်။ မြန်မာကိုယ်စားလှယ်အဖွဲ့ဝင်များမှာ
၁။ ဦးဘဘေ
၂။ ဝတ်လုံတော်ရဦးသိမ်းမောင်
၃။ ဦးချစ်လှိုင်
၄။ ဒေါက်တာဘမော်
၅။ အိန္ဒိယလူမျိုးအမတ် ထရပ်ဂျီ
၆။ ဒေါက်တာဒေါ်စောစ

# ၁၉၃၄

၇။ ဆရာရွှေဘ

၈။ မစ္စတာကင်းပက်နက်

၉။ မစ္စတာဟာဂျီ

၁၀။ မစ္စတာကောဝပ်(စ်)ဂျီ

၁၁။ မစ္စတာဟာပါး

၁၂။ ဦးရွှေသား တို့ဖြစ်သည်။

၁။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၁၄*]

၂။ [*ဘခိုင်* မြန်မာပြည်နိုင်ငံရေး *စာ ၂၂၆*]

## ဒီဇင်ဘာလ

၁၆ ဒီဇင်ဘာ ၁၉၃၃ ကနောင်မင်းသားနှင့် အငြိမ့်သမ မခင်ဖော့တို့သားတော် လင်းပင်မင်းသား ထိပ်တင်လတ် ကွယ်လွန်သည်။

[*သူရိယသတင်းစာ ၁၈-၁၂-၃၃*]

## ဇန္နဝါရီလ

၂ ဇန္နဝါရီ ၁၉၃၄ ရောဝတီမြစ်ကူးအင်းဝတံတား (စစ်ကိုင်းတံတား)ကို မြန်မာနိုင်ငံဘုရင်ခံ ဆာဟူးဂျ်လင်းစဒေါင်းစတီဖင်ဆန်က အခမ်းအနားဖြင့် ဖွင့်လှစ်ပေးသည်။

[***R.A.B 1933-34*** *P 87* ]

## ဖေဖော်ဝါရီလ

၂၀ ဖေဖော်ဝါရီ ၁၉၃၄ ဦးဘဘေနှင့် ဒေါက်တာဘမော်တို့က အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် ဆာဂျေအေမောင်

ကြီးနှင့် ဦးကျော်ဒင်တို့ကို အယုံအကြည်မရှိ အဆိုတင်သွင်းရာ ဒိုင်အာခီ အုပ်ချုပ်ရေးခေတ်တွင် အစိုးရအဖွဲ့ဝင် ဝန်ကြီးများအား ပထမဆုံးအကြိမ် အယုံအကြည်မရှိ အဆိုတင်သွင်းခြင်း ဖြစ်သည်။

[**B.L.C.P Vol 27** *No 5 20-2-34 P 167* ]

၂၂ ဖေဖော်ဝါရီ – ၁ မတ် ၁၉၃၄ ကမ္ဘာ့ဇပဒေသ ရာဇာအသင်း၏ ၁၂ ကြိမ်မြောက်အစည်းအဝေး ကျင်းပသည်။

[**R.A.B 1933-34** *P 8* ]

မတ်လ

၆ မတ် ၁၉၃၄ မြန်မာနိုင်ငံ ဘုရင်ခံဆာဟူးဂျ်လင်းစခေါင်းစတီဖင်ဆန်နှင့်ဇနီးရှမ်းပြည်နယ်အကြီးအကဲများနှင့် တွေ့ဆုံသည့် ဒါဘာပွဲ ကျင်းပသည်။

[**R.A.B 1933-34** *P 8* ]

ဧပြီလ

၁ ဧပြီ ၁၉၃၄ ရန်ကုန်မြို့တော်ခန်းမကို စတင်ဆောက်လုပ်သည်။

*[ကမ္ဘာ့ဇမြင့်လွင် နှစ် ၂၀၀ မှတ်တမ်း စာ ၂၃၁]*

၉ ဧပြီ ၁၉၃၄ မြန်မာနိုင်ငံ ပူးတွဲတာဝန်ခံ အစိုးရအဖွဲ့တွင် ဦးဘဘေ (သစ်တောရေးဝန်ကြီးချုပ်) နှင့် ဒေါက်တာဘမော် (ပညာရေးဝန်ကြီးချုပ်) တို့ပါ ဝင်လာသည်။

[**R.A.B 1934-35** *P 1* ]

၁၅ ဧပြီ ၁၉၃၄ ကိုလိုနီခေတ်ဦး ဗြိတိသျှနယ်ချဲ့ကို တော်လှန်ခဲ့သည့် မြင်းခေါင်းဗိုလ်ရာညွှန့် ဝဲလောင်ရွာတွင် ကွယ်လွန်သည်။

*[အေးသန့် ကိုလိုနီခေတ်ဦးအာဇာနည်များ စာ ၈၅]*

မေလ

၁၀ မေ ၁၉၃၄ သာစည်မြေစိုဆရာတော်ဩဝါဒခံ ဗန္ဓုလဦးစိန် ကြီးမှူးသည့်ဂျီစီဘီအေ၏ နိုင်ငံလုံးဆိုင်ရာ ၁၉ ကြိမ်မြောက် ညီလာခံကို မုံရွာမြို့ တစ်ဖက်ကမ်းရှိ ညောင်ပင်ကြီးဆိပ်တွင် ကျင်းပသည်။ ညီလာခံတွင် အသင်းချုပ် အမှုဆောင်များအဖြစ် ဥက္ကဋ္ဌ ဗန္ဓုလဦးစိန်၊ အတွင်းရေးမှူး ဦးစောလွင်တို့အား ရွေးချယ်တင်မြှောက်သည်။ (နောင်တွင် သာစည်မြေစိုးဆရာတော်ပျံလွန်သောအခါ

## ၁၉၃၅

ဟံသာဝတီမင်္ဂလွန်းဆရာတော်၏ သြဝါဒကို ဆက်လက်ခံယူသည့်အတွက် မင်္ဂလွန်းဂျီစီဘီအေဟု အမည်တွင်သည်။)

၁။ ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၁၇–၄၃၇*]

၂။ [ မြန်မာအသင်းချုပ်ကြီး၏ မှုံရွာကွန်ဖရင့်မှတ်တမ်း ၁၉ ကြိမ်မြောက် (ပုံနှိပ်မှု) မေ ၁၉၃၄]

### စက်တင်ဘာ ၁၀

၂၉ စက်တင်ဘာ ၁ ၁၉၃၄ ချင်းအမျိုးသားညီညွတ်ရေးအဖွဲ့၏ ပထမဆုံးညီလာခံကို ယောချောင်းတိုက် ဝရဲရွာတွင် ကျင်းပသည်။

[*မင်းတပ်ဘူနိမ်း ချင်းတောင်သမိုင်း စာ ၁၀၆–၇*]

### ဒီဇင်ဘာ ၁၀

၁၂ ဒီဇင်ဘာ ၁ ၁၉၃၄ ဗြိတိသျှပါလီမန်အထက်အောက် တွဲဖက်ကော်မတီ အစီရင်ခံစာကို ထုတ်ပြန်သည်။ ထိုအစီရင်ခံစာတွင် 'အိန္ဒိယနိုင်ငံ ပြည်နယ်များအတွက် ကျွန်ုပ်တို့ အကြံပေးချက်တိုင်း အုပ်ချုပ်ရေးပေးလိုက်သည်နှင့် တစ်ပြိုင်နက် မြန်မာနိုင်ငံကိုလည်း အိန္ဒိယနိုင်ငံနှင့် ခွဲလိုက်

ရန် ကျွန်ုပ်တို့ အကြံပေးလိုက်ပါသည်’ ဟုပါရှိသည်။
[*ထင်ကြီး သတင်းစာအညွှန်း(ပ) စာ ၁၈၅*]

၁၉၃၄ တောင်သူလယ်သမားအရေးတော်ပုံခေါင်းဆောင် ဆရာစံ၏စာမူခငွေ ၁၆၆/– ဖြင့် ဦးထွန်းဖေ (ထွန်းနေ့စဉ်)က ဆရာစံအထိမ်းအမှတ် စာကြည့်တိုက်တည်ထောင်ဖွင့်လှစ်သည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၃၈၆–၇*]
[*ကြည်ညွှန့်* သမိုင်းဝင်သူရိယမြန်မာ့အလင်း *စာ ၁၈၉*]

## မတ်လ

၃၀ မတ်– ၁ ဧပြီ ၁၉၃၅ တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာ ပထမအကြိမ်ညီလာခံကို ရေနံချောင်းမြို့တွင်ကျင်းပသည်။ ထိုညီလာခံတွင် ဂျီစီဘီအေဥက္ကဋ္ဌ သမ္မတဦးစိုးသိမ်းက သဘာပတိအဖြစ် ဆောင်ရွက်သည်။ ညီလာခံမှ တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်များအဖြစ်

| | |
|---|---|
| ဥက္ကဋ္ဌ | သခင်ဗစိန် |
| ဒုဥက္ကဋ္ဌ | သခင်လေးမောင် |
| အတွင်းရေးမှူး | သခင်သိန်းမောင် |
| တွဲဖက်အတွင်းရေးမှူး | သခင်ထွန်းအုပ် |
| ဘဏ္ဍာရေးမှူး | သခင်ထွန်းခင် (နောင်တွင် ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မြင့်ဆွေ) |
| ပြန်ကြားရေးမှူး | သခင်ညီ |
| အဖွဲ့ဝင် | သခင်ဟန် |
| | သခင်ထွန်းရွှေ |
| | သခင်ဗဗ |

တို့ကို ရွေးချယ်တင်မြှောက်သည်။
၁။ [*တို့ဗမာအစည်းအရုံးသမိုင်း* (ပ)*စာ ၁၇၅–၆*]
၂။ [*မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့်အတွေ့အကြုံ*၊ ရန်ကုန်၊ စာပေဗိမာန်ပုံနှိပ်၊ ၁၉၈၇၊ *စာ ၂၁၃*။ နောင်ကိုးကားလျှင် *မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့်အတွေ့အကြုံ* ဟုညွှန်းမည်။]
[*ဝန်ကြီးသခင်ဗစိန်* သခင်များ၏လွတ်လပ်ရေးကြိုးပမ်းမှု ရန်ကုန်၊ တိုင်းပြည်ပြုပုံနှိပ်။ ၁၉၄၃။ စာ ၅၅ နောင်ကိုးကားလျှင် *ဗစိန်သခင်များ၏လွတ်လပ်ရေးကြိုးပမ်းမှု* ဟုညွှန်းမည်]

## ဧပြီလ

၁၀ ဧပြီ ၁၉၃၅ စာအိတ်တွင် ဂျော့ဘုရင်ပုံပါ တံဆိပ်ခေါင်းကို ပြောင်းပြန်ကပ်ပြီး “ခွေးခေါင်းပြောင်းပြန်ကပ်လိုက်သည်” ဟု ရေးသားကာ စာထည့်ခြင်းနှင့် စပ်လျဉ်း၍ သခင်

လှမောင်အား တောင်ငူမြို့ ဒုတိယ အရေးပိုင်ရုံးမှ ထောင်ဒဏ်သုံးလ ဒဏ်ငွေ ၁၅၀ အပြစ်ပေးရာ သခင် လှမောင်က ဒဏ်ငွေ မဆောင်ဘဲ အလုပ်မရှိ ထောင်ကြောက်လ ကျခံခဲ့ သည်။

[ထောင့်အရသာ။ ရန်ကုန်။ ဂျာနယ်ကျော် ပုံနှိပ်။ ၁၉၃၈။ *စာ ၁၂၈*]

၂၂ ဧပြီ ၁၉၃၅ ဆာဟူးဂျ်လင်းစ ဒေါင်း စတီဖင်ဆင် ခွင့်သွားစဉ် အတွင်း ကူးပါး (Mr. Thomos Couper) က ခေတ္တဘုရင်ခံအဖြစ် ဆောင် ရွက်သည်။

[***R.A.B 1935-36*** *P 5* ]

## မေလ

၆ မေ ၁၉၃၅ မြန်မာနိုင်ငံ တစ်ဝန်း၌ အင်္ဂလန်ဘုရင် ပဉ္စမမြောက် ဂျော့ နန်းစံ၂၅ နှစ်မြောက် ငွေရတုအထိမ်း အမှတ်နေ့ ကျင်းပသည်။

[*သူရိယသတင်းစာ ၆–၅–၃၅*]

၂၃ မေ ၁၉၃၅ ဂျွန်ဦးစော၊ မြန်မာ့ အလင်းသတင်းစာတိုက်မှ ဦးမောင် မောင်ခင် အောဝမ်းရုပ်ရှင်ဦးညီပုနှင့် ညီမောင်မောင်စိုးတို့ ရန်ကုန်မှ ဂျပန် နိုင်ငံ ထွက်ခွာသည်။

[*မောင်စော* ဂျပန်လမ်းညွှန်။ရန်ကုန်၊ ပုံနှိပ် တိုက်မသိ။၁၉၃၅။ စာ ၁၇]

## ဇွန်လ

၇ ဇွန် ၁၉၃၅ စတန်လေဘော်ဒွင် (Stanley Baldwin) သည် အင်္ဂလန်နိုင်ငံ ဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင် ရွက်သည်။

[***Prominent People*** *P 118*]

## ဩဂုတ်လ

၂ ဩဂုတ် ၁၉၃၅ မြန်မာနိုင်ငံစီရင် အုပ်ချုပ်မှုအက်ဥပဒေကို ထုတ်ပြန် သည်။

[***Goverment of Burma Act,*** *Yan - gon , Govt printing, 1936*]

၂၀ ဩဂုတ် ၁၉၃၅ ဆာဟူးဂျ်လင်း စဒေါင်းစတီဖင်ဆင်သည် ခွင့်လေး လခံစားပြီးနောက် ၎င်း၏ အလုပ် ဝတ္တရားများကို ပြန်လည် ထမ်းဆောင် သည်။

[***R.A.B 1935-36*** *P 5* ]

## စက်တင်ဘာလ

၉ စက်တင်ဘာ ၁၉၃၅ အိန္ဒိယအစိုး ရ အက်ဥပဒေပြဋ္ဌာန်းသည်။ ဤ ဥပဒေအရ မြန်မာနိုင်ငံသည် အိန္ဒိယ

နိုင်ငံ၏ ပြည်နယ်တစ်ခုမဟုတ်တော့ဘဲ ဗြိတိသျှအင်ပါယာအတွင်း သီးခြားနိုင်ငံတစ်ခုဖြစ်လာသည်။
[ ***The Burma Gazette*** *P III A, 28 Sept 1935,PP 93-250* ]

အောက်တိုဘာ ၁လ

၂၃ အောက်တိုဘာ ၁၉၃၅ ဝတ်လုံတော်ရ ဦးသင်း၊ (တူသာသင်းကိုဏ်းဝင်) အသက် ၆၉ ကွယ်လွန်သည်။
[*သူရိယသတင်းစာ ၂၄-၁၀-၃၅*]

နိုဝင်ဘာ ၁လ

၁၁ နိုဝင်ဘာ ၁၉၃၅ ရန်ကုန်မြို့ ဂျူဗလီဟော၌ ပြည်လုံးကျွတ်အစည်းအဝေးကျင်းပသည်။ အစည်းအဝေးတွင် ဥက္ကဋ္ဌအဖြစ် ဆရာတော် ဦးဥတ္တမ ဆောင်ရွက်သည်။ အစည်းအဝေးမှ
၁။ မြန်မာပြည် ပျက်စီးရာ ပျက်စီးကြောင်းဖြစ်သော ဂိုဏ်းဂဃကွဲပြား၍ သြဇာများနေမှုများကို လုံးဝရပ်စဲလျက် အင်အား အကြီးဆုံးဖြစ်သော မြန်မာပြည် လွတ်လပ်ရေး ညီညွတ်

၁
၉
၃
၅

ရေးအဖွဲ့ချုပ်တစ်ခု တည်ထောင်ရန်။
၂။ ဦးကွာဝိန္ဒာဓိပတိ၊ ဦးညေယျ၊ ဦးဝါသဝနှင့် ဦးဥတ္တမ ကိုယ်တော်တို့အား ညီညွတ်ရေးကို ကြိုးစားဆောင်ရွက်ရန်အတွက် လုံးဝတာဝန် လွှဲအပ်ရန်။

ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။

*[သူရိယမဂ္ဂဇင်း အတွဲ ၁၉၊ အမှတ် ၁၀၊ ၁၉၃၅၊ ဒီဇင်ဘာ၊ စာ ၉၈-၉၉၊]*

၁၉၃၅ သာသနာ့မာမကခေါ် ရဟန်းပျိုများ အဖွဲ့ချုပ်ကို ဖွဲ့စည်းတည်ထောင်သည်။

[*ဘခိုင်* မြန်မာပြည်နိုင်ငံရေး *စာ ၈၉*]

## ဇန္နဝါရီလ

၂၀ ဇန္နဝါရီ ၁၉၃၆ အင်္ဂလန်ဘုရင်ဂျော့ '၅' (George V) နတ်ရွာစံသည်။

[သူရိယမဂ္ဂဇင်း အတွဲ-၁၉၊ အမှတ်-၁၂၊ ၁၉၃၆၊ ဖေဖော်ဝါရီ၊ စာ ၁၂၁-၂]

၂၁ ဇန္နဝါရီ ၁၉၃၆ ဝေလမင်းသားသည် အဋ္ဌမမြောက်ဧဒွက် (Edward VIII) ဘွဲ့ခံ၍ အင်္ဂလန်ထီးနန်းကို ဆက်ခံသည်။

[***Prominent People*** *P 117*]

ဇန္နဝါရီ ၁၉၃၆ ရန်ကုန်တက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ထုတ်ဝေသည့် အိုးဝေမဂ္ဂဇင်း အတွဲ ၅ အမှတ် ၁တွင် ဆောင်းပါးရှင် ယမမင်း (အိုးဝေညို မြ)ရေးသားသည့် 'ငရဲခွေးကြီး လွတ်နေပြီ' ဆောင်းပါးပါရှိသည်။

[အိုးဝေမဂ္ဂဇင်း အတွဲ-၅၊ အမှတ်-၁၊ ၁၉၃၆၊ ဇန်နဝါရီ၊ *စာ ၅၆*]

## ဖေဖော်ဝါရီလ

၂၁ ဖေဖော်ဝါရီ ၁၉၃၆ ရန်ကုန်တက္ကသိုလ်ကျောင်းအုပ်ကြီး မစ္စတာဒီဂျေစလော့ (D . J .Sloss) က ကိုနုအားကျောင်းထုတ်ကြောင်း အကြောင်းကြားစာ ပေးပို့သည်။

*[သူရိယသတင်းစာ ၂၆-၂-၃၆]*

၂၅ ဖေဖော်ဝါရီ ၁၉၃၆ ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ်မှောက်သည်။

[***R.A.B 1935-36*** *P XV* ]

## မတ်လ

၃ မတ် ၁၉၃၆ သီပေါမင်းနှင့် စုဖုရားလတ်တို့၏ စတုတ္ထသမီးတော် ထိပ်စုမြတ်ဖုရားကလေး (အသက် ၄၉) မော်လမြိုင်မြို့တွင် ကွယ်လွန်သည်။

*[ဒီးဒုတ်ဂျာနယ်၊ အတွဲ ၁၂၊ အမှတ် ၅၊ ၇-*

၃-၃၆]

■ အိန္ဒိယနိုင်ငံ နယူးဒေလီတွင် ရောက်ရှိနေသည့် ဆရာတော် ဦးဥတ္တမက သူရိယသတင်းစာတိုက်မှ တဆင့် သပိတ်မှောက် ကျောင်းသားများ အောင်မြင်ရေး အတွက် ဆုတောင်း မေတ္တာစာ ပေးပို့သည်။ *[ဒီးဒုတ်ဂျာနယ်၊ အတွဲ ၁၂၊ အမှတ် ၅၊ ၇-၃-၃၆]*

## ဧပြီလ

၁၈ ဧပြီ ၁၉၃၆ လော့လင်လစ်ဂေါင်း (Marquess of Linlithgow)သည် အိန္ဒိယ ဘုရင်ခံချုပ်ရာထူးကို လက်ခံ ဆောင်ရွက်သည်။
[***An Advanced History of India****P 1043*]

၃၀ ဧပြီ -၂ မေ ၁၉၃၆ မန္တလေးမြို့တွင် ညီညွတ်ရေး အစည်းအဝေး ကျင်းပရာ နိုင်ငံရေးအဖွဲ့ ငါးဖွဲ့တက်ရောက်သည်။ ၎င်းအဖွဲ့များမှာ
၁။ ပြည်သူပြည်သားအဖွဲ့
၂။ ဦးမောင်ကြီးဦးစီးသည့် (ခွဲခွာရေးအသင်းကြီးကို အမည်ပြောင်းထားသည့် မြန်မာပြည်လွတ်လပ်ရေးအဖွဲ့ (Free Burma)
၃။ ရွှေဦးဆရာတော်ကြီးမှူးသည့် ဦးစု ဗဟိုဂျီစီဘီအေအဖွဲ့
၄။ ဦးဘစီ ဦးစီးသည့် သပိတ်မှောက်ဂျီစီဘီအေအဖွဲ့
၅။ ဦးဘဦးကြီးမှူးသည့် မန္တလေး ၂၁ဦး အဖွဲ့တို့ဖြစ်သည်။ ညီညွတ်ရေးအစည်းအဝေးတက်ရောက်ကြသည့် နိုင်ငံရေးအဖွဲ့ ငါးဖွဲ့ကို စုပေါင်း၍ “ညီညွတ်ရေးမူလဂျီစီဘီအေဖွဲ့ချုပ်”ဟူ၍ ဖွဲ့စည်းသည်။နိုင်ငံရေးအဖွဲ့ငါးဖွဲ့ စုစည်းထားခြင်းကို အကြောင်းပြု၍ ငါးပွင့်ဆိုင်အဖွဲ့ (Five Flowers Party) ဟု ခေါ်သည်။ ငါးပွင့်ဆိုင်အဖွဲ့၏ အကြီးအမှူးအဖြစ် ရွှေဦးဆရာတော် ဦးဩဘာသ၊ ဥက္ကဋ္ဌအဖြစ်မကွေးရာမင်းသားနှင့် ဇနီး ခင်လေးတို့၏ သားတော် အငယ် ထိပ်တင်ဝမင်းသားအား ရွေးချယ် တင်မြှောက်သည်။ ညီညွတ်ရေး အစည်းအဝေးသို့
၁။ ဦးချစ်လှိုင် ဂျီစီဘီအေ
၂။ မင်္ဂလွန်း ဂျီစီဘီအေ
၃။ ဒေါက်တာဘမော်၏ မခွဲခွာရေးအဖွဲ့
၄။သက်ပန်းဂျီစီဘီအေနှင့်
၅။ဆာဂျေအေ မောင်ကြီး၏ ရွှေတောင်ကြားပါတီတို့ မတက်ရောက်ကြချေ။

၁။ [**R.A.B 1935-36** P XV]

၂။ [ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၃၈*]

၃။ [*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ၇၇/၂၇၃–၄*]

၄။ [*ရွှေကိုင်းသား အနှစ်တစ်ရာပြည့်* မန္တလေး *စာ ၃၀၀–၁*]

၅။ [*ထင်ကြီး သတင်းစာအညွှန်း(ပ) စာ ၂၄၁*]

၆။ [Ba Maw, **Break Through in Burma P 429**]

ဧပြီ ၁၉၃၆ မင်္ဂလွန်းဆရာတော် ဩဝါဒခံ ဗန္ဓုလဦးစိန် ကြီးမှူးသော ဂျီစီဘီအေအဖွဲ့ နိုင်ငံလုံးဆိုင်ရာ ၂၀ ကြိမ် မြောက်ညီလာခံကို မန္တလေးမြို့ တောင်ပြင် မဟာမုနိဘုရားအနီး ၄၅ တာ၌ ကျင်းပသည်။ ညီလာခံတွင် ဂျီစီဘီအေအဖွဲ့ချုပ် အမှုဆောင်များ အဖြစ်

ဥက္ကဋ္ဌ ဦးသာယာဝတီမောင်မောင်

အတွင်းရေးမှူး ဦးလေးမောင်

ငွေထိန်း ဗန္ဓုလဦးစိန် တို့အား ရွေးကောက်တင်မြှောက်သည်။ ညီလာခံက ၉၁ ဌာနအုပ်ချုပ်ရေး ရွေးကောက်ပွဲတွင် ဝင်ရောက်အရွေးခံရန် ဆုံးဖြတ်သည်။ ဒေါက်တာဘမော် တင်ပြသည့်ဆင်းရဲသားဝါဒကို ဆွေးနွေးအတည်ပြုသည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၄၂–၃*]

## မေလ

၆ မေ ၁၉၃၆ မြန်မာနိုင်ငံ ဘုရင်ခံအဖြစ် တာဝန်ထမ်းဆောင်မည့် ဆာ အာချီဘော ဒေါက်ကလပ်ကော့ကရိန်း (Sir Archibald Douglas Cochrane) မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။

[*ဈေးနှုန်းသတင်းစာ ၇–၅–၃၆*]

၈ မေ ၁၉၃၆ ဆာ အာချီဘော ဒေါက်ကလပ်ကော့ကရိန်း သည် မြန်မာနိုင်ငံ ဘုရင်ခံ ရာထူးကို လက်ခံဆောင်ရွက်သည်။

[*ဒေါ်အမာ ရွှေရိုးဘ ကလေး (ပ) စာ ၁၈၃*]

၁၀ မေ ၁၉၃၆ ရန်ကုန်တက္ကသိုလ် သပိတ်မှောက်ကောင်စီမှ သပိတ်လှန်သည့်အတွက် ရန်ကုန်တက္ကသိုလ် ဒုတိယကျောင်းသားသပိတ် ပြီးဆုံးသည်။

[*ရန်ကုန်တက္ကသိုလ်သမိုင်း (၁၉၂၀–၉၅) စာ ၇၁*]

၁၃ မေ ၁၉၃၆ ငါးပွင့်ဆိုင်အဖွဲ့ဥက္ကဋ္ဌ မင်းသားကြီး ထိပ်တင်ဝက ဒေါက်တာဘမော်ထံ ညီညွတ်ရေးအဖွဲ့ထဲ ပါဝင်ရန် ဖိတ်ခေါ်စာ ပေးပို့သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃)*

*စာ ၄၃၉–၄၄၀*]

၃၁ မေ ၁၉၃၆ ဒေါက်တာဘမော်က ငါးပွင့်ဆိုင်အဖွဲ့ဥက္ကဋ္ဌ မင်းသားကြီး ထိပ်တင်ဝထံ ပြန်စာပေးပို့သည်။ ထိုပြန်စာတွင် အချက်လေးချက်ကို ညီညွတ်ရေးအဖွဲ့က လက်ခံပါက ၎င်းသည်နောက်လိုက်အဖြစ် ထားရာနေစေရာသွားပါမည်ဟု ပါရှိသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု) စာ ၄၃၉–၄၄၁*]

## ဇွန်လ

၁၅ ဇွန် ၁၉၃၆ မြန်မာနိုင်ငံဘုရင်ခံ ဆာအာချီဘော ဒေါက်ကလပ်ကော့ ကရိန်းက ရန်ကုန်မြို့တော်ခမ်းမကို အခမ်းအနားဖြင့် ဖွင့်လှစ်သည်။
[*Pearn* ***A History of Rangoon*** *P 285*]

၂၇–၉ ဇွန် ၁၉၃၆ တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ်ဝမြောက် နှစ်ပတ်လည် ညီလာခံကို ပြည်မြို့တွင်ကျင်းပသည်။ ထိုညီလာခံမှ တို့ဗမာအစည်းအရုံး ဗဟိုအလုပ်အမှုဆောင်များအဖြစ်

| | |
|---|---|
| ဥက္ကဋ္ဌ | သခင်လေးမောင် |
| ဒု–ဥက္ကဋ္ဌ | သခင်ညို |
| အတွင်းရေးမှူး | သခင်တင်မောင် |
| ဘဏ္ဍာရေးမှူး | သခင်ထွန်းခင် |
| ပြန်ကြားရေးမှူး | သခင်သိန်းမောင် |
| အဖွဲ့ဝင် | သခင်ဟန် |
| | သခင်မြ |
| | သခင်ဗဗ |
| | သခင်ဗစိန် |
| | သခင်လှဘော် |

တို့ကို ရွေးချယ်ခဲ့သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (ပ)*စာ ၁၉၇*]
[*မီးတုတ်သခင်သိန်းမောင်ကြီး၏* ဘဝနှင့်အတွေ့အကြုံ *စာ ၂၅၁*]

## ဇူလိုင်လ

၁၉ ဇူလိုင် ၁၉၃၆ တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာ ဒုတိယအကြိမ် ညီလာခံဆုံးဖြတ်ချက်အရ ၉၁ ဌာနအုပ်ချုပ်ရေးရွေး ကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင် အရွေးခံရန် ကိုယ့်မင်းကိုယ်ချင်းအဖွဲ့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။

အလုပ်အမှုဆောင်များမှာ

| | |
|---|---|
| ဥက္ကဋ္ဌ | သခင်ဟန် |
| ဒု–ဥက္ကဋ္ဌ | သခင်မြ |
| ငွေထိန်း | သခင်ထွန်းခင် |
| အတွင်းရေးမှူး | သခင်ကံတင့် |

ပြန်ကြားရေးမှူး သခင်သိန်းမောင် အဖွဲ့ဝင် သခင်ဗစိန် တို့ဖြစ်ကြသည်။

ကိုယ့်မင်းကိုယ့်ချင်း အဖွဲ့သည် တို့ဗမာ အစည်းအရုံးကြီး၏ ပါလီမန်ဆိုင်ရာ အဖွဲ့တစ်ခုသာ ဖြစ်သည်။ အဖွဲ့၏ တာဝန်မှာ ပါလီမန်အတွင်း ဝင်ရောက်၍ ၉၁ ဌာန အုပ်ချုပ်ရေးကို တိုက်ဖျက်ရန် ဖြစ်သည်။ ၁၉၃၆ နိုဝင်ဘာ ရွေးကောက်ပွဲတွင် ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ သခင် ၂၈ ဦးဝင်ရောက် အရွေးခံရာ သခင်မြ (သာယာဝတီ) သခင်လှတင် (ဟင်္သာတ)နှင့် သခင်အုံကြီး (ပခုက္ကူ)တို့ အမတ်အရွေး ခံရသည်။

၁။ [*မီးတုတ်သခင်သိန်းမောင်ကြီး၏ ဘဝနှင့် အတွေ့အကြုံ စာ ၂၇၉*]

၂။ [*ဝန်ကြီးသခင်ဗစိန် သခင်များ၏လွတ်လပ်ရေးကြိုးပမ်းမှု စာ ၂၀/၄၀*]

၃။ [*ကြည်ညွန့် သမိုင်းဝင်သူရိယမြန်မာ့အလင်း စာ ၂၅၂*]

## ဩဂုတ်လ

၇ ဩဂုတ် ၁၉၃၆ ရန်ကုန်မြို့မ အမျိုးသားကျောင်း၌ အမျိုးသား တက္ကသိုလ်ကို ဖွင့်လှစ်သည်။

[*ဘားမားဂျာနယ်၊ အမှတ် ၁၀၊ ၈–၈–၃၆*]

၁၈ ဩဂုတ် ၁၉၃၆ ဦးမြကသစ်တောရေးဝန်ကြီးချုပ် ဦးဘဘေအား အယုံအကြည်မရှိ အဆိုတင်သွင်းသည်။ အဆိုကို မဲခွဲရာ ထောက်ခံမဲ ၃၄၊ ကန့်ကွက်မဲ ၄၂ မဲရရှိပြီး အဆိုရှုံးနိမ့်သဖြင့် ဦးဘဘေ ရာထူးတွင် ဆက်လက်တည်မြဲသည်။

[***B.L.C.P** **Vol 32** **No.7** *18-8-36 PP 335-346* ]

[*ဒေါ်အမာ ရွှေရိုးဘ ကလေး (ပ) စာ ၁၈၇*]

ဩဂုတ် ၁၉၃၆ ဆင်းရဲသားအကျိုးဆောင်အဖွဲ့ (Fabian)ကို ဒီးဒုတ်ဦးဘချို၊ ကိုနု နှင့် ဦးဘခိုင်တို့ ကြီးမှူးဖွဲ့စည်းသည်။

[*ဘခိုင် မြန်မာပြည်နိုင်ငံရေး စာ ၂၈၀–၆*]

## အောက်တိုဘာ

၄ အောက်တိုဘာ ၁၉၃၆ ဆရာတော် ဦးဥတ္တမ အိန္ဒိယနိုင်ငံမှ မြန်မာနိုင်ငံသို့ လေယာဉ်ဖြင့် ပြန်လည်ရောက်ရှိသည်။

[*ဘားမားဂျာနယ်၊ အမှတ် ၁၉၊ ၁၀–၁၀–၃၆*]

၁၉၃၆ ဒေါက်တာဘမော်က ဆင်းရဲသားဝံသာနု(ဓါးမ)ပါတီကို ဖွဲ့စည်း

တည်ထောင်သည်။
[*Ba Maw*, ***Break Through in Burma*** *P 56*]

## နိုဝင်ဘာ ၁လ

၁၀–၁၄ နိုဝင်ဘာ ၁ ၁၉၃၆ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု အက်ဥပဒေ (၉၁ ဌာနအုပ်ချုပ်ရေး) အရ ပထမဆုံး အကြိမ် အောက်လွှတ်တော်အမတ် ရွေးကောက်ပွဲကျင်းပသည်။(အောက်လွှတ်တော်ကို အမတ် ၁၃၂ ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်သည်။) ရွေးကောက်ပွဲတွင် ငါးပွင့်ဆိုင်ပါတီမှ ၄၆ ဦး၊ ဒေါက်တာ ဘမော်၏ ဆင်းရဲသားဝံသာနု(ဓါးမ) ပါတီမှ ၁၆ ဦး၊ ဦးချစ်လှိုင်ဂျီစီဘီအေမှ ၁၂ ဦး၊ ကိုယ့်မင်းကိုယ့်ချင်းအဖွဲ့မှ သုံးဦး၊ ဖေဘီယန်ပါတီမှ တစ်ဦး(ဦးမောင်မြစ်)နှင့် ရွှေတောင်ကြားပါတီမှ နှစ်ဦး၊ သက်ပန်းဂျီစီဘီအေမှတစ်ဦးနှင့် တသီးပုဂ္ဂလ အမတ် ၁၇ ဦး ရွေးခံရသည်။

■ ရွေးကောက်ပွဲတွင် –

မြန်မာနိုင်ငံ လူဦးရေ ၁၅, ၇၁၅,၂၄၆ ဦး

ဆန္ဒမဲ ပေးနိုင်သည့် မဲစာရင်းရှိ လူဦးရေပေါင်း ၂,၆၅ ၉,၂၀၀ ဦး

မဲပေးသူ ဦးရေ ၁, ၃၅၂, ၀၀၃

မဲဆန္ဒပေးသည့် ရာခိုင် နှုန်း ၅၀.၈ %

၁။[*ထွန်းသန်း မြန်မာပြည်နိုင်ငံရေး စာ ၁၄*]
၂။[*ထင်ကြီး သတင်းစာအညွှန်း(ပ) စာ၂၄၁*]
၃။[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၆၄*]
၄။[*ဘခိုင်* မြန်မာပြည်နိုင်ငံရေး စာ ၃၀၂–၃၀၄]

## ဒီဇင်ဘာ ၁လ

၁၀ ဒီဇင်ဘာ ၁ ၁၉၃၆ မြန်မာနိုင်ငံ ဘုရင်ခံက ပညာရေးဝန်ကြီးချုပ် ဒေါက်တာဘမော်အား နုတ်ထွက်စေပြီး ဝတ်လုံတော်ရ ဦးသိန်းမောင်အား ပညာရေးဝန်ကြီးချုပ်အဖြစ် ခန့်အပ်သည်။
[*သူရိယသတင်းစာ ၁၀–၁၂–၃၆*]

၁၁ ဒီဇင်ဘာ ၁ ၁၉၃၆ အင်္ဂလန်ဘုရင် အက်ဒွပ် '၈' (Edward VIII) နန်းစွန့်၍ ညီတော်ဂျော့'၆' (George VI) (၁၈၉၄–၁၉၅၂) နန်းတက်သည်။
[***Longman Dictionary of 20th Century Biography, England, Longman, 1985, PP 198-199/***

*534-5* ]

[ ***Daily Year Book P 46*** ]

**ဖေဖော်ဝါရီလ**

၁၈ ဖေဖော်ဝါရီ ၁၉၃၇ ဥပဒေပြု ကောင်စီအစည်းအဝေး၌ ပညာရေး ဝန်ကြီးချုပ် ဝတ်လုံတော်ရ ဦးသိန်း မောင်နှင့် သစ်တောရေးဝန်ကြီးချုပ် ဦးဘဘေတို့အပေါ် အယုံအကြည် မရှိ တင်သွင်းသည်။ ထိုအဆိုကို မဲခွဲရာ ထောက်ခံမဲ ၆၄ မဲ၊ ကန့်ကွက် မဲ ၅၁ မဲဖြင့် အဆိုအနိုင်ရသည်။

၁

၉

၃

၇

[***Burma Legislative Council Proceedings of House of Representatives** Vol I, No 6, 18-2-37, P 41/ Vol I, No 10, 26-2-37,PP 171-2 :hereafter cited as **B.L.P.H.R*** ]

၂၁ ဖေဖော်ဝါရီ ၁၉၃၇ ငါးပွင့်ဆိုင်အဖွဲ့မှ ဆော်သြသူ ဦးဘရင်က သဘောထား ကြေညာချက်တစ်စောင် ထုတ်ပြန်ရာတွင် ၎င်းတို့အဖွဲ့သည် အမျိုးသား အစိုးရဖွဲ့စည်းရန် မဖြစ်နိုင်၍ အစိုးရဖွဲ့ စည်းရေးကိစ္စကို ဘုရင်ခံထံပြန်အပ် လိုက်ကြောင်း၊ ၎င်းတို့သည် တိုင်းပြည်အကျိုးကို ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

*[ကမ္ဘာ့ဇမြင့်လွှင် နှစ် ၂၀၀ မှတ်တမ်း စာ ၂၃၈]*

## မတ်လ

၂ မတ် ၁၉၃၇ မြန်မာနိုင်ငံဘုရင်ခံ ဆာအာချီဘော ဒေါက်ကလပ် ကော့ကရိန်းက ဒေါက်တာ ဘမော်အား တွေ့ဆုံပြီး အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ အမည်စာရင်းကို တောင်းဆိုသည်။

*[သူရိယသတင်းစာ ၄-၃-၃၇ စာ ၂၁]*

၁၁ မတ် ၁၉၃၇ ဒေါက်တာဘမော် တင်ပြသော အစိုးရအဖွဲ့ဝင် အမည်စာရင်းကို အတည်ပြုရွေးချယ်သည်။

*[သူရိယသတင်းစာ ၁၃-၃-၃၇ စာ ၂၅]*

၁၂ မတ် ၁၉၃၇ မြန်မာနိုင်ငံဘုရင်ခံ ဆာအာချီဘော ဒေါက်ကလပ် ကော့ကရိန်းက ၁၉၃၇ ဧပြီ ၁ ရက်မှစ၍ အုပ်ချုပ်ရန် ဝန်ကြီးချုပ် '၆'ဦး ရွေးချယ်လိုက်ရာ ၎င်းတို့မှာ ဒေါက်တာဘမော်၊ ဦးပေါ်ထွန်း၊ ဦးပု(ရွှေကျင်)၊ ဦးထွန်းအောင်ကျော် (နောင် Sir ဘွဲ့ရ)၊ စောဖေသာနှင့် ဦးသာယာဝတီမောင်မောင် တို့ဖြစ်သည်။

*[သူရိယသတင်းစာ ၁၃-၃-၃၇]*

■ ငါးပွင့်ဆိုင်အဖွဲ့က ညွန့်ပေါင်းအစိုးရ တစ်ဖွဲ့လုံးကို အယုံအကြည်မရှိ အဆိုတင်သွင်းသည်။ ထိုအဆိုနှင့် ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌ ဦးချစ်လှိုင်က ဝန်ကြီးအဖွဲ့သစ်ကို မတ်လ ၁၁ ရက်နေ့တွင် ရွေးချယ်ခဲ့ပြီးဖြစ်သော်လည်း ဧပြီတစ်ရက်နေ့ရောက်မှသာ တာဝန်ထမ်းဆောင်ကြရမည့်သူများဖြစ်သောကြောင့် ယခုတင်သွင်းသော အဆိုသည် ဘောင်လွတ်ပြီး အချိန်မကျသေးကြောင်း အကြောင်းပြကာ အဆိုကို ပယ်ချခဲ့

သည်။
[**B.L.P.H.R ;***Vol I,No.22, 12-3-37, P 599* ]

၁၅ မတ် ၁၉၃၇ ဒိုင်အာခီအစိုးရ သစ်တောရေးဝန်ကြီးချုပ် ဦးဘဘေနှင့် ပညာရေးဝန်ကြီးချုပ် ဦးသိမ်းမောင်တို့ နုတ်ထွက်သွားရာ မြန်မာနိုင်ငံဘုရင်ခံက ၎င်းတို့နှစ်ဦးနေရာတွင် ဒေါက်တာဘမော်နှင့် ဦးပေါ်ထွန်းတို့အား ခန့်အပ်သည်။
[*သူရိယသတင်းစာ ၁၆–၃–၃၇*]

■ ငါးပွင့်ဆိုင်အဖွဲ့က ဒေါက်တာဘမော်နှင့် ဦးပေါ်ထွန်းတို့အပေါ်တွင် အယုံအကြည် မရှိ အဆိုတင်သွင်းသည်။ ဝန်ကြီးချုပ် ခန့်အပ်သည့်နေ့တွင်ပင် အယုံအကြည်မရှိ အဆိုကို တင်သွင်းခံရခြင်း ဖြစ်သည်။
[**B.L.P.H.R ;***Vol I,No.24, 15-3-37, P 683* ]
[*သူရိယသတင်းစာ ၁၆–၃–၃၇*]

၂၄ မတ် ၁၉၃၇ ဒေါက်တာဘမော်ကြီးမှူးသော အစိုးရအဖွဲ့ကို အယုံအကြည်မရှိအဆိုကို မဲခွဲရာ ကန့်ကွက်မဲ ၅၆ မဲ၊ ထောက်ခံမဲ ၅၆ မဲ ရသဖြင့် မဲအရေအတွက် တူနေရာ လွှတ်တော်ဥက္ကဋ္ဌ ဦးချစ်လှိုင်က မိမိ၏ မဲကို အစိုးရဘက်သို့ ပေးလိုက်သဖြင့် အဆိုရှုံးနိမ့်သည်။
[**B.L.P.H.R ;***Vol I,No.27, 24-3-37, PP 784-5* ]
[သူရိယမဂ္ဂဇင်း အတွဲ–၂၃၊ အမှတ်–၂၂၈၊ ၁၉၃၇၊ မတ်၊ ၂၅။ *စာ ၂၆*]

## ဧပြီလ

၁ ဧပြီ ၁၉၃၇ ဗြိတိသျှအစိုးရက မြန်မာနိုင်ငံကို အိန္ဒိယနိုင်ငံမှ သီးခြားခွဲထုတ်ပြီး ၁၉၃၅ မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှုဥပဒေအရ စတင်အုပ်ချုပ်သည်။ မြန်မာနိုင်ငံသည် ယခင်ကကဲ့သို့ အိန္ဒိယနိုင်ငံ၏ ပြည်နယ်တစ်ခု မဟုတ်တော့ဘဲ ဗြိတိသျှအစိုးရက တိုက်ရိုက်အုပ်ချုပ်သည့် နိုင်ငံဖြစ်လာသည်။ ၁၉၃၅ မြန်မာနိုင်ငံ စီရင်အုပ်ချုပ်မှု ဥပဒေ (၉၁ ဌာန အုပ်ချုပ်ရေး) အရ မြန်မာနိုင်ငံ အစိုးရအဖွဲ့ဝင် ဝန်ကြီးချုပ် '၆' ဦးမှာ

၁။ ဒေါက်တာဘမော်
အမတ်ချုပ်နှင့်ဘဏ္ဍာရေးဝန်ကြီးချုပ်
၂။ ဦးပေါ်ထွန်း
ပြည်ထဲရေးဝန်ကြီးချုပ်
၃။ ဦးပု(ရွှေကျင်)
သစ်တောရေးဝန်ကြီးချုပ်
၄။ ဦးထွန်းအောင်ကျော်

ကူးသန်းရောင်းဝယ်ရေးဝန်ကြီးချုပ်
၅။ စောဖေသာ
မြေနှင့်အခွန်ဘက်ဆိုင်ရာဝန်ကြီးချုပ်
၆။ ဦးသာယာဝတီမောင်မောင်
ပညာရေးဝန်ကြီးချုပ် တို့ဖြစ်သည်။
[*ဘားမားဂျာနယ်၊ အမှတ် ၄၄၊ ၃-၄-၃၇*]
[*Cady*, ***A History of Modern Burma*** *P 386* ]

■ ကိုနု၊ ကိုထိန်ဝင်း (ဗိုလ်ချုပ်ဈေး ထိန်ဝင်းစာပေ) ခေါင်းဆောင်သည့် လူငယ်တစ်စုက ၉၁ ဌာန အုပ်ချုပ်ရေးကို ကန့်ကွက်သော အနေဖြင့် တရားရုံးချုပ်ရှေ့ ဖိုက်စကွဲယား ဥယျာဉ် (ယခုမဟာဗန္ဓုလပန်းခြံ) အနီးတွင် ၁၉၃၅ ခုနှစ် မြန်မာနိုင်ငံစီရင်အုပ်ချုပ်မှု ဥပဒေ စာအုပ်နှင့် ဗြိတိသျှယူနီယံဂျက်အလံကို မီးရှို့ပွဲပြုလုပ်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၂၃၁*]
[*ကြည့်ညွှန့်* သမိုင်းဝင် သူရိယမြန်မာ့အလင်း စာ ၂၄၆]

၁၀ ဧပြီ ၁၉၃၇ မြန်မာပြည်အစိုးရအဖွဲ့ အမတ်ချုပ်ကြီးအား မြန်မာဘာသာဖြင့် နန်းရင်းဝန် ဟုခေါ်ရန် ထုတ်ပြန် ကြေညာသည်။
[*ဘားမားဂျာနယ်၊ အမှတ် ၄၆၊ ၁၇-၄-၃၇*]

■ သခင်ထွန်းအုပ်အား ဗြိတိသျှအစိုးရက ပုဒ်မ ၁၂၄ (က) နှင့် ၁၅၃ (က) အရ အစိုးရအား အကြည်ညို ပျက်စေမှုနှင့် လူမျိုးချင်း မုန်းတီးအောင် ပြောဆိုမှုတို့ကြောင့် ထောင်ဒဏ် ခြောက်လ ပြစ်ဒဏ်ချ မှတ်သည်။
[*ဘားမားဂျာနယ်၊ အမှတ် ၄၆၊ ၁၇-၄-၃၇*]

၂၅ ဧပြီ ၁၉၃၇ မြန်မာနိုင်ငံဘုရင်ခံ ဆာအာချီဘော ဒေါက်ကလပ်ကော့ကရိန်းက ပညာရေးဝန်ကြီးချုပ် ဦးသာယာဝတီမောင်မောင်၏ နှုတ်ထွက်လွှာကို လက်ခံသည်။ ဒေါက်တာသိန်းမောင်အား ကူးသန်းရောင်းဝယ်ရေးဝန်ကြီးအဖြစ် ခန့်အပ်သည်။ ကူးသန်းရောင်းဝယ်ရေးဝန်ကြီး ဦးထွန်းအောင်ကျော်အား ပညာရေးဝန်ကြီးအဖြစ် ပြောင်းလဲ ခန့်အပ်သည်။
[*ဘားမားဂျာနယ်၊ အမှတ် ၄၈၊ ၁-၅-၃၇*]

မေလ

၉-၁၀ မေ ၁၉၃၇ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂ ဒုတိယ ညီလာခံကို မန္တလေးမြို့တွင် ကျင်းပသည်။ ညီလာခံတွင် အဆို ၁၇ ရပ်ကိုတင်သွင်းပြဌာန်းခဲ့သည်။

[*ဘားမားဂျာနယ်၊ အမှတ် ၅၃၊ ၅-၆-၃၇*]

၁၂ မေ ၁၉၃၇ အင်္ဂလန်နိုင်ငံ ဆဋ္ဌမမြောက် ဂျော့ဘုရင် ဘိသိက်ပွဲ ကျင်းပသည်။
[ဗန္ဓုလဂျာနယ် အတွဲ-၁၈၊ အမှတ်-၂၊ ၅၊ မေ၊ ၁၉၃၇ စာ ၂၃]

၂၈ မေ ၁၉၃၇ ချိန်ဘာလိန် (Neville Chamberlain) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ်ရာထူးကို လက်ခံဆောင်ရွက်သည်။
[***Encyclopaedia Britannica Vol 5*** *U.S.A, R.R.Donnelley & Sons Co., 1961, P 206* ]

## ဇွန်လ

၄ ဇွန် ၁၉၃၇ ပြည်ထဲရေးဝန်ကြီးချုပ်ဟောင်း ဆာမောင်ဘ မေမြို့၌ ကွယ်လွန်သည်။
[*သူရိယသတင်းစာ ၇-၆-၃၇*]

## ဇူလိုင်လ

၃ ဇူလိုင် ၁၉၃၇ အင်္ဂလန်နိုင်ငံ ဆဋ္ဌမမြောက် ဂျော့ဘုရင် ဘိသိက်ပွဲတက်ရောက်ခဲ့သည့် အောက်လွှတ်တော် ဥက္ကဋ္ဌ ဦးချစ်လှိုင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။
[*ဘားမားဂျာနယ်၊ အတွဲ (၂)၊ အမှတ် ၅၊ ၁၀-၇-၃၇*]

၁၇ ဇူလိုင် ၁၉၃၇ အင်္ဂလန်နိုင်ငံ ဆဋ္ဌမမြောက် ဂျော့ဘုရင် ဘိသိက်ပွဲ တက်ရောက်ခဲ့သည့် မြန်မာနိုင်ငံ နန်းရင်း ဝန် ဒေါက်တာဘမော်၊ ဇနီး ဒေါ်ခင်မမ၊ ခေတ္တတရားဝန်ကြီးချုပ် ဆာမြဘူးနှင့်ဇနီး ရန်ကုန်မြို့သို့ ပြန်လည် ရောက်ရှိသည်။
[*ဘားမားဂျာနယ်၊ အတွဲ (၂)၊ အမှတ် ၇၊ ၂၄-၇-၃၇*]

## ဩဂုတ်လ

၁၄ ဩဂုတ် ၁၉၃၇ မျိုးချစ်ပါတီကို ဂဠုန်ဦး စောတည်ထောင်သည်။
[*ဟန်တင် မြန်မာလွတ်လပ်ရေးသို့-၁ စာ ၂၂၈-၉*]

၂၀ ဩဂုတ် ၁၉၃၇ ဒေါက်တာဘမော် ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရတစ်ဖွဲ့လုံးကို အယုံအကြည် မရှိအဆို တင်သွင်းသည်။
[***B.L.P.H.R*** ***;*** *Vol II,No.4, 20-8-37, P 265* ]

## စက်တင်ဘာ

၄ စက်တင်ဘာ ၁၉၃၇ တို့ဗမာအစည်းအရုံးအမှုဆောင် အစည်းအဝေး

ကို ရွှေတိဂုံစေတီတောင်ဘက်စောင်းတန်း မော်လမြိုင်ဇရပ်တွင် ကျင်းပသည်။ အစည်းအဝေးတွင်ဗမာ့လက်ရုံးတပ်ဖွဲ့စည်းမျဉ်းဥပဒေကို အတည်ပြုသည်။

*[တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၁၃၄]*

## နိုဝင်ဘာလ

နိုဝင်ဘာ ၁ ၁၉၃၇ နဂါးနီစာအုပ်အသင်းကို သခင်နု၊ ကိုအုန်းခင်နှင့် သခင်သန်းထွန်းတို့ ဦးဆောင်၍ တည်ထောင်သည်။

*[နဂါးနီဂျာနယ်၊ အတွဲ (၁)၊ အမှတ် ၁၊ ၁၉၃၈ စာ ၄]*

## ဒီဇင်ဘာလ

ဒီဇင်ဘာ ၁ ၁၉၃၇ တရုတ်နိုင်ငံကူမင်းမြို့မှ လားရှိုးမြို့သို့ ၁၁၆၈ ကီလိုမီတာ (၇၂၆ မိုင်) ရှည်လျားသောကားလမ်းကို စတင် ဖောက်လုပ်သည်။

*[W.A.Gibson "The Burma Road" The Burma Police Journal Vol 3 No. 4 Jan 1941 PP 477-481 ]*

၁၉၃၇ မြန်မာနိုင်ငံ အရပ်ရပ်တွင် တို့ဗမာအစည်းအရုံးဝင် သခင်များ၏ လက်ရုံးတပ်ဖွဲ့များ တရားဝင်စတင် ပေါ်ပေါက်သည်။

*[ဝိဇ္ဇုရသခင်ချစ်မောင်"နိုင်ငံရေးရှေးဟောင်းနှောင်းဖြစ်များ" ရှုဒေါင့်ဂျာနယ်။ အမှတ် ၅၅။ ၁-၇-၇၁ ]*

## ဇန္နဝါရီလ

၈ ဇန္နဝါရီ ၁၉၃၈ တစ်ထောင်သုံးရာပြည့် အရေးတော်ပုံ၏ ပထမဦးဆုံးဖြစ်ရပ်ဖြစ်သည့် ဘီအိုစီကုမ္ပဏီအာဏာပိုင်များ၏ ဖိနှိပ်ချုပ်ချယ်မှုကို မကျေနပ်သည့် အတွက် ချောက်ရေနံမြေ အလုပ်သမားများ သပိတ်ပေါ်ပေါက်သည်။

*[တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၂၃၈-၉]*

# ၁
# ၉
# ၃
# ၈

## ဖေဖေါ်ဝါရီလ

၈ ဖေဖေါ်ဝါရီ ၁၉၃၈ ဆမားဒူးဝါး ဆင်ဝါးနော်ဦးစီး၍ ပြည်သူ့ယဉ် ကျေးမှုနှင့် တိုးတက်ကြီးပွားရေးအဖွဲ့ (ပယကဖ) ခေါ်ကုန်ဖန်ဖုန် (Kung Hpan Hpung) ကို ဖွဲ့စည်းသည်။

[*မရမ်ဘောက်လာ* ဆမားဒူးဝါးဆင်ဝါး နော်အတ္ထုပ္ပတ္တိ။ ရန်ကုန်။ နေရီရီပုံနှိပ်။ ၁၉၈၀။ စာ ၄၉ ]

## မတ်လ

၂၂–၂၄ မတ် ၁၉၃၈ တို့ဗမာအစည်း အရုံး၏ နိုင်ငံလုံးဆိုင်ရာ တတိယ အကြိမ် ညီလာခံကို ပြည်မြို့တွင် ကျင်းပသည်။ ထိုညီလာခံမှ တို့ဗမာ အစည်းအရုံးဌာနချုပ် အလုပ်အမှု ဆောင်များအဖြစ်

ဥက္ကဋ္ဌ သခင်သိန်းမောင်
ဒု–ဥက္ကဋ္ဌ သခင်လှဘော်
ငွေထိန်း သခင်ဗဂွမ်း
အတွင်းရေးမှူး(၁)သခင်လေးမောင် (အလုပ်သမား၊ လယ်သမားဌာန)
အတွင်းရေးမှူး(၂) သခင်တင်အောင် (ကိုယ့်မင်းကိုယ့်ချင်းဌာန၊ နိုင်ငံခြား ရေးဌာန)
အတွင်းရေးမှူး(၃) သခင်ဗစိန် (ဝါဒပြန့်ပွားရေးနှင့်စည်းရုံးရေးဌာန)

အတွင်းရေးမှူး(၄) သခင်အောင်သန်း (ရဲဘော် သုံးကျိပ်ဝင် ဗိုလ်စကြာ) (ကျောင်းသားလူငယ်ဌာနနှင့် ဘဏ္ဍာရေးဌာန) တို့ကို ရွေးကောက်တင်မြှောက်သည်။

[*မော်လမြိုင်ညီလာခံသတင်မှတ်တမ်း*၊ ရန်ကုန်။တို့ဗမာအစည်းအရုံးဌာနချုပ်၊ ၁၉၃၉။ *စာ ၄၃–၄၄*။ နောင်ကိုးကားလျှင် မော်လမြိုင်ညီလာခံ ဟုညွှန်းမည်။]

[*မီးတုတ်သခင်သိန်းမောင်ကြီး၏* ဘဝနှင့် အတွေ့အကြုံ *စာ ၃၂၈*]

## ဧပြီလ

၂၅–၂၆ ဧပြီ ၁၉၃၈ ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများ သမဂ္ဂတတိယ ညီလာခံကို ပုသိမ်မြို့တွင် ကျင်းပသည်။ ညီလာခံမှ ကျောင်းသား သံမဏိတပ်များဖွဲ့ရန် ဆုံးဖြတ်သည်။

[မြဟန် *ကိုလိုနီခေတ်အဘိဓာန် စာ ၁၈၄–၅*]

## မေလ

၁ မေ ၁၉၃၈ တို့ဗမာအစည်းအရုံးက ဦးဆောင်၍ ရေနံချောင်းမြို့တွင် ကမ္ဘာ့အလုပ်သမားနေ့ကို ပထမဆုံးအကြိမ်ကျင်းပသည်။

[*တို့ဗမာအစည်းအရုံးသမိုင်း* (ပ)*စာ ၁၁၆–၁၁၇*]

## ဇွန်လ

၁ ဇွန် ၁၉၃၈ အစိုးရသိန်းထီဌာနကို ဖွင့်လှစ်၍ ထီလက်မှတ် တစ်စောင်လျှင် ၂ ကျပ်နှုန်းဖြင့် ရောင်းချသည်။ ကိုလိုနီခေတ်တွင် ပထမဆုံးအကြိမ် ထီ စတင်ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

[မြန်မာ့စွယ်စုံကျမ်း *အတွဲ ၅၊ စာ ၂၀၃–၄*]

[*သင့်ဆွေမျိုး* “ထီလောက”၊ မြန်မာ့ဓနအမှတ် ၃၂၊ ဖေဖော်ဝါရီ၊ ၁၉၉၃။ စာ ၄၄]

၁၃ ဇွန် ၁၉၃၈ တို့ဗမာအစည်းအရုံးဥက္ကဋ္ဌ သခင်သိန်းမောင်က ဌာနချုပ်အလုပ်အမှုဆောင် သခင်ဗစိန်နှင့် သခင်ကျော်ရင်တို့အား အစည်းအရုံးမှ ထုတ်ပယ်ကြောင်း ဆုံးဖြတ်ကြေညာသည်။

[*တို့ဗမာအစည်းအရုံးသမိုင်း* (ပ)*စာ ၂၈၃*]

## ဇူလိုင်လ

၃ ဇူလိုင် ၁၉၃၈ ရန်ကုန်မြို့ ရွှေတိဂုံစေတီ တောင်ဘက်စောင်းတန်း မော်လမြိုင်ဇရပ်တွင် ဗမာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးအမှုဆောင် အစည်းအဝေး ကျင်းပ၍ တို့ဗမာ

အစည်း အရုံးအတွင်း ပဋိပက္ခများ တင်ပြခဲ့သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၂၈၄–၂၈၅*]

၂၆ ဇူလိုင် ၁၉၃၈ ရွှေတိဂုံစေတီ ရင်ပြင်ပေါ်တွင် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များ စည်းဝေး၍ ဦးရွှေဖီရေး သားသည့် "မောလဝီနှင့် ယောဂီစာတမ်း"ကို ကန့်ကွက်သည်။ ထို့နောက် သိမ်ကြီးဈေးဘက်သို့ ချီတက်လာရာမှ စတင်ကာ ကုလား–မြန်မာ အဓိကရုဏ်း ဖြစ်ပွားသည်။
[အဓိကရုဏ်းစုံစမ်းစစ်ဆေးရေးကော်မတီ၏ကြားဖြတ်အစီရင်ခံစာ၊ ရန်ကုန်။ အစိုးရပုံနှိပ်၊ ၁၉၃၉။ စာ *၁၁–၁၇*။နောင်ကိုးကားလျှင် အဓိကရုဏ်းစုံစမ်းစစ်ဆေးရေးကော်မတီအစီရင် ခံစာ ဟုညွှန်းမည်။]
[*တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၂၇၃–၂၇၆*]

၃၀ ဇူလိုင် ၁၉၃၈ ကုလားမြန်မာ အဓိကရုဏ်း မန္တလေးမြို့သို့ ကူးစက်သည်။
[အဓိကရုဏ်းစုံစမ်းစစ်ဆေးရေး ကော်မတီ အစီရင်ခံစာ *စာ–၁၄*]

၃၁ ဇူလိုင် ၁၉၃၈ ဦးဘဘေ ပါဝင်သော မြန်မာတိုင်းရင်းသားကိုယ်စားလှယ်များနှင့် အိန္ဒိယတိုင်းရင်းသား ကိုယ်စားလှယ်ခေါင်းဆောင်များ ငြိမ်းချမ်းရေး အစည်းအဝေးတစ်ရပ် ကျင်းပပြီး မြန်မာနှင့် အိန္ဒိယသား နှစ်ဖက်လုံး မေတ္တာထား၍ ငြိမ်းချမ်းစွာ နေထိုင်ကြရန် ပန်ကြားချက် ထုတ်ပြန်သည်။
[*သူရိယသတင်းစာ အတွဲ ၂၄၊ အမှတ် ၁၂၆၊ ၃–၈–၃၈၊ စာ ၉*]

## ဩဂုတ်လ

၁၇ ဩဂုတ် ၁၉၃၈ မြန်မာနိုင်ငံဘုရင်ခံဆာအာချီဘောဒေါက်ကလပ်ကော့ကရိန်းက မြန်မာတစ်နိုင်ငံလုံး၌ ကုလားမြန်မာအဓိကရုဏ်း ပပျောက်သွားပြီဟု ထုတ်ပြန်ကြေညာသည်။
[အဓိကရုဏ်းစုံစမ်းစစ်ဆေးရေး ကော်မတီ အစီရင်ခံစာ *စာ–၁၄*]

၁၈ ဩဂုတ် ၁၉၃၈ တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်မှုဆောင် အဖွဲ့ကို –
ဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီး
ဒု–ဥက္ကဋ္ဌ သခင်လှဘော်
အထွေထွေအတွင်းရေးမှူး သခင်ညီ
တို့ဖြင့် ပြန်လည် ဖွဲ့စည်းသည်။

[*မော်လမြိုင်ညီလာခံ စာ ၄၄-၄၅*]
[*တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၂၉၆*]

၂၂ ဩဂုတ် ၁၉၃၈ ကုလား-ဗမာ အဓိကရုန်း၌ ပုလိပ်တို့ ရက်စက်မှုကို ရှုံ့ချပြီး အစိုးရအဖွဲ့ကို အယုံအကြည်မရှိ အဆို တင်သွင်းသည်။
[**B.L.P.H.R ;** *Vol IV,No.1, 22-8-38, P 52* ]

၂၆ ဩဂုတ် ၁၉၃၈ အစိုးရ အဖွဲ့ အယုံအကြည်မရှိ အဆိုကို မဲခွဲရာ အဆိုဘက်မှ ရှုံးနိမ့်သည့်အတွက် ဒေါက်တာဘမော်အစိုးရ ဆက်လက်တည်မြဲသည်။
[**B.L.P.H.R ;** *Vol IV,No.5, 26-8-38, P 333* ]

ဩဂုတ် ၁၉၃၈ တို့ဗမာအစည်းအရုံး၊ ဖေဘီယံပါတီနှင့် မျိုးချစ်ပါတီတို့ နိုင်ငံရေး သဘောတူစာချုပ် ချုပ်သည်။
[*သခင်ချစ်မောင်(ဝိဇ္ဇာ)* သခင်မြ ရန်ကုန်။ မိသားစုစာပေဖြန့်ချိရေး၊ ၁၉၇၉၊ *စာ ၂၆၉*။ နောင်ကိုးကားလျှင် *ဝိဇ္ဇာ* သခင်မြ ဟုညွှန်းမည်။]
[*ဗစိန် လွတ်လပ်ရေးကြိုးပန်းမှု စာ ၄၅*]

## စက်တင်ဘာ ၁၉၃၈

၂၂ စက်တင်ဘာ ၁၉၃၈ မြန်မာနိုင်ငံအစိုးရပြည်ထဲရေးဌာနက ကုလားမြန်မာအဓိကရုဏ်း စုံစမ်းရေးကော်မတီဖွဲ့စည်းပေးသည်။
[အဓိကရုဏ်းစုံစမ်းစစ်ဆေးရေး ကော်မတီ အစီရင်ခံစာ *စာ-၁*]

၂၅ စက်တင်ဘာ ၁၉၃၈ တို့ဗမာ အစည်းအရုံး အလုပ်အမှုဆောင် အစည်းအဝေးကျင်းပသည်။ အစည်းအဝေးမှ သခင်အောင်ဆန်းအား အလုပ်ဌာနတွင် ကူညီဆောင်ရွက်ရန် အတွင်းရေးမှူးအဖြစ် ခန့်အပ်သည်။
[*မြန်မာ့အလင်းသတင်းစာ ၂၆-၉-၃၈*]

## နိုဝင်ဘာ ၁၉၃၈

၂၀-၂၂ နိုဝင်ဘာ ၁၉၃၈ တို့ဗမာ အစည်းအရုံး၏ ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အစည်းဝေးကျင်းပ၍ သခင်ဗစိန်နှင့် တကွ သာယာဝတီညီလာခံအတွက် ပြင်ဆင်နေကြသည့် တို့ဗမာအစည်းအရုံးဌာနချုပ်အမှုဆောင်တို့ကို ထုတ်ပယ်၍ ဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ဥက္ကဋ္ဌ သခင်ထိပ်တင်ကိုယ်တော်ကြီး

ဒု–ဥက္ကဋ္ဌ သခင်လှဘော်
အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း
တို့ဖြင့်ပြန်လည်ဖွဲ့စည်းသည်။
[*မော်လမြိုင်ညီလာခံ စာ ၄၆*]
[*တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၃၀၆*]

၂၃–၂၄ နိုဝင်ဘာ ၁၉၃၈ သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ အုပ်စုက တို့ဗမာအစည်းအရုံး စတုတ္ထ အကြိမ်မြောက်ညီလာခံကို သုံးဆယ်မြို့၊ ပန်းဆွဲရွာတွင် ကျင်းပသည်။ ညီလာခံတွင် ဥက္ကဋ္ဌအဖြစ် သခင်ထွန်းအုပ်၊ အထွေထွေအတွင်းရေးမှူး အဖြစ် သခင်ညီကို တင်မြှောက်ခဲ့သည်။ (ဤအချိန်မှစ၍ တို့ဗမာအစည်းအရုံးသည် သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံးနှင့် သခင်ထွန်းအုပ်၊ သခင်ဗစိန်တို့ဗမာအစည်းအရုံးဟူ၍အတိအလင်းနှစ်ခြမ်းကွဲခဲ့သည်။)
[*ဗစိန် လွတ်လပ်ရေးကြိုးပန်းမှု စာ ၇၀–၇၁*]
[*တို့ဗမာအစည်းအရုံးသမိုင်း (ပ)စာ ၃၀၀–၈*]

၃၀ နိုဝင်ဘာ ၁၉၃၈ ချောက်၊ စဉ့်ကူး၊ လမ်းရွာ၊ ရေနံချပ်နှင့် ရေနံချောင်းရေနံမြေမှ သပိတ်မှောက် အလုပ်သမားအင်အား ၁၀၀၀ ကျော်တို့ မိုင် ၄၀၀ ကျော်ရှည်လျားသော ရန်ကုန်သို့ ခြေလျင်ချီတက်ဆန္ဒပြပွဲ စတင်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း ပြုစုရေးအဖွဲ့*. *တို့ဗမာအစည်းအရုံးသမိုင်း* ဒုတိယတွဲ။ ရန်ကုန်။ စာပေဗိမာန်ပုံနှိပ်။ ၁၉၇၆။ စာ ၃၃၅။ နောင်ကိုးကားလျှင် *တို့ဗမာအစည်းအရုံးသမိုင်း* (ဒု)ဟုညွှန်းမည်။]

နိုဝင်ဘာ ၁၉၃၈ နိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင်အဖွဲ့ အစည်းအဝေးက တို့ဗမာအစည်းအရုံး၊ ဖေဘီယံနှင့် မျိုးချစ်ပါတီတို့ ချုပ်ဆိုထားသော သဘောတူစာချုပ်ကို လက်မခံဘဲ ပယ်ချသည်။
[*ဝိရူရ သခင်မြ စာ ၂၆၉*]

## ဒီဇင်ဘာ ၁၉၃၈

၅ ဒီဇင်ဘာ ၁၉၃၈ ရေနံမြေသပိတ်တပ် မကွေးမြို့သို့ ရောက်ရှိသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (ဒု)*စာ ၃၃၆*]

၁၂ ဒီဇင်ဘာ ၁၉၃၈ မကွေးမြို့ မဲထီးကျောင်းတိုက်အတွင်း ရေနံမြေသပိတ်တပ်သားများအား တရားဟောမှုဖြင့် ကိုဗဟိန်းနှင့် ကိုဗဆွေတို့ကို

ဗြိတိသျှအစိုးရက ဖမ်းဆီးသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၃၄၃*]

၁၃ ဒီဇင်ဘာ ၁၉၃၈ ရေနံမြေသပိတ်တပ် မကွေးမှ ရန်ကုန်သို့ ဆက်လက်ချီတက်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၃၄၃–၃၄၄*]

■ ရန်ကုန်တက္ကသိုလ်ကျောင်းသားများသမဂ္ဂအသင်းတိုက်၌ ကျောင်းသားထု အစည်းအဝေး ကျင်းပ၍ ကိုဗဟိန်းနှင့်ကိုဗဆွေတို့ကိုလွှတ်ရန်နှင့် ဖိနှိပ်ချုပ်ချယ်ထားသော ဥပဒေများ ရုတ်သိမ်းရန် အဆိုများ တင်သွင်းသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၃၄၆–၃၄၇*]

၁၄ ဒီဇင်ဘာ ၁၉၃၈ ပဲခူးခရိုင်နှင့်သထုံခရိုင်တို့မှ တောင်သူလယ်သမား နှစ်သောင်းခန့်သည် ကျင်းပလျက်ရှိသော ဥပဒေပြု လွှတ်တော်အစည်းအဝေးမှ လယ်သီးစားဥပဒေကြမ်းနှင့် လယ်မြေလွှဲပြောင်းပေးရေးဆိုင်ရာ ဥပဒေကြမ်းများကို အတည်ပြုရေးအတွက် ရန်ကုန်မြို့သို့ ဆန္ဒပြချီတက်သည်။

[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၉၇–၈*]

၁၉ ဒီဇင်ဘာ ၁၉၃၈ ပဲခူးခရိုင်နှင့်သထုံခရိုင်တို့မှ တောင်သူလယ်သမား တပ်ဖွဲ့များ ရန်ကုန်ရောက်ရှိပြီး ရွှေတိဂုံစေတီ ရင်ပြင်တွင် စခန်းချသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၉၇–၈*]

၂၀ ဒီဇင်ဘာ ၁၉၃၈ ရန်ကုန်တက္ကသိုလ် အပါအဝင် ရန်ကုန်မြို့ရှိ ကျောင်းပေါင်း စုံကျောင်းသားထုက အတွင်းဝန်များရုံး(ယခုဝန်ကြီးများရုံး) ကို ဝိုင်း၍ သပိတ်တား ဆန္ဒပြသည်။ မြင်းစီးပုလိပ်များက သပိတ်တား ကျောင်းသူကျောင်းသားများကို အကြမ်းဖက် ဖြိုခွဲသည်။
[***Report of the Secretariat Incident Enquiry Comittee,*** *Yangon Govt printing, 1939, P 2,:hereafter cited as* ***Report of the Secretariat Incident Enquiry Comittee***]

၂၁ ဒီဇင်ဘာ ၁၉၃၈ ရန်ကုန်တက္ကသိုလ် ကျောင်းသားများသမဂ္ဂဥက္ကဋ္ဌ ကိုလှရွှေက မြန်မာတစ်နိုင်ငံလုံးရှိ

ကျောင်းသားများသပိတ်မှောက်ရန် နှိုးဆော်စာ ထုတ်ပြန်သည်။
[*တက္ကသိုလ်ကိုကိုကြီး* ကျောင်းသားပုလိပ်တိုက်ပွဲ ။ရန်ကုန်။ ဘုံဝါဒစာအုပ်အသင်း။ ၁၉၃၉။ စာ ၈]

၂၂ ဒီဇင်ဘာ ၁၉၃၈ ဂျပ်ဆင်ကောလိပ် ကျောင်းသား ကိုအောင်ကျော်သည် အတွင်းဝန်များရုံးဝိုင်း၌ သပိတ်တားဆန္ဒပြစဉ် မြင်းစီးပုလိပ်များ၏တုတ်ဖြင့် ရိုက်နှက်မှုဒဏ်ရာများကြောင့် ၁၃း၂၅ နာရီတွင် ရန်ကုန် ဆေးရုံကြီးတွင် ကွယ်လွန်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၃၅၉*]

## ဇန်နဝါရီလ

၈ ဇန်နဝါရီ ၁၉၃၉ ရေနံမြေသပိတ်တပ်ကြီးသည် ရန်ကုန်မြို့သို့ ရောက်ရှိလာပြီး ရွှေတိဂုံစေတီ ကုန်းတော်ပေါ်တွင် စခန်းချသည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (၃) စာ ၄၉၈*]

၉ ဇန်နဝါရီ ၁၉၃၉ ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ တောင်သူလယ်သမားထု အစည်းအဝေး ကျင်းပ၍

၁
၉
၃
၉

ဗမာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမား အစည်းအရုံး (ဗ.တ.လ.စ) ကိုဖွဲ့စည်းသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (၃)*စာ* ၃၇၅]
[*ဝိဇ္ဇာ သခင်မြ စာ ၅၀၄*]

■ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားထု အစည်းအဝေးကို ရွှေတိဂုံစေတီအလယ်ပစ္စယံ၌ ၁၅း၃၀ နာရီတွင် ကျင်းပရာ သပိတ်မှောက်အလုပ်သမားပေါင်း ၅၀၀ ကျော်တက်ရောက်သည်။ အလုပ်သမားကိုယ်စားလှယ်ပေါင်းစုံ ဆုံးဖြတ်ချက်အရ ဗမာနိုင်ငံလုံးဆိုင်ရာ အလုပ်သမား အစည်းအရုံးကို (All Burma Trade Union Congress\ A. B. T. U. C ) ကို ဖွဲ့စည်းသည်။ အလုပ်သမားအစည်းအရုံး၏ ပထမဆုံး ဥက္ကဋ္ဌမှာ သခင်လေးမောင် ဖြစ်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (၃)*စာ* ၃၇၉–၃၈၁]

၁၀ ဇန္နဝါရီ ၁၉၃၉ တရုတ်မြန်မာလမ်းမ (တရုတ်နိုင်ငံကူမင်းမြို့နှင့် မြန်မာနိုင်ငံ လားရှိုးမြို့တို့ကို ဆက်သွယ်ထားပြီး ၇၂၆ မိုင် ရှည်လျားသည်) ကြီးကို တရားဝင် ဖွင့်လှစ်သည်။

[လူထုဦးလှ သတင်းစာများပြောပြတဲ့ စစ်တွင်းမြန်မာပြည်(ပထမတွဲ)၊ မန္တလေး။ ကြီးပွားရေးပုံနှိပ်၊ ၁၉၆၈၊ စာ ၉။နောင်ကိုးကားလျှင် လူထုဦးလှစစ်တွင်းမြန်မာပြည် (ပ) ဟုညွှန်းမည်။]

၁၁ ဇန္နဝါရီ ၁၉၃၉ တို့ဗမာအစည်းအရုံး အမှုဆောင် သခင်နုအဖမ်းခံရသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (၃)*စာ* ၃၈၈]

၁၄ ဇန္နဝါရီ ၁၉၃၉ တက်ဘုန်းကြီးသိန်းဖေ (ဦးသိန်းဖေမြင့်) အဖမ်းခံရသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (၃)*စာ* ၃၈၈]

၁၅ ဇန္နဝါရီ ၁၉၃၉ တတိယ ကျောင်းသား သပိတ်ခေါင်းဆောင် ကိုလှရွှေအဖမ်းခံရသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း* (၃)*စာ* ၃၈၈]

၂၃ ဇန္နဝါရီ ၁၉၃၉ ရွှေတိဂုံစေတီတော်တောင်ဘက်စောင်းတန်းရှိ တို့ဗမာအစည်းအရုံး တည်ရာဌာန မော်လမြိုင်ဇရပ်ကို ရဲဖြင့်ဝိုင်း၍ဖမ်းဆီးရာဥက္ကဋ္ဌ သခင်ထိပ် တင်ကိုယ်တော်ကြီး၊ အတွင်းရေးမှူး သခင်အောင်ဆန်းအပါအဝင် တို့ဗမာအစည်းအရုံး

ဝင် ၁၀ ဦး အဖမ်းခံရသည်။

တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်အဖွဲ့ကို

ဥက္ကဋ္ဌ သခင်လှဘော်
ဒု-ဥက္ကဋ္ဌ သခင်လေးမောင်
အထွေထွေအတွင်းရေးမှူး သခင်တင်မောင်

တို့ဖြင့် ပြောင်းလဲ ဖွဲ့စည်းသည်။

[*တို့ဗမာအစည်းအရုံးသမိုင်း (ဒု)စာ ၃၉၉*]
[*မော်လမြိုင်ညီလာခံ စာ ၄၇*]

၂၅ ဇန္နဝါရီ ၁၉၃၉ တရုတ်သမ္မတနိုင်ငံ အစိုးရက ချုံကင်း (Chungking) ကူမင်း(Kunming) နှင့်ရန်ကုန် (Yangon) လေကြောင်း ခရီးစဉ် ဖွင့်လှစ်သည်။

[ *John Leroy Christian* ***Burma and Japnese Invader*** Bombay, Thacker & Company Ltd. 1945, *P 229, :hereafter cited as Christian* ***Burma and Japnese Invader***]

၂၉ ဇန္နဝါရီ ၁၉၃၉ မြန်မာပြည်လွတ်လပ်ရေး အမျိုးသမီး အဖွဲ့ကို ရန်ကုန်မြို့၌ ဖွဲ့စည်းတည်ထောင်သည်။ အမှုဆောင်များမှာ

ဥက္ကဋ္ဌ ဒေါ်လှမေ
အတွင်းရေးမှူး ဒေါ်ခင်မျိုးချစ်

တို့ဖြစ်သည်။

[*တို့ဗမာအစည်းအရုံးသမိုင်း (ဒု)စာ ၃၉၂-၃*]

## ဖေဖော်ဝါရီလ

၂ ဖေဖော်ဝါရီ ၁၉၃၉ ဒေါက်တာဘမော် ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းသည်။

[**B.L.P.H.R** *;Vol V,No.3, 2-2-39, PP 57-65* ]

၇ ဖေဖော်ဝါရီ ၁၉၃၉ ဗြိတိသျှအစိုးရ၏ တစ်ချက်လွှတ်ဥပဒေအရ အဖမ်းခံနေရသော ရန်ကုန်မြို့ဌာနချုပ် တို့ဗမာအစည်းအရုံး အတွင်းရေးမှူး သခင်အောင်ဆန်း၊ အလုပ်မှုဆောင်အဖွဲ့ဝင် သခင်သန်းထွန်း၊ ဗမာ့လက်ရုံးတပ်ဗိုလ်သခင်ဘဘ၊ သခင်ကျော်စိန်၊ သခင်ကြည်၊ သခင်တင် တို့အား အာမခံဖြင့်ပြန်လွှတ်သည်။ သခင်နုမှာ တစ်လပြည့်ပြီ ဖြစ်၍ ကွင်းလုံးကျွတ် လွှတ်သည်။

[***D.R*** *1527 (D.S.H.R.I)* ]

၉ ဖေဖော်ဝါရီ ၁၉၃၉ မန္တလေးမြို့ မဟာလောကရံသီ အိမ်တော်ရာ

ဘုရားအတွင်း ၁၄ ခန်းဇရပ်ကြီး၌ မန္တလေးမြို့၊ ကျောင်းသားမိဘများနှင့် မြို့လုံးကျွတ် အစည်းအဝေးကျင်းပ၍ အဆိုခြောက်ရပ်ကို ဆုံးဖြတ်ပြဋ္ဌာန်းသည်။

[မန္တလေးအာဇာနည် ၁၇ ဦးမှတ်တမ်း၊ မန္တလေး၊ သူရိယသတင်းစာပုံနှိပ်။ ၁၉၄၀။ စာ ၁၂-၃။ နှောင်ကိုးကားလျှင် မန္တလေးအာဇာနည် ၁၇ ဦးမှတ်တမ်း၊ ဟုညွှန်းမည်။]

၁၀ ဖေဖော်ဝါရီ ၁၉၃၉ မန္တလေးမြို့တွင် ရဟန်းတော်များ ရှေ့ဆောင်၍ လူထု ၂သိန်းကျော် ပါဝင်သည့် နယ်ချဲ့ဆန့်ကျင်ရေး လူထုဆန္ဒပြချီတက်ပွဲကိုအစိုးရက အကြမ်းဖက်နှိမ်နင်းသဖြင့် သံဃာတော် ၇ ပါး ကျောင်းသား ၃ ဦးနှင့် အရပ်သား ၇ ဦး ကျဆုံးသည်။ ၎င်းအာဇာနည်၁၇ ဦးတို့မှာ

၁။ ဦးပညာဇောတ (၂၅နှစ်)
မန္တလေး/ ငွေးချိုတိုက်
၂။ ဦးကေလာသ (၂၅ နှစ်)
မန္တလေး/ ခင်မကန်တိုက်
၃။ ဦးဝေပုလ္လ (၂၇ နှစ်)
အမရပူရ/ တူမောင်းတိုက်
၄။ ဦးပဏ္ဍိတ (၂၈ နှစ်)
မန္တလေး/ ကုသိန္နာရုံတိုက်
၅။ ဦးအာလောက (၃၀ နှစ်)
မန္တလေး/ ငွေတောင်တိုက်
၆။ ဦးဇနိတ (၃၅ နှစ်)
မန္တလေး/ စကုတိုက်
၇။ ဦးကေတု (၄၀ နှစ်)
မန္တလေး/ ဆင်တဲတိုက်သစ်
၈။ ဗိုလ်တင်အောင် (၁၂နှစ်)
မန္တလေး/ ဗဟိုအမျိုးသားကျောင်း
၉။ ဗိုလ်လှမောင် (၁၅နှစ်)
မန္တလေး/ နိဗ္ဗိန္ဒကျောင်း
၁၀။ ဗိုလ်ခင်မောင် ခေါ် ဗိုလ်ရွှေရိုး (၁၆နှစ်) မန္တလေး/ တရုတ်တန်း
၁၁။ ဗိုလ်ဘငွေး (၁၈နှစ်)
မန္တလေး/ ဝက်စလေဟိုက်စကူးကျောင်း
၁၂။ ဗိုလ်ထွန်းအောင် (၁၈နှစ်)
မန္တလေး/ ဆိုင်းတန်းရပ်
၁၃။ ဗိုလ်ခင်မောင် (၁၉နှစ်)
မန္တလေး/ ဥယျာဉ်ဝင်းရပ်
၁၄။ ဗိုလ်အောင်ထူး (၂၁နှစ်)
မန္တလေး/ မလွန်ရပ်
၁၅။ ဗိုလ်မှူ (၃၃နှစ်)
မန္တလေး/ သူငွေးတန်းရပ်
၁၆။ ဗိုလ်ဘလွန်း (၃၃နှစ်)
မန္တလေး/ သရက်တပင်ကျေးရွာ
၁၇။ ဗိုလ်ထွန်းအိ (၅၃နှစ်)
မန္တလေး/ မရမ်းခြံရပ်

တို့ဖြစ်ကြသည်။

*[တို့ဗမာအစည်းအရုံးသမိုင်း (ဒု)စာ ၄၀၁-*

၄၀၂]
[မန္တလေးအာဇာနည် ၁၇ ဦးမှတ်တမ်း၊ စာ ၁၅–၁၉]
[**Report of the Mandalay Incident Enquiry Committee** *Yangon Govt printing,1940,PP 151-171* ]

၁၂ ဖေဖေါ်ဝါရီ ၁၉၃၉ ရွှေတိဂုံစေတီရင်ပြင်တွင် လူထုအစည်းအဝေး ကျင်းပသည်။ အစည်းအဝေး ဆုံးဖြတ်ချက်အရ သုံးရောင်ခြယ်အလံကို လွှင့်ထူကာ အသေခံဗိုလ် ၃၂ ဦး ရှေ့ဆောင်၍ ရန်ကုန်မြို့တွင်းသို့ ဆန္ဒပြ ချီတက်သည်။
[ဦးလေးမောင် *မြန်မာနိုင်ငံရေးသမိုင်း (ဒု) စာ ၅၀၆–၅၀၇*]

၁၆ ဖေဖေါ်ဝါရီ ၁၉၃၉ မျိုးချစ်ပါတီ ခေါင်းဆောင် ဂဠုန်ဦးစောက ဒေါက်တာဘမော် ခေါင်းဆောင်သည့် ညွန့်ပေါင်းအစိုးရအပေါ် အယုံအကြည်မရှိအဆိုကို မဲခွဲရာ ထောက်ခံမဲ ၂၀ ကန့်ကွက်မဲ ၁ မဲဖြင့် အဆို အနိုင်ရသဖြင့် ဒေါက်တာ ဘမော် အစိုးရ ပြုတ်ကျသည်။
[**B.L.P.H.R ;***Vol V,No.3, 16-2-39, P84* ]

၁၇ ဖေဖော်ဝါရီ ၁၉၃၉ မန္တလေး အာဇာနည် ၁၆ ဦး၏ ရုပ်အလောင်းကို အိမ်တော်ရာဘုရားမှ မန္တလေး အမရပူရကားလမ်းဘေး သူကြွယ်စုရပ်သို့ ပို့ဆောင်၍ ခေတ္တ အုတ်ဂူအတွင်း သွင်းနှံသင်္ဂြိုဟ်သည်။ (ဗိုလ်ခင်မောင်ခေါ် ဗိုလ်ရွှေရိုးသည် ရရှိဒဏ်ရာများဖြင့် ဆေးရုံတင်ထားရာ ၈ ရက်ကြာမှ သေဆုံးသည်။ ၎င်းအား ၂၇–၂–၃၉ တွင်မှ သူကြွယ်စုသုသန်တွင် သင်္ဂြိုဟ်သည်။
[မန္တလေးအာဇာနည် ၁၇ ဦးမှတ်တမ်း၊ စာ ၄၂–၄၇/ ၅၅]

၂၀ ဖေဖေါ်ဝါရီ ၁၉၃၉ မြန်မာနိုင်ငံဥပဒေပြု လွှတ်တော်အစည်းအဝေး၌ ရွှေကျင်ဦးပုက ညွန့်ပေါင်း အစိုးရအဖွဲ့ဝင် စာရင်းကို တင်သွင်းသည်။
အစိုးရအဖွဲ့ဝင်များမှာ–
ဦးပု(ရွှေကျင်/ဝတ်လုံတော်ရ) နန်းရင်းဝန်
ဆာပေါ်ထွန်း မြေနှင့်အခွန်တော်ဌာန
စောဖိုးချစ် ပညာရေးဌာန
ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးဌာန
ဦးစော သစ်တောနှင့်စိုက်ပျိုးရေးဌာန
ဦးထွန်း ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုလက်မှုဌာန

ဦးဘဘော ပြည်ထဲရေးဌာန
တို့ဖြစ်သည်။
[**B.L.P.H.R ;***Vol V,No.8, 20-2-39, P 432* ]
[***Burma Hand Book 1944*** *P 108*]
[*ဗန္ဓုလသတင်းစာ ၂၁-၂-၃၉*]

၂၂ ဖေဖော်ဝါရီ ၁၉၃၉ တရုတ်မြန်မာ လေကြောင်းခရီးစဉ်၏ ပထမဆုံး လေယာဉ်ပျံ ရန်ကုန် မင်္ဂလာဒုံလေ ဆိပ်သို့ ဆိုက်ရောက်လာသည်။
[Christian ***Modern Burma*** *P 229*]

၂၆ ဖေဖော်ဝါရီ ၁၉၃၉ မြန်မာနိုင်ငံ လုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂမှ ကျောင်းသားများ သပိတ်လုန် ကြောင်း ကြေညာချက် ထုတ်ပြန် သည်။
[*သူရိယသတင်းစာ ၂၇-၂-၃၉*]
[*မြန်မာ့အလင်းသတင်းစာ ၂၇-၂-၃၉*]

## မတ်လ

မတ် ၁၉၃၉ ဟိန္ဒူ-မူစလင် အဓိ ကရုဏ်း စတင်ဖြစ်ပွားသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၄၂၀*]

၈ မတ် ၁၉၃၉ မြန်မာနိုင်ငံရှိ ကျောင်း သားကိုယ်စားလှယ်ပေါင်းစုံပါဝင်သည့် ကျောင်းသားလွှတ်တော်ခေါ်ယူကာ သပိတ်လုန်မှုကို အတည်ပြုခဲ့သည်။
[*အိုးဝေ၏ရွှေရတုသတင်စာ ၂၀၃-၄*]

၁၈ မတ် ၁၉၃၉ လွှယ်အိတ်ကြီး ဦး ဘလှိုင်က တင်သွင်းသည့် ဦးပုဦး ဆောင်သည့် အစိုးရအဖွဲ့ကို အယုံ အကြည်မရှိ အဆိုကို မဲခွဲရာ ထောက် ခံမဲ ၃၆၊ ကန့်ကွက်မဲ ၇၄ ဖြင့် အဆို ရှုံးနိမ့်သည်။
[*သူရိယသတင်းစာ ၂၀-၃-၃၉ စာ ၁၇*]

၂၀ မတ် ၁၉၃၉ အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး) ဖြစ်ရပ်စုံစမ်း ရေးကော်မတီ ဖွဲ့စည်းသည်။
[***Report of the Secretariat Incident Enquiry Comittee*** *P 1*]

## ဧပြီလ

၆-၉ ဧပြီ ၁၉၃၉ သခင်ကိုယ်တော် မှိုင်း ကြီးမှူးသော တို့ဗမာအစည်း အရုံး၏ နိုင်ငံလုံးဆိုင်ရာ စတုတ္ထ အကြိမ်မြောက် ညီလာခံကို မော်လ မြိုင်မြို့တွင် ကျင်းပသည်။ ညီလာခံ တွင် တို့ဗမာအစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်များအဖြစ်
ဥက္ကဋ္ဌ သခင်လှဘော်

အတွင်းရေးမှူး သခင်အောင်ဆန်း အပါအဝင် အဖွဲ့ဝင် ၁၇ ဦးကို ရွေးကောက်တင်မြှောက်သည်။
*[မော်လမြိုင်ညီလာခံ စာ ၁၀၈–၉]*

## မေလ

၂၉ မေ ၁၉၃၉ ဦးပုဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ တစ်ဖွဲ့လုံး နုတ်ထွက်သည်။
*[ဂျာနယ်ကျော်၊ အုပ်တွဲ ၁၊ စာစောင် ၃၊ ၃–၆–၃၉]*

၃၀ မေ ၁၉၃၉ ဦးပုဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ ပြန်လည်ဖွဲ့စည်းရာ–

၁။ ဦးပု နန်းရင်းဝန်နှင့် ကူးသန်းရောင်းဝယ်ရေးဌာန
၂။ ဆာပေါ်ထွန်း မြေနှင့်အခွန်တော်ဌာန
၃။ စောဖိုးချစ် ပညာရေးဌာန
၄။ ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးဌာန
၅။ ဦးစော သစ်တောနှင့် စိုက်ပျိုးရေးဌာန
၆။ ဦးဘဘေ ပြည်ထဲရေးဌာန

တို့ဖြစ်ကြသည်။
*[ဂျာနယ်ကျော်၊ အုပ်တွဲ ၁၊ စာစောင် ၃၊ ၃–၆–၃၉]*

## ဇူလိုင်လ

၁၃ ဇူလိုင် ၁၉၃၉ မြန်မာနိုင်ငံဘုရင်ခံ ဆာအာချီဘော ဒေါက်ကလပ်ကော့ကရိန်း ဇူလိုင် ၁၁ ရက်နေ့မှစ၍ ခွင့်ယူ၍အင်္ဂလန်သို့ ပြန်စဉ်အတွင်း ဆာဝေါလတာဘုသ်ဂရေဗီလီ (Sir Walter Booth Gravely ) ခေတ္တဘုရင်ခံအဖြစ် ဆောင်ရွက်သည်။
*[ဂျာနယ်ကျော်၊ အုပ်တွဲ ၁၊ စာစောင် ၈၊ ၁၅–၇–၃၉]*

## ဩဂုတ်လ

၁၃ ဩဂုတ် ၁၉၃၉ ရန်ကုန်မြို့၊ ရေကျော်ရပ် တို့ဗမာအစည်းအရုံးတည်ရာဌာနတွင် ကွန်မြူနစ်အဖွဲ့အစည်းငယ်ကလေးကိုလျှို့ဝှက်စွာ စတင်ဖွဲ့စည်းသည်။ ထိုအဖွဲ့အစည်းတွင်

၁။ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း
၂။ ငွေရေးကြေးရေးတာဝန်ခံ သခင်လှဖေ
၃။ ကိုဗဟိန်း
၄။ တက်ဘုန်းကြီးကိုသိန်းဖေ
၅။ မစ္စတာဒတ္တား

တို့ ပါဝင်သည်။
*[ဟန်တင် မြန်မာလွတ်လပ်ရေးသို့–၁ စာ*

၃၁၉–၃၂၀]

၁၅ ဩဂုတ် ၁၉၃၉ ရန်ကုန်မြို့ အရှေ့ပိုင်း ၄၉ လမ်း၊ အိမ်နံပါတ် ၁၈၈ ၌ မြန်မာပြည်ကွန်မြူနစ်ပါတီ (ဗ.က.ပ) ကို အမြုတေပါတီအဖြစ် လျှို့ဝှက်စွာဖွဲ့စည်းသည်။ ဗ.က.ပ အလုပ်အမှုဆောင် အဖွဲ့ဝင်များမှာ–

၁။ အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း

၂။ လူထုခေါင်းဆောင် သခင်စိုး

၃။ စည်းရုံးရေးနှင့် လျှို့ဝှက်ရေး မစ္စတာဂိုရှယ်

၄။ငွေရေးကြေးရေးတာဝန်ခံ သခင်လှဖေ

၅။ ကျောင်းသားနှင့် လူငယ်စည်းရုံးရေး ကိုဗဟိန်း

တို့ဖြစ်သည်။

[*ဟန်တင် မြန်မာလွတ်လပ်ရေးသို့–၁ စာ ၃၂၀–၁*]

## စက်တင်ဘာ ၁လ

၁ စက်တင်ဘာ ၁ ၁၉၃၉ ဂျာမန်တပ်များ ပိုလန်နိုင်ငံကို ကျူးကျော်တိုက်ခိုက်သည်။

[*Palmer* ***A Dictionary of Modern History*** *P 355*]

၃ စက်တင်ဘာ ၁ ၁၉၃၉ အင်္ဂလန်နှင့် ပြင်သစ်နိုင်ငံတို့က ဂျာမနီနိုင်ငံကို စစ်ကြေညာရာမှ ဒုတိယကမ္ဘာစစ်ကြီးစတင်ဖြစ်ပွားသည်။

[*Palmer* ***A Dictionary of Modern History*** *P 355*]

၉ စက်တင်ဘာ ၁ ၁၉၃၉ မြန်မာအမျိုးသားနိုင်ငံရေး မျက်စေ့ကို ဖွင့်ပေးခဲ့သော ဆရာတော် ဦးဥတ္တမ (၁၄.၁၂.၁၈၇၉ – ၉.၉.၁၉၃၉) ပျံလွန်သည်။

[*ရွှေဥဒေါင်း ထင်ရှားသောပုဂ္ဂိုလ်ကြီးများ စာ ၂၇၄*]

[*မောင်ကျော်လှိုင် (အသုတ်) နိုင်ငံရေး၊ စာပေ၊ ယဉ်ကျေးမှု အထွေထွေ စာ ၁၈၁–၅* ]

၁၀ စက်တင်ဘာ ၁ ၁၉၃၉ ဒေါက်တာဘမော်၏ ဆင်းရဲသားဝံသာနုအဖွဲ့နှင့် သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံးကိုယ်စားလှယ်များစည်းဝေးကြပြီး မြန်မာပြည်ကာကွယ်ရေး အဖွဲ့ကြီး ပြုလုပ်ရန် ဆွေးနွေးသည်။

[*မြန်မာ့အလင်းသတင်းစာ ၁၆–၉–၃၅*]

၁၆-၁၇ စက်တင်ဘာ ၁၉၃၉ မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံး အမှုဆောင်များ အစည်းအဝေး ကျင်းပသည်။ အစည်းအဝေးတွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့က ကမ္ဘာကြီးအခြေအနေကို ထောက်ထား၍ တစ်တိုင်းပြည်လုံးသွေးစည်းရန် လုပ်ငန်းအစီအစဉ်ကိုတင်ပြရာ ဗမာနိုင်ငံလုံးဆိုင်ရာ အမှုဆောင်အဖွဲ့က အမျိုးသားတို့၏ လိုလားချက်'၉'ချက် ရရှိရန်အတွက်မည်သည့်နိုင်ငံရေးအဖွဲ့ ဂိုဏ်းအသင်းတို့နှင့် မဆို တွဲဖက်လုပ်ကိုင်ရန် သဘောတူညီသည်။

*[မြန်မာ့အလင်းသတင်းစာ ၂၃-၉-၃၉]*

၂၂ စက်တင်ဘာ ၁၉၃၉ မြန်မာနိုင်ငံလုံးဆိုင်ရာ တို့ဗမာအစည်းအရုံးက "အင်္ဂလိပ်အခက်-ဗမာ့အချက်" ဟူသော ကြွေးကြော်သံနှင့် လွတ်လပ်ရေးပေးအပ်ရန် ကြေညာချက်များ ထုတ်ပြန်သည်။

*[သူရိယသတင်းစာ အတွဲ ၂၅၊ အမှတ် ၁၉၂၊ ၂၂-၉-၃၉၊ စာ ၁၃]*

၂၃ စက်တင်ဘာ ၁၉၃၉ သခင်ကိုယ်တော်မှိုင်း ကြီးမှူးသော တို့ဗမာအစည်းအရုံးက အမျိုးသားတို့၏ လိုလားချက် '၉'ချက်နှင့် ၄င်းတို့ကိုရရှိရန်မည်သည့်နိုင်ငံရေးအဖွဲ့နှင့်မဆို တွဲဖက်ဆောင်ရွက်ရန် သဘောတူကြောင်း ကြေညာချက် ထုတ်ပြန်သည်။

*[မြန်မာ့အလင်းသတင်းစာ ၂၈-၉-၃၉]*

## အောက်တိုဘာ ၁၉

၁ အောက်တိုဘာ ၁၉၃၉ ဗမာ့ထွက်ရပ်ဂိုဏ်း (ဗမာ့လွတ်လပ်ရေးဂိုဏ်း) ကို ဖွဲ့စည်းတည်ထောင်သည်။ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ဦးစီးအဖွဲ့ဝင်များ အဖြစ်

<u>တို့ဗမာအစည်းအရုံးမှ</u>

သခင်လှဘော်၊ သခင်မြ၊ သခင်နု၊ သခင်အောင်ဆန်း၊ သခင်သန်းထွန်း

<u>ဆင်းရဲသားဝံသာနုဖွဲ့မှ</u>

ဒေါက်တာဘမော်၊ ဦးလှမင်း၊ ဗန္ဓုလ ဦးစိန်

<u>ငါးပွင့်ဆိုင်အဖွဲ့မှ</u>

ဒေါက်တာသိန်းမောင်၊ ဦးထွန်းမောင်

<u>နေပြည်တော် (မန္တလေး)အဖွဲ့မှ</u>

ဦးဘဦး၊ ဦးဘရွှေ တို့ကို ရွေးချယ်လိုက်ကြသည်။

ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းဆောင်မှာ ဒေါက်တာဘမော်၊ အတွင်းရေးမှူးမှာ သခင်အောင်ဆန်း

ဖြစ်သည်။

*[သူရိယသတင်းစာ အတွဲ ၂၅၊ အမှတ် ၂၀၈၊ ၁၁-၁၀-၃၉၊ စာ ၉]*

*[တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၄၇၉]*

၂၂ အောက်တိုဘာ ၁၉၃၉ ရန်ကုန်မြို့ ရွှေတိဂုံစေတီ အလယ်ပစ္စယံ၌ ဗမာ့ထွက်ရပ်ဂိုဏ်းက ကြီးမှူး၍ ဟောပြောပွဲ ကျင်းပရာ နိုင်ငံရေးအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များက နိုင်ငံရေးအဖွဲ့အစည်းများ ညီညွတ်ရေး၊ လုံးဝ လွတ်လပ်ရေးရရှိရေးနှင့် ကမ္ဘာစစ်ကြီးတွင် မြန်မာနိုင်ငံ မပါဝင်ရေး စသည်တို့ကို ဟောပြောကြသည်။

*[မြန်မာ့အလင်းသတင်းစာ ၂၃-၁၀-၃၉]*

## နိုဝင်ဘာလ

၄ နိုဝင်ဘာ ၁၉၃၉ ဗမာ့ထွက်ရပ်ဂိုဏ်းကြီး၏ ကြေညာချက်ကို ထုတ်ပြန်ကြေညာသည်။

*[ဂျာနယ်ကျော်၊ အုပ်တွဲ ၂၊ စာစောင် ၁၂၊ ၄-၁၁-၃၉]*

၁၈ နိုဝင်ဘာ ၁၉၃၉ ဗြိတိသျှအစိုးရအားဆန့်ကျင်သည့် လုပ်ငန်းများ ဆောင်ရွက်ရန် မြေအောက်တော်ရေးအဖွဲ့ (Underground Unit) ကိုဖွဲ့စည်းခဲ့သည်။ (ဤအဖွဲ့သည် နောင်တွင်ပြည်သူ့အရေးတော်ပုံပါတီ (The Peoples`s Revolutionary Party) ထို့နောက် ဗမာပြည်ဆိုရှယ် လစ်ပါတီ (Burma Socialist Party) ဟူ၍ အဆင့်ဆင့် ပြောင်းလဲခဲ့သည်။

[*နေဦးနှင့်ဗဆွေ ပြည်သူ့အရေးတော်ပုံပါတီ (၁၉၃၉-၄၆)* မဟာဝိဇ္ဇာဘွဲ့ယူကျမ်း၊ သမိုင်းဌာန၊ ရန်ကုန်တက္ကသိုလ်၊ ၁၉၈၄၊ စာ ၁၂]

၂။[*သုတေသနရဲဘော် ရဲဘော်သုံးကျိပ်နှင့် ဗမာ့လွတ်လပ်ရေးတပ်မတော် စစ်ကြောင်းများ* ရန်ကုန်။ ရဲအုန်းကျော်ပုံနှိပ်။ ၁၉၇၅။ စာ ၁၅]

## ဒီဇင်ဘာလ

၁၂ ဒီဇင်ဘာ ၁၉၃၉ မြို့မကျောင်းအုပ်ကြီး ဦးဘလွင် ခေါင်းဆောင်သော တရုတ်ပြည် မိတ်ဆက်အဖွဲ့ဝင်များဖြစ်သည့် ဒေါ်မြစိန်၊ ဦးဘ၊ မစ္စတာ ဂန်ဂါဆင်း၊ ဒီးဒုတ်ဦးဘချို၊ သခင်နု၊ မစ္စတာစောတိတ်လျောင်၊ မစ္စတာ ဝီလီယန်ကျန်နှင့် မစ္စတာလယူး တို့ ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာသည်။

[*သခင်နု ဂန္ဓလရာဇ်*၊ ရန်ကုန်။ နဂါးနီပုံနှိပ်။ ၁၉၄၀။ စာ ၃။ နောင်ကိုးကားလျှင်

သခင်နု ဂန္ထလရာဇ် ဟုညွှန်းမည်။ ]

၂၀ ဒီဇင်ဘာ ၁၉၃၉ ဦးသာယာဝတီ မောင်မောင်အား ကျန်းမာရေး၊ လမ်းဘက်နှင့် အဆောက်အဦး ဆိုင်ရာ အလုပ်ဌာနဝန်ကြီးချုပ် အဖြစ် ခန့်အပ်သည်။

*[ဂျာနယ်ကျော်၊ အုပ်တွဲ ၃၊ အမှတ် ၇၊ ၂၃-၁၂-၃၉]*

၂၇ ဒီဇင်ဘာ ၁၉၃၉ တရုတ်ပြည် မိတ်ဆက်အဖွဲ့ တရုတ်နိုင်ငံ မန်းဇစ်မြို့မှ မြန်မာနိုင်ငံလားရှိုးမြို့သို့ မော်တော်ကားဖြင့် ပြန်လည် ထွက်ခွာသည်။

*[သခင်နု ဂန္ထလရာဇ် စာ ၂၉၉]*

၁၉၃၉ ရခိုင်တိုင်းရှိ နိုင်ငံရေးအဖွဲ့ ပေါင်းစုံ ပူးပေါင်း၍ ပေါက်တောမြို့၌ ရခိုင်တိုင်းလုံးဆိုင်ရာ ညီလာခံ ကျင်းပသည်။ ညီလာခံတွင် ရခိုင်တိုင်းလုံးဆိုင်ရာအဖွဲ့ စည်းမျဉ်းဥပဒေကို ရေးဆွဲအတည်ပြုကာ ရခိုင်တိုင်းလုံး ဆိုင်ရာအဖွဲ့ကို ဖွဲ့စည်းသည်။

*[မြန်မာ့အလင်းသတင်းစာ ၃၁-၇-၄၅]*

၁
၉
၃
၉

ဇန္နဝါရီလ

၁ ဇန္နဝါရီ ၁၉၄၀ မြန်မာနိုင်ငံလုံးဆိုင်ရာ တောင်သူလယ်သမားအစည်းအရုံး(ဗတလစ) ညီလာခံကို တောင်ငူမြို့တွင် ကျင်းပသည်။ [*သခင်လှကျွေ "တောင်ငူကတော်လှန်ရေးရဲဘော်ကြီးသခင်ကြွယ်" ရှုထောင့်ဂျာနယ် အမှတ် ၆၁၊ ၁–၁၀–၇၁ စာ ၅*]

၆ ဇန္နဝါရီ ၁၉၄၀ စာရေးဆရာ ပီမိုးနင်း ကွယ်လွန်သည်။ [*တိုက်စိုး "ဂန္ထဝင်စာဆိုပညာရှိလေးဦး" ရန်ကုန်ရောင်စဉ်အော့ဖ်စက်၊ ၂၀၀၃၊ စာ ၁၅၁ နောင်ကိုးကားလျှင် တိုက်စိုး ဂန္ထဝင်စာဆို ဟုညွှန်းမည်*]

၁၉ ဇန္နဝါရီ ၁၉၄၀ နန်းရင်းဝန်ဦးပုက ဦးဘဘေအား အစိုးရအဖွဲ့မှ နှုတ်ထွက်ခိုင်းသည်။ ဦးဘဘေက ငါးပွင့်ဆိုင်အစည်းအဝေးပြီးမှ နှုတ်ထွက်ခွင့်ပြုပါရန် အကြောင်းပြန်သည်။ [*သူရိယသတင်းစာ အတွဲ ၂၅၊ အမှတ် ၂၉၄၊ ၂၂–၁–၄၀ စာ ၃*]

၂၀ ဇန္နဝါရီ ၁၉၄၀ နန်းရင်းဝန်ဦးပုဦးဆောင်သည့် ဝန်ကြီးအဖွဲ့ နှုတ်ထွက်သည်။ ညနေ ၄ နာရီတွင် ပြည်ထဲရေးဝန်ကြီးဦးဘဘေ မပါသည့် အစိုးရအဖွဲ့သစ်ကို ပြန်လည်ဖွဲ့သည်။

၁။ ဦးပု နန်းရင်းဝန်
ပြည်ထဲရေးနှင့်ကူးသန်းရောင်းဝယ်ရေး
၂။ ဆာပေါ်ထွန်း
လယ်ယာနှင့်အခွန်တော်ဌာန
၃။ စောဖိုးချစ်
ပညာရေး ဌာန
၄။ ဦးထွန်းအောင်ကျော်(နောင် Sir ဘွဲ့ရ) ဘဏ္ဍာရေးဌာန
၅။ ဦးစော
သစ်တောရေးဌာန
၆။ ဦးအေး
တရားရာဇဝတ်ဌာန
၇။ ဦးသာယာဝတီမောင်မောင်
ကျန်းမာရေးနှင့် အလုပ်ဘက်ဆိုင်ရာဌာန တို့ဖြစ်သည်။

၁။ [*ဂျာနယ်ကျော် အုပ်တွဲ (၃)၊ စာစောင် (၁၂) ၂၇–၁–၁၉၄၀*]
၂။ [*သူရိယသတင်းစာ အတွဲ ၂၅၊ အမှတ် ၂၉၄၊ ၂၂–၁–၄၀ စာ ၃*]

၂၁ ဇန္နဝါရီ ၁၉၄၀ ငါးပွင့်ဆိုင်ညီညွတ်ရေးအဖွဲ့ အစည်းအဝေး ကျင်းပသည်။ ထိုအစည်းအဝေးတွင် ဦးပုအား အယုံအကြည်မရှိ၍ အဖွဲ့ခေါင်းဆောင်အဖြစ်မှ ပယ်ရှားပြီး ဦးဘ

ဘေအား ခေါင်းဆောင်အဖြစ် အသိအမှတ်ပြုသည်။ ဝန်ကြီးအဖွဲ့ပြောင်းလဲခြင်းမှာလည်း ဦးဘဘေအား ဖြုတ်ချလို၍ ပြောင်းလဲခြင်းဖြစ်သည်။ ညီညွတ်ရေးအဖွဲ့ကို မတိုင်ပင်ဘဲ ပြုလုပ်သည့်အတွက် အဖွဲ့ကို စော်ကားခြင်းဖြစ်သည်။ ထိုကြောင့် ဦးပုအစိုးရအပေါ် ထောက်ခံချက်ကို ရုတ်သိမ်းသည်ဟု ဆုံးဖြတ်သည်။

[*သူရိယသတင်းစာ အတွဲ ၂၅၊ အမှတ် ၂၉၅၊ ၂၃-၁-၄၀ စာ (က)*]

၃၁ ဇန္နဝါရီ ၁၉၄၀ ရန်ကုန်မြို့ အမှတ် ၇၆ ရေကျော်လမ်း၌ အလုပ်သမား အစည်းအရုံးဌာနချုပ် အလုပ်အမှုဆောင်အဖွဲ့ကို ဖွဲ့စည်းသည်။ အလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ

ဥက္ကဋ္ဌ သခင်လေးမောင်

ဒုဥက္ကဋ္ဌ ဒေါက်တာနာယား

အထွေထွေအတွင်းရေးမှူး သခင်ဗတင် (သံတွဲ)

တွဲဖက်အထွေထွေအတွင်းရေးမှူး သခင်အုံးခင်

တို့ဖြစ်သည်။

[သခင်တင်မြ *ဘုံဘဝမှာဖြင့် (ဒုတိယအကြိမ်)* ရန်ကုန်၊ တစ်သက်တာစာပေ၊ ၁၉၇၄၊ *စာ ၁၆*]

## ဖေဖော်ဝါရီလ

၂၉ ဖေဖော်ဝါရီ ၁၉၄၀ မြန်မာပြည်ကာကွယ်ရေး ဥပဒေကို ပြဋ္ဌာန်းသည်။

[***The Defence of Burma Act ,1940*** *Yangon Govt printing, 1940*]

## မတ်လ

၁၉-၂၀ မတ် ၁၉၄၀ အိန္ဒိယနိုင်ငံ ဘီဟာ (Bihar) ပြည်နယ်၊ ဟဇာရီဘတ်ခရိုင် (Hazaribagh) ရမ်းဂါး (Ram garh)တွင် ကျင်းပသည့် အိန္ဒိယအမျိုးသားကွန်ဂရက် ညီလာခံသို့ တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်များ ဖြစ်ကြသည့် သခင်တင်မောင် (ပန်းတနော်)၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်း၊ သခင်ခင်အောင်၊ သခင်အုန်းမြင့်နှင့် သခင်အုန်းဖေတို့ တက်ရောက်သည်။

[*တို့ဗမာအစည်းအရုံးသမိုင်း* (ဒု)*စာ ၅၀၀*]

[ ***The Encyclopaedia of Indian National Congress*** Vol 12, 1939-46, *New Delhi,S.Chand & Company Ltd,1981, P 543* ]

## ဧပြီလ

၁၆ ဧပြီ ၁၉၄၀ သခင်ထွန်းအုပ်၊

သခင်ဗစိန် တို့ဗမာအစည်းအရုံး၏ ပဋ္ဌမအကြိမ်မြောက် ညီလာခံကို ဖျာပုံတွင်ကျင်းပသည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၅၀၁–၅၀၂*]

မေလ

၁၀ မေလ ၁၉၄၀ ဆာဝင်စတန်ချာချီ (Sir Winston Leonard Spencer Churchill) သည် အင်္ဂလန်နိုင်ငံ၏ ဝန်ကြီးချုပ် အဖြစ်ခန့်အပ်ခံရသည်။
[*Palmer* ***A Dictionary of Modern History*** *P 78*]

၁၁–၁၃ မေ ၁၉၄၀ သခင်ကိုယ်တော်မှိုင်းကြီးမှူးသော တို့ဗမာအစည်းအရုံး၏ နိုင်ငံလုံးဆိုင်ရာ ပဋ္ဌမအကြိမ်မြောက်ညီလာခံကို သာယာဝတီမြို့တွင် ကျင်းပသည်။ ညီလာခံတွင် တို့ဗမာအစည်းအရုံး အလုပ်အမှုဆောင်များအဖြစ်

ဥက္ကဋ္ဌ သခင်တင်မောင် (ပန်းတနော်)

ဒု–ဥက္ကဋ္ဌ သခင်လှဘော်

အထွေထွေအတွင်းရေးမှူး သခင်အောင်ဆန်း

ငွေထိန်း သခင်နု

တောင်သူလယ်သမားဘက်ဆိုင်ရာ ရေးရာမှူး သခင်သန်းထွန်း

အလုပ်သမားဘက်ဆိုင်ရာ ရေးရာမှူး သခင်စိုး

ကိုယ့်မင်းကိုယ့်ချင်းဘက်ဆိုင်ရာ ရေးရာမှူး သခင်မြ

ဝါဒဖြန့်ချိရေးမှူး သခင်လေးမောင်

စည်းရုံးရေးမှူး

သခင်လှဖေ (ဖျာပုံ)

သခင်ခင်အောင်

သခင်သင် (ဓိးကုန်း)

ဗမာ့လက်ရုံးတပ်ဗိုလ် သခင်ဗသာ

လက်ရုံးတပ်တွဲဖက် သခင်အုန်းဖေ (မြောင်းမြ) တို့ကို ရွေးကောက် တင်မြှောက်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (၃)စာ ၅၀၃–၅၀၇*]
[*ဟန်တင် မြန်မာလွတ်လပ်ရေးသို့–၂၊ ရန်ကုန်၊ စိန်ရတနာပုံနှိပ်၊ ၁၉၇၇၊ စာ ၂၀–၂၂ နောင်ကိုးကားလျှင် ဟန်တင် မြန်မာ့လွတ်လပ်ရေးသို့ ၂ ဟုညွှန်းမည်။*]

မေ ၁၉၄၀ ဂျပန်ကြည်းတပ်မှ ဗိုလ်မှူးကြီး စူဇူကီး (ဗိုလ်မိုးကြိုး) ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[***Aung San of Burma*** *(Compiled and Edited by Maung Maung) The Hague, Martinus Nijhoff 1962 , P 55*]

ဇွန်လ

ဇွန် ၁၉၄၀ မန္တလေးမြို့တွင် ကျင်းပသည့် ဆင်းရဲသားဝံသာနု ကွန်ဖရင့်တွင် ဒေါက်တာဘမော်က အာဏာရှင် ၇ ချက် မိန့်ခွန်းပြောကြားသည်။
[*Ba Maw*, ***Break Through in Burma*** *PP 91-95*]

ဇူလိုင်လ

၂ ဇူလိုင် ၁၉၄၀ မြန်မာနိုင်ငံ ဘုရင်ခံ ဆာအာချီဘောကော့ကရိန်းက မြန်မာနိုင်ငံ၏ အုပ်ချုပ်ရေးကို ဒိုမီနီယံအဆင့်အတန်းသို့ ရောက်အောင်ဆောင်ရွက်ပေးမည်ဟု ကြေညာသည်။
[*သူရိယသတင်းစာ အတွဲ ၂၆ အမှတ် ၉၉ ၃-၇-၄၀ စာ ၉* ]

၁၂ ဇူလိုင် ၁၉၄၀ သခင်အောင်ဆန်းအားဟသ်ာတစီရင်စု၊ ဇလွန်မြို့တွင် ၁ ဇွန် ၁၉၄၀ ပြည့်ည၌ အစိုးရအာကြည်ညိုပျက်အောင် တရားဟောမှုဖြင့် ဟသ်ာတရာဇဝတ်ဝန် ဇေးဗီးယား (D.W Harrison Xavier) က ရာဇသတ်ပုဒ်မ ၁၂၄ (က) အလိုရှိကြောင်း၊ သခင်အောင်ဆန်းအားဖမ်းဆီးပေးသူ သို့မဟုတ် သတင်းပေးသူကို ဆုတော်ငွေ ၅/-ကျပ် ပေးမည် ဟုကြေညာခဲ့သည်။
[*သူရိယသတင်းစာ ၁၆-၇-၁၉၄၀*]

■ ဂျပန်နိုင်ငံဆိုင်ရာ ဗြိတိသျှသံအမတ်ကြီး ကရေးဂီ (Sir Robert Craigie) က တရုတ်မြန်မာလမ်းမကြီးကို နောက်သုံးလအတွင်း ပိတ်ဆို့မည်ဟု ဂျပန်နိုင်ငံအစိုးရ နိုင်ငံခြားရေးဝန်ကြီး အရိတ (Hachiro Arita) အား အကြောင်းကြားသည်။
[မစ္စတာအိုးတတက်ဆူနေဇို *ဂျပန်စစ်အုပ်ချုပ်ရေးခေတ် မြန်မာနိုင်ငံ (မစ္စတာ အိုနိုးတိုးရှမြန်မာပြန်) ရန်ကုန်၊ ကုမာရပုံနှိပ် ၁၉၇၅၊ စာ ၅၉ နောင်ကိုးကားလျှင် ဂျပန်စစ်အုပ်ချုပ်ရေးခေတ်ဟု ညွှန်းမည်။* ]

■ M.A ဦးမောင်ကြီး မြန်မာနိုင်ငံဘုရင်ခံ၏ အတိုင်ပင်ခံ ဝန်ကြီးရာထူး ခန့်အပ်ခံရသည်။
[*သူရိယသတင်းစာ ၁၃-၇-၁၉၄၀*]

၁၈ ဇူလိုင် ၁၉၄၀ ဗြိတိသျှအစိုးရက တရုတ်မြန်မာလမ်းမကြီးကို စတင်ပိတ်ပေးသည်။
[Christian ***Burma and Japnese Invader*** *P 306*]

၂၄ ဇူလိုင် ၁၉၄၀ သခင်နု ထောင်ဒဏ်တစ်နှစ်အပြစ်ပေးခံရသည်။
*[ဂျာနယ်ကျော်၊ အတွဲ ၆၊ အမှတ် ၂၊ ၂၇-၇-၄၀ ]*

၂၆ ဇူလိုင် ၁၉၄၀ ဒေါက်သိန်းမောင်အား အစိုးရက ပုဒ်မ ၁၂၄ (က)အရ ဖမ်းဆီးသည်။
*[သူရိယသတင်းစာ ၂၉-၇-၄၀]*

၃၁ ဇူလိုင် ၁၉၄၀ မြန်မာပြည်နိုင်ငံရေး ရာဇဝင်ရေးသားပြုစုသည့် ဖေဘီယံအဖွဲ့ ဒုတိယ ဥက္ကဋ္ဌ ဦးဘခိုင် ကွယ်လွန်သည်။
*[သူရိယသတင်းစာ ၂-၈-၄၀]*

## ဩဂုတ်လ

၁ ဩဂုတ် ၁၉၄၀ ဂျပန်နိုင်ငံခြားရေးဌာနတောင်အာရှဌာနခွဲမှ မစ္စတာအိုကုမုရ (Mr.Katsuzo Okumura) ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[Christian ***Burma and Japnese Invader*** *P 307*]

၂ ဩဂုတ် ၁၉၄၀ အင်္ဂလိပ်အစိုးရက ရန်ကုန်မြို့ရှိ ဂျပန်အမျိုးသားများဖြစ်ကြသော ဆရာဝန်ဆူဇူကီး၊ သွားစိုက်ဆရာဝန် ကိုကုဘုနှင့် ဟာတာကုမ္ပဏီမှ မစ္စတာဟာတာတို့ကို ဖမ်းဆီးသည်။
*[မြန်မာ့အလင်းသတင်းစာ ၅-၈-၄၀]*

■ သခင်အောင်ဆန်း အား ဖမ်းဆီးမိန့် ထုတ်ထားခြင်းကို ရပ်သိမ်းကြောင်း ပြန်ကြားရေးဌာနမှ သတင်းရရှိသည်။
*[သူရိယသတင်းစာ ၂-၈-၄၀]*

၆ ဩဂုတ် ၁၉၄၀ ဗမာ့ထွက်ရပ်ဂိုဏ်း၏ ခေါင်းဆောင်ဒေါက်တာဘမော် အဖမ်းခံရသည်။
[*Ba Maw,* ***Break Through in Burma*** *P 97*]

၈ ဩဂုတ် ၁၉၄၀ သခင်အောင်ဆန်းနှင့် သခင်လှမြိုင် ဟိုင်လီသင်္ဘောဖြင့် တရုတ်နိုင်ငံ အမွိုင်သို့ ထွက်ခွာသည်။
[*သခင်အောင်ဆန်း* "ဗမာ့လွတ်လပ်ရေးအရေးတော်ပုံ" ဗမာ့ခေတ်သတင်းစာ ၁-၈-၄၃]

■မြန်မာနိုင်ငံဘုရင်ခံ ဆာအာချီဘောဒေါက်ကလပ်ကော့ကရိန်း မြန်မာနိုင်ငံ ရေတပ်ဖွဲ့စည်းခြင်းကို သွား

ရောက်ကြည့်ရှုသည်။
*[သူရိယသတင်းစာ ၁၀-၈-၄၀]*

၂၃ ဩဂုတ် ၁၉၄၀ ရန်ကုန်မြို့ရှိ ဂျပန်ကောင်စစ်ဝန် မစ္စတာအက် (စ်) ကူးဂါး၏ နေရာတွင် ဘုံဘေမှ မစ္စတာကီယိုရှီဖူကူအီကာအား ခန့်အပ်သည်။
*[သူရိယသတင်းစာ ၂၇-၈-၄၀]*

၂၄ ဩဂုတ် ၁၉၄၀ သခင်အောင်ဆန်းနှင့် သခင်လှမြိုင်တို့ တရုတ်နိုင်ငံ အမွိုင်သို့ ရောက်ရှိသည်။
*[သခင်အောင်ဆန်း "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ' ဗမာ့ခေတ်သတင်းစာ ၁-၈-၄၃]*

၂၆ ဩဂုတ် ၁၉၄၀ မြန်မာပြည် ဥပဒေပြုလွှတ်တော်အစည်းအဝေး ကျင်းပသည်။
*[ဂျာနယ်ကျော်၊ အုပ်တွဲ (၆)၊ အမှတ် (၅) ၁၇-၈-၄၀၊]*

၂၈ ဩဂုတ် ၁၉၄၀ မြန်မာနိုင်ငံ ဥပဒေပြု အောက်လွှတ်တော် အစည်းအဝေးတွင် ဦးဦးကျော်က သခင်အောင်ဆန်းအား ဝရမ်းထုတ်ထားခြင်းနှင့်စပ် လျှဉ်း၍ မေးမြန်းရာ ပြည်ထဲရေးဝန်ကြီးချုပ်က အများပြည်သူတို့အကျိုးကို ထောက်၍ သခင်အောင်ဆန်းအား ဟသာ်ာတတွင်ဖြစ်ပွားသောအမှုကို ဆက်လက်တရားမစွဲခြင်း ဖြစ်သည်ဟု ဖြေကြားသည်။
*[စနေနေဂါးနီ အတွဲ ၂၊ အမှတ် ၁၃၊ ၃၁-၈-၄၀၊ စာ ၂]*

■ ဒေါက်တာဘမော်အား ထောင်ဒဏ်တစ်နှစ်အပြစ်ပေး၍ မန္တလေးထောင်သို့ ပို့သည်။
[*Ba Maw*, ***Break Through in Burma*** *P 100/ 248*]

၂၉ ဩဂုတ် ၁၉၄၀ မြန်မာနိုင်ငံ ဥပဒေပြုအောက်လွှတ်တော် အစည်းအဝေးတွင် ဦးဘဘေက ဦးပုဦးဆောင်သည့် အစိုးရအပေါ် အယုံအကြည်မရှိအဆို တင်သွင်းသည်။
*[သူရိယသတင်းစာ ၃၀-၈-၄၀]*

၃၀ ဩဂုတ် ၁၉၄၀ ဆောဂျေအေမောင်ကြီး အထက်လွှတ်တော် ဥက္ကဋ္ဌရာထူးရရှိသည်။
*[တိုးတက်ရေးဂျာနယ် နံပါတ် ၈၅၊ အောက်တိုဘာ ၁၉၄၀]*

စက်တင်ဘာ ၁လ

၇ စက်တင်ဘာ ၁ ၁၉၄၀ ဦးဘဘော တင်သွင်းသည့် ဦးပုအစိုးရအပေါ် အယုံအကြည်မရှိ အဆိုကိုမဲခွဲရာ ထောက်ခံမဲ ၈၁ မဲ၊ ကန့်ကွက်မဲ ၃၂ မဲရရှိသဖြင့် အဆိုအနိုင်ရပြီး ဦးပု ညွန့်ပေါင်းအစိုးရ ပြုတ်ကျသည်။

[**B.L.P.H.R ;***Vol VIII,No.11, 7-9-40, PP 638-640* ]

[*တိုးတက်ရေးဂျာနယ် နံပါတ် ၈၅၊ အောက်တိုဘာ ၁၉၄၀*]

၉ စက်တင်ဘာ ၁ ၁၉၄၀ ဂဠုန်ဦးစော ဦးဆောင်သည့် ညွန့်ပေါင်းအစိုးရ ဖွဲ့စည်းသည်။

၁။ဦးစော ဝန်ကြီးချုပ်
သစ်တောရေးနှင့် ပညာရေးဌာန
၂။ ဆာပေါ်ထွန်း အခွန်တော်ဌာန
၃။ ဦးသာယာဝတီမောင်မောင်
သယ်ယူပို့ဆောင်ရေးနှင့်ကျန်းမာရေး ဌာန
၄။ ဦးအေး ပြည်ထဲရေးဌာန
၅။ ဦးဘသန်း ကူးသန်းရောင်းဝယ်ရေး ဌာန
၆။ စောဖေသာ တရားရေးဌာန
၇။ ဦးဘသီ ဘဏ္ဍာရေးဌာန

(နောက်ပိုင်း အစိုးရအဖွဲ့ အတွင်းသို့ ဆာထွန်းအောင်ကျော်၊ ပုသိမ်ဦးဘ အုန်းနှင့် မိတ္ထီလာ ဦးဘရင်တို့ ပါဝင်လာသည်။)

[**B.L.P.H.R ;***No.499, 23-6-41, P 1042* ]

[*စနေနဂါးနီဂျာနယ် အတွဲ ၂၊ အမှတ် ၁၅၊ ၁၄-၉-၄၀၊ စာ ၃၁*]

[***The Civil list for Burma (Myanmar ;****No.288, Simla,Goverment of India press,1942,P 2,:hereafter cited as CLB No 288*]

၁၂ စက်တင်ဘာ ၁ ၁၉၄၀ ဦးစော ဦးဆောင်သည့် အစိုးရ အပေါ်အယုံ အကြည်မရှိ အဆိုတင်သွင်းရန် လွှတ်တော်၌ ခွင့်ပြုသည်။

[*တိုးတက်ရေးဂျာနယ် နံပါတ် ၈၅၊ အောက်တိုဘာ ၁၉၄၀*]

၁၇ စက်တင်ဘာ ၁ ၁၉၄၀ လွှယ်အိတ်ကြီးဦးဘလှိုင်က လက်ရှိဝန်ကြီးချုပ်များအပေါ် ဤလွှတ်တော်က အယုံအကြည်မရှိအဆိုတင်သွင်းရာ သဘောတူသူ ၄၂ ဦး၊ ကန့်ကွက်သူ ၆၉ ဦးဖြင့် အဆို ရှုံးနိမ့်ပြီး ဦးစောအစိုးရ အဖွဲ့ဆက်လက်တည်မြဲသည်။

[*စနေနဂါးနီဂျာနယ် အတွဲ ၂၊ အမှတ် ၁၆၊ ၂၁-၉-၄၀၊ စာ ၁၆*]

၂၇ စက်တင်ဘာ ၁၉၄၀ မြန်မာနိုင်ငံ ဥပဒေပြု လွှတ်တော် အထက်အောက်လွှတ်တော် နှစ်ရပ်ပေါင်း အစည်းအဝေးပြီးစီးသည်။
[*ဂျာနယ်ကျော် အတွဲ ၆၊ အမှတ် ၁၂၊ ၅–၁၀–၁၉၄၀*]

## အောက်တိုဘာ ၁လ

၆ အောက်တိုဘာ ၁၉၄၀ ဒေါက်တာဘမော်အား ရန်ကုန်ထောင်သို့ ပို့သည်။
[*Ba Maw*, ***Break Through in Burma*** *P 430*]

၁၃ အောက်တိုဘာ ၁၉၄၀ သခင်ဗစိန် ယိုးဒယားမှတစ်ဆင့် ဂျပန်နိုင်ငံသွားရောက်ရန် ရန်ကုန်မှ မြန်မာ ယိုးဒယား နယ်စပ်သို့ ရုပ်ဖျက်၍ ထွက်ခွာသည်။
[*ဗစိန် လွတ်လပ်ရေးကြိုးပမ်းမှု စာ ၁၀၀*]

၁၈ အောက်တိုဘာ ၁၉၄၀ တရုတ်မြန်မာ လမ်းမကြီးကို အင်္ဂလန်နှင့် ဂျပန် သဘောတူညီချက်အရ သုံးလကြာပိတ်ထားရာမှ ပြန်လည်ဖွင့်လှစ်သည်။
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် *စာ ၆၀*]

အောက်တိုဘာ ၁၉၄၀ ဒေါက်တာဘမော်အား မိုးကုတ်ထောင်သို့ ပို့သည်။
[*Ba Maw*, ***Break Through in Burma*** *P 430*]

■ သခင်ဗစိန်သည် မြန်မာ–ယိုးဒယားနယ်စပ်နှင့် မိုင် ၄၀ အကွာ လမ်းဘေးရှိတဲ တစ်တဲ၌ အိပ်နေခိုက် စုံထောက်များ၏ ဖမ်းဆီးခြင်းခံရသည်။
[*ဗစိန် လွတ်လပ်ရေးကြိုးပမ်းမှု စာ ၁၀၀*]

■ သခင်ဗစိန် အဖမ်းခံရပြီး ၄ ရက်အကြာတွင် သခင်ထွန်းအုပ်သည် သခင်အောင်သန်း (ရဲဘော် သုံးကျိပ်ဝင် ဗိုလ်စကြာ)အား ယိုးဒယားနိုင်ငံ စေလွှတ်ရန်စီစဉ်သည်။
[*သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း* ရန်ကုန်၊ တိုင်းပြည်ပြုပုံနှိပ်တိုက်၊ ၁၉၄၃၊ *စာ ၂၆* နောင်ကိုးကားလျှင် *သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း* ဟု ညွှန်းမည်။]

## နိုဝင်ဘာ ၁လ

၁၂ နိုဝင်ဘာ ၁၉၄၀ သခင်အောင်ဆန်းနှင့် သခင်လှမြိုင် ဂျပန်နိုင်ငံ တိုကျိုမြို့သို့ ရောက်ရှိသည်။
[*သခင်အောင်ဆန်း* "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ' ဗမာ့ခေတ်သတင်းစာ ၁–၈–၄၃]

**ဒီဇင်ဘာ ၁လ**

၂၇ ဒီဇင်ဘာ ၁ ၁၉၄၀ ရန်ကုန်တက္ကသိုလ်နယ်မြေ တက္ကသိုလ်သမဂ္ဂအဆောက်အဦးရှေ့၌ ဗိုလ်အောင်ကျော်ကြေးရုပ်ဖွင့်ပွဲကျင်းပသည်။ (ဒုတိယကမ္ဘာစစ်အတွင်း ဗိုလ်အောင်ကျော်ကြေးရုပ် ပျောက်ဆုံးသည်)

*[ဆယ်သန်းသတင်းစာ ၂၉-၁၂-၄၀]*

၁၉၄၀ ရွှေတိဂုံစေတီတော်အနောက်ဘက်အလုံလမ်းနှင့် ဦးဝိစာရလမ်းဆုံနေရာတွင် ဦးဝိစာရအထိမ်းအမှတ်ကြေးရုပ်နှင့် ကျောက်တိုင်စိုက်ထူသည်။

*[သခင်ဘမောင် ဝံသာနု စာ ၃၀၈]*

၁
၉
၄
၁

## ဇန်နဝါရီလ

ဇန်နဝါရီ ၁၉၄၁ စက်သူဌေးဦးသွင် (အထက်လွှတ်တော်အမတ်၊ ရွှေတိဂုံ စေတီဘဏ္ဍာတော်ထိန်း) ဆာဘွဲ့ချီး မြှင့်ခံရသည်။

[*သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင်၏အတ္ထုပ္ပတ္တိ*၊ ရန်ကုန်၊ သုဓမ္မဝတီပုံနှိပ်၊ ၁၉၅၉၊ စာ ၉၇]

## ဖေဖော်ဝါရီလ

၁ ဖေဖော်ဝါရီ ၁၉၄၁ ဂျပန်စစ်ရုံးချုပ်မှ တိုက်ရိုက်ကွပ်ကဲ၍ ဗိုလ်မှူးကြီးစူဇူကီး ဦးဆောင်သော မီနာမိကီးကန်း(Minami Kikan)(တောင်ပိုင်းဆိုင်ရာအဖွဲ့) ကိုဖွဲ့စည်းသည်။

မီနာမိအဖွဲ့က ဂျပန်သည် မြန်မာ့လွတ်လပ်ရေးအတွက် လက်နက်ပစ္စည်းများ ကူညီထောက်ပံ့မည်။ မြန်မာ့နိုင်ငံအတွင်း ဝင်ရောက်လာကြမည့် ဂျပန်တပ်ဖွဲ့များသည် မြန်မာပြည် တောင်ပိုင်းမှ ရန်သူအကြွင်းအကျန်များကို သုတ်သင်ရန်သာ ရည်ရွယ်သောကြောင့် တပ်မဟာ တစ်တပ်မျှသာ ကန့်သတ်စေလွှတ်မည်။ မြန်မာတစ်နိုင်ငံလုံး၏ စစ်ဆင်ရေးနှင့် အုပ်ချုပ်ရေးလုပ်ငန်းဟူသမျှကို မြန်မာ့လွတ်လပ်ရေးတပ်မတော်နှင့် မီနာမိအဖွဲ့ကသာ တာဝန်ယူဆောင်ရွက်မည်ဟု ကတိပြုခဲ့သည်။

[အိဇုမိယတက်စုယော ကျွန်တော်ပါဝင်ခဲ့သော မီနာမိကီကန်း၊ ရန်ကုန်။တက္ကသိုလ်များပုံနှိပ်၊ ၁၉၈၁၊ *စာ ၂၅* နောင်ကိုးကားလျှင် မီနာမိကီကန်း ဟုညွှန်းမည်။ ]
[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် *စာ ၇၄-၅*]

၁၄ ဖေဖော်ဝါရီ ၁၉၄၁ မီနာမိအဖွဲ့၏ စစ်ဆင်ရေးအမိန့် အမှတ် ၁ နှင့် ၂ ကို ထုတ်ပြန်သည်။
[မီနာမိကီကန်း *စာ ၂၈-၃၀*]

၁၅ ဖေဖော်ဝါရီ ၁၉၄၁ သခင်အောင်ဆန်းနှင့် မစ္စတာစုအိဂိ (Mr.Sygii)တို့ ရှွန်းတင်းမာရူး (Shunten Maru) ကုန်သင်္ဘောဖြင့် ဂျပန်နိုင်ငံမှ မြန်မာနိုင်ငံသို့ ထွက်ခွာသည်။
[မီနာမိကီကန်း *စာ ၃၀-၃၁*]

၁၈ ဖေဖော်ဝါရီ ၁၉၄၁ မြန်မာပြည် ဥပဒေပြုလွှတ်တော် (အောက်လွှတ်တော်) အစည်းအဝေးကျင်းပရာ အတိုက်အခံခေါင်းဆောင် ဦးဘဘေက ဦးစော ဦးဆောင်သည့် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင်သွင်းသည်။
[*ဂျာနယ်ကျော် အတွဲ ၈၊ အမှတ် ၇၊ ၂၂-၂-၄၁*]

## မတ်လ

၃ မတ် ၁၉၄၁ သခင်အောင်ဆန်း ရန်ကုန်မြို့သို့ ရောက်ရှိသည်။
[*သခင်အောင်ဆန်း "ဗမာ့လွတ်လပ်ရေး အရေးတော်ပုံ' ဗမာ့ခေတ်သတင်းစာ ၁–၈–၄၃*]

၅ မတ် ၁၉၄၁ မြန်မာနိုင်ငံတွင် သန်းခေါင်းစာရင်းကောက်ယူသည်။သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေ ၁၆,၈၂၃,၇၉၈ ဦး (အောက်မြန်မာနိုင်ငံတွင် လူဦးရေ ၈,၉၁၇,၇၃၃ ဦး နှင့် အထက်မြန်မာနိုင်ငံတွင် ၇,၉၀၆,၂၆၅ ဦး) ရှိသည်။
[***Burma Hand Book 1941,P 6***]

မတ် ၁၉၄၁ ပြည်သူ့အရေးတော်ပုံပါတီကို ပြည်တွင်းအဖွဲ့နှင့် အဝေးရောက်အဖွဲ့ဟူ၍ နှစ်ပိုင်းခွဲပြီး ပြည်တွင်းအဖွဲ့ကို သခင်မြ၊ အဝေးရောက်အဖွဲ့ကို သခင်အောင်ဆန်းတို့အား ခေါင်းဆောင်ရန် သတ်မှတ်သည်။ ပြည်တွင်းအဖွဲ့သည် အမြင့်ဆုံးအာဏာပိုင်အဖွဲ့ဖြစ်၍ အဝေးရောက်အဖွဲ့သည် ပြည်တွင်းအဖွဲ့၏ လက်အောက်ခံဖြစ်သည်။ ပြည်တွင်းအဖွဲ့၏ ဌာနချုပ်တာဝန်ခံ အမှုဆောင်များမှာ

| | |
|---|---|
| ဥက္ကဋ္ဌ | သခင်မြ |
| အတွင်းရေးမှူး | သခင်ချစ် |
| စစ်ရေးဌာနနှင့် စည်းရုံးရေးဌာနမှူး | သခင်ဗဆွေ |
| ထောက်လှန်းရေးဌာနမှူး | ဦးကျော်ငြိမ်း |
| ဝါဒဖြန့်ချိရေးမှူး | နဂါးနီဦးထွန်းရွှေ |

(၎င်းအဖမ်းခံရပြီးနောက် သခင်ဗဟိန်း) တို့ဖြစ်သည်။
[*ရွှေတူဂျာနယ် အတွဲ ၁၊ အမှတ် ၃၊ ၁၂–၃–၇၁၊ စာ ၅/၃၅*]

၁၀ မတ် ၁၉၄၁ သခင်အောင်ဆန်း (ဗိုလ်တေဇ)၊ သခင်လှဖေ (ဗိုလ်လကျာ)၊ သခင်ဘဂျမ်း (ဗိုလ်လရောင်)၊ သခင်အေးမောင်(ဗိုလ်မိုး)၊ နှင့် ကိုထွန်းရှိန် (ဗိုလ်ရန်နိုင်) တို့ပါဝင်သည့် ရဲဘော်သုံးကျိပ် ပထမသုတ် ရွှန်းတင်မာရူး ကုန်သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသည်။
[*ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်* ရန်ကုန်။ ချိုတေးသံစာပုံနှိပ်။ ၁၉၆၈။ စာ ၁၉–၂၁ နောင်ကိုးကားလျှင် *ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်* ဟုညွှန်းမည်။]

■ တို့ဗမာအစည်းအရုံး နိုင်ငံလုံးဆိုင်ရာ အမှုဆောင်ညီလာခံကျင်းပသည်။ညီလာခံတွင် တို့ဗမာအစည်းအရုံး ဥက္ကဋ္ဌ သခင်တင်မောင် (ပန်းတနော်) အား နုတ်ထွက်စေ၍ သခင်မြအား ဥက္ကဋ္ဌအဖြစ် တင်မြှောက်သည်။
[*တို့ဗမာအစည်းအရုံးသမိုင်း (ဒု)စာ ၅၃၄-၆*]
[*ဗမာ့ခေတ်သတင်းစာ ၂၄-၄-၄၃*]

၁၄ မတ် ၁၉၄၁ မြန်မာနိုင်ငံလုံးဆိုင်ရာတောင်သူလယ်သမား အစည်းအရုံး ဗတလစ ဒုတိယအကြိမ်မြောက် ညီလာခံကို ပဲခူးမြို့တွင် ကျင်းပသည်။ ဗတလစ ဥက္ကဋ္ဌအဖြစ် သခင်တင် တင်မြှောက်ခံရသည်။
[*အိုးဝေဂျာနယ် အမှတ် ၂၅၊ ၁၅-၈-၆၉၊ စာ ၂၅*]
[*တို့ဗမာအစည်းအရုံးသမိုင်း (ဒု)စာ ၅၃၅*]

၁၉ မတ် ၁၉၄၁ မြန်မာပြည် ဥပဒေပြု အောက်လွှတ်တော်တွင် ဦးစောဦးဆောင်သည့် အစိုးရအပေါ် အယုံအကြည်မရှိ အဆိုမဲခွဲရာ ထောက်ခံမဲ ၄၇မဲ၊ ကန့်ကွက်မဲ ၇၂မဲ ရရှိသဖြင့် အယုံအကြည်မရှိ အဆိုရှုံးနိမ့်သည်။
[**B.L.P.H.R ;***Vol IX,No.18, 19-3-41, PP 1042-3* ]

ဧပြီလ

၁၃ ဧပြီ ၁၉၄၁ ရဲဘော်သုံးကျိပ် ဒုတိယအသုတ်ဖြစ်သော သခင်စိုး(ဗိုလ်မြင့်အောင်)၊ သခင်စောလွင်(ဗိုလ်မင်းခေါင်)၊ သခင်သန်းတင်-၂(ဗိုလ်မြဒင်)၊ ကိုရွှေ (ဗိုလ်ကျော်ဇော)၊ သခင်တင်အေး (ဗိုလ်ဘုန်းမြင့်)၊ ကိုအောင်သိန်း(ဗိုလ်ရဲထွဋ်)နှင့် သခင်ထွန်းရွှေ(ဗိုလ်လင်းယုန်)တို့ ကိုင်ရှိုမာရူး (Kaisho Maru) သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသည်။
[*ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ် စာ ၂၂-၂၉*]

ဧပြီ ၁၉၄၁ ဟိုင်နန်ကျွန်းတွင် စန်ယစစ်ပညာသင်တန်းကျောင်း ဖွင့်လှစ်သည်။
[*မီနာမီကီကန်း စာ ၄၆*]

မေလ

၆ မေ ၁၉၄၁ ဆာရယ်ဂျီနယ် ဒေါ်မန်စမစ် မြန်မာနိုင်ငံဘုရင်ခံ ရာထူးကိုလက်ခံဆောင်ရွက်သည်။
[**C.L.B ;***No.1, 1946, P 1* ]

■ ဆာထွန်းအောင်ကျော် ဘဏ္ဍာရေးဝန်ကြီး ခန့်အပ်ခံရသည်။
[**C.L.B ;***No.1, 1946, P 2* ]

မေ ၁၉၄၁ ရဲဘော်သုံးကျိပ် တတိယအသုတ်ဖြစ်သော ကိုလှမောင် (ဗိုလ်ဇေယျ)၊ သခင်စံမြ (ဗိုလ်တောက်ထိန်)၊ သခင် ခင်မောင်ဦး (ဗိုလ်တာရာ)တို့ ကိုဆိုင်မာရူး (Ko-sei Maru) သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသည်။

*[ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ် စာ ၃၂၉]*

## ဇွန်လ

၁၈ ဇွန် ၁၉၄၁ ရန်ကုန်မြို့ အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး)၌ နန်းရင်းဝန် ဦးစောနှင့် ဆာဂီရ်ဂျာရှန်ကာဘာဇ့်ပိုင် (Sir Girjashan-ker Bajapai) ဦးဆောင်သည့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့တို့ မြန်မာနိုင်ငံသို့ အိန္ဒိယတိုင်းသားများ ဝင်ရောက်မှုကို ဆွေးနွေးသည်။

[*နှစ်ပေါင်းတစ်ရာကျော်အတွင်း တစ်ကြိမ်သာ ပေါ်ပေါက်လာသော အိန္ဒိယလူဝင်လူထွက်ကိစ္စကြီးကို အောင်မြင်စွာဆောင်ရွက်လိုက်သော မြန်မာပြည်နန်းရင်းဝန်ကြီး ဦးစော၊* ရန်ကုန်။ အစိုးရပုံနှိပ်။ ၁၉၄၁။ နောင်ကိုးကားလျှင် *အိန္ဒိယလူဝင်လူထွက်ကိစ္စ* ဟုညွှန်းမည်။]

၂၈ ဇွန် ၁၉၄၁ မြန်မာအစိုးရနှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ အိန္ဒိယလူဝင်လူထွက်ကိစ္စ ဆွေးနွေးပွဲအောင်မြင်စွာပြီးဆုံးသည်။

[ *အိန္ဒိယလူဝင်လူထွက်ကိစ္စ* ]

## ဇူလိုင်လ

၇ ဇူလိုင် ၁၉၄၁ သခင်ထွန်းအုပ် ရန်ကုန်ဆိပ်ကမ်းရှိ ကိုရိယုမာရူး (Kori-yu Maru) သင်္ဘောပေါ် တက်ရောက်သည်။

*[သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း စာ ၅၃–၆၅]*

၈ ဇူလိုင် ၁၉၄၁ ရဲဘော်သုံးကျိပ် စတုတ္ထအသုတ်ဖြစ်သော သခင်ထွန်းအုပ်၊ သခင်ရှုမောင် (ဗိုလ်နေဝင်း)၊ သခင်စံလှိုင်(ဗိုလ်အောင်)၊ သခင်ထွန်းခင်(ဗိုလ်မြင့်ဆွေ)၊ သခင်လှ (ဗိုလ်မင်းရောင်)၊ သခင်သန်းညွှန့် (ဗိုလ်ဇင်ယော်)၊ သခင်ကျော်စိန် (ဗိုလ်မိုးညို)၊ သခင်မောင်မောင်(ဗိုလ်ဥာဏ)၊ သခင်ငွေ(ဗိုလ်စောအောင်)၊ သခင်သစ်(ဗိုလ်စောနောင်)၊ သခင်ထွန်းလွင်(ဗိုလ်ဗလ)တို့ ကိုရိယုမာရူး သင်္ဘောဖြင့် မြန်မာနိုင်ငံမှ ထွက်ခွာသည်။

*[သခင်ထွန်းအုပ် ကျွန်ုပ်စွန့်စားခန်း စာ ၇၂]*

၂၁ ဇူလိုင် ၁၉၄၁ နန်းရင်းဝန် ဦးစော က အိန္ဒိယမြန်မာလူဝင်လူထွက် သဘောတူညီချက်ကို သတင်းစာဆရာများအား ဖိတ်ခေါ်ပြသသည်။
*[မြန်မာ့အလင်းသတင်းစာ ၂၃-၇-၄၁]*

## စက်တင်ဘာ ၁၉

၂၃ စက်တင်ဘာ ၁၉၄၁ နန်းရင်းဝန် ဂဠုန်ဦးစောနှင့် အတွင်းဝန်ဦးတင်ထွန်းတို့ မြန်မာ့လွတ်လပ်ရေးအရေး ဆိုရန် အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသည်။
*[ရွှေပြည်တော်သတင်းစာ အချပ်ပို ၂၈-၉-၄၁ စာ ၈]*

## အောက်တိုဘာ ၁၉

၁၀ အောက်တိုဘာ ၁၉၄၁ နန်းရင်းဝန်ဂဠုန်ဦးစော အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့သို့ ရောက်ရှိသည်။
[*Maurice Collis*, ***Last and First in Burma (1941-48)*** London, Faber & Faber Ltd. 1956, P 35 *:hereafter cited as Collis,* ***Last and First in Burma***]

၁၈ အောက်တိုဘာ ၁၉၄၁ ဗြိတိသျှဝန်ကြီးချုပ် ဆာဝင်စတန်ချာချီနှင့် ဦးစောတွေ့ဆုံဆွေးနွေးသည်။
[*Collis,* ***Last and First in Burma*** *P 35*]

## နိုဝင်ဘာ ၁၉

၂၄ နိုဝင်ဘာ ၁၉၄၁ မီနာမီအဖွဲ့ကို ဂျပန်ကြည်းတပ်၊ တောင်ပိုင်းတပ်မတော် ကွပ်ကဲမှုအောက်သို့ လွှဲပြောင်းသည်။
[*Colonel Suzuki, A Draft of Burma Manoevre P 1*, **DSHRI EBR 46**]

## ဒီဇင်ဘာ ၁၉

၇ ဒီဇင်ဘာ ၁၉၄၁ ပုလဲဆိပ်ကမ်းရှိ အမေရိကန် ရေတပ်စခန်းကို ဂျပန်လေတပ်က ဗုံးကြဲတိုက်ခိုက်သည်။
[*Collis,* ***Last and First in Burma*** *P 35*]

၈ ဒီဇင်ဘာ ၁၉၄၁ ဂျပန်နိုင်ငံက အင်္ဂလန်-အမေရိကန် ဦးဆောင်သော မဟာမိတ်တို့အား စစ်ကြေညာသည်။ အရှေ့အာရှစစ်ပွဲကြီး စတင်သည်။
[*Charles.A. Willoughby and John Chamberlain* ***MacArthur:*** *1941-51 Great Britain, The Windmill Press 1956, P 12*]

■ အရှေ့အာရှစစ်ပွဲကြီး စတင်ဖြစ်ပွားစက ဂျပန်ဗဟိုစစ်ဦးစီး ဌာနချုပ်သည် အာရှတောင်ပိုင်းစစ်မျက်နှာ တပ်မတော် စစ်သေနာပတိချုပ် ဖိုလ်ချုပ်ကြီး တေရာဉချိ (Field Marshal Hisaichi Terauchi)အား အာရှတောင်ပိုင်း စစ်တိုက်ခိုက်ရေး ကာလအတွင်း မြန်မာနိုင်ငံတောင်ပိုင်းရှိ ရန်သူစစ်လေယာဉ်ကွင်းများကို တိုက်ခိုက်သိမ်းပိုက်ရန်နှင့် စစ်အခြေအနေ အဆင်ပြေပါက မြန်မာနိုင်ငံသို့ ထိုးစစ်ဆက်လက် ဆင်နွှဲရန် စစ်မိန့်ချမှတ်ထားသည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် *စာ ၅*]

၉ ဒီဇင်ဘာ ၁၉၄၁ ဂျပန်အမှတ် ၁၅ တပ်မတော်စစ်သေနာပတိ အီးဒါး (Lieut-General Shojiro Iida) ယိုးဒယားနိုင်ငံ ဘန်ကောက်သို့ ရောက်ရှိသည်။

[ဂျပန်စစ်အုပ်ချုပ်ရေးခေတ် *စာ ၉*]

၁၁ ဒီဇင်ဘာ ၁၉၄၁ ဂျပန်လေတပ်က စင်္ကာပူရှိ ဗြိတိသျှစစ်သင်္ဘောများဖြစ်သည့် ဝေလမင်းသား (Prince of Wales)နှင့် ရီပါးလ်(စ်) (Repulse) သင်္ဘောနှစ်စင်းကို တိုက်ခိုက် နှစ်မြှုပ်သည်။

[*C.L.Suzberger* ***World War II*** New York, American, Heritage Press, 1985, P 26]

■ ဂျပန်လေတပ်က ထားဝယ်လေယာဉ်ပျံကွင်းကို ဗုံးကြဲ တိုက်ခိုက်သည်။

[လူထုဦးလှ *စစ်အတွင်းဗမာပြည် (ပ) စာ ၆၉*]

၁၅ ဒီဇင်ဘာ ၁၉၄၁ မြန်မာပြည်ရှိ စစ်တပ်များကို အိန္ဒိယစစ်သေနာပတိချုပ်ကြီး ဝေဘဲလ် ၁၈၈၃–၁၉၅၀ (General Wavell) လက်အောက်သို့ ရွှေ့ပြောင်းသည်။

[*Collis, **Last and First in Burma** P 292*]

၂၁ ဒီဇင်ဘာ ၁၉၄၁ ဂျပန်နိုင်ငံနှင့် ထိုင်းနိုင်ငံ မဟာမိတ်စာချုပ် လက်မှတ် ရေးထိုးသည်။

[*F.C. Jones* , ***Japan's New Order in East Asia,***New York, Toronto 1954, *P 354*]

■ ဗြိတိသျှ ဖိုလ်ချုပ်ကြီး ဝေဘဲလ် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

[*Collis, **Last and First in Burma** P 49*]

၂၃ ဒီဇင်ဘာ ၁၉၄၁ မီနာမီအဖွဲ့ကို ဂျပန်အမှတ် ၁၅ တပ်မတော်၏ လက်အောက်သို့ လွှဲပြောင်းသည်။

■ နံနက် ၁၀ နာရီအချိန်တွင် ဂျပန် ဗုံးကြဲလေယာဉ် အစင်း ၆၀ နှင့် တိုက်လေယာဉ် အစင်း ၃၀ ပါသော ဂျပန်လေတပ်က ရန်ကုန်မြို့ကို ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်သည်။ လူ ၂၀၀၀ ခန့်သေဆုံးပြီး ၂၅၀၀ ခန့် ဒဏ်ရာရသည်။ ဂျပန်လေယာဉ်ပျံ ၁၁ စင်းကို အင်္ဂလိပ်တို့က ပစ်ချနိုင်ခဲ့သည်။
[Collis, ***Last and First in Burma*** P 55]
[*ကြည်ညွန့်* သမိုင်းဝင်သူရိယမြန်မာ့အလင်း စာ ၃၄၃]

၂၃–၂၄ ဒီဇင်ဘာ ၁၉၄၁ ဗြိတိသျှ ဗိုလ်ချုပ်ကြီး ဝေဘဲလ်သည် ချုံကင်း (Chung King) မြို့တွင် တရုတ်စစ်သူကြီး ချန်ကေရှိတ် ၁၈၈၆–၁၉၇၅ (General Lissimo Chang K'ai-Shek) နှင့် တွေ့ဆုံကာ ဂျပန်တပ်တို့အား ခုခံ တိုက်ခိုက်ရန် တရုတ်တပ်များ မြန်မာနိုင်ငံတွင်း ဝင်ရောက်ရန်ကိစ္စ ဆွေးနွေးသည်။
[Collis, ***Last and First in Burma*** P 52]

၂၅ ဒီဇင်ဘာ ၁၉၄၁ ဗိုလ်ချုပ်ကြီးဝေဘဲလ် ချုံကင်းမှ မြန်မာနိုင်ငံ အပြန်ခရီး လမ်းမှား၍ မော်လမြိုင် လေယာဉ်ကွင်းဆင်းသက်သည်။ ထိုမှ ရန်ကုန် မင်္ဂလာဒုံလေဆိပ် ရောက်ရှိလာသည်။
[လူထုဦးလှ *စစ်အတွင်းဗမာပြည်(ပ)* စာ ၆၈ ]

■ နံနက် ၁၀ နာရီ ၃၀ အချိန်တွင် ဂျပန် ဗုံးကြဲလေယာဉ် အစင်း ၈၀ နှင့် တိုက်လေယာဉ်အစင်း ၂၀ ပါဝင်သော ဂျပန်လေတပ်က ရန်ကုန်မြို့ကို ဒုတိယအကြိမ် ဗုံးကြဲတိုက်ခိုက်သည်။ လူ ၆၅၀ ခန့်သေ၍၊ ၁၇၀၀ ခန့် ဒဏ်ရာရသည်။ မီးလောင်ဗုံးများ ကြဲချသဖြင့် ရန်ကုန်မြို့အလုံးရပ်ကွက် မီးလောင်သည်။
[*ကြည်ညွန့်* သမိုင်းဝင်သူရိယမြန်မာ့အလင်း စာ ၃၄၃]

၂၇ ဒီဇင်ဘာ ၁၉၄၁ ထိုင်းနိုင်ငံဘန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်(Burma Independence Army) ဖွဲ့စည်းသည်။

*[ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ် စာ ၁၉၂]*

■ဗိုလ်ချုပ်ကြီးဟပ်တန် (General Hutton)အား မြန်မာပြည်တပ်များ၏ ဦးစီးချုပ်အဖြစ် ခန့်အပ်သည်။
[Collis, ***Last and First in Burma*** *P 53*]

၂၉ ဒီဇင်ဘာ ၁၉၄၁ ဗိုလ်ချုပ်ကြီးဝေဘဲလ်အား ဂျာဗားကျွန်းရှိ အနောက်တောင်ပစိဖိတ်ဒေသ မဟာမိတ်တပ်များ၏ စစ်သေနာပတိအဖြစ် ခန့်အပ်သည်။ ဝေဘဲလ်သည် မြန်မာပြည်ရှိ စစ်တပ်များကိုလည်း အုပ်ချုပ်ရသည်။
[Collis, ***Last and First in Burma*** *P 61*]

၃၀ ဒီဇင်ဘာ ၁၉၄၁ ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ရဲဘော်သုံးကျိပ်ဝင်များ ဒုတိယအကြိမ် ကတိသစ္စာခံယူ၍ သွေးသောက်ပွဲ ကျင်းပသည်။
*[ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ် စာ ၁၆၅]*

၃၁ ဒီဇင်ဘာ ၁၉၄၁ ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ဗမာ့လွတ်လပ်ရေးတပ်မတော်ဖွင့်ပွဲ စစ်ရေးပြအခမ်းအနားကျင်းပသည်။
*[ဗိုလ်မင်းခေါင် ဗိုလ်ချုပ်အောင်ဆန်း နှင့် ရဲဘော်သုံးကျိပ် စာ ၂၀၁–၂၀၆]*

# ၁၉၄၂

**ဇန်နဝါရီ**

၁ ဇန်နဝါရီ ၁၉၄၂ မြန်မာပညာရှိ မော်ဘီဆရာသိန်း မော်ပီမြို့တွင် ကွယ်လွန်သည်။

■ အင်္ဂလိပ်အစိုးရက သခင်အောင်ဆန်းအား ဗြိတိသျှရန်သူတော်စာရင်း Burma List အမှတ်စဉ် ၅အဖြစ် ကြေငြာသည်။

■ မြန်မာနိုင်ငံရှိ ဘုရင့်လေတပ်အုပ်ချုပ်မှုကို ကပ္ပတိန်မင်းနင်း (Captain Manning) ထံမှ လေကြောင်းဒုတိယဗိုလ်ချုပ်ကြီးစတီဗင်ဆင်(D.F Stevenson) လွှဲပြောင်းယူသည်။

၂ ဇန်နဝါရီ ၁၉၄၂ ကာနယ်ဟိရာယာမ ဦးစီးသည့် ဗိုလ်ရန်နိုင်၊ ဗိုလ်မင်းခေါင်၊ ဗိုလ်တောက်တိန်တို့ ပါဝင်သော ရေကြောင်းချီတပ်ဖွဲ့သည် ဘန်ကောက်မြို့မှ စတင်ချီတက်သည်။

၈ ဇန်နဝါရီ ၁၉၄၂ ဂျပန်တပ်မတော် ဒုတိယဗိုလ်ချုပ်ကြီး ကာဝါရှိမားနှင့် ဗိုလ်လက်ျာကြီးမှူးသည့် ထားဝယ်စစ်ကြောင်း ဘန်ကောက်မြို့မှ စတင်

ချီတက်သည်။
၁၁ ဇန်နဝါရီ ၁၉၄၂ ဗိုလ်မိုးကြိုး၊ ဗိုလ်ချုပ်အောင်ဆန်းတို့ ဦးစီးသည့် ဗမာ့လွတ်လပ်ရေး တပ်မတော် စစ်ဌာနချုပ်နှင့်မော်လမြိုင်စစ်ကြောင်းသည် ဘန်ကောက်မြို့မှ ရဟိုင်းမြို့သို့ထွက်ခွာသည်။

၁၃ ဇန်နဝါရီ ၁၉၄၂ ဗိုလ်နေဝင်းအား ပြည်တွင်းသူပုန်တပ်ဖွဲ့ကို ခေါင်းဆောင်ကာ မြန်မာနိုင်ငံတွင်းဝင်ရောက်၍ တော်လှန်ရေးလုပ်ငန်းများဆောင်ရွက်ရန်အမိန့်ထုတ်ပြန်သည်။

၁၄ ဇန်နဝါရီ ၁၉၄၂ အိန္ဒိယအလုပ်သမား တစ်သောင်းကျော် ပြည်လမ်းအတိုင်း အိန္ဒိယနိုင်ငံသို့ ထွက်ခွာသည်။

၁၅ ဇန်နဝါရီ ၁၉၄၂ ဗိုလ်နေဝင်းခေါင်းဆောင်သည့် ပြည်တွင်းသူပုန်တပ်ဖွဲ့သည် ရဟိုင်းမှတဆင့် ထိုင်း မြန်မာနယ်စပ်ရှိ သာဆောင်ရမ်းကိုဖြတ်၍ မြန်မာနိုင်ငံတွင်း ဝင်ရောက်သည်။

၁၈ ဇန်နဝါရီ ၁၉၄၂ မြန်မာနိုင်ငံနန်းရင်းဝန် ဦးစောအား ပါလက်စတိုင်းနိုင်ငံ ဟိုင်ဖါမြို့တွင် ဗြိတိသျှအစိုးရက ဖမ်းဆီးသည်။ (ဂဠုန်ဦးစောသည် အမေရိကန်မှ ဥရောပတိုက်ကိုဖြတ်၍ မြန်မာနိုင်ငံအပြန်ခရီးတွင် ပေါ်တူဂီနိုင်ငံ လစ္စဘွန်းမြို့အရောက်၌ ဂျပန်နှင့်လျှို့ဝှက်ဆက်သွယ်ခြင်းကြောင့် ဖြစ်သည်။

၁၉ ဇန်နဝါရီ ၁၉၄၂ ဂျပန်အမှတ် ၅၅ တပ်မလက်အောက်ရှိ အိုကီ (Oki) တပ်ရင်းက ထားဝယ်မြို့ကို သိမ်းပိုက်သည်။

၂၀ ဇန်နဝါရီ ၁၉၄၂ နန်းရင်းဝန် ဆာပေါ်ထွန်းဦး ဆောင်သော အစိုးရဖွဲ့စည်းပြီး ကြောင်း မြန်မာ့ရေဒီယိုမှ ကြေငြာသည်။
အစိုးရအဖွဲ့ဝင်များမှာ
ဆာပေါ်ထွန်း နန်းရင်းဝန်
ဦးအေး
ပြည်ထဲရေးနှင့် ပြည်တွင်းလုံခြုံရေး ဌာန
ဦးသာယာဝတီမောင်မောင်
သယ်ယူပို့ဆောင်ရေးနှင့်လမ်းပန်းဌာန
ဦးဘအုန်း
ကူးသန်းရောင်းဝယ်ရေးဌာန
ဦးစောဖေသာ
တရားဌာန (၂၆.၅.၄၂ ကွယ်လွန်)

ဦးဘရင်
ပညာရေးနှင့်ကျန်းမာရေးဌာန
ဦးထွန်းအောင်ကျော်
ဘဏ္ဍာရေးနှင့်အခွန်တော်ဌာန
ဦးအိန်
သစ်တောရေးဝန်ကြီးချုပ်

■ဂျပန်တပ်က ကော့ကရိတ်တောင်ကြားတွင် တပ်စွဲထားသည့် ဗြိတိသျှအမှတ် ၁၆အိန္ဒိတပ်မဟာ မော်လမြိုင် သို့ ဆုတ်ခွာရသည်။

■ဂျပန်အမှတ် ၅၅ တပ်မ ယိုးဒယားမြန်မာနယ်စပ်ကို ဖြတ်ကျော်၍ ချီတက်သည်။

၂၂ ဇန်နဝါရီ ၁၉၄၂ ဂျပန်အမှတ်တပ်မ၅၅က ကော့ကရိတ်မြို့ကိုသိမ်းပိုက်သည်။

■ဂျပန်အမှတ် ၅၅တပ်မ၏ သေနာပတိဒီးဒါးက ပထမဆုံးအကြိမ် ကြေညာချက်ထုတ်ပြန်သည်။ ထိုကြေညာချက်တွင် ဂျပန်လက်နက်ကိုင်တပ်ဖွဲ့များ မြန်မာနိုင်ငံတွင်း ချီတက်ဝင်ရောက်လာသည့် ရည်ရွယ်ချက်မှာ ဗြိတိသျှနယ်ချဲ့ကို မြန်မာမြေမှ မောင်းထုတ်၍ မြန်မာ့ပြည်ကို ဗြိတိသျှလက်အောက်မှ လွတ်မြောက်စေရန်ဖြစ်ကြောင်း မြန်မာပြည်သူတို့ မျှော်လင့်တောင့်တနေသည့် လွတ်လပ်ရေးကို ရအောင်ကူညီမည်ဖြစ်ကြောင်း ပါရှိသည်။

၂၈ ဇန်နဝါရီ ၁၉၄၂ ဘန်ကောက်မြို့ရှိ ဂျပန်အမှတ် ၁၅ တပ်မတော် စစ်ဦးစီးချုပ်ရုံးတွင် အုပ်ချုပ်ရေးဌာန (ဌာနမှူးကြီး ဗိုလ်မှူးကြီးနာကာတာက ) ကို ဖွဲ့စည်း၍ မြန်မာနိုင်ငံတွင် စစ်အုပ်ချုပ်ရေး စတင်ရန် စီစဉ်သည်။

၃၀ ဇန်နဝါရီ ၁၉၄၂ ဂျပန်အမှတ် ၅၅ တပ်မက မော်လမြိုင်ကို သိမ်းပိုက်သည်။ မော်လမြိုင်တိုက်ပွဲတွင် ဗြိတိသျှအမှတ် ၂ တပ်ဖွဲ့က ၆၁၉ဦး ကျဆုံးသည်။

၃၁ ဇန်နဝါရီ ၁၉၄၂ ဗြိတိသျှအမှတ် ၄၈ အိန္ဒိယတပ်မဟာ ရန်ကုန်ရောက်ရှိလာသည်။

## ဖေဖော်ဝါရီ

၂ ဖေဖော်ဝါရီ ၁၉၄၂ ပြည်တွင်းသူပုန်တပ်ဖွဲ့ခေါင်းဆောင်ဗိုလ်နေဝင်း

ရန်ကုန်မြို့သို့ ရောက်သည်။

၄ ဖေဖော်ဝါရီ ၁၉၄၂ ဂျပန်အမှတ် ၃၃တပ်မက ဘားအံမြို့ကို သိမ်းပိုက်သည်။

၅ ဖေဖော်ဝါရီ ၁၉၄၂ ဗိုလ်ချုပ်ကြီး ဝေဘဲလ် ဂျာဗားကျွန်းမှ ရန်ကုန်မြို့သို့ ဒုတိယအကြိမ်ရောက်ရှိ လာသည်။

၆ ဖေဖော်ဝါရီ ၁၉၄၂ ဗိုလ်ချုပ်ကြီး ဝေဘဲလ်သည် မုတ္တမရှိ ဗြိတိသျှတပ်များကို စစ်ဆေးကြည့်ရှုသည်။

၈ ဖေဖော်ဝါရီ ၁၉၄၂ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က တိုင်းပြည်သို့ အသံလွှင့်ကြေငြာသည်။

၉ ဖေဖော်ဝါရီ ၁၉၄၂ အာရှတောင်ပိုင်းတပ်မတော်သည် အမှတ် ၁၅ တပ်မအား

၁။ ရန်သူတို့ကို ဆက်လက်တိုက်ခိုက်၍ ရန်ကုန်မြို့သို့ တစ်ဦးစေ၊

၂။ ဖြစ်နိုင်ပါက အညာဒေသတွင် တပ်ချပြီး မန္တလေးနှင့်ရေနံ ချောင်းတို့အားစေ

ဟုစစ်မိန့်ချမှတ်သည်။

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်က တို့ဗမာအစည်းအရုံးကို မတရားအသင်းများ အက်ဥပဒေ အပိုင်း ၂ အရ မတရားအသင်းအဖြစ် ကြေညာသည်။

■ ဗြိတိသျှတပ်များ သံလွင်မြစ်မှ ဆုတ်ခွာသည်။

၁၀ ဖေဖော်ဝါရီ ၁၉၄၂ ဂျပန်တပ်များ မုတ္တမမြို့ကို သိမ်းပိုက်သည်။

၁၂ ဖေဖော်ဝါရီ ၁၉၄၂ မြန်မာနိုင်ငံဥပဒေပြုအောက်လွှတ်တော် အစည်းအဝေးကျင်းပသည်။

၁၄ ဖေဖော်ဝါရီ ၁၉၄၂ ဗြိတိသျှတပ်များ သထုံရောက်ရှိသည်။

၁၆ ဖေဖော်ဝါရီ ၁၉၄၂ ဂျပန်အထက်အောက်လွှတ်တော် နှစ်ရပ်ပေါင်းအထူးအစည်းအဝေး၌ ဂျပန်နန်းရင်းဝန်ကြီး ဂျင်နရယ်ဟိဒေးကီတိုဂျိုက မြန်မာပြည်နှင့်စပ်လျဉ်း၍ ဂျပန်စစ်သည်တော်များသည် မြန်မာနိုင်ငံအတွင်းသို့ ချဉ်းနင်းဝင်ရောက် တိုက်ခိုက်လျက်ရှိကြရာ အရေးကြီးသောနေရာ

များကို ဆက်ခါဆက်ခါ ရရှိကြောင်း မြန်မာနိုင်ငံတော်သို့ ဝင်ရောက်ကြရာတွင် ဂျပန်တို့၏ တကယ့်စိတ်ရင်းထားမှာ ချိန်ကေရိုတ်အစိုးရထံသို့ ဗြိတိသျှနှင့် အမေရိကန်တို့က အကူအညီအထောက်အပံ့ မပေးနိုင်အောင် လမ်းပိတ်ဘို့နှင့် ဗြိတိသျှစစ်စခန်းများကို ချေမှုန်းပစ်ဘို့ရန်သာဖြစ်၍ မြန်မာလူမျိုးတို့အား လုံးဝရန်မူလိုစိတ်မရှိကြောင်း။

သို့ဖြစ်၍ ဗြိတိသျှအဖြစ်သနစ်အမှန်ကို မြန်မာလူမျိုးတို့ သိရှိကြပြီး ဂျပန်စစ်သည်တော်များနှင့် ပူးပေါင်းကာ ဗြိတိသျှတို့၏ ကျွန်သပေါက်အဖြစ်မှ လွတ်မြောက်ဖို့ ကြိုးစားကြပါလျှင် မြန်မာလူမျိုးတို့ လိုလားတောင့်နေကြသည့်အတိုင်း မြန်မာနိုင်ငံသည် မြန်မာလူမျိုးတို့အဖို့ ဖြစ်အောင်ဂျပန်က ဝမ်းမြောက်ဝမ်းသာစွာ ကူညီဆောင်ရွက်မည်ဖြစ်ကြောင်း။

၁၇ ဖေဖော်ဝါရီ ၁၉၄၂ ဂျပန်တပ်က ဘီလင်းရှိ ဗြိတိသျှအမှတ် ၁၇အိန္ဒိယတပ်မဟာကို တိုက်ခိုက်သည်။

■မြန်မာနိုင်ငံ ဥပဒေပြုအောက်လွှတ်တော်အစည်းအဝေးတွင် ပြည်ထဲရေးဝန်ကြီးဦးအေးက မြို့စောင့်တပ် (Home Guard) ဖွဲ့စည်းရန် အဆိုတင်သည်။

၁၉ ဖေဖော်ဝါရီ ၁၉၄၂ ဗိုလ်ချုပ်ကြီးဟတ်တန်က မေဂျာဂျင်နရယ်စမိုက် (Major General J.G Smyth) ကွက်ကဲသည့် အမှတ် ၁၇ အိန္ဒိယတပ်မဟာအား စစ်တောင်းမြစ်ကို ဆုတ်ခွာလာရန်နှင့် အချိန်မဆိုင်းဘဲ စစ်တောင်းတံတားကို ဖြတ်ကူးလာရန် အမိန့်ပေးသည်။

■ မန္တလေးမြို့ကို ဂျပန်လေတပ်က ပထမဆုံးအကြိမ် ဗုံးကြဲတိုက်ခိုက်သည်။

၂၀ ဖေဖော်ဝါရီ ၁၉၄၂ ဗြိတိသျှမြို့စောင့်တပ်က ရန်ကုန်မြို့သူ မြို့သားအားလုံး ၄၈နာရီအတွင်း ထွက်ခွာသွားရန် ပထမသတိပေးချက်ကို ထုတ်ပြန်သည်။

■ ဇန္ဒုလဦးစိန် အကျဉ်းထောင်မှ လွတ်လာသည်။

၂၂ ဖေဖော်ဝါရီ ၁၉၄၂ ဂျပန်အမှတ် ၃၃တပ်မတော်စစ်တောင်းမြစ်လမ်း ရောက်ရှိစဉ် ဂျပန်အမှတ်၅၅တပ်မ ကျိုက်ထိုမြို့ကို သိမ်းပိုက်သည်။

■ဆာပေါ်ထွန်း အစိုးရက ကာကွယ်ရေးဥပဒေအရ အဖမ်းခံနေရသည့် မြန်မာပြည်ညီညွတ်ရေးအဖွဲ့ ခေါင်းဆောင်ဦးဘဖေကို လွှတ်ရန်အမိန့်ချသည်။

■ဂျပန်လေတပ်က မေမြို့ကို ဗုံးကြဲတိုက်ခိုက်သည်။

၂၃ ဖေဖော်ဝါရီ ၁၉၄၂ စစ်တောင်းတံတားကို ဗြိတိသျှတပ်က ဒိုင်နမိုင်းဖြင့် ဖောက်ခွဲချိုးပစ်သည်။

၂၄ ဖေဖော်ဝါရီ ၁၉၄၂ မြန်မာနိုင်ငံဘုရင်ခံဆာဒေါ်မန်စမစ်က အင်္ဂလန်ဝန်ကြီးချုပ်ချာချီထံမှ စစ်တောင်းတံတားကျဆုံးကြောင်း၊ ရန်ကုန်ကို ကာကွယ်ရန် ယခင်ကစစ်ကူပို့မည်ဆိုသည့် ဩစတြေးလီယံတပ်များ လွှတ်နိုင်၊ မလွှတ်နိုင် သိလိုကြောင်း ကြေးနန်းရိုက်သည်။

အင်္ဂလန်ဝန်ကြီးချုပ် ချာချီက ဩစတြေးလီယံဒီဝိဇတပ်ကို စစ်ကူပို့ရန် တောင်းဆိုခဲ့သော်လည်း ငြင်းပယ်သဖြင့် မပို့နိုင်တော့ကြောင်း အခြားစစ်မြေပြင်ရှိ အင်္ဂလိပ်တပ်များကိုလည်း အချိန်မီရောက်အောင် မပို့နိုင်ကြောင်း သို့ရာတွင် လူတစ်ယောက်တော့ လွှတ်လိုက်ပြီဟု အကြောင်းပြန်သည်။

ချာချီလွှတ်လိုက်သည့် လူမှာ ဥရောပစစ်မြေပြင်ဒန်းကပ်မှ ဗြိတိသျှတပ်များ အောင်မြင်စွာဆုတ်ခွာရေးအစီအစဉ်ကို ဆောင်ရွက်ခဲ့သည့် အလက်ဇန္ဒား (နောင် ဗြိတိသျှ ကာကွယ်ရေးဝန်ကြီး) ဖြစ်သည်။

၂၅ ဖေဖော်ဝါရီ ၁၉၄၂ မြန်မာနိုင်ငံမှ ဆုတ်ခွာလျက်ရှိသည့် ဗြိတိသျှစစ်တပ်သည် ကယန်းမြို့နယ် ကျူတူကျေးရွာမှ အပြစ်မဲ့ရွာသား ၂၇ဦးအား အစုလိုက် အပြုံလိုက် သတ်ဖြတ်သည်။

၂၆ ဖေဖော်ဝါရီ ၁၉၄၂ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စောအောင် ရွှေကျင်တိုက်ပွဲတွင် ကျဆုံးသည်။

၂၇ ဖေဖော်ဝါရီ ၁၉၄၂ ဗိုလ်ချုပ်ကြီးဝေဘဲလ်သည် အိန္ဒိယစစ်သေနာပတိချုပ် ထပ်မံဖြစ်လာပြန်သည်။

၂၈ ဖေဖော်ဝါရီ ၁၉၄၂ ဗြိတိသျှမြို့စောင့်တပ်က ရန်ကုန်မြို့သူ မြို့သားအားလုံး ရန်ကုန်မြို့မှ ချက်ချင်းထွက်ခွာရန် ထုတ်ပြန် ကြေညာသည်။

၂၈ ဖေဖော်ဝါရီ ၁၉၄၂ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်မင်းခေါင်ဦးစီးသည့် ရေကြောင်းချီတပ်ဖွဲ့ဝင်များ ရန်ကုန်မြစ်ဝ၌ အင်္ဂလိပ်ရေတပ်တိုက်လေယဉ်များ၏ အဖမ်းခံရသည်။

မတ်လ

၁ မတ် ၁၉၄၂ ရန်ကုန်တံတားလေး စိတ္တဇဆေးရုံဖွင့်ကာ စိတ္တဇဝေဒနာရှင်များကို လွှတ်ပစ်သည်။

■ မြန်မာနိုင်ငံဘုရင်ခံ ဆာဒေါ်မန်စမစ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ရန်ကုန်မြို့မှ ထွက်ခွာသည်။ ဒေါ်မန်စမစ်သည် ဝေဘဲလ်နှင့်တွေ့ဆုံရန် မကွေးမြို့သို့ လေယာဉ်ဖြင့်သွားရောက်သည်။ မကွေးတွင် ဝေဘဲလ် ဒေါ်မန်စမစ်၊ ဗိုလ်ချုပ်ဟတ်တန်နှင့် လေကြောင်းဒုဗိုလ်ချုပ်စတီဗင်တို့ ဆွေးနွေးပွဲကျင်းပသည်။ ဆွေးနွေးပွဲအပြီး ဒေါ်မန်စမစ်သည် မေမြို့သို့ ကားဖြင့်လည်းကောင်း၊ ဝေဘဲလ်နှင့် ဟတ်တန်တို့သည် ရန်ကုန်သို့လေယာဉ်ဖြင့် လည်းကောင်း ထွက်ခွာသည်။

၂ မတ် ၁၉၄၂ ဆာဒေါ်မန်စမစ် မေမြို့သို့ ရောက်ရှိသည်။

၃ မတ် ၁၉၄၂ အမေရိကန်စစ်ဗိုလ်ချုပ်ကြီး စတီးဝဲလ် လားရှိုးသို့ လေယာဉ်ဖြင့် ရောက်ရှိသည်။

■ရန်ကုန်ထောင်အတွင်း အဖမ်းခံနေရသည့် ဗိုလ်မင်းခေါင်နှင့်ရေကြောင်းတပ်ဖွဲ့ဝင်များ တူတစ်လက်ဖြင့် ထောင်ဖောက်ထွက်ပြီး လွတ်မြောက်လာသည်။

၄ မတ် ၁၉၄၂ ဗိုလ်ချုပ်ကြီးဝေဘဲလ်နှင့် အလက်ဇန္ဒားကာလကတ္တားလေယာဉ်ကွင်းတွင် ဆွေးနွေးသည်။ ဝေဘဲလ်က အလက်ဇန္ဒားအား စစ်ရေးအခြေအနေများကို ရှင်းပြကာ ရန်ကုန်ကို တတ်နိုင်သမျှ ထိန်းသိမ်းထားရန် ပြောကြားသည်။ အလက်ဇန္ဒား ကာလကတ္တားမှ မကွေးမြို့သို့ လေယာဉ်ဖြင့် ရောက်ရှိသည်။

၅ မတ် ၁၉၄၂ အမှတ် ၁၅တပ်မတော် ဗိုလ်ချုပ်အီးဒါးက ရန်ကုန်မြို့ကို တိုက်ခိုက်သိမ်းယူရန် အမိန့်ချမှတ်သည်။

■ အလက်ဇန္ဒားသည် ဒုတိယဗိုလ်ချုပ်ကြီး ဟတ်တန်ထံမှ မြန်မာပြည်စစ်မြေပြင် တပ်မှူးရာထူးကို လွှဲပြောင်းရ ယူသည်။ ဟတ်တန်သည် စစ်ရေးချုပ်ရာထူးပြောင်းရွှေ့တာဝန်ယူသည်။

■ ဗြိတိသျှအမှတ် ၆၃အိန္ဒိယ တပ်မဟာ ရန်ကုန်မြို့သို့ ရောက်ရှိလာသည်။

၆ မတ် ၁၉၄၂ ချန်ကေရှိတ်နှင့် စတီးဝဲလ်ဆွေးနွေး၍ မြန်မာပြည်တွင်းရှိ တရုတ်တပ်များကို စတီးဝဲလ်ကွပ်ကဲရန် သဘောတူသည်။

■ဂျပန်တပ်များ ပဲခူးနှင့်လှည်းကူးအကြားရှိ လမ်းမကြီးကို ပိတ်ဆို့သည်။

၇ မတ် ၁၉၄၂ ဂျပန်အမှတ်၃၃တပ်မသည် ညနေနေဝင်သည်နှင့် တပြိုက်နက် ရန်ကုန်မြို့ကို ထောက်လှမ်းထိုးစစ်ဆင်နွှဲသည်။

■ကာဝါးနီမာတပ်ဖွဲ့သည် ဗြိတိသျှတပ်ဖွဲ့များကို ချေမှုန်းပြီး တောင်ဘက်သို့ ဆက်လက်ချီတက်သည်။

■ အာရှတော်ပိုင်းတပ်မတော် စစ်သေနာပတိချုပ် တေရာဥခိုသည် အမှတ် ၁၅တပ်မတော်အား
(၁) ခွဲကောင်း သတ္တိကောင်းသော စစ်ဆင်ရေးကို ဆင်နွှဲ၍ မန္တလေးဘက်ရှိ ရန်သူတို့ကို အထူးသဖြင့် တရုတ်တပ်ဖွဲ့များကို တိုတောင်းသော ကာလအတွင်းတွင် တိုက်ခိုက်ချေ မှုန်းစေ၊ ဤစစ်ဆင်ရေးကို မေလကုန်တွင် ပြီးစီးအောင်မြင်နိုင်ရန် ကြိုးပမ်းအားထုတ်စေ။
(၂) ဤစစ်ဆင်ရေးကို ဆင်နွှဲရာ၌ တပ်ကူများ ရောက်ရှိလာမည်ကို မစောင့်ရ။ ရန်ကုန်တွင် တိုက်ခိုက်ရေးစီစဉ်မှုများ ပြီးစီးလျှင် ပြီးစီးချင်း မန္တလေးဘက်ရှိ ရန်သူတို့ကို တိုက်ခိုက်သုတ်သင်စေ။
(၃) ထိုအတောအတွင်းတွင် ရေနံချောင်းတဝိုက်ရှိ ရေနံတွင်းများကို သိမ်းယူစေ။ တချိန်တည်း၌ပင် ပုသိမ်မြို့ကိုလည်း သိမ်းယူစေ။ အခွင့်ကောင်းရလျှင် စစ်တွေ လေယာဉ်ကွင်းကိုသိမ်းယူစေ။

■ဗြိတိသျှဗိုလ်ချုပ် အလဇန္ဒားဦးစီး သည့် ဗြိတိသျှတပ်များ ရန်ကုန်မြို့ ကို စွန့်ခွာသည်။ ဗြိတိသျှတပ်များ ပြည်လမ်းအတိုင်း ဆုတ်ခွာရာ လမ်း ပိတ်ဆို့ထားသည့် ဂျပန်တပ်များနှင့် တိုက် ပွဲပြင်ထန်းစွာ ဖြစ်ပွားသည်။

■သံလျှင် ရေနံချက်စက်ရုံကို ဗြိတိ သျှတို့က ဖောက်ခွဲဖျက်ဆီးသည်။

၈ မတ် ၁၉၄၂ ဂျပန်အမှတ် ၂၁၅ခြေ လျင်တပ်မကြီးနှင့် ဗမာ့လွတ်လပ် ရေး တပ်မတော်တို့ နံနက် ၁၀နာရီ တွင် ရန်ကုန်မြို့ကို သိမ်းပိုက်သည်။